
www.burmeseclassic.com

ရွှေအိမ်မှူး စာပေ

# မင်းခိုက်စိုးစန်

# ကမ္ဘာဦးရည်းစား



BURMESE CLASSIC .com

www.burmeseclassic.com

ဒုတိယအကြိမ်

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

■ စာမူခွင့်ပြုချက်အမှတ် – [ ၅၀၀၅၂၆၀၆၀၄ ]

■ မျက်နှာဖုံးခွင့်ပြုချက်အမှတ် – [ ၅၀၀၅၀၉၀၆၀၅ ]

■ ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ဇူလိုင်လ၊ ၂၀၀၆ ခုနှစ်။

■ ထုတ်ဝေသူ

ဦးအောင်နိုင် (ယာယီ ၁၀၅၄) (ရွှေအိမ်မှူးစာပေ)

အမှတ် (၂၂၁)၊ (၃၁)လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ

ဦးတင်အောင်ကျော် (စွယ်တော်ပုံနှိပ်တိုက်) (၀၇၀၅၃)

အမှတ် (၈၇)၊ (၅၆)လမ်းတို၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■ မျက်နှာဖုံးဒီဇိုင်း – ကိုဥက္ကာ (ATOMIC Digital Art)

■ ကွန်ပျူတာစာစီ – သစ္စာ (၃၄)လမ်းအလယ်

■ အတွင်းဖလင် – ဦးအောင်တင်အေးနှင့်သမီးများ

■ စာအုပ်ချုပ် – စွယ်တော်

■ အုပ်ရေ – ၅၀၀ အုပ်

■ တန်ဖိုး – ၁၈၀၀ ကျပ်

BURMESE CLASSIC .com

# မင်းခိုက်စိုးစန်

## ကမ္ဘာဦးရည်းစား

ရွှေအိမ်မှူးစာပေ

အမှတ် ၂၂၁၊ ၃၁ လမ်း (အထက်)၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။ ဖုန်း-၀၁-၃၈၄၉၂၇

စာတိုက်သေတ္တာအမှတ် (၁၁၂၉)

www.burmeseclassic.com

www.burmeseclassic.com

ချစ်သူ... ထစေလော့ !
လင်းစေလော့ !
သင်၏ အလင်းရောက်ရှိလာပြီ။

# နိဒါန်း

**YOO EN**
ယိုး အင်း...ခေါင်းလောင်းသံ။
မေ့မရနိုင်သောနှုတ်ငြိမ်းဝပျက်။

www.burmeseclassic.com

www.burmeseclassic.com

## ခေါင်းလောင်းသံ
## (တစ်)

မိန်းမသားတစ်ယောက်အဖို့
'ကိုယ့်ကိုယ်ကို ဘယ်လောက်ယုံကြည်မှုရှိသလဲ . . .'
ဆိုတဲ့အချက်ဟာ. . .
သူ့ချစ်သူ ယောကျ်ားလေးက. . .
'သူမကို ဘယ်လောက်ယုယမြတ်နိုးသလဲ. . .'
ဆိုတဲ့ အတိုင်းအတာအပေါ် မူတည်ပါတယ်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့ ငယ်စဉ်ကလေးဘဝတစ်လျှောက်လုံး နေရောင်ခြည်နဲ့ လေပြည်ညှင်းတွေ၊ ပန်းပွင့်နဲ့သစ်သီးရနံ့တွေကို တိတ်တိတ်ကလေးလွမ်းဖို့ အိမ်ထပ်ခိုးကျဉ်းကျဉ်းလေးရဲ့ ပြတင်းပေါက်ဘေးမှာ ထိုင်ငေးကြည့်နေခဲ့ရတာပါ. . . ။

ကျွန်မဟာ ခပ်ညှဲ့ညှဲ့ကောင်မလေးတစ်ယောက်ပါ. . . ကိုကို။

ကျွန်မဟာ. . . ပိရမစ်တစ်ခုလို ကိုယ့်ကိုယ်ကို မြင့်မားပြဖို့အတွက် ညှဲဖျင်းလွန်းနေခဲ့တယ်။ ကျွန်မဟာ နှင်းဆီပွင့်က ဆူးတစ်ချောင်းလောက်တောင်မှ ကိုယ့်ကိုယ်ကို ချွန်မြမပြနိုင်အောင် ညှဲဖျင်းခဲ့တယ်။ ကျွန်မဟာ မြစ်တစ်စင်းလို ကိုယ့်အိပ်မက်နဲ့ကိုယ် စီးဆင်းပြဖို့အတွက်လည်း ညှဲဖျင်းလွန်းနေခဲ့ပါတယ်. . . ကိုကို။

အို. . . ကျွန်မဟာ အရာရာ ညှဲဖျင်းခဲ့သူပါ။

အဲဒါကြောင့်လည်း 'မှုန်စကားဝါညို' လို့ ခေါ်တဲ့ ဟောဒီခပ်ညှဲ့ညှဲ့ကောင်မလေးတစ်ယောက်ကို ဘယ်သူကမှ ဂရုတစိုက် မရှိခဲ့တာပေါ့နော်. . . ဟုတ်ပါတယ်လေ. . . ကျွန်မကိုက ကံဆိုးခဲ့တာပါ။

ဖေဖေနဲ့မေမေ ကိုယ်တိုင်က ကျွန်မကို ချစ်ခြင်းနဲ့ အသိအမှတ် ပြုဖို့



မေ့လျော့ခဲ့တယ်။ ကျောင်းနေတဲ့အရွယ်ရောက်တော့လည်း (သူငယ်ချင်းလို့ ကိုယ်က အောက်မေ့ရသူတွေ) အားလုံးက ကျွန်မကို ခင်မင်နွေးထွေးမှုနဲ့ အသိအမှတ်ပြုဖို့ ငြင်းဆိုခဲ့တာပါပဲ. . . ။

ကျွန်မပေါ့. . . ။

အဲသည်ကလေးဘဝတစ်လျှောက်လုံး အိမ်ထပ်ခိုးကျဉ်းကျဉ်းလေးရဲ့ ပြတင်းပေါက်ဘေးမှာထိုင်ရင်း အပြင်အပက ရှုခင်းတွေကို ငေးကြည့်လို့ အချိန်ကုန်ခဲ့ရတယ်။ အဲဒီပြတင်းပေါက်ကနေ တွားဝင်လာတတ်တဲ့ နေရောင်ခြည်နုနုကလေးကို ကျွန်မ တိတ်တခိုးချစ်တယ်၊ ပန်းပွင့်နဲ့ သစ်သီးရနံ့တွေ သယ်ဆောင်လာတတ်တဲ့ လေညှင်းကလေးကို တိုးတိုးကလေး ဝှက်ပြီးနမ်းမိတယ်။

ဆောင်းဥတုနှင်းမြူတွေ ဆိုင်းပြီဆိုရင်. . . ကျွန်မအတွက် စိတ်ကူးချိုချို နတ်သမီးအိပ်မက်တွေဟာ အဲသည်ပြတင်းပေါက်ကလေးကနေ တစ်ဆင့် ခြေသံဖွဖွနင်းပြီး ဝင်ရောက်လာတတ်တာပဲလေ. . . ။

အဲသည် ဆောင်းဥတု အိပ်မက်ချိုချိုတွေဟာ ငယ်စဉ်ဘဝ ကျွန်မအတွက်တော့ အနီရောင်ပန်းစက္ကူနဲ့ ထုပ်ပိုးထားတဲ့ မြတ်နိုးဖွယ်ရာ ခရစ္စမတ်လက်ဆောင်ပါပဲ။ (ကျွန်မ ပတ်ဝန်းကျင်က လူတွေအားလုံးက ဟောဒီကလေးမတစ်ယောက်ကို လက်ဆောင် တစ်စုံတစ်ရာပေးဖို့ မေ့လျော့ချန်ရစ်ထားခဲ့တဲ့ ခရစ္စမတ်ရာသီဆိုးတွေမှာပေါ့နော်)

ကိုကိုရယ်. . .

အဲဒါ ကျွန်မရဲ့ ငယ်စဉ်ကလေးဘဝပေါ့. . .

ရာသီဥတုက ဆိုးရွားလွန်းခဲ့တယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

ခေါင်းလောင်းသံ
(နှစ်)

ကျွန်မအတွက်
သိပ်ကိုဝမ်းနည်းနာကျင်စရာကောင်းလွန်းတဲ့
ဆောင်းဥတုတစ်ခုဟာ. . .
ကျွန်မ ခုနစ်နှစ်သမီးအရွယ် ညနေခင်းတစ်ခုမှာ. . .
တိတိကျကျကြီး ရောက်ချလာခဲ့တာပါပဲ. . .။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မအတွက် ဆောင်းဥတုရောက်လာပုံဟာ တိတ်ဆိတ်လွန်းနေတယ်. . .။

ညရဲ့ လျှို့လျှို့ဝှက်ဝှက် အငွေ့အသက်တွေယှက်သန်းနေတဲ့ အသံခပ်အုပ်အုပ်ပြုသံတွေ. . .၊ ရိုးတိုးရိပ်တိတ်အမှောင်တွေ၊ လက်ဆွဲမီးအိမ်ဝါကျင့်ကျင့်လေးထွန်းထားတဲ့ ဘူတာရုံအို. . .၊ တွဲ့တွဲ့လေးလေး တရွတ်တိုက်ဆွဲဝင်လာတဲ့ ရေနွေးငွေ့သုံးမီးရထားစက်ခေါင်းမည်းမည်းကြီး. . .။

အဲဒီမြင်ကွင်းတွေကို ဥရောပအလယ်ခေတ်ဟောင်းအကြောင်း ရိုက်ပြတဲ့ ရုပ်ရှင်ပြကွက်တွေထဲမှာ မြင်ဖူးထားမိလို့လားတော့မပြောတတ်ဘူး . . .၊ ကျွန်မအတွက်တော့ ဆောင်းဥတုဝင်လာပုံဟာ မှောင်နဲ့မည်းမည်းဖြစ်နေတဲ့ တောမြို့ဘူတာရုံပုပုကလေးဆီကို မီးရထားအိုကြီးတစ်စင်း တရွေ့ရွေ့ တိတ်တဆိတ် ဝင်လာပုံမျိုးနဲ့ တူနေလေရဲ့. . .။

အဲသည့် ဆောင်းညတစ်ညပေါ့. . .။

တခြားကလေးတွေက လမ်းမလရောင်အောက်မှာ ပျော်ပျော်ရွှင်ရွှင်ဆော့ကစားနေကြတဲ့အချိန်. . . ဟောဒီ အပယ်ခံကောင်မလေးတစ်ယောက်ကတော့ နှုတ်ခမ်းကို တင်းတင်းဖိကိုက်ရင်း အသံမထွက် မျက်ရည်မကျဘဲ



အမှောင်ထဲမှာ ငိုကြွေးနေခဲ့ရတယ်။

မြောက်ပြန်လေထဲမှာ ဆိတ်ဖလူးပန်းရနံ့တွေ တစိမ့်စိမ့် တဝေ့ဝေ့မျောလွင့်နေလေရဲ့။ တစ်ချက်တစ်ချက်မှာ အပြာရောင် မှုန်မှိုင်းမှိုင်းနဲ့ စိုစွတ်ပြီးတမြှေမြှေခါးသလိုလို အောက်မေ့ရစေတဲ့ အငွေ့အသက်တစ်မျိုးကိုပါ ရှူရှိုက်ရတယ်။

သစ်ရွက်ခြောက်တွေကို စုပုံပြီး မီးရှို့ရာက ထွက်လာတဲ့ရနံ့ပေါ့. . .။

အဘွားက ခြံဝင်းမြေကွက်လပ်ကို လှဲကျင်းပြီး ရလာတဲ့အမှိုက်သရိုက်တွေ. . .၊ သစ်ရွက်ခြောက်တွေကို မီးရှို့နေတယ်။ မကြာခဏလည်း တုတ်တစ်ချောင်းနဲ့ မီးပုံထဲကို ထိုးဆွမွှေပေးပြီး လောင်စာတွေကို ညှိလို့ပေါ့. . .။

ကျွန်မက နံဘေးမှာထိုင်ပြီး မီးလှုံရင်း ဆောင်းညကောင်းကင်ယံကို တလိပ်လိပ်တက်လာတဲ့ ဖြူပျစ်ပျစ် မီးခိုးငွေ့တွေကို ငေးမောကြည့်နေတယ်၊ သစ်ရွက်ကိုင်းခြောက်တွေကို မီးစွဲလောင်နေတဲ့ အသံတစ်ဖြောက်ဖြောက်ကိုလည်း ကြားနေရတယ်။ အိမ်ခေါင်မိုး တံစက်မြိတ်စွန်းဆီကကျတဲ့ နှင်းစက်တွေကြောင့် သဲဆန်ဆန်မြေပြင်မှာ ချိုင့်ရာခွက်ရာလေးတွေ ထင်. . . လို့။

"ဟေး. . ."ခနဲ ပျော်ရွှင်ကြည်နူးစွာ အော်ဟစ်လိုက်တဲ့ လမ်းမကစားဝိုင်းဆီက ကျွန်မနဲ့ ရွယ်တူကလေးတစ်သိုက်ရဲ့အသံကို ကြားလိုက်ရတယ်။

ကျွန်မရင်ထဲ ဆစ်ခနဲ နာကျင်သွားရော. . .။

ညနေ. . . ကစားပွဲမြင်ကွင်းကို ပြန်မြင်ယောင်လာမိတယ်။ ဟုတ်တယ်. . . ညနေက. . .။

လမ်းမပေါ်မှာ'သူတို့တွေ' ထုတ်စည်းတိုးတမ်း ကစားနေကြတယ်။ 'သူတို့တွေ. . .'ဆိုတာက လမ်းထဲက ကျွန်မနဲ့ ရွယ်တူကလေးတွေ. . .၊ ကျွန်မထက် အသက်နည်းနည်းပိုကြီးတဲ့ လေး၊ ငါး၊ ခြောက်တန်းအရွယ်တွေနောက်. . . ဟိုဘက်လမ်းက ကောင်မလေးနှစ်ယောက် သုံးယောက်လည်းပါတယ်။

ခပ်လှမ်းလှမ်းကနေ သူတို့ကို ရပ်ငေးကြည့်နေတဲ့ ကျွန်မကိုတော့

www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူကမှ ဂရုတစိုက် အရေးမလုပ်ကြဘူး။ (တစ်ခါတစ်လေမှ အိမ်ထဲက အိမ်ပြင်ထွက်ခွင့်ရတဲ့ ကောင်မလေးတစ်ယောက်ဟာ သူတို့အတွက်တော့ သိပ်စိတ်ဝင်စားစရာမကောင်းလှတဲ့ သူစိမ်းစစ်စစ်ပါပဲ)

'လာလေ. . . တို့နဲ့ အတူလာကစားပါလား' လို့လည်း ဘယ်သူကမှ ဖိတ်ခေါ်ဖို့ သတိမရကြဘူး။ သတိရလျက်သားနဲ့ တမင်မေ့လျော့ချန်ရစ်ထားတာလည်း ဖြစ်နိုင်တာပဲလေ. . .။

ကျွန်မကတော့ ခပ်ဝေးဝေးကနေ သူတို့ကစားတာကို ငေးမောကြည့်ရင်း ကိုယ့်နှလုံးသားကို ကိုယ်ပြန်ပြီး ပွတ်သပ်နေမိတယ်။ သူတို့ ကစားနေတဲ့ ထုတ်စည်းတိုးကစားနည်းကို ကျွန်မ လွယ်လွယ်ကူကူပဲ သဘောပေါက်သွားတော့ ကစားချင်စိတ်တွေက ပိုပိုဖြစ်လာရော. . .။

မြေပြင်ပေါ်မှာ ကန့်လန့်ဖြတ်စည်းတွေတားထားတယ်။ တိုးတဲ့အဖွဲ့သားတွေက ဟိုး. . . ထိပ်ဆုံးစည်းကနေ နောက်ဆုံးစည်းကို ကျော်မိတဲ့ အထိ ဖြတ်သန်းရတယ်။ စည်းတစ်စည်းတိုင်းမှာ တားတဲ့ အဖွဲ့သားတစ်ယောက် စီက တာဝန်ယူပြီး ကိုယ့်စည်းကို ဖြတ်ကျော်တဲ့သူကိုမိအောင်ဖမ်း။ တိုးတဲ့အဖွဲ့ကလည်း အဖမ်းမခံရအောင် အပြေးအလွှား အလှည့်အပတ်နဲ့ဖြတ်ကျော်. . . ပေါ့။

နောက်ဆုံးစည်းကို ဖြတ်ကျော်မိရုံနဲ့ မပြီးသေးဘူး။ နောက်ဆုံးကနေ ဦးဆုံးစထွက်တဲ့ပထမစည်းကို ကျော်မိအောင် နောက်ကြောင်းပြန် ဖြတ်ရပြန်တယ်။ အဲဒီအခါကျမှာ လွတ်လွတ်ကျွတ်ကျွတ် ရှေ့ဆုံးပြန်ရောက်မှ 'အောင်လံထူတယ်' လို့ ခေါ်ပြီး တစ်ပွဲအနိုင်ရတာ. . .။

သူတို့ကစားနေတာကို ကြည့်ရတာ သိပ်ကို ပျော်စရာကောင်းတာပဲ။ အဖမ်းခံရတဲ့အခါကျ. . . ခံရ၊ အောင်လံထူတဲ့အခါ. . . ထူပေါ့။ ဘေးဖက်မှာ အလျားလိုက် အနားသတ်ထားတဲ့ 'ထမင်းရည်ပူစည်း' ဆိုတာ ရှိသေးတယ်။ တစ်ခါတစ်ခါ အားရပါးရ ပြေးရင်းလွှားရင်း လှည့်ရင်းပတ်ရင်း အဲဒီစည်းကို နင်းမိလို့ 'ထမင်းရည်ပူလောင်တယ်' လို့ ဆိုပြီး ရှုံးသွားတာမျိုးလည်း ရှိသေးတယ်။ ရယ်စရာမကောင်းဘူးလား။

ဒါနဲ့. . ကျွန်မ သူတို့နားကို မဝံ့မရဲတိုး. . . တိုးသွားရင်း နောက်ဆုံး



အရဲစွန့်ပြီး လှမ်းပြောလိုက်တယ်။

"ငါလဲ ဝင်ကစားချင်တယ်"

သူတို့တွေ ကစားနေရာက တုံ့ခနဲ ရပ်သွားကြတယ်။တွေ. . . ဝေ. . . လို့၊ အစိမ်းရောင်ခါးသက်သက်မျက်လုံးတွေနဲ့ ကျွန်မကို ဝိုင်းကြည့်နေလိုက်ကြတာ. . .။

"နင်က ကစားတတ်လို့လား"

"ငါတို့ လူပြည့်နေပြီဟ"

"တို့အဖွဲ့ထဲတော့ မထည့်နဲ့နော်. . . သူ့ကြောင့် ရှုံးရင် ငါတို့ တာဝန်မယူဘူး"

မလိုလားတဲ့လေသံတွေ၊ မယုံကြည်တဲ့ အငွေ့အသက်တွေ ဆူဆူပွက်ပွက်. . . နဲ့၊ မှောင်လိုက်တာ. . .၊ ကျွန်မ ချက်ချင်းလှည့်ပြန်ပြေးသွားချင်စိတ်နဲ့ တစ်ဝက်တစ်ပျက် သေဆုံးသွားသလိုပါပဲ။

အဲဒီမှာ. . . နည်းနည်း သနားတတ်ပုံရတဲ့ အသက်ကြီးကြီးမိန်းကလေး တစ်ယောက်က. . .။

"သူလဲ ကစားချင်မှာပေါ့ဟာ. . . ပါချင်ပါပါစေ၊ သူ့ကို 'ထမင်းသိုး ဟင်းသိုး' ပဲ ထားလိုက်ပါတော့"

"ဟုတ်တယ်. . . ဟုတ်တယ်. . . သူက 'ထမင်းသိုး ဟင်းသိုး' ပေါ့. . ."လို့ တခြားသူတွေက ဝိုင်းအော်ကြတယ်။

'ထမင်းသိုး ဟင်းသိုး' ဆိုတဲ့ ဝေါဟာရကို ကျွန်မ နားမလည်ဘူး။ စိတ်ထဲမှာ အမှတ်တမဲ့လို့ပဲ သဘောထားလိုက်ဖြစ်တယ်။ သူတို့နဲ့ အတူကစားခွင့်ရပြီဆိုတဲ့ အသိကဖုံးလွှမ်းပြီး ရုတ်တရက် အရမ်းကြီးပျော်သွားမိတာကိုး. . .။

'ထမင်းသိုး ဟင်းသိုး' ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်က. . . ကျွန်မကြောင့် ဒီကစားပွဲမှာ ရှုံးရတာပဲဖြစ်ဖြစ်၊ နိုင်ရတာပဲဖြစ်ဖြစ် တရားမဝင်ဘူးလို့ ဆိုလိုတာ၊ ကျွန်မ ဘာလုပ်လုပ် အရာမထင်ဘူး၊ ဂရုစိုက်စရာမလိုတဲ့ လူတစ်ယောက်အဖြစ် သတ်မှတ်လိုက်တဲ့ တံဆိပ်မှန်း သိလိုက်ရတဲ့ အချိန်မှာ. . .

www.burmeseclassic.com

www.burmeseclassic.com



သိပ်ကို နောက်ကျလွန်းသွားခဲ့ပါပြီ။

●

ကျွန်မ ပါဝင်ခွင့်ရတဲ့ ကစားပွဲမှာ အကောင်းဆုံးဖြစ်အောင်ကြိုးစားခဲ့ပါတယ်။ တစ်ခေါက်ထပ်ပြောပါရစေ။ ကျွန်မ. . . အကောင်းဆုံးဖြစ်အောင် ကြိုးစားခဲ့ပါတယ်။

●

ပွဲစတာနဲ့ ထိပ်ဆုံးစည်းကို လှစ်ခနဲဖြတ်ကျော်ပြီး ကျွန်မ ပြေးဝင်လိုက်တယ်။ ကြည့်စမ်း. . . ကျွန်မ အရမ်းကို ပေါ့ပါးမြန်ဆန်နေလိုက်တာ. . . ။

စည်းတားတဲ့လူ ဘယ်သူကမှ ကျွန်မကို ဖမ်းလို့မမိကြဘူး။ (တမင်လွှတ်ပေးလိုက်တာမှန်း ကျွန်မ ဘယ်သိပါ့မလဲ) ဖျတ်ခနဲ ဖျတ်ခနဲ ပြေးရင်း နောက်ဆုံးစည်းကို ကျွန်မ ကျော်မိတယ်။ အောင်ပွဲတစ်ဝက်နင်းပြီပေါ့။

ကိုယ့်ကိုယ်ကိုယ် ကျေနပ်တဲ့စိတ်နဲ့ ချက်ချင်းနောက်ကြောင်းပြန်လှည့်ပြီး စည်းထဲကို တိုးဝင်လိုက်ပြန်ရော။

စတုတ္ထစည်း. . .

တတိယစည်း. . .

ဒုတိယစည်း. . .

တဖြည်းဖြည်း ထိပ်ဆုံးစည်းနဲ့နီးလာတယ်။

ကျွန်မ ခြေ. . . လှမ်း. . . တွေ. . . သွက်လို့။

ထိပ်ဆုံးစည်းကို တဟုန်ထိုးပြေးဖြတ်ကျော်လိုက်ပြီးတာနဲ့ တစ်ပြိုင်နက်. . .

"အောင်လံထူပြီ၊ အောင်လံထူပြီ"လို့ ကျွန်မ အသံကုန်အော်လိုက်တယ်။



ခေါင်းလှည့်ပြန်ကြည့်လိုက်တော့. . . ကစားပွဲက ဘာမှမဖြစ်သလိုပဲ ဆက်ပြီး တိုးသူက တိုး. . . မြဲ၊ တားသူက တား. . . မြဲပေါ့။

"ဟင်. . . ငါတို့ဘက် နိုင်ပြီမဟုတ်လား"

ကစားပွဲက ဘာဖြစ်လို့ ပြီးမသွားရသေးတာလဲ။

တစ်ခုခု. . . ငါမှားယွင်းနေခဲ့လို့လား. . . လို့ ကျွန်မ တွေးရင်းကြောက်စရာကောင်းလွန်းတဲ့ သံသယအငွေ့တွေက ရင်ထဲမွန်းကျပ်မှောင်လာ. . . လို့။

ကျွန်မ နောက်တစ်ကြိမ် ထပ်ကြိုးစားကြည့်ဖို့ ပထမစည်းကို ပြန်တိုးဝင်လိုက်တယ်။ ဒီတစ်ခေါက်တော့ အရမ်းမပြေးတော့ဘူး။ ဖြည်း. . . ဖြည်း နဲ့ မှန်မှန်လေး၊ ကျွန်မ သံသယက ပိုပိုပြီး ခိုင်မာနာကျင်လာတယ်။

ငါ့ကို ဘာဖြစ်လို့ ဘယ်သူကမှ မဖမ်းတာလဲ?

ကျွန်မ နှုတ်ခမ်းကို တင်းတင်းဖိကိုက်ရင်း. . . တစ်ခုခုလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ နောက်. . . 'ထမင်းရည်ပူစည်း'ပေါ်ကို တမင်တကာ တိတိကျကျ တက်နင်းပြီး အဲသည်စည်းပေါ်မှာ တည့်တည့်ရပ်နေလိုက်တယ်။

?

?

?

ကစားဝိုင်းက ဘာမှဖြစ်မသွားပါဘူး။

စောစောကလို ပုံမှန်အတိုင်း ဆက်ပြီး ကစားမြဲကစားနေလျက်ပဲ။ သူတို့ဖာသာသူတို့ ကျွန်မကို အသိအမှတ်မပြုစွာ လှုပ်ရှားရှင်သန်ကစားနေကြဆဲပေါ့. . . ။

ကျွန်မကတော့ 'ထမင်းရည်ပူစည်း' ပေါ်ရပ်. . . လို့။

. . . . . . . . . .

. . .

နောက်တော့ . . .

www.burmeseclassic.com

www.burmeseclassic.com



ထမင်းရည်ပူစည်းကို နင်းဖြတ်ကျော်ပြီး ကစားပွဲအပြင် ဝေးရာကို ကျွန်မ. . . တစ်လှမ်းချင်း လျှောက်ထွက်လာခဲ့တယ်။

သူတို့ကို ကျောခိုင်းခဲ့ပြီ။

. . .

ကျွန်မဟာ 'ထမင်းသိုး ဟင်းသိုး'တစ်ယောက်ပါ။

❑

ခေါင်းလောင်းသံ

(သုံး)

www.burmeseclassic.com

www.burmeseclassic.com



နံနက်အိပ်ရာထချိန်မှာ သစ်ရွက်တွေ ခြောက်ခြောက်သွေ့သွေ့ ကြွေကျနေပုံကို မြင်ရတာ စိတ်မာတ်ကျစရာ ကောင်းလွန်းတယ်။

သည်လောကကြီးကို ကလေးတစ်ယောက် မွေးဖွားထည့်သွင်းပေးခဲ့တာ တရားမျှတပါရဲ့လား. . . ဟင်။ အသနား အညှာတာကင်းမဲ့သလိုများ ဖြစ်မနေဘူးလား. . . သိရင် ပြောကြစမ်းပါ။

သည်ကမ္ဘာမှာ နွေးနွေးထွေးထွေး ချစ်ခင်မယ့်သူ တစ်စုံတစ်ယောက် ရှိမနေဘဲနဲ့တော့ ကလေးလေးတစ်ယောက်ဟာ မပျော်ရွှင်နိုင်ပါဘူး။ မိုးရေစက်တွေ စွတ်စိုလူးနေတဲ့ မြက်ပင်တွေကြားမှာ ပိုးစုန်းကြူးကလေးတွေ လက်. . . လက်နေတာကို ကျွန်မ တစ်ညလုံး ငေးမောကြည့်ခဲ့ဖူးတယ်။

ဘုရားရေ. . . ကျွန်မ အဲဒီပိုးစုန်းကြူးလေး ဖြစ်ချင်လိုက်တာ. . . ။

ဘဝမှာ တစ်ခါလောက် အဲသည်လို စိမ်းဖန့်ဖန့်လေး လင်းပ ပါရစေ. . . ။ ကျေးဇူးပြု၍ မရယ်မမောကြပါနဲ့။ ကျွန်မ ပျင်းရိလှပါပြီ. . . ။

ငယ်ငယ်ကတည်းက အဲသည်လို ရယ်မောလှောင်ပြောင်ခံရလွန်းလို့ အဲသည်လို ရယ်သံတွေကို ကျွန်မ ပျင်းရိငြီးငွေ့လှပါပြီ။

မူလတန်းကျောင်းမှာ တက်နေခဲ့တဲ့ တစ်လျှောက်လုံး ကျွန်မလုပ်ပုံကိုင်ပုံ၊ တွေးပုံခေါ်ပုံတွေကို ကြည့်ပြီး အတန်းဖော်တွေက ရယ်ကြတယ်။ ဆရာမတွေက ရယ်ကြတယ်၊ တခြားလူတွေ ရယ်ကြတယ် (အင်းလေ. . . ဟုတ်ပါတယ်၊ ကျွန်မ လုပ်သမျှ ကိုင်သမျှကလည်း တလွဲတချော်တွေချည်းပဲ မဟုတ်လား)



ကျွန်မက မလွဲရင် ဘေးလူတွေကမလွဲ. . . လွဲအောင်ချောက်တွန်းတယ်။ ပြီးတော့. . . သူတို့ကပဲ လှောင်ရယ်ရယ်ကြသေးတယ်။

ကျွန်မတို့ ကျောင်းရှေ့လမ်းမကြီးရဲ့ ထောင့်ဆုံးကအိမ်ဟာ နှစ်ထပ်အိမ်ကြီးပေါ့။ အိမ်ကြီးရဲ့ရှေ့မှာ သံပန်းတွေ အလှဆင်ထားပြီး ဆေးသုတ်ထားတဲ့ ဝင်းတံခါးရှိလို့ ကျွန်မတို့ကလေးတွေက 'သံပန်းအိမ်ကြီး'လို့ ခေါ်ကြတယ်။ အဲဒီအိမ်ပိုင်ရှင် အသားဖြူဖြူနဲ့အန်တီကြီးကိုလည်း နေ့တိုင်း ကျောင်းသွား ကျောင်းပြန် မြင်မြင်နေရတာ. . . ။ တစ်နေ့ကျတော့. . . ကျွန်မတို့ ကလေးတွေကြားထဲမှာ တီးတိုးပြောစရာ စကားတစ်ခုက ခိုးကြောင်ခိုးဝှက် စိမ့်ဝင်ပျံ့နှံ့လာတယ်။

"သံပန်းအိမ်ကြီးက အန်တီက လင်ငယ်နေလို့တဲ့. . . သူ့ယောကျ်ားနဲ့ ရန်ဖြစ်နေတာ ငါတို့လမ်းပေါ်ကနေပြီးတော့တောင် ကြားရတယ်"

ကျောင်းသွားကျောင်းပြန် ကလေးအုပ်စု တစ်စုစုရဲ့ ပါးစပ်ဖျားမှာ ပါလာရာကနေ တစ်ကျောင်းလုံး တီးတိုး. . . တီးတိုးနဲ့ပျံ့နှံ့သွားတဲ့ သတင်းစကားဖြစ်မှာပါ။

'လင်ငယ်နေတယ်. . . 'ဆိုတဲ့ ဝေါဟာရကို ကျွန်မ နားမလည်ဘူး၊ ဒါဟာ ကလေးတစ်ယောက်အတွက် လုံလောက်တဲ့ စကားအဓိပ္ပာယ်မဟုတ်ဘူးလေ။ ကျွန်မ စဉ်းစားကြည့်မိတယ်။ 'လူကြီး. . . လူငယ်' ဆိုတဲ့ ဝေါဟာရတောင်ရှိသေးတာပဲ. . . လို့။ လူကြီးဆိုတာဟာ တဖြည်းဖြည်းနဲ့ လူငယ်ကနေဖြစ်လာ ရတာ မဟုတ်လား။ 'လင်ငယ်'ရှိတာကို ဘာစိတ်ဆိုးစရာလိုလို့လဲ၊ သူလည်း တဖြည်းဖြည်းနဲ့ ကြီးလာတဲ့အခါ'လင်ကြီး'ဖြစ်လာမှာပေါ့. . . လို့ တွေးပြီး အတန်းပိုင်ဆရာမကို မေးကြည့်တော့. . . ဆရာမက ရယ်ပြီး. . .

"ဟဲ့. . . စာသင်ချိန်မှာ ဒါတွေမမေးရဘူး"

ဆရာမက စာသင်ချိန်မှာ မမေးရဘူးဆိုတော့ 'အိမ်ပြန်ရောက်မှမေး'ဆိုတဲ့ သဘောပဲလို့ အောက်မေ့လိုက်တယ်။ အိမ်ပြန်ရောက်တော့. . .

www.burmeseclassic.com

www.burmeseclassic.com



အဘွားကို. . .

"ဘွားဘွား. . . လင်ငယ်နေတယ်ဆိုတာ ဘာလဲဟင်"

"မိန်းမတစ်ယောက်က မျောက်မထားတာကို ခေါ်တာပေါ့ဟဲ့. . . ဘာတွေလာမေးနေတာလဲ၊ ဒါ. . . ကလေးသိစရာမဟုတ်ဘူး"

အဘွားက ကျွန်မခေါင်းကို ဒေါင်ခနဲမြည်အောင် ခေါက်လိုက်တယ်။ ဟင့်အင်း. . . ကျွန်မ မကျေနပ်ဘူး။ အဘွားပြောမှပိုရှုပ်သွားတယ်။ ဘာတဲ့. . .

'မျောက်မထားတယ်'. . . တဲ့။

ဟင်. . . ဘာဆိုင်လို့ မျောက်က ပါလာရတာလဲလို့ ကျွန်မတွေးလိုက်တယ်။ (လူဟာ မျောက်က ဆင်းသက်လာတာမှန်ရင်တော့ ဒီကိစ္စဟာ နည်းနည်းနီးစပ်ပါတယ်) အဲဒီ သံပန်းအိမ်ကြီးက အန်တီကြီးဟာ မျောက်ကို ဘယ်မှာထားပါလိမ့်လို့ ကျွန်မ စဉ်းစားကြည့်လို့ မရဘူး။ ကြိုးချည်ထားသလား၊ လှောင်ထားသလား၊ အိမ်ထဲက အခန်းတစ်ခန်းမှာပဲ ထားထားသလား၊ ခြံထဲမှာပဲ မွေးထားသလား။

ကျွန်မစိတ်ကူးထဲမှာတော့ အဲဒီအန်တီကြီးရဲ့ဘဝဟာ အတော်ပျော်စရာကောင်းနေတယ်။ ဟုတ်တယ်နော်. . . မျောက်ကလေးကို ကြိုးနဲ့. . . ချည်၊ ကြိုးကို လက်ကကိုင်ပြီး မျောက်ကို 'ဟဲ့. . . ဟိုဘက်မသွားနဲ့၊ ဒီကိုလာ' 'ဟဲ့. . . ငြိမ်ငြိမ်နေ၊ မဆော့နဲ့' 'အို. . . မခုန်နဲ့လေ၊ ဩော်. . . ဟဲ့ဟဲ့. . . ဟိုဘက်ကိုသွားပြန်ပြီ' နဲ့ ထိန်းနေရမှာ. . .။

ကျွန်မတစ်ခုပဲ မှားသွားတယ်။ အဲဒီအတွေးကို အတန်းဖော်ကလေး လေးငါးဆယ်ယောက်ကို ပြောပြမိတယ်။ နောက်ပြီး. . . သူတို့ကိုခေါ်ပြီး သံပန်းအိမ်ကြီးကို သွားချောင်းကြည့်မိတာပဲ။ အိမ်ရှင် အန်တီကြီးနဲ့တွေ့တော့. . .

'အန်တီ မွေးထားတဲ့မျောက်က ဘယ်မှာလဲဟင်'လို့ မေးလိုက်မိတယ်။ ဘုရားရေ. . . အဲဒါ ကျွန်မမှာ ဘာအပြစ်ရှိလို့လဲ။ အဲဒါ ကျောင်းမှာလည်း ဒဏ်ပေးခံရတယ်။ အိမ်မှာလည်း အဘွားကရိုက်တယ်။ သူများတွေက ဝိုင်းရယ်ကြတယ်။

●



အဲဒီ ဒဏ်ပေးခံရတဲ့နေ့က ကမ္ဘာမြေပြင်တစ်ခုလုံး အဝါရောင်တွေ မှိုင်းမှိုင်းဝေ. . . လို့။ တိမ်တိုက်တွေရဲ့ ဟိုးဘက်အဆုံးက မိုးကုပ်စက်ဝိုင်းဆီ လှမ်းမေးကြည့်မိတော့ လိမ္မော်ရောင်ပုပ်ပုပ်နေရောင်ခြည်တွေ ငုပ်လျှိုးပျယ်လွင့်စပြုနေပြီဖြစ်တဲ့ ဆည်းဆာကို မြင်ရတယ်။

နောက်ပြီး. . . ခတ္တာပန်းပွင့်တွေ မိုးရေစက်စိုလို့ ကြွေကျနေတာကိုလည်း မြင်ရပါတယ်။ ကျွန်မ နားမလည်တာကို စူးစမ်းမိတာဟာ အပြစ်တစ်ခုဖြစ်ခဲ့ပါသလား။

●

နောက်ထပ် ကျွန်မ နားမလည်တဲ့ ဝေါဟာရတစ်ခုရှိသေးတယ်။ 'ပစ်စာ. . . 'တဲ့။ ပစ်စာဆိုတာ 'လူတစ်ယောက်ကို အပြစ်တင်၊ ခြိမ်းခြောက်ချင်လို့၊ စိတ်ဒုက္ခပေးချင်လို့ အဲဒီလူရဲ့ မကောင်းမှုတွေ၊ အပြစ်အနာအဆာတွေကို ဖော်ပြီး (စာရေးတဲ့သူရဲ့ အမည်ကို မသိစေဘဲ) လျှို့ဝှက်ရေးပို့တဲ့စာ'ဆိုတာ အဲဒီကလေးဘဝအရွယ်မှာ ကျွန်မ ဘယ်သိခဲ့ပါ့မလဲ။

တစ်နေ့. . . ကျောင်းသွားဖို့ အိမ်ကထွက်လာတုန်း အိမ်ရှေ့အိမ်က ဦးလေးကြီးက ကျွန်မကို ခေါ်ပြီး. . .

"သမီးကျောင်းသွားတုန်းလမ်းကြုံရင် စာတိုက်မှာ ဟောဒီစာဝင်ထည့်ပေးခဲ့စမ်း၊ ရော့. . . ဒါက သမီးအတွက် မုန့်ဖိုး"

ကျွန်မ အရမ်းဝမ်းသာသွားတယ်။ ဟင့်အင်း. . . မုန့်ဖိုးကိုမယူပါဘူး။ ကျွန်မ တစ်စုံတစ်ယောက်ကို ကူညီခွင့်ရပြီမဟုတ်လား။ အဲသည်လို အဆက်ဆံခံရတာကိုပဲ ကျွန်မက ဝမ်းသာလို့ မဆုံးဖြစ်နေခဲ့တာ။

လမ်းရောက်လို့ စာအိတ်ပေါ်က လိပ်စာကို ဖတ်ကြည့်လိုက်တော့ ကျွန်မ ကောင်းကောင်းသိနေတဲ့ လူတစ်ယောက်ပဲ။ ကျွန်မတို့ကျောင်း မိဘဆရာအသင်းက ကျောင်းသားမိဘတစ်ယောက်မို့လို့သိနေတာပါ။

ကျွန်မ စဉ်းစားလိုက်တယ်။ 'စာတိုက်ကနေ ဒီစာကို ထည့်လိုက်ရင်

www.burmeseclassic.com

www.burmeseclassic.com



တစ်ရက်တော့ ကြာနေမှာပဲ. . . 'လို့၊ ဒီစာကို မြန်မြန်ရောက်သွားအောင် အတတ်နိုင်ဆုံး ကူညီချင်စိတ်တွေ ကျွန်မရင်ထဲမှာ အရမ်းပြည့်လျှံနေတယ်။ လိပ်စာရှင်ရဲ့ အိမ်နဲ့ကလည်း ကျွန်မတို့နဲ့ တစ်ရပ်ကွက်ပဲ ဝေးတာမဟုတ်လား။ အဲဒီတော့ ကျောင်းအဆင်းမှာ ကျွန်မ ကိုယ်တိုင်ပဲ အဲဒီစာကို အိမ်တိုင်ရာရောက် သွားပေးလိုက်တယ်။

"ဘယ်သူက ပေးခိုင်းတာလဲ"

လို့ မေးတော့ ကျွန်မကို စာအထည့်ခိုင်းလိုက်တဲ့ အိမ်ရှေ့အိမ်က ဦးလေးကြီးရဲ့အမည်ကို သေသေချာချာ ပြောပြခဲ့တာပေါ့။ နောက်တော့. . . အဲဒီစာကိစ္စနဲ့ သူတို့နှစ်ယောက် ပြဿနာအကြီးအကျယ် တက်ကြတယ်. . . လို့ ကြားရပါတယ်။ အဲဒီစာက 'ပစ်စာ' မို့လို့တဲ့ . . .။

ကျွန်မက အံ့အားသင့်သွားပြီး. . .

"ဘုရားရေ. . . အဲဒါပစ်ထည့်လိုက်တဲ့စာမဟုတ်ဘူး၊ ကျွန်မ ကိုယ်တိုင် ရိုရိုသေသေ လက်နှစ်ဖက်နဲ့ ပေးခဲ့တာပါ"

လို့ ရှင်းပြတော့ ကြားရသူတိုင်းက ရယ်ကြတယ်။ ဘာပဲဖြစ်ဖြစ်လေ၊ ကျွန်မကြောင့် ပြဿနာတက်ရတယ်ဆိုလို့ ကျွန်မ စိတ်မကောင်းပါဘူး။

ကျွန်မ ဘယ်လောက်ကြိုးစားကြိုးစား ဘာဖြစ်လို့ တလွဲတချော်တွေ ဖြစ်ဖြစ်ကုန်ရတာလဲ။ ဘာဖြစ်လို့ ကျွန်မဟာ လူရာအသွင်းမခံရတာလဲ။ ဘာဖြစ်လို့ ကျွန်မကို လူတွေက နှိမ်သလို လှောင်သလို ဝိုင်းရယ်ရတာလဲ. . .။

ကျေးဇူးပြုပြီး မရယ်မောကြပါနဲ့. . .။

ကျွန်မ ပျင်းရိလှပါပြီ။

●

ကျွန်မကို. . .

ဘယ်တုန်းကမှ. . . မလှောင်ပြောင် မရယ်မောခဲ့တဲ့. . .

'မိတ်ဆွေစစ်စစ်' ဆိုလို့



နှစ်ဦးတည်းသာ ရှိခဲ့ပါတယ်။

တစ်ယောက်က 'ခရစ္စတင်း'လို့ ခေါ်တဲ့ အတန်းဖော် ကောင်မလေး တစ်ယောက်ပါ။ သူက ကျွန်မတို့ မူလတန်းကျောင်းကို အသစ်ပြောင်းလာတဲ့ ကျောင်းအုပ်ဆရာကြီးရဲ့ သမီးလည်းဖြစ်ပါတယ်။

နောက်. . . တစ်ယောက်ကတော့ 'ဘလူး'(Blue)လို့ နာမည်ပေးထားတဲ့ လိပ်သေးသေးလေးတစ်ကောင်ပါပဲ။

ခရစ္စတင်းရဲ့ အဖေက ကျောင်းအုပ်ဆရာကြီးဆိုတော့ သူတို့မိသားစုက ကျွန်မတို့ မူလတန်းကျောင်းဝင်းထဲမှာရှိတဲ့တိုက်ပုကလေးထဲမှာ နေကြတယ်။ မိသားစုဆိုပေမယ့် သိပ်များများစားစားမဟုတ်ပါဘူး။ ဆရာကြီးရယ်. . . ခရစ္စတင်းရယ်. . .၊ သူ့အဒေါ် အန်တီဂရေ့(စ်)ရယ်. . . သုံးယောက်တည်း၊

ခရစ္စတင်းရဲ့ အမေက သူတို့မိသားစု ကျွန်မတို့ မြို့ကလေးကို ပြောင်းမလာခင်ကတည်းက ကွယ်လွန်ခဲ့တာလို့ ပြောတယ်။ ကျောင်းအုပ်ဆရာကြီးက မျက်နှာဝိုင်းဝိုင်း ပါးဖောင်းဖောင်း. . . နဲ့ အရမ်းလည်း သဘောကောင်းတယ်၊ ဒီကျောင်းကို ရောက်လာတော့ သူ့သမီးနဲ့ အရွယ်တူ အတန်းတူလည်းဖြစ်၊ အဖေကော အမေပါ မရှိတော့ဘဲ အဘွားနဲ့ အတူတူနေနေရတဲ့ ကျွန်မကို အရမ်းဂရုစိုက်တယ်၊ ကြင်နာတယ်၊ သူ့သမီးဖြစ်တဲ့ ခရစ္စတင်းနဲ့ အတူတူ ကစားစေတယ်။

ကျွန်မကလည်း ရပ်ကွက်ထဲ လမ်းထဲက သူငယ်ချင်းတွေရဲ့ အစွန်အပယ်ခံထားရတာဆိုတော့ ကျောင်းမှာပဲ ပျော်အောင်နေနေရတယ်၊ စနေ၊ တနင်္ဂနွေကျောင်းပိတ်ရက်တွေမှာဆိုရင်. . . လူသူကင်းမဲ့ တိတ်ဆိတ်နေတဲ့ ကျောင်းဝင်းကြီးထဲမှာ ခရစ္စတင်းနဲ့ ကျွန်မနဲ့ နှစ်ယောက်တည်း။ အတူတူ ဆော့ကြ၊ ကစားကြတယ်။ သစ်ပင်တွေကြားထဲ ပြေးလွှားပုန်းအောင်းကြတယ်၊

တစ်ခါ. . . တစ်ခါ ကျောင်းခြံဝင်းအစပ်မှာရှိတဲ့ မန်ကျည်းပင်ပေါ် ခရစ္စတင်းတက်ပြီး မန်ကျည်းသီးခူးတတ်တယ်၊ သူ့အစား. . . ကျွန်မပဲ ကြောက်လိုက်တာ။ ရင်တမမနဲ့ ကျွန်မက သစ်ပင်ခြေရင်းကနေ မော့ကြည့်. . . လို့၊ ကြောက်လွန်းလို့ ခေါင်းထဲမှာနောက်နောက်ဖြစ်လာတယ်. အာခေါင်တွေ လည်းခြောက်. . . လို့။

www.burmeseclassic.com

www.burmeseclassic.com



ခရစ္စတင်းဟာ ကျွန်မ ကလေးဘဝရဲ့ သူရဲကောင်းပါပဲ။

●

ကျောင်းပိတ်ရက် တစ်နေ့ကျတော့ လူကြီးတွေလည်း မရှိတဲ့အချိန်၊ ခရစ္စတင်းကလည်း စားစရာ တစ်ခုခုယူဖို့ အိမ်ထဲကို ဝင်သွားတဲ့အချိန်. . . ကျွန်မတစ်ယောက်တည်း အဲဒီ မန်ကျည်းပင်ခြေရင်းမှာရပ်နေရင်း ဘယ်သူမှ အနားမှာ မရှိတုန်း သစ်ပင်ပေါ်တက်ကြည့်ချင်စိတ်တွေ ဖြစ်လာတယ်။

အို. . . ဘာဖြစ်လဲ၊ ငါလုပ်ချင်တာကို လုပ်နိုင်တဲ့ အခွင့်အရေးရှိတာပဲ။

ကျွန်မစိတ်ကို ကျွန်မ သေသေချာချာ မဝေခွဲ မစဉ်းစားနိုင်ခင်မှာပဲ ကျွန်မဟာ မန်ကျည်းပင်ပေါ်ကိုရောက်နေပါပြီ။ ဘုရားရေ ငါဘယ်လိုများတက်နိုင်ခဲ့ပါလိမ့်၊ ရင်ထဲမှာနည်းနည်းကြောက်တယ်။ ပြီးတော့ နည်းနည်းပျော်တယ်။

ဘယ်အကိုင်းမှာ ရပ်မယ်ဆိုတာ ကျွန်မ သေသေချာချာ ဆုံးဖြတ်ခဲ့တာမဟုတ်ဘူး။ တက်ရင်းတက်ရင်းနဲ့ အောက်ကို အမှတ်တမဲ့ ပြန်ငုံ့ကြည့်လိုက်တဲ့အချိန်မှာ ကျွန်မဟာ အမြင့်ကြီးကို ရောက်နေပြီ. . .

မျက်စိတွေ ပြာဝေ. . . သွားပြီး အသံကုန်အော်ခေါ်လိုက်မိတယ်။

"ခရစ္စတင်း. . . ခရစ္စတင်း. . . လာပါဦး"

ခရစ္စတင်း ရောက်လာတော့ ကျွန်မကို မော့ကြည့်ပြီး အရမ်းတုန်လှုပ်သွားပုံနဲ့. . .

"အိုး. . . ဘုရားသခင်၊ နင် ဒီလောက်အမြင့်ကြီးကို ဘယ်လိုရောက်သွားတာလဲ၊ ငါတောင်မတက်ရဲဘူး"

"ခရစ္စတင်း. . လုပ်ပါဦး၊ ငါ့ကို ပြန်ချပေးပါ။ ငါမဆင်းတတ်တော့ဘူး"

ခရစ္စတင်းက ကျောင်းနံရံမှာ ထောင်ထားတဲ့ ဝါးလှေခါးရှည်ကြီးကို မနိုင့်တနိုင်နဲ့ သွားယူလာတယ်။ မန်ကျည်းပင်ခြေရင်းမှာ ကပ်မှီထားလိုက်ပြီး သူ့တစ်ကိုယ်လုံးနဲ့ ဖိထိန်းထားရင်းက. . .



"ဆင်းခဲ့. . . စကားဝါ၊ မကြောက်နဲ့ ဖြည်းဖြည်း. . . ဖြည်းဖြည်းဆင်း"

ဝါးလှေကားက ကျွန်မ နင်းလိုက်တိုင်း ညွတ်ခနဲ ညွတ်ခနဲ ဖြစ်ဖြစ်သွားတော့ ကျွန်မ ကြောက်ကြောက်နဲ့ ဝါးလုံးကို တင်းတင်းဆုပ်ကိုင်ထားမိပါရဲ့။

"မကြောက်နဲ့ စကားဝါ. . . မကြောက်နဲ့၊ ဖြည်းဖြည်း. . . အောက်ကိုရောက်တော့မယ်. . . ရောက်တော့မယ်"

ကျွန်မ အရမ်းကြောက်နေပြီ။ ရောက်တော့မယ်. . . ရောက်တော့မယ်ဆိုတဲ့ စကားကို ကြားနေရတဲ့အချိန်မှာပဲ ကျွန်မခြေထောက်တွေကို မသယ်နိုင်တော့ဘူး။ ဟင်. . . အောက်မှာ လှေကားလေးထစ်လောက် လိုသေးတယ်. . . ဘုရား. . . ကယ်တော်မူပါ။

"အား. . ."

"အိုး. . . စကားဝါ"

ကျွန်မ ဘယ်လိုအောက်ပြုတ်ကျသွားသလဲ မသိဘူး။ သစ်ပင်မှာ ခနော်ခနဲ့ မှီထားတဲ့ ဝါးလှေခါးက 'ဝုန်း'ခနဲ ပြိုလဲကျသွားတယ်။

မြေပြင်ပေါ် ခွေခွေကလေးလဲနေရာက ကျွန်မ ရုတ်တရက်ပြန်ထလိုက်တယ်။ တော်ပါသေးရဲ့. . . ကျွန်မ ဘာမှမထိခိုက် မကျိုးပဲ့ဘူး။

အဲဒီအခိုက်မှာပဲ. . . မျက်နှာကို လက်ဝါးနဲ့အုပ်ပြီး ထိုင်နေတဲ့ ခရစ္စတင်းကို ကျွန်မ သတိထားလိုက်မိတယ်။

ကျွန်မ ထိတ်ခနဲ ဖြစ်သွားပြီး. . .

"ခရစ္စတင်း. . . နင်. . . နင် ဘာဖြစ်သွားလဲ. . . ပြစမ်း. . . ပြစမ်း"

"ဟင့်အင်း. . . ဘာမှမဖြစ်ပါဘူးဟာ"

ဘာမှမဖြစ်ဘူး. . . လို့ တွင်တွင်ငြင်းနေတဲ့ ခရစ္စတင်းရဲ့မျက်နှာပေါ်က လက်နှစ်ဖက်ကို ကျွန်မ အတင်းဆွဲဖယ်လိုက်တော့. . . သွေးစက်တွေ၊

ခရစ္စတင်းရဲ့ ညာဖက်မျက်လုံးထောင့်မှာ. . .

လှေခါးက ဝါးလုံးအစွန်းနဲ့ ခြစ်လိုက်မိလို့ သွေးတွေထွက်နေတယ်။

ဘုရား. . . ဘုရား. . .

ခြေဖျားလက်ဖျားတွေ အေးစက်လာတယ်။ ကျွန်မ ဘာမှမလုပ်တတ်

www.burmeseclassic.com

www.burmeseclassic.com



တော့ဘူး။ ကျွန်မ ငိုချလိုက်တော့တယ်။

"ဘာမှမဖြစ်ပါဘူးဟာ"

လို့ ခရစ္စတင်းက ကျွန်မကို ပြန်နှစ်သိမ့်နေတယ်။

သူ. . . ကျွန်မကို စိတ်လည်းမဆိုးဘူး၊ လှောင်ရယ်လည်း မရယ်ဘူး။

နောက်နောင်. . . ဒီအကြောင်းကို စကားစပ်ပြီး ပြန်ပြောမိကြတဲ့အခါမှသာ ခရစ္စတင်းက သူ့မျက်ဝန်းထောင့်က လခြမ်းပုံ အမာရွတ်ကလေးကို လက်နဲ့ ဖွဖွစမ်းရင်း. . .

"နင်က လုပ်ချင်စိတ်ပေါ်လာရင် အရမ်းအရမ်း လုပ်တာကိုး. . . ဟာ"

ဒဏ်ရာက သေးသေးလေးပေမယ့် ခရစ္စတင်းရဲ့ မျက်ဝန်းထောင့်မှာ သေရာပါ အမာရွတ်ကလေးတစ်ခု ထင်ကျန်နေရစ်စေတော့တာပဲ။ ခရစ္စတင်း ပြုံးလိုက်တဲ့အခါမျိုးဆိုရင်. . . အဲသည် ညာဖက်မျက်ဝန်းအစပ်မှာ လခြမ်းပုံ အမာရွတ်ကလေး ချိုင့်ခွက်ဝင်သွားတတ်တယ်။

●

လိပ်ကလေးဘလူး(**Blue**)ကလည်း ခရစ္စတင်းနဲ့ နည်းနည်း ပတ်သက်ပါတယ်။

ကျွန်မ အသက် ဆယ့်ငါးနှစ်ပြည့်တဲ့ မွေးနေ့မှာ ခရစ္စတင်းက ရွှေငါး မွေးတဲ့ မှန်ရေကန်လေးတစ်ကန် လက်ဆောင်ပေးပါတယ်။ ကျွန်မ သူတို့အိမ် ရောက်တိုင်း သူ အလှမွေးထားတဲ့ ရွှေငါးလေးတွေကို တမေ့တမော ငေးကြည့်နေတတ်တာကို ခရစ္စတင်း သတိထားမိတာကိုး။

"ရွှေငါးကလေးတွေကို ကြည့်ရတာ အိပ်မက်တစ်ခု မက်နေရသလိုပဲ၊ ငါ့ကိုယ်ငါတောင် မေ့သွားတယ်. . . သူတို့ ကူးခတ်နေကြပုံက ငြင်ငြင်သာသာလေး၊ ပြီးတော့. . . တိတ်တိတ်ဆိတ်ဆိတ်နဲ့၊ ဒါပေမယ့်. . . လုံးဝပျင်းစရာမကောင်းဘူး၊ သူတို့မှာအပေါင်းအသင်းတွေ သိုက်သိုက်ဝန်းဝန်းနဲ့. . . ကူးခတ်နေကြတာ ပျော်စရာကြီးပဲ ခရစ္စတင်းရယ်"



လို့ ကျွန်မ ပြောခဲ့ဖူးတဲ့စကားကို ခရစ္စတင်း မေ့မသွားဘူး၊ မှန်ငါးမွေးကန်ကလေးကို လက်ဆောင်ပေးရင်းနဲ့. . .

"နင့်စိတ်ထဲမှာ အမြဲတမ်း အထီးကျန်တဲ့ ခံစားမှုတစ်ခုရှိနေတာကို မေ့ထားစေချင်တယ်. . . စကားဝါရယ်၊ ရွှေငါးကလေးတွေကိုကြည့်နေရင်း နင့်မှာ သူငယ်ချင်းတွေ အများကြီးရှိနေသလိုမျိုး ခံစားရပြီး. . . နင် ပျော်ပါစေဆိုတဲ့ ဆုတောင်းနဲ့ ဒီလက်ဆောင်ပေးတာ. . . သိလား"

ကျွန်မ သူ့ကို ကျေးဇူးတင်စကားတောင် မပြောဖြစ်ဘူး။ ပြုံးရုံပဲ ပြုံးပြလိုက်တယ်။ ကျွန်မအပြုံးရဲ့ အဓိပ္ပာယ်ကို နောက်ရက်သတ္တပတ်ပေါင်းများစွာကြာမှ ခရစ္စတင်း နားလည်သွားတော့တာပဲ။

"ဟင်. . . စကားဝါ၊ နင် ရွှေငါးလေးတွေလည်း မမွေးထားပါလား"

မှန်ရေကန်ထဲမှာ အဖြူရောင် ဖော့ပြားထူထူတစ်ချပ် ထည့်ထားတယ်၊ ရေထဲမှာတော့ လက်သန်းဖျားအရွယ်လောက်ရှိတဲ့ လိပ်သေးသေးလေး တစ်ကောင်။ ကျောကုန်းအခွံမာပေါ်မှာ အပြာရောင်နဲ့အနက်ရောင် ရောစပ် နေတဲ့ အကွက်ကလေးတွေနဲ့. . .။

"ဟုတ်တယ်. . . ခရစ္စတင်းရဲ့၊ အဲဒီလိပ်ကလေးကို ဘလူး(Blue)လို့ ငါနာမည်ပေးထားတယ်"

"လိပ်ကလေးက တစ်ကောင်တည်းဆိုတော့ အထီးကျန်မနေဘူးလား"

"ဟုတ်တယ်. . . ငါက အထီးကျန်ခြင်းနဲ့ နေသားကျနေပြီလေ ခရစ္စတင်းရဲ့၊ နောက်ပြီး စဉ်းစားကြည့်တယ်၊ ငါဟာ တကယ်ပဲရွှေငါးတွေလို အပေါင်းအသင်းတွေအများကြီးနဲ့ သိုက်သိုက်ဝန်းဝန်းနေချင်တာလားလို့. . .

မဟုတ်ဘူး၊ အဲဒါသေချာတယ် ခရစ္စတင်းရဲ့၊ မိတ်ဆွေတွေ သိပ်များနေရင် အားလုံးပေါ်မှာ စိတ်အာရုံကို ဖြန့်ပေးနေရတော့ တစ်ယောက်ယောက်ကို အထူးတလည် ဂရုစိုက် အာရုံထားနိုင်တော့မှာ မဟုတ်ဘူး. . .

ငါလိုချင်တာက မိတ်ဆွေတွေ အများကြီးမဟုတ်ဘူး၊ တစ်ယောက်တည်းပဲ. . . အဲဒီ တစ်ယောက်တည်းကပဲ ငါ့ကို သူ့ဂရုစိုက်မှုတွေ အားလုံးပုံအပ်ပေးနိုင်ရမယ်၊ ငါကလည်း အဲဒီတစ်ယောက်တည်းကိုပဲ ငါ့ရင်ထဲက အရာရာကို

www.burmeseclassic.com

www.burmeseclassic.com



အကြွင်းမဲ့ပေးမယ်၊ ငါလိုချင်တာ အဲဒါပဲ. . . ခရစ္စတင်း"

လိပ်ကလေး ဘလူး(Blue)ဟာ ကျွန်မရဲ့ နှလုံးအိမ်ကို စောင့်ရှောက်တဲ့အဖော်မွန်ပါ။ ကျွန်မ အိပ်မက်တွေကို နားလည်မှုပေးနိုင်တဲ့ မိတ်ဆွေသေးသေးလေးတစ်ကောင်ပါ။

ကျွန်မရင်ထဲမှာ ခံစားနေရတာတွေအားလုံး သူ့ကို တတွတ်တွတ်ပြောပြဖြစ်တယ်။ လိပ်ကလေးကို ကျွန်မလက်ဖဝါးပေါ်တင်ရင်း. . .

"နောင်ဘဝမှာ ဒီလိုအထီးကျန်သူ မဖြစ်ပါရစေနဲ့" လို့ ဆုတောင်းမိတယ်။

●

ဆောင်းရာသီ နှင်းစက်တွေစိုနေတဲ့ ပြတင်းပေါက်မှန်သားရဲ့နောက်က မှောင်မိုက်နေတဲ့ အခန်းကျဉ်းကျဉ်းလေးတစ်ခန်းထဲမှာ. . .

မှုန်စကားဝါညို့ဆိုတဲ့ ခပ်ညှံ့ညှံ့ကောင်မလေးတစ်ယောက်ဟာ. . .

လိပ်ကလေးတစ်ကောင်နဲ့အတူ. . . မီးခိုးရောင်မှိုင်းညို့နေတဲ့ ကံဆိုးခြင်း တိမ်တိုက်တွေနဲ့အတူ ကြေကွဲ ငြီးငွေ့ဖွယ်ရာ စိုထိုင်းထိုင်း စိတ္တဇအိပ်မက်တွေနဲ့အတူ ငြိမ်သက်တိတ်ဆိတ်စွာနေထိုင်ပါတယ်။

အဲဒါ. . . ကျွန်မရဲ့ ငယ်စဉ်ကလေးဘဝပေါ့။

ရာသီဥတုက ဆိုးရွားလွန်းခဲ့တယ်။

●

ဟင့်အင်း. . . ကျွန်မကို လောက ကစားဝိုင်းထဲ ခေါ်မသွင်းကြပါနဲ့၊ ကျေးဇူးပြု၍ ကျွန်မတစ်ယောက်တည်းပဲနေပါရစေ။ ကျွန်မဟာ 'ထမင်းသိုး၊ ဟင်းသိုး'တစ်ယောက်ပါ။

❑

# ဝတ္ထုအစ

ဘဝဟာ
ဘယ်လိုအဆုံးသတ်ရမယ်ဆိုတာကိုတော့
မသိနိုင်သေးဘူး။
ဒါပေမယ့်. . .
ကျွန်မဘဝကတော့
ကိုကိုနဲ့မှ စတာပါ။
(မှုန်စကားဝါညို)

www.burmeseclassic.com

# အခန်း(၁)

www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ခံတံတားပေါ်တွင် ကျောင်းသားကျောင်းသူတွေ ပြည့်ကျပ်လျက် တစ်ယောက်နှင့်တစ်ယောက် နောက်ပြောင်ကျီစယ်သံများ၊ အော်ဟစ်ခေါ်ငင်သံများက ဆူညံနေသည်။

ဆိုက်ကပ်ထားသော သင်္ဘောနံဘေးတွင် 'ပထမနှစ် ဓာတုဗေဒ ကျောင်းသူကျောင်းသားများ. . . မော်တင်စွန်းဘုရားဖူးခရီးစဉ်' ဟု ရေးသားချိတ်ဆွဲထားသည့် အဝတ်ဆိုင်းဘုတ်က လေအတိုးတွင် တစ်ချက်တစ်ချက် လွင့်လွင့်သွား၏။

သူတို့ သင်္ဘောပေါ်တက်ကြတော့မည်။

မှုန်စကားဝါညိုက သူတို့ကို ကမ်းစပ်မှ ငေးကြည့်နေမိသည်။ (ငေးကြည့်နေရုံသာ သူမတတ်နိုင်တော့သည်) ထိုအခိုက်တွင် တစ်စုံတစ်ယောက်က သူမ၏ ပခုံးကို နွေးထွေးကြင်နာစွာ ပွေ့ဖက်လာသည်။

ခရစ္စတင်းဖြစ်မှန်း လှည့်မကြည့်ဘဲ သူမ သိလိုက်၏။ ခရစ္စတင်းက. . .

"စကားဝါ. . . နင်. . . ငါတို့နဲ့ မလိုက်ချင်ဘူးလားဟင်"

မှုန်စကားဝါညို ဘာပြန်ဖြေရမည်မှန်းမသိ။ စကားပြောရန် နှုတ်ခမ်း



သုံးလေးထည်ကို ရွေး၏။

"ငါတို့ လူကြီးတွေက အမြော်အမြင်နဲ့ ပြောပြန်ရင်လည်း ညည်းတို့က မကြိုက်ချင်ဘူး၊ ဟော. . . အခုငါ ညည်းဦးလေးကို မှာလိုက်တယ်၊ ဥက္ကံရွာသစ်ရောက်ရင် မြေတွေ ဘယ်ဈေးရှိလဲ စုံစမ်းခဲ့၊ အလုပ်သမားရှာခဲ့၊ ကြက်ပေါက်တွေ ဘယ်ဈေးရှိလဲ တစ်ခါတည်းစုံစမ်းပြီး သံကြိုးပြန်ရိုက်လိုက်ဖို့ နိုင်းပြီးသား. . .

ဟော. . . ကြည့်စမ်း၊ ညည်းကျတော့ မြက်ခုတ်ဖို့ ဓားကလေးဝယ်ခိုင်းတာတောင် ပေကတ်ကတ် လုပ်နေတာ"

အဘွား၏စကားတွေကို မှုန်စကားဝါညို နားထဲမှာ ကြားတစ်ချက် . . . မကြားတစ်ချက်။ အင်း. . . ဘောင်းဘီတွေချည်းပဲ ယူသွားလို့တော့ မဖြစ်သေးပါဘူး။ ထမိန်နဲ့မိန်းမဝတ်အင်္ကျီလည်း တစ်စုံလောက်ထည့်သွားဦးမှပါ။

သူမ ခရီးဆောင်အိတ်ထဲသို့ အဝတ်အစားများကို ကမန်းကတန်းထိုးထည့်သည်။ ထိုအခိုက်တွင် အခန်းတံခါးကို တဒုန်းဒုန်းထုသံနှင့်အတူ. . .

"ဟဲ့. . . စကားဝါ၊ ဘာလုပ်နေလဲ၊ တံခါးဖွင့်စမ်း. . အခုထွက်ခဲ့စမ်း"

အဘွား၏ခေါ်သံကြောင့် သူမ တစ်ကိုယ်လုံး ဆတ်ခနဲတုန်ယင်သွား၏။

ဒုက္ခပါပဲ။

သူမ ခေါင်းထဲတွင် ပူထူပြီး မူးမိုက်သလိုလို ဖြစ်လာသည်။ တံခါးကို ခပ်ဟဟလေးဖွင့်လိုက်ပြီး အကြောက်ကြောက် အလန့်လန့်ဖြင့်. . .

"ဘွားဘွား. . . ဘာလိုချင်လို့လဲဟင်"

"ညည်းဦးလေး ပို့လိုက်တဲ့ သံကြိုးတွေ့မိသေးလား"

တော်ပါသေးရဲ့. . . တွေးမိပြီး သူမ စိတ်အေးသွားသည်။

"သံကြိုး. . . ဩော်. . . အင်း. . . အင်းတွေ့မိတယ် ဘွားဘွားရဲ့၊ မီးဖိုဘေးမှာ. . . လာ. . . လာ"

တံခါးကို ခပ်မြန်မြန် ဖျတ်ခနဲဖွင့်ကာ အပြင်သို့ ခုန်ထွက်လိုက်ပြီး အဘွားကို မီးဖိုချောင်ဆီ အတင်းလက်ဆွဲခေါ်လာခဲ့၏။

"ဟောဒီမှာလေ ဘွားဘွားရဲ့ သံချေးတောင် နည်းနည်းတက်နေပြီ၊

www.burmeseclassic.com



ဘွားဘွား ဒီသံကြိုးကြီးနဲ့ ဘာချည်မလို့လဲဟင်"

"ဟာ. . . ခက်တာပဲ၊ ဒီလိုချည်တဲ့သံကြိုးကို ပြောတာ မဟုတ်ဘူး၊ ဟိုဒင်း. . . ရိုက်တဲ့ သံကြိုး"

"ရိုက်တာဆိုရင်တော့ သံကြိုးမဟုတ်လောက်ဘူး၊ သံဒုတ်ပဲ ဖြစ်မှာပေါ့ ဘွားဘွားရဲ့"

အဘွားက စိတ်တိုတိုဖြင့်. . .

"နင့်ဦးလေး ပို့လိုက်တဲ့ သံကြိုးစာကို ပြောတာ ဟဲ့"ဟု အော်၏။

အဘွားနှင့် ဝေးရာသို့ ခပ်သုတ်သုတ် လစ်ထွက်လာခဲ့သည်။

သူမအတွက် အချိန်သိပ်မရှိတော့။ သူမနှင့် ခရစ္စတင်းတက်နေသည့် ဒေသကောလိပ်မှ ကျောင်းသူကျောင်းသားများ မော်တင်စွန်းဘုရားဖူးအစီအစဉ် နှင့် လိုက်သွားမည့်အကြောင်း၊ နှစ်ရက်ခန့်သာ ကြာမည့်အကြောင်း စာတိုလေး တစ်စောင် ရေးပြီး ဧည့်ခန်းစားပွဲပေါ်တင်ကာ စာရွက်ခေါက်ကို ပန်းအိုးလေးဖြင့် ဖိထားလိုက်သည်။

အဘွား မီးဖိုချောင်ထဲ ရောက်နေခိုက် အိမ်ရှေ့တံခါးမှ ဆင်းရမည်ဖြစ် သောကြောင့် အခန်းထဲ အမြန်ဝင်ကာ အဝတ်အစားထည့်ထားသည့် ခရီး ဆောင်အိတ်ကို အမှတ်တမဲ့ ဇစ်ပြန်ဆွဲပိတ်လိုက်၏။

နောက်. . . အခန်းပြတင်းပေါက်ဘေးမှ မှန်ရေကန်လေးအနီးသို့သွား ပြီး လိပ်ကလေး ဘလူး(**Blue**)ကို အစာကျွေးရင်း တီးတိုးနှုတ်ဆက်လိုက်သည်။

"ဘလူး(**Blue**)ရေ. . . လိမ်လိမ်မာမာနေခဲ့နော်၊ ငါ အမြန်ဆုံး ပြန်လာခဲ့မယ်. . . သိလား၊ အားမငယ်နဲ့၊ ငါ နင့်ကို လွမ်းနေမှာပါ"

ခရီးဆောင်ကျောပိုးအိတ်ကို ပခုံးမှာ လွယ်လိုက်သည်။ နောက် ခြေသံ မကြားရအောင် ဖွဖွကလေးနင်းပြီး အိမ်ပြင်သို့ ခပ်သုတ်သုတ်ပြေးဆင်းခဲ့၏။ နာရီကို ကြည့်လိုက်တော့ သင်္ဘောထွက်ဖို့ ဆယ့်ငါးမိနစ်မျှ လိုသေးသည်။

လမ်းပေါ်တွင် အဆင်သင့်တွေ့ရသောတက္ကစီတစ်စီးကို လက်ပြတား လိုက်သည်။

ခုချိန်ထိတော့. . .



(အံ့အားသင့်စရာကောင်းလောက်အောင်) အားလုံး အဆင်ပြေနေ သေး၏။

●

သင်္ဘောဥဩဆွဲသံကြားရသည်။

"ဟေး"ခနဲ ကျောင်းသားတွေ အော်ဟစ်လိုက်ကြ၏။ တချို့ကသင်္ဘော ပေါ် ပြေးတက်ကြသည်။ သူ့ထက်ငါ နေရာဦးကြ၏။ တချို့က သင်္ဘောဆိပ်ခံ တံတားပေါ် ချထားသော အထုပ်အပိုးများ ခရီးဆောင်အိတ်များကို သယ်ကြ ပိုးကြ၊ လက်ဆင့်ကမ်းကြ၏။ တချို့က အမှတ်တရ ဓာတ်ပုံရိုက်ကြ၏။

"ဟဲ့. . . ဟဲ့. . . စကားဝါ၊ တော်ပါသေးရဲ့၊ ငါက နင် အချိန်မီမှ ပြန် ရောက်ပါ့မလားလို့"

ခရစ္စတင်းက လှမ်းနှုတ်ဆက်ရင်း မှန်စကားဝါညို၏ လက်ထဲမှ ခရီး ဆောင်အိတ်ကို လက်ကမ်းယူလိုက်၏။ မှန်စကားဝါညိုက မောမောပန်းပန်းဖြင့် အိတ်ကိုလှမ်းပေးလိုက်သောအခါ. . .

"ဟင်. . . စကားဝါ၊ နင့် အိတ်ကြီးက လေးလှချည်လား၊ အဝတ်အစား သုံးစုံလောက်ပါရင် ရတဲ့ဟာကို၊ နင် ဘာတွေထည့်လာတာလဲ"

မှန်စကားဝါညို စိတ်ထဲ ဇဝေဇဝါဖြစ်သွား၏။ အင်း. . . ဟုတ်တော့ ဟုတတယ်။ လိုအပ်တာထက် ပိုပြီးလေးလံနေသလိုပဲ. . . ဟုတွေးလိုက်ရင်း. . .

"ငါလည်း အဝတ်အစား သုံးစုံပဲ ထည့်လာတာပါပဲဟာ"

"ပြစမ်း. . . ကြည့်ရအောင်"

ခရစ္စတင်းက သွက်လက်စွာဖြင့် ခရီးဆောင်အိတ်ဇစ်ကို ဆွဲဖွင့် လိုက်၏။

"ညောင်"

ဘုရားရေ. . . ကြောင်တစ်ကောင်ပါလား။

"ဟယ်. . . ကြောင်ကလေးတစ်ကောင်ဟဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါရဲ့၊ ဘွားဘွားရဲ့ ကြောင်ကလေးပဲ၊ ငါ. . . အိတ်ကိုဖွင့်ပြီး အပြင်ခဏထွက်သွားတုန်း အိတ်ထဲဝင်ပြီး အဝတ်အစားပုံပေါ် ဝင်ခွေနေတာ ဖြစ်မယ်. . . ခရစ္စတင်းရဲ့"

လမ်းတစ်လျှောက်လုံးမှာလည်း ဒင်းက အသံမထွက်။ အိပ်ပြီး လိုက်လာသလား မသိ။ ဒုက္ခပါပဲ. . . ဟု မှုန်စကားဝါညို တွေးမိသည်။ အရေးအကြောင်းဆိုလျှင် ဘာလုပ်ရမည်မှန်း သူမ မသိတော့။

"ဘယ်လိုလုပ်ကြမလဲ ခရစ္စတင်း၊ ဒီအကောင်ကို ခရီးတစ်လျှောက်လုံးခေါ်သွားလည်းမဖြစ်ဘူး၊ ငါ အိမ်ပြန်ပို့ရင်လည်း နင်တို့နဲ့ ခရီးထွက်ရတော့မှာ မဟုတ်ဘူး၊ အကြံပေးပါဦးဟယ်"

ခရစ္စတင်းက ခေါင်းကိုကုတ်ရင်း. . .

"ဒီလိုလုပ်ဟာ. . . ဒီသင်္ဘောဆိပ်ကနေ မြို့ထဲပြန်မယ့် လူတစ်ယောက်ယောက်ကိုရှာပြီး ကြောင်ကလေးကို အိမ်ပြန်ပို့ပေးပါလို့ အကူအညီတောင်းပေါ့၊ လိပ်စာပေးပြီး လမ်းညွှန်လိုက်ရင် ရမှာပါ"

"ဟယ်. . . ဘယ်သူက ဒုက္ခခံပြီး တကူးတက ကူညီမှာလဲဟာ"

"ဒါကတော့ လူပုံပန်းကြည့်ပြီး ရွေးရမှာပဲ၊ သနားတတ်မယ့် လူမျိုးပေါ့ဟာ. . . မျက်နှာကြည့်ရင် သိပါတယ်. . . ဟော. . . ဟိုမှာ"

ခရစ္စတင်း လက်ညှိုးထိုးပြရာသို့ လှမ်းကြည့်လိုက်သောအခါ အသက် ၅၀ အရွယ်ခန့် သဘောကောင်းပုံရသော ပါးဖောင်းဖောင်း၊ ဝဖိုင့်ဖိုင့် လူကြီးတစ်ယောက်ကို မြင်ရ၏။ မိတ်ဆွေတစ်ယောက်ယောက်ကို သင်္ဘောဆိပ်လိုက်ပို့ပြီး မြို့ထဲပြန်မည့်ပုံမျိုးဟု ခန့်မှန်းရသည်။

ခရစ္စတင်းက. . .

"ဦးလေး. . . ဒီကြောင်ကလေး ယူသွားပေးပါလား၊ သမီးတို့က ခရီးသွားမှာ. . . အဲဒါ. . . ဒီကြောင်ကလေးပါလာလို့. . . ဟိုဒင်းလေ. . . အိမ်က. . ."

ထိုလူဝကြီးက ဝမ်းသာအားရဖြင့် ကြောင်ကို ယူရန် လက်လှမ်းရင်း. .

"အေး. . . ပေးလိုက်၊ သမီး. . ပေးလိုက်၊ ဦးလေးကလည်း ကြောင်



သားဆို သိပ်ကြိုက်တာ"

ခရစ္စတင်း လက်တွန့်သွား၏။ 'ဟင်. . ဒါဆို မဖြစ်ဘူး. . .' ဟု လွှတ်ခနဲ ညည်းတွားလိုက်သည်။ မှုန်စကားဝါညိုက အတင်းလက်ဆွဲပြီး ထိုလူဝကြီးနှင့် ဝေးရာသို့ ဆွဲခေါ်လာ၏။ ခပ်လှမ်းလှမ်းအရောက်တွင် ခရစ္စတင်းက. . .

"ငါ လူကဲခတ်လွဲသွားတယ်ဟာ. . . အဲဒီ ရေမြင်းလိုပုံစံနဲ့လူကြီးက ဘယ့်နှယ့်လုပ် သနားတတ်မှာလဲ၊ တွေ့သမျှ အကုန်လုံးစားပစ်ဖို့လောက်ပဲ စိတ်ကူးနေမှာ"

"ဟုတ်တယ်ဟ၊ အဆင်မပြေရင် လူသားတောင် စားချင်စားမယ့် ရုပ်ကြီး"

သူတို့နှစ်ယောက်သား ပွစိပွစိဖြင့် မကျေမနပ်ပြောပြီး ခပ်သုတ်သုတ်လျှောက်လာခဲ့ကြ၏။ ထိုစဉ်မှာပင် ဒုတိယအကြိမ် သင်္ဘောဥသြဆွဲသံကို ကြားလိုက်ရသည်။

"အဲတော့. . . . နောက် ငါးမိနစ်ဆို သင်္ဘောထွက်တော့မယ်၊ လုပ်ပါဦး. . . ခရစ္စတင်း"

မှုန်စကားဝါညို ပျာယာခတ်နေသည်။ ကြောင်ကလေးကလည်း တညောင်ညောင် အော်နေ၏။ မှုန်စကားဝါညိုက စိတ်ပူစွာဖြင့် ငါ ဘာလုပ်ရမလဲ၊ ဒီလောက်အထိ ကြိုးစားပမ်းစား ဆုံးဖြတ်ထွက်လာခဲ့ပြီးမှ အိမ်ကို ပြန်ရတာနဲ့ပဲ နိဂုံးချုပ်ရတော့မှာလား. . . ဟု တွေးနေမိသည်။ အိမ်ပြန်သွားလျှင်လည်း အဘွားက ဆူမည်ရိုက်မည်မှာ သေချာ၏။

ထိုအခိုက်တွင်. . . ခရစ္စတင်းက သူမလက်ထဲသို့ကြောင်ကလေးကို ကမ်းပေးရင်း. . .

"ဟောဟိုမှာ ဂစ်တာလွယ်ထားတဲ့လူကို သွားပေးကြည့်ပါလား"

မှုန်စကားဝါညိုက ကြောင်ကလေးကို ပွေ့ချီလိုက်ရင်း ခရစ္စတင်း ညွှန်ပြရာသို့ လှမ်းကြည့်လိုက်၏။ (ရုတ်တရက် မထင်မှတ်ဘဲ သူမ၏လက်ဝဲဘက်မျက်ခမ်းက တဆတ်ဆတ် လှုပ်လာသည်)

www.burmeseclassic.com

www.burmeseclassic.com

ဂစ်တာလွယ်ထားတဲ့. . . လူ

. . .

အို. . . ဘုရားရေ. . .

ဂျင်းဘောင်းဘီ ဖြူဖျော့ဖျော့ကို ဝတ်ဆင်ထားသော ကိုယ်ဟန် မတ်မတ်နှင့် ခန္ဓာအချိုးအဆစ်ကို သဟိထားမိ၏။ အိုး. . . ကြည့်ကောင်းလိုက်တာကွယ်။

အပြာရောင် ပါးလျားစွတ်စိုနေသည့်အင်္ကျီကို တံတောင်ဆစ်နားရောက်သည်အထိ လက်ခေါက်တင်ထား၏။ အပေါ်ဆုံး ရင်ဘတ်ကြယ်သီးနှစ်လုံးကို ဖြုတ်ထားသောကြောင့် အတွင်းမှ ဖြူလွလွဖွေးဆွတ်နေသည့် တီရှပ်က ခပ်ဟဟ ပေါ်နေသည်။

ဆောင်းဦးတိမ်တိုက်တစ်ခုလို လွတ်လပ်လွင့်မျောစွာ အေးဆေးငြိမ်းချမ်းလှသည့် ‘သူ့’ အသွင်အပြင်ကို ကြည့်ရင်း စကားဝါ ရင်ခုန်လာ၏။

ဘာရယ်မဟုတ်ပါဘဲ သူမ. . . မျက်ဝန်းတွေကို ပိတ်လိုက်မိသည်။ အို. . . မျက်ခမ်းတွေ တဆတ်ဆတ်လှုပ်နေပါလား။

ဘုရားရေ. . . နိမိတ်က ဆိုးလိုက်တာ။

“ဟဲ့. . . စကားဝါ၊ သွားလေ. . ဘာလုပ်နေတာလဲ”

ခရစ္စတင်း၏ စကားသံကြောင့် သူမ ရုတ်တရက် လန့်ဖျတ်သွား၏။ ဟုတ်ပါရဲ့. . . ငါ ဘာလုပ်နေမိပါလိမ့်။

‘သူ’ ထံသို့ သူမ တစ်ချက်လှမ်းကြည့်ဖြစ်ပြန်သည်။ ထို‘သူ’ကလည်းသူ့ကို ကွက်ကြည့်ကွက်ကြည့် လုပ်နေကြသည့် ကောင်မလေးနှစ်ယောက်ကို သတိထားမိဟန်ဖြင့် ဆတ်ခနဲလှည့်အကြည့်နှင့် ဆုံသည်။

မှုန်စကားဝါညို ခြေဖျားလက်ဖျားများ အေးစက်တောင့်တင်းသွား၏။ အို. . . ဘယ်လိုဖြစ်နေတာလဲ၊ ငါ သေတော့မှာပဲ။

“ဟင့်အင်း. . . နင်ပဲ သွားပေးလိုက်ပါ ခရစ္စတင်းရယ်”

“ဒုက္ခပါပဲ. . . နင် ဘာဖြစ်နေတာလဲ စကားဝါ”

သူမ ဘာဖြစ်နေသည်ကို သူမကိုယ်တိုင်လည်း နားမလည်။ သူမ၏



မျက်ဝန်းရှေ့အလင်းအောက်တွင် ယောကျ်ားပေါင်းများစွာကို မြင်ခဲ့တွေ့ဖူးသည်မှာ တစ်သက်တာလုံးမရေမတွက်နိုင်အောင် များလှပြီ။

‘သူ့’ ကို ဖျတ်ခနဲ တစ်ချက်မြင်လိုက်ရုံနဲ့ ငါ ဘာဖြစ်လို့ ရင်ခုန်သွားရသလဲ. . .။

၁. . . ၂. . . ၃. . .

ကျွန်မဟာ ကိုကို့ကို မြင်မြင်ချင်း သေဆုံးသွားခဲ့သူပါ ကိုကို။

●

“ကိုယ်. . . မင်းတို့ကို ဘာကူညီရမလဲ”

သူမ၏ နောက်ကျောမှကပ်၍ထွက်ပေါ်လာသော စကားသံကြောင့် ဆတ်ခနဲ တုန်ယင်သွားပြီး လှည့်ကြည့်လိုက်၏။

ရုတ်တရက်‘သူ’က အနားသို့ ရောက်လာသောကြောင့် မှုန်စကားဝါညို ဘာပြန်ပြောရမည်မှန်းမသိ။ သူ့မျက်ဝန်းတွေကိုသာ အညှို့ခံထားရသူတစ်ယောက်လို ငေးစိုက်ကြည့်နေမိသည်။

‘သူ’မျက်လုံးတွေက ကြင်နာတတ်သူတစ်ဦး၏ အသွင်အပြင်မျိုး မီးခိုးရောင်ဖျော့ဖျော့သန်းနေ၏။ ဆံပင်တွေက နူးညံ့ပျော့ပျောင်းစွာ နဖူးပေါ်ဝဲကျနေသည်။ အရိုးဖြောင့်ဖြောင့်ဓားတစ်လက်နှင့်တူသော နှာတံက စူးရှထင်ရှားလျက်။

သူ့မျက်နှာတစ်ခုလုံးတွင် အားနည်းချက်တစ်ခုသာ ရှိသည်။ သူ့နှုတ်ခမ်းအစုံက အဖျားသွယ်ပြီး အရောင်ဖျော့လွန်းနေခြင်းဖြစ်၏။ ဘာရယ်ကြောင့်မှန်းတော့မသိ တစ်ခုခု လိုအပ် လစ်ဟာနေသလိုလို။

မည်သို့ပင်ဆိုစေကာမူ. . . ထိုဖြူလျော်လျော်နှုတ်ခမ်းပါးပါး တစ်စုံကြောင့်ပင်‘သူ့’မျက်နှာသည် အေးဆေးနူးညံ့သည့် အသွင်ဆောင်နေပြီး တစ်မျိုးတစ်ဖုံ တပ်မက်ဖွယ်ကောင်းနေလေသည်။

မှုန်စကားဝါညိုက. . .

“ဟို. . . ကျွန်မရဲ့ ကြောင်ကလေး. . .”

www.burmeseclassic.com

www.burmeseclassic.com



ပြောမိပြီးမှ အသံတွေက တုန်ယင်လာသောကြောင့် စကားမဆက်နိုင်ဘဲ ရပ်ပစ်လိုက်ရသည်။

"ပြောပါ. . . ကြောင်ကလေး ဘာဖြစ်လို့လဲ"

စကားဆက်ပြောဖို့ရန် ခွန်အားဖြည့်ကူးပေးသလို ပြောလိုက်သည့် သူ့စကားသံက နွေးနွေးထွေးထွေး တိုက်တွန်းနေဟန် နှစ်လိုဖွယ်အငွေ့အသက်ပါသည်။

"ကျွန်မတို့ ခရီးထွက်မလို့. . . အဲဒါ ကြောင်ကလေးက မမျှော်လင့်ဘဲ ပါလာလို့ အိမ်ပြန်ပို့ဖို့ ခက်နေတယ်၊ ဟို. . . ဒီကလမ်းကြုံမယ်ဆိုရင် အိမ်ကို ဝင်ပို့ပေးဖို့ အကူအညီတောင်းချင်လို့၊ အိမ်ကဒီနားလေးတင်ပါ. . . အဲဒါ"

"ကိုယ်. . . ဒီမြို့ကိုလာလည်တဲ့ဧည့်သည့်ပါ။ ဟသ်ာရပ်ကွက်ကိုသွားမှာ၊ ဒီနားက ရပ်ကွက်တွေကိုတော့ သိပ်ကျင်ကျင်လည်လည် မသွားတတ်သေးဘူး၊ ဘယ်လမ်းက ဘယ်လိုသွားရတယ်ဆိုတာ ပြောပြလိုက်ရင်တော့ ကိုယ်ကူညီနိုင်မှာပါ"

ခရစ္စတင်းက. . . ရပါတယ်၊ ကျွန်မတို့ တက္ကစီငှားပေးပြီးဒရိုင်ဘာကို လိပ်စာပြောလမ်းညွှန်လိုက်မယ်လေ၊ ကျွန်မတို့ ရပ်ကွက်ကနေ ဟသ်ာရပ်ကွက်ကို ဆက်သွားလို့လည်း လွယ်တယ်ဟု ဝင်ပြော၏။

မှန်စကားဝါညှိုကတော့ ဟိုး. . . အမြင့်ကြီးကို မော့ကြည့်နေရသူ တစ်ယောက်လိုမျိုး ရင်ထဲ တင်းကျပ်ကာ မောနေသည်။ အို. . . ငါ မျက်ခမ်းတွေကလည်း လှုပ်လိုက်တာ. . .။ လက်ဝဲဘက် အောက်မျက်ခမ်းလှုပ်ရင် ငိုရတတ်သတဲ့။

သူနဲ့ ဆုံရတာ ငါ ငိုရဖို့များလားကွယ်။

ထိုလူစိမ်းက ငေးငိုင်နေသော မှန်စကားဝါညှိုကို လှမ်းကြည့်ပြီး တစ်ချက်ပြုံးပြသည်။

ထိုအပြုံးကြောင့် သူမရင်ထဲတွင် သစ်ပင်တစ်ပင် ပေါက်လာလေသည်။

●



ထိုစဉ်. . . နောက်ဆုံးအကြိမ် သင်္ဘောဥဩဆွဲသံကို ကြားလိုက်ရ၏။

●

ကျေးဇူးတင်ပါတယ်. . . ကိုကို။

သင်္ဘောလက်ရန်းသံတိုင်ကို မှီရပ်ကာ ကမ်းဆီငေးရင်း စောစောက မပြောဖြစ်လိုက်သည့် ကျေးဇူးစကားကို သူမစိတ်ထဲမှတိုးတိုးရေရွတ်လိုက်သည်။ သင်္ဘောက ရွေ့လျားစပြုပြီ။

သူမ၏ ရင်ထဲမှ သစ်ပင်က မရွေ့လျား။ အမြစ်တွေသာ နိုင်သထက် နိုင်လာသည်။

ထိုသစ်ပင်၏ အမြစ်များကို **'အချစ်'**ဟု အမည်ကမ္ပည်းတပ်ရမည်ထင်သည်။

အို. . . ဟုတ်ရဲ့လား. . . ဒါဟာအိမ်မက်တစ်ခုများလား။ အသေအချာ ဆုံးဖြတ်ဖို့ရန် သူမစိတ်က မဝံ့မရဲ ဖြစ်နေသည်။

ကျွန်မရဲ့ ရင်ထဲက ထင်မြင်ချက်တွေဟာ ဟိုး. . . ငယ်ငယ်လေးကတည်းက လူရာအသွင်းမခံခဲ့ရလို့ ထင်ပါရဲ့။ တစ်စုံတစ်ရာကို သေချာပစ်လိုက်ဖို့ကို ကြောက်နေတယ်။

ကျွန်မဟာ **'ထမင်းသိုး ဟင်းသိုး'**တစ်ယောက်ပါ။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)

ငှက်တွေဟာ. . .

တစ်သက်လုံး

သီချင်းတစ်ပုဒ်တည်းကိုပဲ

ထပ်တလဲလဲ ဆိုကြတယ်. . .။

ငါဟာ ငှက်တစ်ကောင်ပေါ့. . .

ငါ့ဘဝရဲ့ တစ်ပုဒ်တည်းသော သီချင်းကတော့

မင်းပါပဲ. . .။

www.burmeseclassic.com

www.burmeseclassic.com



ခရစ္စတင်း ပြောသမျှကို နားထောင်ပြီးသောအခါ အဘွားကလက်ထဲမှ ကြိမ်လုံးကို လွှတ်ချလိုက်သည်။ နောက်. . . သက်ပြင်းတစ်ချက် မှုတ်ထုတ်လိုက်ရင်း. . .

“တကတည်းတော်. . . ငါ့မှာ ဘယ်လောက်စိတ်ပူရတယ်မှတ်လဲ၊ ငါ့ကို ကောင်းကောင်းမွန်မွန်ပြောပြီး ခွင့်တောင်းပါလား မိစကားဝါရဲ့၊ ဟင်း. . . ဒါပဲ. . . နောက်တစ်ခါဆို ဘယ်သွားသွား ငါ့ကို အရင်ခွင့်တောင်း. . . ကြားလား”

ခွင့်မတောင်းဘဲ အခုလိုထွက်သွားပြန်တော့လည်း သူ့ကို မပြောရကောင်းလားဟု ဆူသည်။ ခွင့်တောင်းပြန်တော့လည်း ဟိုဟာဖြစ်မှာစိုးလို့. . . ဒီဟာနဲ့ မသင့်တော်လို့ အကြောင်းအမျိုးမျိုးပြပြီး တားမြစ်ဦးမည်. . . ဟု မှန်စကားဝါညို စိတ်ထဲက ကြုံးသိနေသည်။

ဘွားဘွားက ငါ့ကိုချစ်လို့ အစိုးရိမ်ကြီးတာပဲဟု နားလည်စွာတွေးလိုက်မိသည့်တိုင် လူငယ်တစ်ယောက်အနေဖြင့် လွတ်လပ်မှုကို ဆာလောင်တောင့်တမိလေသည်။ ကြည့်စမ်း. . . လူကြီးတွေဆီမှာလူငယ်တစ်ယောက်ကို တားမြစ်ဖို့ အကြောင်းပြချက်တွေ လုံလုံလောက်လောက်ကြီး ရှိနေနိုင်လိုက်တာ. . .။

www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချပါ အဘွားရယ်. . . နောက်ကို ဒီလိုမဖြစ်စေရပါဘူး၊ အခုဟာ ကလည်း ကမန်းကတန်းဖြစ်သွားလို့ပါ"

ခရစ္စတင်းက အဘွားကျေနပ်သည်အထိ ဆက်တောင်းပန်နေခိုက် တွင် မှုန်စကားဝါညိုက အခန်းထဲဝင်ပြီး လိပ်ကလေး ဘလူး(**Blue**) ကိုအစာ ကျွေး၏။ ဘာကြောင့်မှန်းမသိ. . . သင်္ဘောဆိပ်မှာ တွေ့ခဲ့ရသော ဂစ်တာလွယ် ထားသည့် 'သူ့'မျက်နှာကို ဖျတ်ခနဲ ပြန်မြင်ယောင်မိသည်။

အို. . . ဘလူး(**Blue**)ရယ်၊ နင့်ကို ငါ အဲဒီလူအကြောင်းပြောပြချင် လိုက်တာ. . .။

နင်လည်းအဲဒီလူကို မြင်ရင် သိပ်ချစ်သွားမှာပဲ. . . သိလား။

. . . . . .

သူမက လိပ်ကလေးကို လက်ဖဝါးပေါ်တင်ပြီး စကားတတွတ်တွတ် ပြောနေသည့်အခိုက်တွင် အခန်းတံခါးခေါက်သံ ကြားလိုက်ရ၏။ နောက်. . . အခန်းထဲလှမ်းဝင်လာသည့် ခရစ္စတင်း၏ လက်ထဲတွင် ကြောင်ကလေးပွေ့လာ သည်ကို မြင်ရသည်။

"ဒီကြောင်ကလေးမဟုတ်လား၊ သွားခါနီးတုန်းက နင့်အိတ်ထဲပါလာ တာ"

ပြောပြီး နှစ်ယောက်သား ပြိုင်တူရယ်မောလိုက်မိကြသည်။ အဲသည် ရယ်မောသံများနှင့်အတူပင် ထို'သူ'ကို ပြင်းပြင်းထန်ထန်လွမ်းဆွတ်မိလေသည်။

"ခရစ္စတင်း"

"ဟင်. . . ဘာလဲ"

"ငါ. . . ဟဿာရပ်ကွက်ဘက် ခဏသွားချင်တယ်ဟာ. . . ဟိုလူ့ကို ကျေးဇူးတင်တဲ့အကြောင်းပြောချင်လို့၊ အဲဒါ. . . နင် အဖော်လိုက်ခဲ့"

ခရစ္စတင်းက မျက်ခုံးကိုပင့်၊ ပခုံးကိုတွန့်လိုက်ရင်း ဟန်ပါပါဖြင့်. . .

"နင်ကလည်း. . . လုပ်ပြီ၊ ကြောက်တတ်လိုက်တာလည်း နင့်အပြင် နှစ်ယောက်မရှိဘူး၊ လုပ်ချင်လာပြီဆိုရင်လည်း အရမ်းအရမ်းပဲ၊ လိပ်စာလည်း မသိဘဲနဲ့ဘယ်လိုလုပ်ပြီး တွေ့အောင်ရှာမှာလဲ. . . တစ်အိမ်တက် တစ်အိမ်ဆင်း



လိုက်မေးမလို့လား"

ဟုတ်သားပဲ. . . ဟု တွေးရင်း မှုန်စကားဝါညို ရင်ထဲမောပန်းနွမ်းနယ် သွားသည်။ ခဏမျှကြာသောအခါ ခရစ္စတင်းက. . .

"ငါ အဝတ်တွေ ပြန်လျှော်လိုက်ဦးမယ်ဟာ. . . ညနေကျရင်ငါ့ဆီ နင်လာလည်ပါလား၊ ယောက်လေးခွလည်းယူခဲ့ဟာ. . . ကျောင်းထဲမှာ ငှက်တွေ လျှောက်ပစ်ရအောင်"

"အင်း"

ဆောင်းဦးပေါက်ပြီဆိုလျှင် ကျောင်းဥယျာဉ်ထဲတွင် ပန်းတွေစုံအောင် ပွင့်ကြပြီ။ လိပ်ပြာတွေဝဲကြပြီ။ ငှက်ကလေးတွေ မျိုးစုံရောက်လာကြတော့မည်။ တစ်ခါတစ်ခါ မြင်ဖူးလေ့ မြင်ဖူးထမရှိသော ငှက်တစ်ကောင်တစ်လေပင် ပါလာ တတ်သေးသည်။

ဆောင်းဥတု ဆိုသည်မှာ နတ်သမီးအိပ်မက်တစ်ခုပင် ဖြစ်ပါသည်။

●

သူမ စက်ဘီးကို နင်းပြီး ခြံထဲမှ ထွက်လာသည်။ လေးခွကို ဘောင်းဘီ နောက် ခါးပတ်ကြားတွင် ထိုးထား၏။

'နင်က လုပ်ချင်စိတ်ပေါ်လာရင် အရမ်း. . . အရမ်းလုပ်တာကိုး'ဟု ပြောလေ့ရှိသော ခရစ္စတင်း၏ စကားသံကို ပြန်ကြားယောင်မိရင်း စက်ဘီးကို လမ်းမပေါ်အသာနင်းလျက် တက်လိုက်သည်။ ရုတ်တရက် သူမရင်ထဲတွင်. . .

"အို. . . ဘာဖြစ်လဲ၊ ငါလုပ်ချင်တာကို လုပ်နိုင်တဲ့ အခွင့်အရေးရှိတာ ပဲ"

ဟူသည့် အသိခံစားမှုဖြင့် တင်းမာလာ၏။ ငယ်ငယ်တုန်းက မန်ကျည်း ပင်ပေါ်တက်ခါနီး ခံစားရသည့် တဇွတ်ထိုးစိတ်မျိုးကို ယခုပင် ပြန်ခံစားနေရ သလို အောက်မေ့မိသည်။

အဲသည်လို ခံစားလာရပြီဆိုသည့်အခါတိုင်း သူမစိတ်တွေအရှူးအမူး

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားတတ်၏။

●

ယခုလည်း လမ်းမပေါ်ရောက်ခါမှ သူမ စက်ဘီးကို ဟသ်ာရပ်ကွက်ဘက်ဆီ ဦးတည်လိုက်မိသည်။

●

ဟသ်ာရပ်ကွက်က လူနေခပ်ကျဲကျဲ အိမ်ခြံဝင်းတွေက ကျယ်ကျယ်ဝန်းဝန်းဖြစ်သောကြောင့် တိတ်ဆိတ်ခြောက်သွေ့လွန်းသလိုလို ခံစားနေရ၏။

အို. . . ငါ ဘာဖြစ်လို့ ဒီရပ်ကွက်ဘက် စက်ဘီးနင်းလာမိပါလိမ့်။ 'သူ့' ကို တွေ့ရမှာလည်း မဟုတ်ဘဲနဲ့လေ. . .။

ကားလမ်းမအတိုင်း စက်ဘီးကို နင်းလာသည်မှာ ရပ်ကွက်ကို တစ်ပတ်ပတ်မိတော့မည်။ ရင်ထဲမှာ တစ်စုံတစ်ရာ လိုအပ်လစ်ဟာနေသလို ခံစားရ၏။

ကြည့်စမ်းပါဦးကွယ်. . . ငါဟာ ဘယ်လောက် ရူးမိုက်လိုက်တဲ့ မိန်းမလဲလို့၊ မှုန်စကားဝါညို ကိုယ့်ကိုယ်ကိုယ် အပြစ်တင်နေမိဆဲမှာပင် ထိုရူးသွပ်မှုကို သာယာကြည်နူးသလိုလို ဖြစ်မိသည်။

အချစ်ဆိုတာ. . . အဲဒါပဲ။

တစ်စုံတစ်ယောက်ကို တွေ့ချင်နေမှုတစ်ခုပဲ။

●

ထိုအခိုက်. . . ကားလမ်းမပေါ်တွင် လူများ စုအုံနေကြသည်ကို တွေ့ရ၏။ လမ်းကို ပိတ်မတတ် ဖြစ်နေသည်။ ဘာဖြစ်လို့ပါလိမ့်ဟု တွေးရင်း



မှုန်စကားဝါညို စက်ဘီးပေါ်မှ ဆင်းလိုက်၏။

စက်ဘီးကိုတွန်းရင်းလူအုပ်ကြားထဲသို့ တိုးဝင်ခဲ့သည်။ ကားလမ်းပေါ်တွင် သွေးကွက်လိုလို. . . ရေကွက်လိုလို စွန်းထင်စိုစွတ်နေသည်ကို တွေ့ရ၏။

လူအုပ်ကြားထဲမှ ပိန်ပိန်ရှည်ရှည် အသက်ခပ်ကြီးကြီး လူတစ်ယောက် တိုးထွက်လာသည်။ ဆံပင်က စုတ်တိစုတ်ဖွား၊ အင်္ကျီဘိုသီဘတ်သီနှင့်။ မြင်ရရုံနှင့်ပင် ရယ်စရာကောင်းသလို ဖြစ်နေ၏။

ထိုသူက တစ်စုံတစ်ရာကို မကျေမနပ်ဖြင့် ပွစိပွစိ ရေရွတ်လာသည်။ မှုန်စကားဝါညိုက ထိုသူ့အနီးသို့ တိုးသွားလိုက်ရင်း မေးလိုက်သည်။

"ဘာဖြစ်နေကြတာလဲဟင်"

"လူတစ်ယောက် ကားတိုက်သွားတယ်ဆိုလို့ လာကြည့်တာဗျာ. . . အခု ကျွန်တော်ရောက်တော့ အလောင်းကို ဆေးရုံသယ်သွားပြီတဲ့၊ ဟူး. . . ပြေးလာရတာ မောတာပဲ အဖတ်တင်တယ်၊ ဘာမှ မမြင်လိုက်ရဘူး"

အနိဋ္ဌာရုံကိုမှ ကြည့်ချင်မြင်ချင်သော လူ့စိတ်သဘာဝတစ်မျိုးဖြစ်ပေလိမ့်မည်။ ထိုသူ စိတ်ပျက်လက်ပျက် ဖြစ်နေပုံကိုကြည့်ပြီး မှုန်စကားဝါညို အားနာသလိုလို ဖြစ်လာ၏။ ထိုသို့ အကြောင်းကြောင်းဖြင့် မဆီမဆိုင် နှစ်သိမ့်ပေးလိုက်သည်။

"စိတ်မပျက်ပါနဲ့ရှင်. . . ကုသိုလ်ကံဆိုတာ ပြောလို့မရပါဘူး၊ အခု မမြင်လိုက်ရပေမယ့် ရှင် အိမ်ပြန်ရောက်တဲ့အခါကျရင် ရှင့်အဖွားကို ကားကြိတ်သွားတာ မြင်ရင်မြင်ရမှာပေါ့"

"ဟာ. . . ဖွဟဲ့၊ လွဲပါစေ. . . ဖယ်ပါစေ"

ထိုသူက မှုန်စကားဝါညိုကို မကျေမနပ်ဖြင့် ကြည့်ရင်း ခပ်တိုးတိုး ဆဲရေးသွား၏။ မှုန်စကားဝါညို ဒေါသဖြစ်သွားသည်။

ကြည့်စမ်း. . . ငါကလည်း သူ့အတွက် ပြောပေးရသေးတယ်၊ ဒီလူက များ. . . ငါ့ကို ဆဲ. . . လို့။

ထိုသူက ငိုက်စိုက်ငိုက်စိုက်ဖြင့် သွားရင်း ပုဏ္ဏရိပ်ပင်တွေ ခြံရှေ့မှာ စီတန်းစိုက်ထားသည့် အိမ်တစ်အိမ်ထဲသို့ ဝင်သွား၏။ မှုန်စကားဝါညိုက

www.burmeseclassic.com

www.burmeseclassic.com



ထိုသူနောက် မလှမ်းမကမ်းမှ စက်ဘီးကို ဖြည်းဖြည်းချင်းတွန်းရင်းလိုက်ခဲ့သည်။

ထိုသူ အိမ်ထဲဝင်၍ ပျောက်ကွယ်သွားချိန်တွင် မှုန်စကားဝါညိုက စက်ဘီးကို ခြေတစ်ဖက်ထောက်၍ ရပ်လိုက်ပြီး ခါးကြားတွင် ထိုးထားသည့် လောက်လေးခွကို ဆွဲထုတ်ယူလိုက်သည်။

"ဘာဖြစ်လဲ. . . ငါလုပ်ချင်တာကို လုပ်နိုင်တဲ့ အခွင့်အရေးရှိတာပဲ"

လောက်စာအိမ်တွင် လောက်စာလုံးထည့်၍ ထိုအိမ်၏ ပွင့်ဟနေသော ပြတင်းပေါက်ကို သေသေချာချာ ချိန်ကာ ပစ်လွှတ်လိုက်၏။

"ခွမ်း"

ပြတင်းပေါက်ထဲ တည့်တည့်မတ်မတ် ဝင်သွားသည်၊ အထဲတွင်ရှိသော တစ်စုံတစ်ရာကို ထိမှန်သွားပုံရ၏။ 'ခွမ်း' ခနဲ ကွဲကြေသံနှင့်အတူ ယောကျ်ားတစ်ယောက်၏ အော်ဟစ်လိုက်သံပါ တစ်ပါတည်း ထွက်ပေါ်လာသည်။

အိမ်ထဲမှ ပြေးထွက်လာသော လူတစ်ယောက်၏ အသွင်သဏ္ဌာန်ကို မျက်ဝန်းထောင့်စွန်းတွင် ရိပ်ခနဲမြင်သည်။ စက်ဘီးကို တအားနင်းပြေးရန် ဟန်ပြင်လိုက်စဉ်မှာပင် ရှေ့တည့်တည့်တွင် ဘတ်(စ်)ကားတစ်စီးက လာပိတ်နေ၏။

စက်ဘီးကို နောက်ပြန်လှည့်သည်။ ချိုင့်တစ်ခုထဲ ဘီးက ကျွံကျသွား၏။ ဟာ. . . ဒုက္ခပဲ၊ ငါ့ကို မိသွားတော့မှာပဲ. . . ဟု ဗိုးရိမ်စွာတွေးရင်း စက်ဘီးကို တွန်းအတင်မှာပင် သူမ၏ လက်ကို နောက်မှတစ်စုံတစ်ယောက်က တင်းတင်း ဖမ်းဆုတ်လိုက်ကာ. . .

"ဟိတ်၊ ဒါ. . . မင်းဘာလုပ်တာလဲ"

"အို. . . ကျွန်မ ဘာလုပ်လို့လဲ"

မှုန်စကားဝါညိုက လှည့်မကြည့်ဘဲ ရှေ့သို့သာ တိုးထွက်ရုန်းကန်ရင်း အတင်းဇွတ်ငြင်း၏။ ထိုသူက လွှတ်မပေးဘဲ. . .

"ဩော်. . . ဘာမှမလုပ်ဘူးပေါ့. . . ဟုတ်လား၊ ဒါဖြင့် အိမ်ထဲက ပန်းအိုးကို ကွဲသွားအောင်လုပ်တာ မင်းပစ်လိုက်တဲ့ လောက်စာလုံးကြောင့်မဟုတ်



လို့ ဘာလဲ. . . သိကြားမင်းကြီး လောက်စာလုံးစီးပြီးဆင်းရင်းနဲ့ တို့အိမ်ပြတင်းပေါက်က ဝင်လာတာလို့ ပြောချင်သေးလို့လား"

"အို. . . ရှင့်ပန်းအိုးကွဲသွားတာ ကျွန်မနဲ့ ဘာဆိုင်လို့လဲ၊ ပြတင်းပေါက်က လောက်စာလုံး ဝင်လာတာ မြင်ကတည်းက ရှင့်ပန်းအိုးကိုယူပြီး နေရာရွှေ့ထားလိုက်ပါလား"

မှုန်စကားဝါညို၏ တလွဲတချော် ဖြေရှင်းချက်ကြောင့် ထိုသူက တစ်ချက်ရယ်လိုက်၏။ မှုန်စကားဝါညိုက ဖျတ်ခနဲ ဆောင့်ရုန်းထွက်ပြီး လှည့်ကြည့်လိုက်သည်။

"ဟင်"

"ဩော်. . . တေလေမလေး"

မှုန်စကားဝါညို ရင်ထဲတွင် ပြုန်းခနဲ မိုးရွာချလိုက်သလိုမျိုး အံ့ဩမှုနှင့် ကြည်နူးချမ်းမြေ့မှုများ စိုစွတ်အေးမြသွားသည်။ သူမ၏ လက်ကို နောက်မှ ဖမ်းချုပ်ထားသူက စောစောက လမ်းပေါ်တွင် သူမနှင့် စကားများခဲ့သော ပိန်ရှည်ရှည်စုတ်ဖွားဖွားလူမဟုတ်။

သဘော်ဆိပ်မှာတုန်းက သူမ၏ ရင်ဘတ်ထဲ သစ်မင်ကလေးတစ်ပင် စိုက်သွားခဲ့သောအပြုံးကို တစ်ကြိမ်ထပ်မံ မြင်တွေ့ခွင့်ရပြန်ပါလေသည်။

ဘုရားရေ. . . သူ. . . ဒီအိမ်မှာ တည်းနေတာပါလား။

ထိုသူက မီးခိုးရောင်မျက်ဝန်းတွေ နွေးထွေးစွာ လင်းလက်သွားသည် အထိ ပြုံးလိုက်ရင်း. . .

"မင်းက. . . ဩော်. . . ဟိုနေ့က သဘော်ဆိပ်မှာ ကိုယ့်ကိုကြောင်တစ်ကောင် လမ်းကြုံပို့ခိုင်းတဲ့ တေလေမလေးမဟုတ်လား"

"ကြောင်တစ်ကောင် လမ်းကြုံပို့ခိုင်းတာတော့ ဟုတ်တယ်၊ ဒါပေမယ့် ကျွန်မက တေလေမလေးမဟုတ်ဘူး"

မှုန်စကားဝါညို၏ အဖြေစကားကြောင့် ထိုသူက ရယ်မောလိုက်သည်။ ငွေခေါင်းလောင်းကလေးများ ညင်ညင်သာသာ လှုပ်ယမ်းသွားသည့် အသံမျိုး တိုးညှင်းညင်သာစွာဖြင့် ဆွဲဆောင်မှုရှိသည့် ရယ်မောသံဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . မင်းက ကေလေမလေး မဟုတ်ရင် ဘာလဲ'ဂျောက်ဂျက်' ကလေးလား၊ မင်းအဘွားကတော့ ကိုယ့်ကို မင်းအကြောင်းတွေပြောလိုက်တာ. . စုံနေတာပဲ၊ အဲဒါကြောင့်. . . ကိုယ်က မင်းကိုထပ်တွေ့ချင်နေတာ၊ ကဲ. . . လာ. . အိမ်ထဲ ခဏလောက်ဝင်ထိုင်ပါဦး ဂျောက်ဂျက်လေးရဲ့"

သူ ခေါ်ဝေါ်သည့် 'ဂျောက်ဂျက်' ဟူသည့် အသုံးအနှုန်း၏ အဓိပ္ပာယ်ကို မှန်စကားဝါညို နားမလည်ခဲ့ပါ။ (ငယ်ငယ်တုန်းက ကစားပွဲမှာ 'ထမင်းသိုး ဟင်းသိုး'ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကို နားမလည်ခဲ့သလိုမျိုးပါပဲ. . . ဟု သူမ သိပ်နောက်ကျပြီးမှ တွေးမိ၏။)

တကယ်ဆိုလျှင် အဆံချောင်နေသည့် ပစ္စည်းတစ်ခုကို လှုပ်ယမ်းလိုက်သည့်အခါ 'ဂျောက်ဂျောက်ဂျက်ဂျက် မည်သံ' ထွက်သည့် အကြောင်း သူမစဉ်းစားမိခဲ့ဖို့ကောင်းသည်။ အဲသည်လိုဆိုလျှင်တော့ သူမကို'ဦးနှောက်အဆံချောင်နေသည့် အူကြောင်ကြောင်ကောင်မလေးတစ်ယောက်' ဟု နောက်ပြောင်ခေါ်ဝေါ်မှန်း သူမ ရိပ်မိကောင်းရိပ်မိ ခဲ့မည်ဖြစ်၏။

ကြည့်စမ်းကွယ်. . . ဘယ်လောက်တောင် နာကျင်ဝမ်းနည်းဖို့ကောင်းလိုက်သလဲလို့။ ကိုယ်ချစ်နေမိတဲ့ ယောကျ်ားတစ်ယောက်က ကိုယ့်ကို အဲသည်လို လှောင်ပြောင်ခေါ်ဝေါ်တာခံရတာ. . .။

. . . . . . .

. . .

မည်သို့ပင် ဆိုစေကာမူ ထိုသူကတော့ သူမကို 'ဂျောက်ဂျက်' ဟူသည့် အမည်ဖြင့်သာ အမြဲခေါ်ဝေါ်ပါတော့သည်။

●

ကျေးဇူးပြု၍
ကျွန်မကို မနောက်ပြောင်ပါနဲ့. . . ကိုကိုရယ်၊
သိုးဆောင်းစကားပုံတစ်ခုရှိတယ်၊
"နောက်ပြောင်ခြင်းထဲမှာ. . .
ရင်ထဲက ဖုံးဝှက်ထားတဲ့
အမှန်တရား တစ်ဝက်ပါတယ်". . . တဲ့။
❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၃)

ငယ်ရွယ်သော မိန်းကလေးတစ်ယောက်၏
ပထမဆုံးသော 'အချစ်' လက္ခဏာမှာ
ရဲရင့်သော အမူအရာကို ပြခြင်းဖြစ်သည်။
(ဝစ်တာဟူးဂိုး)



"ကိုယ့်နာမည်က ရည်မွန်စိုး. . . တဲ့"

သူနဲ့သိပ်လိုက်ဖက်တဲ့ နာမည်တစ်ခုပဲ. . . ဟု မှုန်စကားဝါညို တွေးလိုက်၏။ အမည်နာမမှာပင် ကြင်နာငြိမ်းချမ်းသောအရိပ်အငွေ့ပါသည် ဟု ထင်မိသည်။

'သူ. . . ဒီအိမ်မှာ ဘယ်လောက်ကြာကြာ တည်းခိုနေဦးမှာပါလိမ့်' ဟူသည့် သိချင်စိတ်ဖြင့် သူမနှုတ်ခမ်းတွေ တုန်ယင်လာ၏။ ရှက်ခြင်း တစ်ဝက်ဖြင့် မေးဖို့တွန့်ဆုတ်ကြောက်ရွံ့နေမိလာ၏။ နောက်မှ. . . 'ဘာဖြစ်လဲ၊ ငါသိချင်တာကို မေးနိုင်တဲ့ အခွင့်အရေးရှိတာပဲ' ဟူသည့် အတွေးက ဆင်ခြင်စိတ်ကို ရုတ်တရက် လွှမ်းမိုးပစ်လိုက်၏။

သူမ ရုတ်တရက် ရှူးသွပ်စွာ ရဲရင့်သွားသည်။ (သူ့အပြုံး၏ နွေးထွေးဖော်ရွေသော ဖိတ်ခေါ်ဆွဲဆောင်မှုကြောင့်လည်း ဖြစ်နိုင်ပါသည်)

"ကိုရည်မွန်က ဒီအိမ်မှာ တည်းနေတာလား"

"ဟုတ်တယ်. . . ဒါ ကိုယ့်သူငယ်ချင်းအိမ်လေ၊ ကိုယ် ဒီမြို့ကိုရောက်တိုင်း ဒီအိမ်မှာပဲတည်းတယ်၊ အခုတစ်ခေါက်တော့ အတော်ကြာကြာ နေဖြစ်လိမ့်ဦးမယ် ထင်ပါရဲ့၊ ကဲ. . . လာ ဝင်ထိုင်"

www.burmeseclassic.com

www.burmeseclassic.com



သူ ပြောရင်း အိမ်ထဲမှ သူ့သူငယ်ချင်းကို "ဟေ့ကောင်. . . စိုးနိုင် ထွက်ခဲ့ပါဦးကွ၊ ဒီမှာ. . . မင်းပန်းအိုးကို ခွဲပစ်လိုက်တဲ့ ကောင်မလေးနဲ့ မိတ်ဆက်ပေးမလို့" ဟု လှမ်းအော်ခေါ်လိုက်သည်။ စောစောက လမ်းပေါ်တွင် သူမနှင့် ဆုံခဲ့သော ပိန်ရှည်ရှည် စုတ်ဖွားဖွားလူထွက်လာပြီး. . .

"ဪ. . . သူလား၊ အဲဒါ ခုနက ငါ့ကို လမ်းပေါ်မှာ ဂျစ်ကန်ကန် ပြောသွားတဲ့ ကောင်မလေးပေါ့ကွ၊ ကြည့်စမ်း. . . ပုံစံကိုက အပေအတေလေး"

"ဟင်. . . ဦးလေးကြီးကပဲ ကျွန်မကို ပြောရတယ် ရှိသေးတယ်၊ ဦးလေးကြီးပုံစံကကော. . . ကြည့်ပါဦး. . . သူတော်ကောင်းတွေမြင်ရင် စက်ဆုပ်ပြီး သံဝေဂရတာနဲ့ တောထွက်သွားနိုင်လောက်တဲ့ပုံမျိုး"

ထိုသူက မှုန်စကားဝါညိုစကားကို စိတ်မဆိုးဘဲ ရယ်၍သာနေ၏။ ရည်မွန်စိုးက. . .

"ဒီကောင်မလေးပေါ့ကွ. . . ငါ ရောက်ရောက်ချင်းနေ့က သဘော်ဆိပ်မှာ ဆုံတယ်ဆိုတာလေ၊ ကဲ. . . ဂျောက်ဂျက် ဟောဒါ ကိုယ့်သူငယ်ချင်းပဲ၊ စိုးနိုင်တဲ့၊ သူက. . . ဒီမှာ တီးဝိုင်းတစ်ခုထောင်ဖို့ကြိုးစားနေတာ. . . သူက ကိုယ့်ကို ဂစ်တာဝင်တီးပေးဖို့ လှမ်းခေါ်လိုက်တာနဲ့ ဒီကို ရောက်လာဖြစ်တာ၊ ကိုယ်တို့ချင်းက ရင်းနှီးနေလို့သာ မင်းတွေ. . . ငါတွေနဲ့ပြောတာ၊ တကယ်က ကိုယ့်ထက် အသက်အများကြီး ကြီးတယ်၊ လူကြီးကို အဲသည်လို မပြောရဘူးကွ၊ ရိုရိုသေသေ ဆက်ဆံမှပေါ့"

မှုန်စကားဝါညိုက နှုတ်ခမ်းကို တစ်ချက်မဲ့ကာ ကိုစိုးနိုင်ဘက်သို့ မျက်စောင်းထိုးကြည့်လိုက်သည်။ နောက်. . .

"ဒါဆို. . . ရိုရိုသေသေဖြစ်သွားအောင် 'ဦးစိုး' လို့ ခေါ်ရမလားဟင်"

တမင်ပြောသည့် လေသံမှန်းသိသာနေသောကြောင့် ကိုစိုးနိုင်က သူ၏ ရှုပ်ပွနေသော ဆံပင်စုတ်ဖွားဖွားကို လက်ဖြင့်ကုတ်ရင်းတစ်ချက်ရယ်မောလိုက်ပြီး. . .

"ကောင်းသားပဲ. . . ခေါ်ပေါ့ကွ၊ ဘာဖြစ်လို့လဲ"

"ဂျပန်လိုဆိုရင် 'ဦးစိုး' ဆိုတာ 'လူလိမ်' လို့ အဓိပ္ပာယ်ရတယ်ရှင့်"



သူတို့သုံးယောက်စလုံး ရယ်မောဖြစ်ကြသည်။ ကိုစိုးနိုင်က "မဖြစ်ဘူး မဖြစ်ဘူး၊ ဒီကောင်မလေးနားမှာ ကြာကြာနေရင် ငါ ရှုံးသွားနိုင်တယ်"ဟု ပြောပြီး အိမ်ခန်းထဲ ပြေးဝင်သွားသည်။ ရည်မွန်စိုးက. . .

"ဟုတ်သားပဲကွာ. . . ပြောနေရင်းနဲ့တောင်မှ မင်းက ပိုဆိုးလာလိုက်သေးတယ်၊ ဒါကြောင့်. . . မင်းအဘွားက ကိုယ့်ကိုတိုင်တာ"

"ဟင်. . . ဘွားဘွားက ဘာတွေပြောလိုက်လို့လဲ"

"စုံနေတာပဲ၊ မင်း ငယ်ငယ်တုန်းကတည်းက အမျိုးမျိုး ဆိုးလာခဲ့တဲ့ အကြောင်းတွေပေါ့"

ရည်မွန်စိုးကပြောရင်း ဧည့်ခန်းမှခုံတွင် ဝင်ထိုင်သည်။ ဘေးမှာ ဂစ်တာတစ်လက်ထောင်ထားသည်ကို မြင်ရ၏။ ဂစ်တာက မဟော်ဂနီရောင် ပြောင်လက်နေ၏။ ဂစ်တာအိုးအဖုံး ထင်းရှူးသားက ဝင်းပနူစိုနေသည်။

ဆင်စွယ်ရောင် Key ခလုတ်နှစ်တန်းကြားတွင် Fair Lady ဟူသည့် အလူမီနီယမ် တံဆိပ် ကပ်ထားသောကြောင့် အမေရိကန်ဂစ်တာအိုးအစစ်မှန်း သိလိုက်သည်။ Model F.200 အမျိုးအစားဖြစ်၏။

သူနဲ့စတွေ့တဲ့အချိန်တုန်းက သူ့ပခုံးပေါ်မှာ လွယ်ထားတဲ့ဂစ်တာပဲ. . . ဟု မှုန်စကားဝါညို ချက်ချင်းမှတ်မိလိုက်သည်။

စားပွဲပေါ်တွင် သီချင်းစာအုပ်များ စီစီရီရီ ထပ်ထားသည်။ စီးကရက်တစ်ဘူး ရှိသည်။ ဖွင့်လက်စစာအုပ်တစ်အုပ်၏ စာမျက်နှာပေါ်တွင် ရိုးတံစိမ်းစိမ်းရှည်ရှည် နှင်းဆီပန်းတစ်ပွင့်တင်ထားသည်ကို တွေ့ရ၏။

မှုန်စကားဝါညိုက ပြတင်းပေါက်ဘေးကပ်လျက်က ခုံတွင်ဝင်ထိုင်လိုက်သည်။ ကြည်လင်နေသော မှန်သား၏ အပြင်အပတွင်ကောင်းကင်အပြာရောင် စိုလက်တောက်ပနေသည်။ တိမ်ဖြူဖြူတွေက လွင့်မျောနေ၏။

သစ်ရွက်သစ်ခက်တွေ စိမ်းမြလန်းဆွတ်လျက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။ ရင်ထဲတွင် ကြည်နူးဆွတ်ပျံ့လာ၏။

"ပြောပါဦး. . . ကျွန်မ ဘွားဘွားက ကျွန်မကို ဘယ်လိုပြောတယ်ဆိုတာတွေ"

www.burmeseclassic.com



"များလွန်းလို့ မှတ်တောင်မမှတ်မိတော့ဘူး၊ ဩော်. . . တစ်ခုသတိရပြီ၊ မင်း. . . ဆယ်နှစ်သမီးလောက်တုန်းက သူမွေးထားတဲ့ ကြောင်တစ်ကောင်ကို မြားနဲ့ပစ်တယ်ဆို. . . ဟုတ်လား"

သူမက ရယ်မောလိုက်ရင်း. . .

"အင်း. . . ဟုတ်တယ်. . . ဟုတ်တယ်၊ ဒီလို. . . ကိုရည်မွန်ရဲ့. . . ကျွန်မငယ်ငယ်တုန်းက ကစားဖော်ရှိတာမဟုတ်ဘူး၊ တစ်ယောက်တည်း နေရတာများတယ်၊ အဲဒီအရွယ်မှာ စာအုပ်ဘီရိုက ကျွန်မရဲ့အဖော်ပဲ၊ စာအုပ်တွေအစုံဖတ်. . . စာအုပ်ထဲက ဇာတ်ကောင်တွေကို အားကျစိတ်နဲ့ စိတ်ကူးယဉ်အတုခိုးပြီးလိုက်လုပ်. . . အဲဒီလို ရူးသွပ်ခဲ့တာ၊ အဲဒီတုန်းက ကျွန်မက လေးသည်တော်ဝီလျံတဲ(လ်)ရဲ့ အကြောင်းကိုဖတ်ပြီး အရမ်းကြိုက်နေတဲ့အချိန်. . ."

"ဩော်. . . အင်း၊ ကိုယ်လည်း ဖတ်ဖူးတယ်၊ ဆွတ်ဇလန်ရီထဲက လေးမြားပစ်တဲ့နေရာမှာ အရမ်းလက်ဖြောင့်တဲ့ သူရဲကောင်းလေ"

"ဟုတ်တယ်. . . ကျွန်မရင်ထဲမှာ အငြိုးဇာတ်ကွက်က ဘုရင်ကြီးက သူ့အစွမ်းကို စမ်းသပ်ချင်လို့ ဝီလျံတဲ(လ်)ရဲ့ သားငယ်ကလေး ခေါင်းပေါ်မှာ ပန်းသီးတစ်လုံးတင်ထားပြီး ဝီလျံတဲ(လ်)ကို အဲဒီပန်းသီးကို မှန်အောင်ပစ်ခိုင်းတာ"

သူမစကားကို စိတ်ဝင်တစား နားထောင်လျက် စိုက်ကြည့်နေသော မီးခိုးရောင် မျက်ဝန်းတစ်စုံကြောင့် သူမ ရင်ခုန်နေသည်။ မောနေသော်လည်း စကားတွေ မနားတမ်း ဆက်ပြောနေဖို့ရန် ခွန်အားအပြည့် ရှိနေသလို ခံစားရ၏။ စိုးရွံ့ခြင်းတွေ လွင့်ပျက်ကင်းပနေသည်။ အို. . . ဒါဟာ ငါ့အတွက်တော့ (ခရစ္စတင်းလည်းမဟုတ်၊ ဘလူး(**Blue**)လည်းမဟုတ်တဲ့) တခြားလူ တစ်ယောက်နဲ့ ပထမဦးဆုံးအကြိမ်အဖြစ် ချွေးချွေးထွေးထွေး စကားတွေ အများကြီး ပြောဖြစ်ခြင်းပါပဲလားကွယ်။

ကိုရည်မွန်က စီးကရက်ဘူးကို လှမ်းယူလိုက်သည်။ စီးကရက်ကို မထုတ်။ သူမ၏ စကားအဆက်ကို စောင့်နားထောင်နေသေး၏။ မှုန်စကားဝါညိုက. . .



"ကျွန်မလည်း လေးသည်တော် ဝီလျံတဲ(လ်)ကို အားကျပြီး သူ့လို လိုက်လုပ်တာပေါ့။ လေးနဲ့ မြားလုပ်ပြီး ဟိုပစ်ဒီပစ်လျှောက်ပစ်တယ်၊ ပန်းသီး တစ်လုံးရတော့. . . ခေါင်းပေါ်တင်ပြီး မြားပစ်ခံမယ့်သူကို ရှာတော့တာပေါ့. . .

အစကတော့ အိမ်နားက ကလေးလေးတစ်ယောက်ကို အတင်းခေါ်သေးတယ်၊ သူက မြားနဲ့ပစ်မယ့်သူက ကျွန်မမှန်းလည်းသိရော အကြောက်အကန် ငြင်းပြီး ထွက်ပြေးရော၊ နောက်. . . ဘယ်သူ့ကိုမှခေါ်မရတာနဲ့ ဘွားဘွား မွေးထားတဲ့ ကြောင်ကလေးကို စားပွဲပေါ်တင်၊ ခေါင်းပေါ်မှာ ပန်းသီးကို ပလာစတာ တိပ်အရှည်စနဲ့ မြဲမြဲပတ်ချည်ပြီးမြားနဲ့ပစ်လိုက်တာ. . . ကြောင်နားရွက် တစ်ဖက်လည်း စုတ်ပြတ်သွားတယ်၊ တညောင်ညောင်အော်ပြီး တစ်အိမ်လုံး ပတ်ချာလှည့်ပြေးနေလို့ ဘွားဘွားသိသွားပြီး ကျွန်မလည်း အရိုက်ခံရတာ လိမ့်နေတာပဲ"

ကိုရည်မွန်က နှုတ်ခမ်းဖြူဖျော့ဖျော့တွေ သွေးရောင်လွှမ်းလာသည်အထိ အားပါးတရ ရယ်သည်။ မျက်ဝန်းတွေ ပိတ်သွားလုမတတ်ရယ်သည်။ လည်တိုင်ဖြူဖြူပေါ်မှ သွေးကြောများ တင်းတင်းပေါ်လွင်လာသည်အထိ ဟက်ဟက်ပက်ပက် ရယ်မောရင်း. . .

"မင်းကတော့ကွာ. . . တကယ့်ဂျောက်ဂျက်ပဲ"

ဟု နှစ်လိုစဖွယ် ညည်းတွားသံချိုချို ရေရွတ်၏။ နောက်. . . . . . . . . . . . . . . စီးကရက် တစ်လိပ်ကိုထုတ်ကာ နှုတ်ခမ်းတွင်လှပစွာတေ့ပြီး မီးညှိလိုက်၏။ ပြီးမှ

"နောက်. . . အိမ်ကိုလည်း မီးလောင်မလိုဖြစ်သေးတယ်ဆို၊ အဲဒါလည်း. . . မင်း အဆော့လွန်လို့ ဖြစ်တာလို့ပြောတယ်၊ ဘယ်လောက်ထိများ ဆော့လိုက်တာလဲ"

"အင်း. . . အဲဒါလည်း ခုနကလိုပဲ. . . ဒါကတော့ ကရုဏာရှင် သူနာပြုဆရာမလေး နိုက်တင်ဂေး(လ်)လုပ်တမ်းကစားတာ"

"ဩော်. . . သိပြီ၊ မီးအိမ်ရှင် ဖလောရင့်နိုက်တင်ဂေး(လ်)မဟုတ်လား၊ စစ်စခန်းမှာ ဒဏ်ရာရထားတဲ့ လူနာတွေကို ည. . . ညဆို မီးအိမ်တစ်လုံးဆွဲပြီး လိုက်ကြည့်ပေးတာလေ"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မ ကစားတော့ အိမ်ထပ်ခိုးပေါ်မှာ ပစ်ထားတဲ့ ရေနံဆီမီးအိမ် အဟောင်းကြီးဆွဲလို့. . . နိုက်တင်ဂေး(လ်)လုပ်ရတာ၊ မီးအိမ်ကြီးက ရေနံဆီတွေ ယိုနေတာ. . . ကျွန်မ ဘယ်သိမလဲ၊ အဲဒါနဲ့ ကျွန်မတစ်ယောက်တည်း ကစားရင်း တစ်အိမ်လုံးပတ်သွား. . . ရေနံဆီတွေဟိုနားဖိတ်ကျ ဒီနားဖိတ်ကျနဲ့. . . မီးလောင်ရော"

ကိုရည်မွန်က စီးကရက်မီးခိုးငွေ့များကို မှုတ်ထုတ်ရင်း နှုတ်ခမ်းကို လှုလှုပပ တွန့်ကာ ပြုံးသည်။ နောက်. . .

"လူဟာ မွေးစကနေ လေးနှစ်သားအထိ အရွယ်မှာ မိခင်ကိုအတွယ်တာဆုံး. . . တဲ့၊ လေးနှစ်သားကနေ ရှစ်နှစ်သားအထိကတော့ ဖခင်ကို အတွယ်တာဆုံး. . . တဲ့၊ ရှစ်နှစ်သားကနေ ဆယ့်နှစ်နှစ်သားအထိကတော့ သူငယ်ချင်းကစားဖော်ကို အတွယ်တာဆုံး. . . တဲ့၊ ဆယ်နှစ်နှစ်နောက်ပိုင်းကတော့ ဆန့်ကျင်ဘက်လိင်ကို တွယ်တာတွတ်လာတယ်လို့ ဆိုကြတယ်။ မင်းက ကစားဖော်ကို တွယ်တာရမယ့်အချိန်မှာ အထီးကျန်ဖြစ်ခဲ့တာကိုး"

မှုန်စကားဝါညိုက ဦးခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်သည်။

"ကျွန်မက အမေကို တွယ်တာရမယ့်အရွယ်မှာလည်း တွယ်တာခွင့်မရခဲ့ပါဘူး၊ အဖေကို တွယ်တာရမယ့်အရွယ်မှာလည်း အထီးကျန်ဖြစ်ခဲ့ရတာပဲ"

သူမအသံက တီးတိုးညင်သာစွာ တိတ်ဆိတ်နေသော အခန်းကျဉ်းကလေးထဲက လေထုထဲတွင် လွင့်မျောသွားသည်။

အဝါရောင်နေခြည်က အခန်းထဲတွင် နွေးထွေးလင်းပနေ၏။ သက်တန့်တွေ ရွှေရောင်ဖြာနေ၏။ နူးညံ့မွေးမြနေ၏။ စကားပန်းရနံ့တွေ သင်းပျံ့နေလေသည်။

နှလုံးသားထဲတွင် အရာရာသည် အိပ်မက်ဆန်နေလေသည်။

သူမ နှစ်နှစ်သမီးအရွယ်ကတည်းက အဖေကော အမေပါတကွဲတပြားစီ အဝေးသို့ လွင့်စင်သွားခဲ့ပြီး. . . နောက် အမေဆုံးသည် ဟု သတင်းကြားရကြောင်း၊ အဖေ့ကိုတော့ လုံးဝ အစအန မတွေ့တော့သည်အထိ ခြေရာပျောက်သွားခဲ့သည့်အကြောင်းများကို ပြောပြဖြစ်သည်။



အထူးသဖြင့် ငယ်စဉ်ကတည်းက အဘွားနှင့်အတူ နေထိုင်ကြီးပြင်းခဲ့ပြီး ဘဝတစ်လျှောက်လုံး လူရာအသွင်းမခံရဘဲ အထီးကျန်ဆန်ဆန် နာကျင်ကြေကွဲခဲ့ရသည်။ သူမ၏ ခံစားချက်များကို ပြောပြသောအခါ ကိုရည်မွန်က အလေးအနက် စိတ်ဝင်တစား နားထောင်ပေးသည်။

လူစိမ်းသူစိမ်းများရှေ့တွင် တစ်ခါမှ စကားများများ ပြောလေ့မရှိသော မပြောရဲလောက်အောင် ရှက်ရွံ့သိမ်ငယ်တတ်သော မှုန်စကားဝါညိုသည် သူမ၏ နှုတ်ခမ်းအစုံတို့ကို သူမကိုယ်တိုင်ပင်လျှင် ပြန်အံ့ဩနေမိလေသည်။

ဘုရားရေ. . . ငါဘာဖြစ်လို့များ ဒီလောက်တောင် စကားတွေပြောရဲတဲ့ သတ္တိရှိနေရတာလဲကွယ်။

●

မှုန်စကားဝါညို စကားဆုံးသောအခါ ကိုရည်မွန်က မိုးသားလိုအုံ့နေသော မျက်ဝန်းတို့ကို မျက်မှောင်ကုတ်လိုက်ရင်း. . .

"ကလေးဘဝဆိုတာ ဒီလိုပါပဲလေ၊ တစ်ခါတစ်ရံ နာကျင်ကြေကွဲစရာ အိပ်မက်အပိုင်းအစတွေ ဆက်စပ်ထားတဲ့ ရုပ်ပုံကားတစ်ခုနဲ့ တူနေတတ်တယ်၊ ကိုယ်လည်း မင်းနဲ့ ထပ်တူထပ်မျှ မဟုတ်ပေမယ့် အဲဒါမျိုး ခပ်ဆင်ဆင်ကြုံရဖူးတယ်၊ ကိုယ် မင်းရဲ့ခံစားချက်ကို နားလည်ပါတယ်ကွာ"

●

သူမရင်ထဲတွင် အနည်းငယ်လေးလံနေ၏။ စိမ်းလန်းသောသစ်ရွက်သစ်ခက်တွေ လေအဝှေ့မှာ ယိမ်းနွဲ့ကြသည်ကို ပြတင်းမှန်သားကို ဖြတ်၍မြင်ရသည်။ ပြတင်းပေါက်သစ်သားဘောင်ပေါ်တွင် အဝါရောင် ဝတ်ဆံမှုန်တွေ ကပ်ငြိတင်နေ၏။

လူအတော်များများက တစ်စုံတစ်ယောက်ကို နှစ်သိမ့်ပေးချင်သည့်

www.burmeseclassic.com

www.burmeseclassic.com



အခါများတွင်. . . 'ငါ. . . တယ်' ဟု 'ငါ. . . မင်းကို နားလည်ပါတယ်' ဟုဘာကြောင့် လွယ်လွယ်ပြောတတ်ကြသနည်း။ သူမ တွေးကြည့်မိခဲ့ဖူးသည်။

အမှန်တကယ် မည်သို့မျှ နားလည်ပေးနိုင်သည်မဟုတ်တာ သေချာပါသည်။

လူတစ်ယောက်၏ လျှာပေါ်တွင် စပ်နေသော ငရုတ်သီး၏ အရသာကို တခြားလူတစ်ယောက်က မည်သို့မျှ နားလည်နိုင်စရာအကြောင်းမရှိ။ တခြားလူတစ်ယောက်၏ မျက်ဝန်းမှ ကျရသည့်မျက်ရည်ကို မိမိ၏ မျက်ဝန်းမှ ကျပေး၍ မရပါ။

လူဆိုသည်မှာ တစ်ဦးချင်း သီးခြားရှင်သန်မှု ဖြစ်သည်။

ဟီရိုရှီးမားမြို့ပေါ်ကို အဏုမြူဗုံးချခဲ့သည်။ အဏုမြူဗုံးဒဏ်ကို တစ်မြို့လုံး ခံစားရသည်ဟု ပြောကြသည်။ ဟုတ်လို့လား. . . အဏုမြူဗုံးကြောင့် ဖြစ်လာတဲ့ ဝေဒနာတွေကို လူသားသန်းပေါင်းများစွာက စုပေါင်းခံစားလိုက်ကြတာလား။

ဟင့်အင်း. . . မဟုတ်ပါဘူး၊ လူတစ်ယောက်ချင်းစီဟာ ကိုယ့်ဝေဒနာကို ကိုယ့်ဖာသာကိုယ် ခံစားရတာပါပဲ။ ကိုယ်ခံစားရတဲ့ ဝေဒနာကို ကိုယ့်လောက် ဘယ်သူက နာကျင်တတ်မှာမို့လို့လဲ။

ရိုးရိုးကလေးပါပဲကွယ်။

လူဆိုတာ ဝေဒနာခံစားရပြီဆိုရင် အမြဲတမ်း တစ်ယောက်တည်း ခံစားရစမြဲပါ။

လူသည် အသိုင်းအဝိုင်းအကြီးမားဆုံး ပေါင်းသင်းဆက်ဆံရေးနယ်မြေထဲတွင် နေထိုင်နေလျက်က ကိုယ့်ဖာသာကိုယ် မသိဘဲ အထီးကျန်နေသော သတ္တဝါဖြစ်ပါသည်။



"ကိုစိုးနိုင်ရဲ့ တီးဝိုင်းက ဘယ်တော့လောက်ထောင်ဖြစ်မှာလဲဟင်၊ ကိုရည်မွန်က အတော်ကြာကြာနေဖြစ်ဦးမှာလား"

ကိုယ်က အကြာကြီးနေဦးမှာ. . . ဟု ပြန်ပြောဖို့ရန် သူမစိတ်ထဲက ကိုတ်ပြီး ဆုတောင်းနေမိသည်။ ကိုရည်မွန်က သီချင်းစာအုပ်ပေါ်တင်ထားသော နှင်းဆီပန်းကို ကောက်ယူလိုက်ပြီး ဂစ်တာဖလက်တံပေါ်ရှိ ကြိုးများကြားတွင် ညှပ်လိုက်သည်။ ထို့နောက်. . .

"ကြာဦးမှာထင်တယ်၊ အခု တီးဝိုင်းမလုပ်ဖြစ်ခင်မှာ ကိုစိုးနိုင်စုထားတဲ့ သူငယ်ချာတိတ်လေးတွေကို ဂစ်တာတီးသင်ပေးနေရတယ်၊ ဝိုင်းထောင်ပြီးတဲ့အခါကျရင်တော့ ကိုယ်က အခြေကျအောင်လုပ်ပေးပြီး ချာတိတ်တွေနဲ့ လွှဲခဲ့မှာ၊ အခုလောလောဆယ်တော့ သူတို့ကို စိတ်တိုင်းကျအောင် အရင်သင်ပေးရဦးမယ်၊ လေး ငါး ခြောက်လတော့ကြာဦးမယ်ထင်ပါရဲ့"

"ဂစ်တာတီးသင်တာက ဘယ်မှာလဲဟင်. . . ကျွန်မလည်းသင်ချင်တယ်၊ လိုက်တက်လို့ရမလား"

လွှတ်ခနဲပြောပြီးမှ ချက်ချင်းလိုလိုပင် သူမဖာသာ နောင်တရသွား၏။ ဘုရားရေ. . . ငါဟာ မိန်းကလေးတန်မဲ့ သိပ်ကို ရဲတင်းလွန်းနေပါရောလား။

ဒါဟာ. . . အထင်သေးစရာ ဖြစ်သွားမလား။ ဟင့်အင်း. . . သူ့ပုံစံက လူတစ်ယောက်ကို လွယ်လွယ်နဲ့ နှိမ့်ချအထင်သေးတတ်မယ့်သူမျိုးမဟုတ်လောက်ပါဘူး။ အို. . . ကံကြမ္မာရယ်။ ကျွန်မကို တစ်ခေါက်လောက် မျက်နှာသာ ပေးပါ။ သူ. . . ကျွန်မကို နားလည်နိုင်ပါစေနော်။

"သင်တာကတော့ မင်းတို့ရပ်ကွက်နားမှာပဲ. . . ဂျောက်ဂျက်ရဲ့ဘိုကို. . . မူလတန်းကျောင်းနားမှာလေ၊ ဒီကနေ ဘတ်(စ်)ကားစီးရင် ငါးမှတ်တိုင်လောက်ပဲ ဝေးတာ၊ ညနေ (၃)နာရီကနေ (၅)နာရီအထိပေါ့. . . ဒါပေမယ့်ကွာ. . . အဲဒီမှာတော့ လိုက်မတက်ပါနဲ့၊ ဟိုမှာယောကျ်ားလေးတွေချည်းပဲကွ"

သူ. . . ဒီစကားပြောတာ ဘာအဓိပ္ပာယ်လဲ။ ငါ့ကို ယောကျ်ားလေးတွေနဲ့ မဆက်ဆံစေချင်တဲ့သဘောလား။ အိုး. . . ကြည့်စမ်း. . . ငါ့ဖာသာ ငါလိုချင်တဲ့ အဓိပ္ပာယ်ဆွဲယူတွေးပြီး ရှုးသွပ်နေလိုက်တာ. . .

www.burmeseclassic.com

www.burmeseclassic.com



တွေးရင်းနှင့် သူမရှက်လာ၏။ ကိုရည်မွန်က. . .

“အဲဒီလို ယောက်ျားလေးတွေနဲ့ ဂစ်တာတီးသင်နေတယ်လို့ကြားရင် မင်းအဘွား သွေးတိုးပြီး သတိလစ်ချင် လစ်သွားလိမ့်မယ်၊ ဒါမှမဟုတ် ကိုယ့်ကို လာသတ်လိမ့်မယ်”

ပြောရင်း ရယ်နေသည့် ‘သူ့’ကို ကြည့်ကာ မှုန်စကားဝါညို အနည်းငယ် စိတ်တိုသွားသည်။ ကြည့်စမ်း. . . အဲဒါ လှောင်စရာလားလို့။

“ခုတော့ဗ်. . . မင်းအိမ်က ထွက်လာတာ ဘယ်လောက်ကြာနေပြီလဲ။ မင်းအဘွားစိတ်ပူနေလိမ့်မယ်၊ ပြန်လိုက်ဦး ဂျောက်ဂျက်ရဲ့. . . ကိုယ် လိုက်ပို့ရမလား”

သြော်. . . လက်စသတ်တော့ ရှင်က ကျွန်မကို ပြန်စေချင်နေတာကိုး၊ ကောင်းပြီလေ. . .။

မှုန်စကားဝါညို ထိုင်ရာမှ ရုတ်တရက်ထရပ်သည်။ သူမ၏ နှုတ်ခမ်းတွေကို တင်းတင်းစေ့ထားသောကြောင့် အလိုမကျဟန်ဖြင့် အနည်းငယ်စူထားသလို ဖြစ်နေ၏။ သူမက

“နေပါစေ. . . လိုက်ပို့စရာမလိုပါဘူး၊ ကျွန်မဖာသာ ကျွန်မသွားမယ်၊ ဒါပေမယ့်. . . အိမ်ပြန်မှာတော့ မဟုတ်ဘူး၊ သွားချင်တဲ့ဆီလျှောက်သွားဦးမှာ. . . လေးခွတစ်ချောင်းနဲ့ သူများအိမ်မှန်ပြတင်းပေါက်တွေ ပန်းအိုးတွေကို လိုက်ခွဲဦးမှာ”

“သြော်. . . မင်းက ခွဲခြမ်းစိတ်ဖြာရေးဘာသာရပ်ကို လက်တွေ့ဆည်းပူးနေတာကိုး”

သူမ စိတ်တိုသွား၏။ တကယ်ဆို. . . သူမကို မလုပ်ဖို့ တားပါတော့လား၊ စိတ်ပူကြောင်းပြောပြီးတားပါတော့လား၊ ဆုံးမပါတော့လား၊ စိတ်မချကြောင်းပြောပြီး ကိုယ်တိုင်လိုက်ပို့ပါတော့လား။

ရှင်ဟာ သိပ်ကို မသိသာဆိုးရွားလွန်းတဲ့ ငတုံးအကြီးပဲ။

သူမ စိတ်အလိုမကျစွာဖြင့် နှုတ်ခမ်းကို စူရင်း အိမ်ရှေ့လှေခါးထစ်ကလေးများပေါ် ဆောင့်ဆောင့်အောင့်အောင့် နင်းကာ ဆင်းလာသည်။



လူအားလုံးနီးပါးလောက်ဟာ ကိုယ့်ဘဝကိုယ် စိတ်တိုင်းမကျတတ်ဘူး. . . နောက်ပြီးတော့. . .

လူအားလုံးနီးပါးလောက်ဟာ ကိုယ့်ချစ်သူကိုယ် စိတ်တိုင်းမကျတတ်ကြဘူး။

ဘာဖြစ်လို့လဲ ?

●

အဖြေကတော့ ‘**အရမ်းမျှော်လင့်ထားလို့**’ ပါပဲ။

●

သိပ်ချစ်လို့ ရပါတယ်. . .

ဒါပေမယ့်. . . သိပ်မျှော်လင့်ထားလွန်းရင်တော့ ကြေကွဲမှုနဲ့ ရင်ဆိုင်ရတတ်တယ်။

ဟုတ်တယ်. . .

အခုကတည်းက ကိုကို့ကို ချစ်တဲ့အချစ်နဲ့ အရမ်းကြီး မျှော်လင့်မနေမိဖို့ ငါ သတိထားရတော့မယ်။

●

သူမတစ်ယောက်တည်း အတွေးများဖြင့် ရှုပ်ထွေးရီဝေနေ၏။ မြဲ့ဝင်းတံခါးဆီသွားသော မြေနီလမ်းကလေးပေါ် သူမ ရပ်မိသည်။ နေခြည်က ရွှေရည်ဝင်းပစိုလက်နေ၏။

သူမ၏ ခြေထောက်အောက်မှ အရိပ်ကို သူမ ပြန်ငုံ့ကြည့်မိသည်။ နေ့တစ်နေ့ရဲ့ အတောက်ပဆုံးဆိုတဲ့ အချိန်ဟာ အေးမြခြင်းဆိုတဲ့ အရိပ်အနည်း

www.burmeseclassic.com



ပါးဆုံး အချိန်ပါပဲ. . . ဟု တွေးမိသည်။

အုတ်ခဲနီနီလေးတွေ တစောင်းစီထားသည့် လမ်းကျဉ်းကလေး၏ နံဘေးတွင် မြက်ခင်းကလေး စိမ်းလဲ့လဲ့။ နေရောင်ခြည်အောက်တွင် ခရမ်းရောင် ဝိုင်အိုလက်ပန်းကလေးတွေ မှုန်ဝေလက်ပစ္စာ ပွင့်နေကြသည်ကို မြင်ရ၏။

ပန်းအဘိဓာန် (**Floral Dictionary**) ထဲမှ ဖွင့်ဆိုချက်အရ ဆိုလျှင် 'ခရမ်းရောင်ပန်းပွင့်' ဆိုသည်မှာ 'မျှော်လင့်ချက်နှင့် ဆုံစည်းရခြင်း' ဟု အဓိပ္ပာယ်ရပါသည်။

❑

# အခန်း(၄)

ကိုယ့်ခရီးကိုယ်ဖောက်ခဲ့တဲ့
ငါ့ခြေထောက်ကိုမှ
'နောက်ကျခြင်း' မြေမှုန်တွေက လာနမ်းတယ်
အလွမ်းဆိုတဲ့ သစ်သီးတွေမမှည့်ခင်
နောက်ပြန်လှည့်ပြေးလိုက်ချင်တော့တယ်။

www.burmeseclassic.com

www.burmeseclassic.com



ညနေ (၅) နာရီ။

ညနေ (၅) နာရီ ဆိုသည်မှာ ငှက်တွေ အိပ်တန်းပျံချိန်ဖြစ်သည်။ ညနေ (၅) နာရီ ဆိုသည်မှာ ပန်းပွင့်တွေ ဝတ်လွှာသိမ်းချိန်ဖြစ်သည်။ ညနေ (၅) နာရီဆိုသည်မှာ နွားရိုင်းသွင်းချိန် ဖြစ်သည်။

တစ်စုံတစ်ရာကို မျှော်လင့်ထားသူအတွက်ကတော့ ညနေ (၅) နာရီ ဆိုသည်မှာ နက္ခတ်တာရာတွေ အိပ်ရာက နိုးထလာမည့် အရုဏ်လင်းချိန် ဖြစ်ပါသည်။

●

ညနေ (၅) နာရီ. . . ။

မှုန်စကားဝါညို စောင့်နေသည်။

●

www.burmeseclassic.com

www.burmeseclassic.com



'သူ' ဂစ်တာသင်တန်းမှ ပြန်လာတော့မည်။

မူလတန်းကျောင်းရှေ့ဘတ်(စ်)ကားမှတ်တိုင်နှင့် မျက်စောင်းထိုးခပ်လှမ်းလှမ်းတွင် ကွမ်းယာစီးကရက် ရောင်းသော ကုလားကြီး'မာမွတ်' ကွမ်းယာဆိုင်ရှိသည်။

မှုန်စကားဝါညိုက ကွမ်းယာဆိုင်ရှေ့တည့်တည့်တွင် စက်ဘီးကို ရပ်ပြီးဆင်းလိုက်၏။ သူမလက်တွင် ပတ်ထားသော နာရီကို ငုံ့ကြည့်လိုက်သောအခါ (၅) နာရီတိတိ။

မှုန်စကားဝါညိုက. . .

"ကိုမာမွတ်ကြီး ကျွန်မကို စီးကရက်တစ်ဘူးရောင်းပါ"

"ဟဲ့. . . ကောင်မလေး၊ နင် ဆေးလိပ်သောက်မလို့လား၊ ငါ. . . နင့်အဘွားနဲ့ တိုင်ပြောမှာနော်"

"ဟာ. . . ကိုမာမွတ်ကြီးကလဲ. . . ဘာမှမသိဘဲနဲ့ လျှောက်ပြောနေပြန်ပြီ၊ ကဲ. . . လုပ်ပါ၊ မြန်မြန်ပေးစမ်းပါ၊ ဟိုမှာ နောက်ကျတော့မှာပဲ"

ပြန်အမ်းသောပိုက်ဆံအကြွေကို လှမ်းယူနေစဉ်မှာပင် ကျောင်းဝင်းထဲမှ ထွက်လာသော ခရစ္စတင်းက မှုန်စကားဝါညိုကို မြင်သွားပြီး နှုတ်ဆက်အော်ခေါ်ရင်း သူမရှိရာ လမ်းတစ်ဖက်သို့ ဖြတ်ကူးလာ၏။

"ဟဲ့. . . စကားဝါ၊ ဘာဝယ်နေတာလဲ၊ အယ်. . . စီးကရက်ဘူး ပါလား. . . နင် ဘာလုပ်မလို့လဲ"

မှုန်စကားဝါညို စကားပြန်မပြောအား။ "နေဦး. . . ခရစ္စတင်း၊ငါနင့်ကို နောက်မှ ရှင်းပြမယ်"ဟု အော်ပြောပြီး စက်ဘီးပေါ် လွှားခနဲခုန်တက်လိုက်သည်။

ကားမှတ်တိုင်ဘက်အခြမ်းကို သူမ ပြန်ရောက်သောအခါ အချိန်မီရုံကလေးသာရှိ၏။ ကိုရည်မွန်က အိမ်ပြန်ဖို့ ဘတ်(စ်)ကားပေါ် တက်နှင့်ပြီးနေပြီဖြစ်သည်။

ကိုရည်မွန်က ဘတ်(စ်)ကား ပြတင်းပေါက်မှ ငုံ့ကြည့်လိုက်ရာ မှုန်စကားဝါညိုကိုမြင်သွား၏။ မှုန်စကားဝါညိုကလည်း သူမကို. . . ကိုရည်မွန်



ငုံ့ကြည့်နေမှန်းသိသည်။ သိလျက်သားနှင့် တမင်ပင်အဝေးသို့ သူမ မျက်နှာလွှဲနေ၏။ စက်ဘီးကို ခြေတစ်ဖက်ထောက်ရပ်လျက်က. . . ဘတ်(စ်)ကားအထွက်ကို သူမ စောင့်ဆိုင်းနေသည်။

ခဏနေသောအခါ ဘတ်(စ်)ကား စက်နှိုးသံကြားရသည်။ မှုန်စကားဝါညိုက အဝေးသို့ မျက်နှာလွှဲထားလျက်က စက်ဘီးလက်ကိုင်ကို တင်းတင်းဆုပ်မိ၏။ လက်ဖဝါးမှ ချွေးတွေစို့နေသည်။

ဘတ်(စ်)ကား ဘီးလှိမ့်စထွက်သည်။ ကားအတော်ဝေးဝေးသို့ရောက်သွားသည်အထိ မှုန်စကားဝါညိုစောင့်နေသည်။ ထို့နောက်. . . စက်ဘီးခြေနင်းခုံကို ခြေဖျားဖြင့် ဆတ်ခနဲပင့်ယူလိုက်ပြီး စက်ဘီးပေါ် ခုန်တက်ကာ အားကုန်နင်းထွက်လိုက်၏။

နင်းစမ်း. . . နင်း။

ရှိသမျှ အားကုန်သုံးပြီး နင်းလိုက်စမ်း။

ချွေးတွေ ပြိုက်ပြိုက်ကျလာသည်။

ရင်ထဲမှာ တလှပ်လှပ်. . .။

လမ်းကြိုလမ်းကြားထဲကို ဝင်သည်။ ဖြတ်လမ်းကျဉ်းကျဉ်းကလေးတွေ မြေသားကျောက်ခင်းလမ်းကြမ်းကြမ်းတွေပေါ် အားသွန်ပြီးနင်းသည်။

'သူ'ဆင်းမည့်မှတ်တိုင်ဆီ အရင်ကြိုရောက်နေမှ ဖြစ်မည်. . . ဟူသော အာရုံတစ်ခု၏ စိုးမိုးမှုကို ခံထားရသောကြောင့် သူမ၏ ခြေလက်တွေ သံမဏိမောင်းတံလို အပြင်းအထန် ရှန်းကန်လှုပ်ရှားနေလေသည်။

●

ကိုရည်မွန် အိမ်ရှေ့သို့ လှမ်းမြင်ရသည့် အကွာအဝေးအရောက်တွင် စက်ဘီးကို အရှိန်လျှော့ချလိုက်သည်။ မှတ်တိုင်ဘေးတွင် စက်ဘီးကို မှီထားရပ်၏။ခရီးသည်များ နားနေရာ ထိုင်ခုံပုလေးပေါ်တွင် ခဏထိုင်ရင်း အမောဖြေသည်။

www.burmeseclassic.com



ထိုအချိန်တွင် ဘတ်(စ်)ကား ထိုးဆိုက်လာ၏။

ဟော. . . 'သူ' ဆင်းလာပြီ။

သူမ ရင်ခုန်စွာဖြင့် စီးကရက်ဘူးကို ထုတ်ယူပြီး ထိုင်နေရာမှ ထရပ်လိုက်၏။

ကျေးဇူးပြု၍ ကျွန်မကို မြင်လှည့်စမ်းပါ. . . ချစ်သူ။

ကျွန်မရဲ့ မောပန်းမှုနဲ့ တုန်ယင်နေတဲ့ နှုတ်ခမ်းတွေကို မြင်လှည့်စမ်းပါ ချစ်သူ။

. . . ရှင့်ကို ချစ်တဲ့အချစ်တွေကို အဲဒီ မောပန်းဖျားနာနေတဲ့ နှုတ်ခမ်းလွှာတွေကြားမှာ သိုဝှက်သိမ်းဆည်းထားတယ်ဆိုတာ. . .

ရှင်. . . သိရဲ့လား။

●

ကိုရည်မွန်က သူမကို မြင်ရသောအခါ အံ့သြသည့်အကြည့်ဖြင့် ငေးစိုက်ကြည့်နေ၏။

'စောစောကတင် ဒီကောင်မလေးကို ကျောင်းရှေ့မှာ မြင်ခဲ့ရသေးတာပဲ'ဟု အမိပ္ပာယ်ရသည့် ကိုရည်မွန်၏ မျက်ဝန်းများကို မြင်ရသောအခါ မှုန်စကားဝါညို ပျော်ရွှင်သွား၏။

သူမကလည်း သူ့ကို အဲသည်လို အံ့သြသွားစေချင်သည်။

သူ့နောက်ကို စက်ဘီးဖြင့် ပင်ပန်းတကြီး လိုက်ခဲ့ရသည့်အကြောင်းကို သူ သိသွားစေချင်သည်။ (သူမ၏ နဖူးပေါ်မှ ချွေးစက်များကိုပင် အခုထိ မသုတ်ပစ်သေး။ စိုစွတ်ရွှဲနစ်နေဆဲ. . . ဒီအတိုင်းထားထား၏။)

သူမအပေါ် 'သူ' ကရုဏာသက်သွားစေချင်သည်။

သူမက ကိုရည်မွန်ဆီသို့ တစ်လှမ်းချင်း လျှောက်သွားလိုက်ပြီး. . .

"ရော့. . . ကိုရည်မွန်ဖို့. . ."

စောစောက ဝယ်လာခဲ့သော စီးကရက်ဘူးကို လှမ်းပေးလိုက်သည်။ နောက်. . . ချာခနဲ ကျောခိုင်းလှည့်ထွက်လာခဲ့သည်။

ကဲ. . . ကြည့်စမ်း. . . ဘယ်လောက်ပြဇာတ်ဆန်လိုက်သလဲလို့။

လှပလိုက်တဲ့ သရုပ်ဆောင်ကွက်ကလေး. . .။

ငါ့ရဲ့ တပင်တပန်း အားထုတ်မှုကို သူ အသိအမှတ်ပြုရင် ငါ ကျေနပ်ပါပြီ။

သူမဟာသာ တစ်ယောက်တည်းတွေးရင်း ကျိတ်ကြည်နူးနေခိုက်မှာပင် ကိုရည်မွန် လှမ်းပြောလိုက်သည့်စကားကြောင့် ရင်ထဲအောင့်သက်သက်ဖြစ်သွား၏။

ကိုရည်မွန်က. . .

"မင်းကို ခုနက ကျောင်းရှေ့မှာ တွေ့လိုက်သေးတယ်၊ ကိုယ့်ထက် စောင်စောပြီး ကြိုရောက်နေတာကိုး. . .၊ ကားကြုံနဲ့လိုက်လာတာလားဟင်"

'တောက်! ။ ဒီလောက်စက်ဘီးကို သေမတတ်နင်းပြီးလိုက်လာတာ မမြင်ဘူးလား. . . ဟင်'၊ စိတ်ထဲက ပျစ်ပျစ်နှစ်နှစ် ဆဲရေးလိုက်ပြီး သူမ နဖူးပေါ် မှ ချွေးစက်များကို စိတ်တိုဘိုဖြင့် သုတ်ပစ်လိုက်၏။

အခုမှ. . . တကယ်မောလာသည်။

●

နောက်တစ်နေ့. . . ညနေ (၅) နာရီ။

'မာမွတ်' ကွမ်းယာဆိုင်ရှေ့တွင် စက်ဘီးရပ်ပြီး စီးကရက်ဘူးဝယ်နေခိုက်မှာပင် ခရစ္စတင်းက ကျောင်းပေါက်ဝမှနေ၍ မှုန်စကားဝါညိုကို လက်ပြပြီး လှမ်းခေါ်သည်။

သူမက ခရစ္စတင်းကို 'ခဏနေဦး' ဟု ပြန်လည်လက်ပြခဲ့ပြီး စက်ဘီးကို နင်းထွက်ခဲ့၏။ 'သူ့' အပြန်ကို မီဖို့ အရေးကြီးနေသည်။

'ခရစ္စတင်းအတွက်တော့ ပဟေဠိတစ်ပုဒ် ဖြစ်နေလိမ့်မည်' ဟု တွေးမိပြီး တစ်ယောက်တည်း ပြုံးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့. . . (၅) နာရီ။

(၁) စီးကရက်တစ်ဘူး။

လောင်ကျွမ်းပြီး ပျောက်ကွယ်သွားတတ်သောအရာများသည် စီးကရက်များဖြစ်၏၊ လောင်ကျွမ်းပြီး ပျောက်ကွယ်မသွားတတ်သောအရာများသည်ကား နှလုံးသားပေါ် ရေးထွင်းထားသည့် အက္ခရာများ ဖြစ်နိုင်ပါသည်။

စီးကရက်မီးခိုးငွေ့များသည် ပြာလဲ့မှိုင်းမှုန်ကာ လေထဲတွင် လွင့်ပါးသွားကြပေလိမ့်မည်။ သူမအတွက် 'သူ'သည် လေထဲတွင် လွင့်ပါးနေသော 'တစ်စုံတစ်ရာ' ဖြစ်ပါသည်။

'ဆေးလိပ်သောက်ခြင်းသည် ကျန်းမာရေးကို ထိခိုက်စေနိုင်သည်' ဟူသော စာတမ်းကို သတိရမိ၏။ အခုတော့. . . ဆေးလိပ်သောက်တတ်သော 'သူ'တစ်ယောက်အတွက်. . .

သူမမှာ ကျန်းမာရေးထိခိုက်နေပြီဖြစ်သည်။

(၂) ချစ်ခြင်းဖြင့် မောပန်းနွမ်းနယ်နေသော ကောင်မလေး တစ်ယောက်။

ပန်းပွင့်များနှင့် သစ်ရွက်များ ကြွေကျတတ်သော ကမ္ဘာမြေပြင်ပေါ်တွင် အမောဆုံးအတွေးများသည် 'အချစ်' အကြောင်းတွေးသော အတွေးများဖြစ်၏။

မြောက်ပြန်လေပြည်အေးအေးစိမ့်စိမ့်ထဲတွင် မောပန်းနွမ်းနယ်သော အသက်ရှူသံတိုးတိုးညည်းညည်း ကြားရသည်။ အို. . . ဆောင်းဥတုတစ်ခုလုံး မအေးစက်နိုင်တော့တဲ့အထိ မောပန်းသွားအောင်ကို ချစ်ခဲ့ရတာပါ။ ရှင်ဟာ ကျွန်မအတွက် နှင်းစက်တွေကြားက နွေးထွေးတဲ့ နေခြည်တန်းတစ်ခုဖြစ်တယ်။

(၃) စက်ဘီးတစ်စင်း။

ခြေနင်းခုံနှစ်ဖက်ကို တစ်လှည့်စီ အားပြုနင်းလိုက်တိုင်း ဘီးနှစ်ဘီးက တစီစီလည်ကာ အရှိန်ပြင်းပြင်း ရွေ့ရွေ့သွားနေသည်။ လေဆန်ကို တိုးနေရသောကြောင့် သူမ မျက်နှာပြင်တစ်ခုလုံး ထုံကျင်နေ၏။

သူမ ခြေထောက်အောက်မှ ကမ္ဘာမြေပြင်သည် ရွေ့လျားနေသည်။



ကမ္ဘာကြီးကို လည်ပတ်နေစေသောအရာမှာ 'အချစ်' မဟုတ်ဘူးဟု ညီသူပြောခဲ့ပါသနည်း။

●

ခရစ္စတင်းက နားမလည်နိုင်စွာဖြင့်မေးသည်။

"ငါ့ကိုလည်းပြောပြပါဦး စကားဝါရယ်. . . နင် ဘာတွေဖြစ်နေတာလဲ ညနေတိုင်း ကိုမာမွတ်ကြီးဆိုင်မှာ စီးကရက်တွေဝယ်လို့"

မှုန်စကားဝါညိုက ပခုံးကိုတစ်ချက်တွန့်ပြလိုက်ပြီး. . .

"အချစ်ကြောင့်ပေါ့ ခရစ္စတင်းရယ်"

"ဩော်. . . နင်က ကိုမာမွတ်ကြီးကိုချစ်နေတာကိုး"

ခရစ္စတင်းစကားကြောင့် မှုန်စကားဝါညိုစိတ်ညစ်သွားသည်။ အော်ငိုပစ်လိုက်ချင်လာ၏။

"မဟုတ်ဘူး ခရစ္စတင်းရဲ့၊ ကိုရည်မွန်စိုးကိုပြောတာ၊ ကို. . . ရည်. . . မွန်. . . စိုး. . . ကဲ. . . သိပြီလား"

"ဘာ. . . ဘယ်လို"

မှုန်စကားဝါညိုက အစအဆုံးပြောပြလိုက်သောအခါ ခရစ္စတင်းက အံ့အားသင့်စွာစိုက်ကြည့်ရင်း အတော်ကြာကြာနှုတ်ဆိတ်နေ၏။

တိတ်ဆိတ်ခြင်းသည် လိုအပ်သည်ထက်ပိုမိုရှည်လျားလွန်းနေလေသည်။

ကျောင်းဥယျာဉ်အတွင်းရှိ သစ်ပင်ခြုံနွယ်တို့ကို လေတိုးသံဖြင့် သစ်ရွက်ကိုင်းခက်တို့ ပွတ်တိုက်သွားသံကိုပင်ကြားရ၏။

အဖြူရောင်တွင် အစိမ်းနုနုသန်းနေသော သဲဆန်ဆန်မြေပြင်ပေါ်၌ သနပ်ခါးပွင့်ဝါဝါမှုန်မှုန်ကလေးတွေ ကြွေကျနေသည်ကိုမြင်ရ၏။

လေပြည်ထဲတွင် သနပ်ခါးရနံ့သင်းလာသည်။ ကြက်သွေးရောင်ကူးစပြုနေပြီဖြစ်သည့် အရွက်ဝိုင်းဝိုင်းကြီးရှိရာ တဒမ်ပင်အကိုင်းအခက်တစ်ခုပေါ်

www.burmeseclassic.com



နားနေသော ရင်အုပ်ဝါဝါနှင့် သပိတ်လွယ်ငှက်ကလေးကို မှုန်စကားဝါညို ငေးကြည့်နေမိ၏။

ကျောင်းဝန်းကျင်တစ်ခုလုံး ချမ်းမြငြိမ်သက်ကာ စိမ်းလန်းနေလေသည်။

နောက်ဆုံးတွင်. . . ခရစ္စတင်းက သက်ပြင်းတစ်ချက်ချရင်း ခေါင်းကို ခါရမ်းသည်။ ထို့နောက်. . .

"ငါ. . . နင့်ကို တားလည်းတားချင်တယ် စကားဝါ၊ ဒါပေမဲ့ တားလို့မရမှန်းလည်းသိနေတယ်၊ ခက်တယ်. . . စကားပါရယ်"

မှုန်စကားဝါညိုက ဘာမှုပြန်မပြော။ နှုတ်ခမ်းနှစ်လွှာကို လှပစွာစေ့ထား၏။ ခရစ္စတင်းက. . .

"နင်က လုပ်ချင်လာပြီဆိုရင် မပြောမဆိုနဲ့ တစ်ယောက်တည်းဇွတ်လုပ်ပစ်လိုက်တတ်တာမျိုးကို၊ ငါတားရင်လည်း နင်နားဝင်မှာ မဟုတ်ဘူး၊ အခု ငါ ဘာကိုသွားသတိရသလဲ သိလား. . . ငယ်ငယ်တုန်းကလေ ကျောင်းထောင့်က ဟောဟို မန်ကျည်းပင်ကြီးကိုနင်တက်တာ ငါပြန်မြင်ယောင်နေတယ်၊ အဲဒီတုန်းက ငါ့မှာ အနာရွတ်ကလေးဖြစ်သွားတာ. . . ဒီမှာကြည့်"

ခရစ္စတင်း၏ မျက်လုံးဘေးမှ လခြမ်းပုံအမာရွတ်ကလေးကို မှုန်စကားဝါညို လှမ်းကြည့်ဖြစ်သည်။ ခရစ္စတင်းက. . .

"ဒီတစ်ခါလည်း နင် ဇွတ်တရွတ်လုပ်ပြန်ပြီ။ အင်း. . . ဘယ်သူ့မှာ အမာရွတ်ရဦးမလဲ မသိဘူး၊ နင်လား? ကိုရည်မွန်စိုးလား? တစ်ယောက်ယောက်ပဲ ဖြစ်မှာနော်. . . သတိတော့ထားဦး"

ခရစ္စတင်း၏စကားကြောင့် မှုန်စကားဝါညို့စိတ်ထဲ လေးလံသွားသည်။ အပြစ်တစ်စုံတစ်ရာရှိသူတစ်ယောက်၏မိုက်မဲမှုလို နောင်တရစိတ်မျိုး ခံစားလာရလေသည်။

"ဒါဆို. . . ငါဘာလုပ်ရမှာလဲ ခရစ္စတင်း၊ နင်က ငါ့ကို နောက်ဆုတ်ဖို့ ပြောနေတာလား"

"ဟင့်အင်း. . . အဲသည်လိုမဟုတ်ဘူးစကားဝါ၊ နင့်စိတ်ချမ်းသာမှု



နင်ကိုယ်တိုင်ဖန်တီးယူခွင့်ရှိတာပဲ၊ ငါက ဘေးကနေအကြံပေးရုံပါ၊ ဘယ်လိုလဲ နင်ကကောငါတားရင် နောက်ဆုတ်မှာမို့လို့လား၊ ရိုးရိုးသားသားဖြေစမ်းပါဦး"

မှုန်စကားဝါညိုက ခေါင်းကိုဆတ်ခနဲတစ်ချက်ယိမ်းနွဲ့လိုက်ရင်း 'ခစ်' ခနဲရယ်သည်။ နောက်. . .

"အင်း. . . အရိုးသားဆုံးဖြေရမယ်ဆိုရင်တော့ နင်တားလည်းငါကတော့ နောက်ဆုတ်မှာမဟုတ်ဘူး ခရစ္စတင်းရဲ့"

"အောင်မယ်. . . ကြည့်စမ်း. . . ခွေးစုတ်မ"

ခရစ္စတင်းက ခပ်တိုးတိုးဆဲရေးလိုက်သည်။

ခါတိုင်းတွေ့မြင်နေကျလိုမျိုး သိပ်ကြောက်တတ်သော သိပ်စိတ်အားငယ်တတ်သော မှုန်စကားဝါညိုမဟုတ်တော့ပါလားဟု ခရစ္စတင်းတွေးမိပြီး ရင်ထဲမှာကျိတ်ပြုံးဖြစ်သည်။

ဟင့်အင်း. . . ဒီလိုလည်း ပြောလို့မရသေးပါဘူးလေ။

လူ၏ဇီဇထဲတွင် နှစ်ဖက်အစွန်းရှိသောသဘာဝများ ပါရှိနှင့်ပြီးသားဖြစ်သည်ဟု သူမယုံကြည်၏။ အမြဲတစေ ကြောက်ရွံ့နေတတ်သူ ဟူ၍ လည်းကောင်း၊ အမြဲတစေ ရဲရင့်နေတတ်သူဟူ၍လည်းကောင်း မရှိပါ။ လူတစ်ဦးတည်း၏ နှလုံးသားသဏ္ဍာန်ထဲတွင် ကြောက်ရွံ့ခြင်းနှင့်အတူ ရဲရင့်ခြင်းပါ တွဲလျက်သားပါရှိ၏။ စိတ်ကောင်းရှိခြင်းနှင့်အတူ ယုတ်မာခြင်း တွဲလျက်ရှိ၏၊ ရက်ရောခြင်းနှင့်အတူ တွန့်တိုနှမြောခြင်းရှိ၏။ တစ်စုံတစ်ခုသော သဘော အားနည်းပျက်ပြယ်သွားသည့်အခါ ဆန့်ကျင်ဘက်သဘောသတ္တိက အလိုလိုပေါ်လွင်ထင်ရှားလာစမြဲဖြစ်သည်။

လူအဖြစ် မိခင်ဝမ်းအတွင်း သန္ဓေတည်စအချိန်တွင် သန္ဓေသားသည် အဖိုသဘော၊ အမသဘောပေါ်လွင်ထင်ရှားခြင်းမရှိပေ။ သန္ဓေသားငယ်သည် အဖိုလည်းဖြစ်၏။ အမလည်းဖြစ်၏။ လိင်သဘာဝနှစ်မျိုးစလုံးတွဲလျက်ပါနေ၏။

သန္ဓေသားရင့်ကျက်လာသည့်ကာလတစ်ခုတွင်မှ အဖို-အမလိင်နှစ်မျိုးအနက် တစ်မျိုးက အခြားတစ်မျိုးကို လွှမ်းမိုးဝါးမျိုပစ်လိုက်သည်။ အဖို

www.burmeseclassic.com

www.burmeseclassic.com



သဘာဝ လွှမ်းမိုးထားသော သန္ဓေသားသည် ယောကျ်ားလေးအဖြစ် မွေးဖွားပြီး အမသဘာဝ လွှမ်းမိုးထားသည့် သန္ဓေသားကတော့ မိန်းကလေး အဖြစ် မွေးဖွားလာပါသည်။

ခရစ္စတင်း၏ စိတ်ထဲတွင်. . .

ဒါဆို 'ယောကျ်ား' ဆိုတာ အဖိုသဘောလွှမ်းမိုးနေတဲ့ မိန်းမကြီးတစ်ယောက်ဖြစ်ပြီး 'မိန်းမ' ဆိုတာ အမသဘောလွှမ်းမိုးနေတဲ့ ယောကျ်ားတစ်ယောက်လို့ ပြောလို့ရမယ်ထင်တယ်ဟု ကတ်သီးကတ်သပ်တွေးကြည့်နေမိသည်၊

သူမ. . . ရယ်ချင်လာ၏။

တကယ်လည်းယောကျ်ားတို့တွင် မိန်းမဆန်သော စရိုက်တချို့ ရှိပြီး မိန်းမတို့တွင် ယောကျ်ားဆန်သော စရိုက်တချို့ရှိကြလေသည်။

တကယ်တော့ အားလုံးသည် အတူတူပင်ဖြစ်၏။ ဘာများကွာခြားလို့လဲကွယ်။ ဘယ်သူကများ ပိုမြင့်မြတ်လို့လဲကွယ်။

လူပီသလျှင် လူသည်လူသာဖြစ်ပါသည်။

ကြောက်ရွံ့အားငယ်တတ်တဲ့ မှုန်စကားဝါညိုဟာလည်း ရဲရင့်ပြီး တဇွတ်ထိုးလုပ်တဲ့ မှုန်စကားဝါညိုနဲ့ တစ်ယောက်တည်းပါပဲဟု ခရစ္စတင်း တွေးနေမိ၏။

"နင် ဘာတွေတွေးပြီးတစ်ယောက်တည်း ပြုံးစေ့စေ့လုပ်နေတာလဲ ခရစ္စတင်း၊ ငါ့ကို နင့်စိတ်ထဲက ကျိတ်ပြီး လှောင်ရယ်နေတာလား"

နှစ်ယောက်သားအတူယှဉ်၍ လမ်းလျှောက်လာကြရာမှ မှုန်စကားဝါညို၏စကားကြောင့် ခရစ္စတင်းက လမ်းလျှောက်ရပ်လိုက်၏။ နောက်. . .

"မဟုတ်ပါဘူးစကားဝါရဲ့၊ နင်က နောက်မဆုတ်ဘူးလို့ချည်း ပြောပြောနေတာ၊ ငါ စဉ်းစားနေတာက လောလောဆယ်မှာ နင် ရှေ့တိုးလို့လည်း မဖြစ်ဘူးလို့"

"ဘာဖြစ်လို့ ငါက ရှေ့တိုးလို့ မဖြစ်ရမှာလဲ"

ခရစ္စတင်းက မှုန်စကားဝါညိုခြေထောက်ရှေ့ မြေပြင်ပေါ်မေးငေါ့ပြ လိုက်ပြီး. . .



"ရှေ့မှာ ခွေးချေးပုံတစ်ပုံရှိတယ်ဟ မြင်လား. . .၊ နင် ရှေ့တစ်လှမ်း တိုးရင် နင်းမိတော့မှာ"

မှုန်စကားဝါညိုက ခရစ္စတင်း၏လက်မောင်းသားကို ဆွဲဆိတ်လိုက်သည်။

"အား. . . နာတယ်ဟ၊ ခွေးကောင်မရဲ့၊ အား. . . လွှတ်တော့. . . လွှတ်တော့၊ ဒီတစ်ခါ ငါအကောင်းပြောမှာ တကယ်. . . တကယ်၊ နင့်ကို ကိုရည်မွန်စိုး စိတ်ဝင်စားလာအောင် ဘယ်လိုလုပ်ရမလဲဆိုတာ အကြံပေးမယ်၊ အား. . . နာတယ်ဟ. . . လွှတ်ပါတော့"

မှုန်စကားဝါညိုက လွှတ်ပေးလိုက်သောအခါတွင်မှ ခရစ္စတင်းက ပြောင်စပ်စပ်မျက်နှာဖြင့်. . .

"ဒီလို စကားဝါရဲ့၊ ပထမအဆင့်အနေနဲ့ နင်လုပ်ရမယ့်အလုပ်က ကိုရည်မွန်စိုးဆီသွားပြီးတော့. ."

ခရစ္စတင်း၏အကြံကို နားထောင်ရင်း မှုန်စကားဝါညို လက်ဝဲဘက် အောက်မျက်ခမ်းတွေ လှုပ်နေသည်ကို သတိထားမိလိုက်သည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၅)

နှလုံးသားဟာ. . . .

လမင်းနဲ့တူတယ်၊

တစ်ခြမ်းကို ဘယ်သူ့ကိုမှမပြဘဲ

အမှောင်ချထားတတ်တယ်. . .။



"ကျွန်မ ဂစ်တာတီးသင်ချင်တယ်၊ တစ်ယောက်တည်းသပ်သပ်သင်ပေးရမှာဆိုတော့ ပြောရမှာလည်းအားနာနေတယ်၊ ကိုရည်မွန်သင်ပေးနိုင်မလား တင်. . ."

ဟု ခပ်တိုးတိုး မဝံ့မရဲပြောသည်။

သူမအသံက ကြောင်ကလေးနေမကောင်း၍ ညည်းသည့်အသံနှင့် ခပ်ဆင်ဆင်တူ၏။

ရည်မွန်က. .

"ရပါတယ်၊ တကယ်ဝါသနာပါတယ်ဆိုရင် သင်ပေးရမှာပေါ့၊ ကိုယ်လည်းမနက်ပိုင်းတွေမှာ အားနေသားပဲ၊ နက်ဖြန်မနက် ကိုးနာရီလာခဲ့လေ"

"အိုး. . . တကယ်ပြောတာနော်၊ ဝမ်းသာလိုက်တာ"

မှုန်စကားဝါညိုက လက်ဖဝါးနှစ်ဖက်ကို ဖျတ်ခနဲယှက်လိုက်ပြီး အသံတုန်တုန်ယင်ယင်ဖြင့် အော်ဟစ်လိုက်သည်။

ကောင်မလေးမျက်ဝန်းတွေမှာ ဝမ်းသာမှုဖြင့်စိုစွတ်နေသည်ကိုမြင်ရ၏။ သစ်ရွက်စိမ်းစိမ်းတွေ မိုးရေဝသလိုမျိုးစိုစွတ်နေတာပေါ့။

ဖျော့တော့သောအလင်းဖြင့် မှုန်မှုန်ရီဝေသော နှလုံးသားမှာ လမင်း

www.burmeseclassic.com

www.burmeseclassic.com



တာစ်ခင်းလက်ပနေသည်။ နို့နှစ်ရောင်ဖြူဆွတ်ဖွေးလွသောပုလဲလည်ဆွဲကို ညဏ်ရင်ခွင်မှာဆင်ယင်ထား၏။ ဘဝဆိုတာ အလင်းလား၊ ဘဝဆိုတာ အမှောင်လား၊ တောင်စဉ်ခုနစ်ထပ်မှ စီးကျသောသီတာရေစင်ဖြင့် ပက်ဖျန်းပေးလိုပါသည်။ တွယ်ရာမဲ့သော ကလေးငယ်တို့အေးမြပျော်ရွှင်ကြစေ။

"ကျွန်မပြောမယ့်သာပြောရတယ်. . . ကိုရည်မွန်လက်ခံမယ်လို့ စိတ်ထဲက မမျှော်လင့်မိဘူး၊ ငြင်းလိုက်မယ်လို့ပဲထင်နေတာ"

"ဘာဖြစ်လို့ အဲသည်လိုထင်ရတာလဲ. . . ဂျောက်ဂျက်ရဲ့"

သူမ ခဏတွေဝေစဉ်းစားနေသည်။ မျက်ဝန်းကို မေးစက်ထားသောကြောင့် မျက်တောင်ကော့ကော့တွေ ညွတ်သွယ်ကော့နေ၏။ နောက်မှ သူမက. . .

"မပြောတတ်ဘူး၊ ကျွန်မဘဝမှာ လိုချင်တာတစ်ခါမှရဖူးတယ်လို့ မရှိတော့. . . 'ဒီတစ်ခါလည်းရမှာမဟုတ်ပါဘူး' ဆိုတဲ့ အတွေးက ဥပါဒါန်လို စွဲပြီး ခြောက်လှန့်နေတာဖြစ်မယ်"

ကြေကွဲစရာကောင်းသောစကားလုံးများကို တစ်ယောက်တည်း အိပ်မက်ထဲမှာ ရေရွတ်သလိုမျိုး အသိစိတ်မဲ့စွာပြောနေသည့် မှုန်စကားဝါညို၏ နှုတ်ခမ်းတွေ မသိမသာတုန်ခါနေလေသည်။

နှုတ်ခမ်းတွေက ပန်းနုနှင်းဆီရောင်စွတ်စွတ်စိုနေ၏။

"ကျွန်မဘဝမှာ တစ်ခါရှုံးနိမ့်တိုင်းသာ ငွေတစ်ကျပ်ရရင် အခုလောက်ဆို ကျွန်မ မီလျံနာသူဌေးဖြစ်နေပြီ"

နောက်ရွှတ်ရွှတ်လေသံဖြင့် တမင်လုပ်၍ပြောမှန်းသိသော်လည်း ရည်မွန်အလိုက်သင့်အလျားသင့် မရယ်မပြုံးမိ၊ မှုန်စကားဝါညိုကိုယ်တိုင်လည်း ကြိုးစား၍ရယ်လိုက်သည့်တိုင် ခြောက်ကပ်ကပ်အသံသာထွက်လာလေသည်။

ရည်မွန့်အတွေးတွေက သူ ငယ်စဉ်ဘဝဆီသို့ လေပြည်နှင့်အတူ တိုက်ခတ်လွင့်ပါးသွားလေသည်။

ငါ. . . ငယ်ငယ်တုန်းကကော. . .

ဟောသည်ကောင်မလေးလိုပါပဲ။ ငါ့ငယ်ဘဝမှာလည်း ရှုံးနိမ့်ခဲ့ရတာ



တွေ. . . ကြေကွဲဝမ်းနည်းရတာတွေ ရှိခဲ့တာပဲမဟုတ်လား။

ပါးပြင်ပေါ်မှ မျက်ရည်စီးကြောင်းတွေ သွေ့ခြောက်သွားသောကြောင့် အရေပြားတွင် တင်းတင်းမာမာဖြစ်နေသော ခံစားမှုကို ပြန်သတိရလာသည်။

●

ထိုစဉ်တုန်းက ရည်မွန်ဆယ်နှစ်သားသာရှိသေးသည်။ ရည်မွန့်အဖေနှင့်အမေကွဲကြသောအခါ ရည်မွန်ကမိခင်နှင့်အတူလိုက်နေ၏။ သူတို့သားအမိနှစ်ယောက်တည်းကျူးကျော်ရပ်ကွက်တစ်ခုက တဲသာသာအိမ်ကလေးတစ်လုံးတွင် ဆင်းဆင်းရဲရဲချို့ချို့ငဲ့ငဲ့နေခဲ့ကြသည်။

ထမင်းနပ်မှန်အောင် မစားနိုင်သော နေ့ရက်တွေများလာလွန်းသောအခါ ထိုဒုက္ခသည် ရည်မွန့်အတွက်ရင်းနှီးအသားကျလာပြီး ဝမ်းနည်းရကောင်းမှန်းပင်မသိတော့။

သူဝမ်းနည်းသောအတိတ်ကား. . .

●

ကြွေးရှင်များလာသောအခါတိုင်း သူ့အမေက အိမ်ထဲတွင်ပုန်းနေပြီး ရည်မွန်ကထွက်တွေ့ကာ. . .

"အမေအပြင်သွားနေတယ်"

ဟု အကြွေးရှင်များကိုလိမ်ပြောရ၏။

ကလေးတစ်ယောက်အနေဖြင့် အဲသည်လိုကြုံတွေ့ရသည့်အဖြစ်မျိုး ခံစားမှုမျိုးကို ရည်မွန်တစ်သက်လုံး မေ့ဖျောက်ပစ်ဖို့ ကြိုးစားခဲ့သော်လည်း ဘယ်လိုမှ မမေ့နိုင်တော့။

ဆယ်နှစ်သားအရွယ် ကလေးတစ်ယောက်၏ရင်ထဲတွင်. . .

'အရမ်းအောက်တန်းကျတယ်' ဟူသောခံစားမှုက အရေပြားပေါ်

www.burmeseclassic.com

www.burmeseclassic.com



ဘေးထက်ထက်ဖြင့် စာလုံးရေးထွင်းထားသလို သွေးစိမ်းရှင်ရှင်ထွက်ကာ ထင်ကျန်ခဲ့ရစ်နေ၏။ သူ. . . သိမ်ငယ်စိတ် ဝင်လာသည်။

အိမ်တံခါးရှေ့တွင်ရပ်နေသောကြွေးရှင်ကို သူက. . .

"အမေ အပြင်သွားနေတယ်"

ဟု ပြောပြီးသည်နှင့်ချက်ချင်းတတ်နိုင်သလောက် မျက်နှာလွှဲထားရန်သူ ကျင့်သားရလာခဲ့သည်။

ကြွေးရှင်တို့က သူ လိမ်ပြောနေမှန်းသိကြသည်။ ဆိုးရွားသည်က ထိုသို့ သူတို့သိနေသည်ဆိုသည်ကိုပါ ရည်မွန်ကပြန်သိနေခြင်းပင်ဖြစ်၏။

သူတို့၏မျက်ဝန်းအကြည့်များကို ရည်မွန်ရင်မဆိုင်ချင်။

●

"ကိုရည်မွန်. . . ဘာတွေစဉ်းစားနေတာလဲ"

မှုန်စကားဝါညို၏စကားသံကြောင့် သူ့အာရုံတွေပျံ့လွင့်နေရာမှ ရုတ်တရက်လန့်နိုးသလိုဖြစ်သွား၏။

"ဪ. . . ဘာရယ်မဟုတ်ပါဘူးလေ"

အဖြေကိုတိတိကျကျမပေးချင်သောကြောင့် စကားကိုရှောင်ပြောလိုက်သည်။ ဘာရယ်မဟုတ်ပါဘဲ သက်ပြင်းတစ်ချက်ချမိပြန်သည်။ မှုန်စကားဝါညို သူ့ကိုစိုက်ကြည့်နေမှန်းသိသော်လည်း မျက်ဝန်းချင်းမဆိုင်ချင်သောကြောင့် ပြတင်းပေါက်အပြင်ဘက်ဆီ ငေးနေလိုက်၏။ အတန်ကြာမှ မှုန်စကားဝါညိုက. . .

"ကျွန်မပြန်တော့မယ် ကိုရည်မွန်. . . မနက်ဖြန်မနက်ကျမှပဲ လာခဲ့တော့မယ်"

ဟု ပြောပြီးထိုင်ရာမှထသည်။ ရည်မွန်ခေါင်းညိတ်ပြလိုက်သည်။ မှုန်စကားဝါညိုက လှည့်ထွက်သွားမည့်ဟန်ပြင်ပြီးမှ ကျောပိုးအိတ်သေးသေးလေးထဲက စီးကရက်ဘူးတစ်ဘူးကိုထုတ်ပြီး စားပွဲပေါ် ချသည်။



နောက် စကားတစ်ခွန်းမှမပြောဘဲ လှည့်ထွက်သွား၏။

ကျောခိုင်းသွားနေသောသူမဆီ လှမ်းမကြည့်မိစေရန် ရည်မွန်စိတ်ကို တင်းထားလိုက်သည်။

●

"ဟေ့ကောင်. . . ရည်မွန်၊ ဘာငိုင်နေတာလဲ"

စိုးနိုင်၏အမေးစကားသံကိုကြားမှ သူ ခေါင်းမော့ကြည့်ဖြစ်သည်။ စိုးနိုင်က မှန်ပြတင်းကိုတွန်းဖွင့်ပြီး ချိတ်ချိတ်သည်။ လေနုအေးအေးက အခန်းထဲတိုးဝင်လာ၏။

စိုးနိုင်က စားပွဲပေါ်မှ စီးကရက်ဘူးကို ငုံ့ကြည့်လိုက်ပြီး. . .

"ကောင်မလေးက မင်းကို အဆုတ်ရောဂါဖြစ်ပြီးသေအောင် အလိမ္မာနဲ့ သတ်နေတာထင်ပါရဲ့"

စိုးနိုင်စကားကြောင့် ရည်မွန်ပြုံးသည်။ ထို့နောက်. . .

"ဒီဂျာက်ဂျက်မလေးနဲ့ပတ်သက်ပြီး မင်းဘယ်လိုမြင်သလဲ စိုးနိုင်"

"ဘာမြင်ရမှာလဲကွ"

"ဒီလိုလေ. . . ဟို. . . ငါ့ရင်ထဲမှာ မတင်မကျဖြစ်နေတယ်"

"မတင်လည်းမတင်ဘူး၊ မကျလည်းမကျဘူးဆိုရင်တော့ 'နင်' နေတာပဲဖြစ်မယ်၊ ရေသောက်ချလိုက်ပါလား"

ရည်မွန်က တစ်ချက်ရယ်လိုက်ပြီး. . .

"ငါ. . . ဒီကောင်မလေးကို သနားလည်းသနားတယ်၊ ဒါပေမယ့် သူ့ကို အခုလိုလိုက်လိုက်လျောလျောဆက်ဆံနေတာကျတော့ ငါ့ဘက်က မှားများမှားနေသလားလို့"

"မှားတာဘာဖြစ်လဲကွ၊ လူဆိုတာ မှားခွင့်ရှိတာပဲ၊ မင်းအနေနဲ့ တောင်တကာမှားတဲ့အမှားမျိုးဆိုရင်တော့ သတ္တိရှိရှိနဲ့သာ တာဝန်ယူပြီးမှားပစ်လိုက်၊ မတော်တဆသာမမှားစေနဲ့"

www.burmeseclassic.com

www.burmeseclassic.com



"မင်းပြောတာပြောင်းပြန်ဖြစ်နေပြီထင်တယ် စိုးနိုင်၊ မတော်တဆမှားရင် ခွင့်လွှတ်လို့ရတယ်၊ တမင်မှားရင် ပိုပြီးအပြစ်ကြီးတာမဟုတ်လား"

စိုးနိုင်ကခေါင်းကိုခါ၏။ "မင်းကလည်းကွာ. . . အပြစ်ပေါ့ဖို့အရင်စဉ်းစားနေတာကိုး၊ တာဝန်ခံဖို့အရင်စဉ်းစားပါကွ" ဟု ညည်း၏။ ထို့နောက်. . .

"ဒီမှာရည်မွန်ရဲ့. . . တမင်လုပ်တဲ့အမှားမှာ ကိုယ့်အမှားဒဏ်ကိုယ်ခံမယ်လို့ ရဲရဲပိုင်းဖြတ်ထားတဲ့လူရှိတယ်၊ အဲ. . . ဒါပေမဲ့ မတော်တဆ မှားပြီဆိုရင်တော့ ဘယ်သူမှတာဝန်မယူချင်ကြဘူးကွ"

ရည်မွန်ကခေါင်းလည်းမညိတ်၊ ခေါင်းလည်းမခါ၊ စိုးနိုင်ကသူ့ကို အတန်ကြာအောင် အကဲခတ်ကြည့်နေသည်။

နောက်မှပြုံးစေ့စေ့ဖြင့်. . .

"မင်းကိုငါ မတော်တဆအမှားတစ်ခုအကြောင်းပြောပြမယ် သိလား၊ ဒီလိုကွာ. . . ငါ လူဝင်မှုကြီးကြပ်ရေးမှာ လုပ်အားပေးဝင်လုပ်တော့ မှတ်ပုံတင်ကတ်ပြားမှာ ပုံစံတွေ ဖြည့်ရေးပေးရတယ်. . .

အဲဒါ. . . လူတစ်ယောက်ကွာ၊ အဲဒီလူက 'ကိုယ်တွင် ထင်ရှားသော အမှတ်အသား' ဆိုတဲ့ နေရာမှာ နဖူးပေါ်တွင် ရွှေးစေ့ခန့်မှဲ့ရှိလို့ ရေးထားတာကို ငါ့လက်ရေးနဲ့ ပြန်ကူးတဲ့အခါကျတော့ 'ရွှေးစေ့'ဆိုတဲ့ စာလုံးမှာ ငါက 'ရကောက်'ရဲ့ အမြီးကို အောက်ရှည်ရှည်မဆွဲချမိဘူး၊ တို့သွားတော့ 'ရကောက်'နဲ့ မတူဘဲ 'ဂငယ်'နဲ့ တူသွားတယ်. . . ဒီတော့ 'နဖူးပေါ်တွင် ရွှေးစေ့' ကနေ 'နဖူးပေါ်တွင် . . .'အဲ. . . အဲဒီလို ဖြစ်သွားတော့တာပဲ၊ ဟိုလူခမျာတော့ လူရှေ့သူရှေ့မှာ ကိုယ့်မှတ်ပုံတင် ကိုယ်ထုတ်မပြဝံ့တဲ့ ဘဝရောက်ရော"

စိုးနိုင်ပြောပြသော ဥပမာကြောင့် ရည်မွန် ကျိတ်ပြီး ရယ်မိသည်။ စိုးနိုင်က. . .

"မင်း. . . သိလား၊ အဲဒီလို မတော်တဆမှားတဲ့အမှားအတွက် ကာယကံရှင်က ဘယ်သူ့ကိုအပြစ်တင်ရမလဲ၊ ဘယ်သူ့ကို တာဝန်ယူခိုင်းရမလဲ၊ မခက်ဘူးလား"

"အခုကိစ္စကျတော့ကော. . ."



"ငါအထင်တော့. . . မင်း. . . အင်းလေ. . . မှုန်စကားဝါညိုနဲ့ ပတ်သက်လာလို့ မှားရမယ်ဆိုရင်လည်း တမင်သာ မှားလိုက်ပါတော့ကွာ"

"ဟာ. . . မဖြစ်ဘူးထင်တယ် စိုးနိုင်၊ ဒီကောင်မလေးက. . . ဘာ. . . ခက်ပါတယ်ကွာ၊ ငါ စောစောစီးစီး နောက်ဆုတ်မှပါ"

ခါးခါးသီးသီး ငြင်းဆန်နေသော ရည်မွန့်ကို ကြည့်ပြီး စိုးနိုင် အံ့သြနေသည်။

"ဘယ်လိုဖြစ်ရတာလဲကွ. . . မင်းလေသံက ကောင်မလေးက ဘာချွတ်ယွင်းချက်ရှိလို့လဲ"

"သူက. . . အင်း. . . တစ်မျိုးပေါ့ကွာ. . . ဘယ်လိုပြောရမလဲ။ ဒီကောင်မလေးက. . . ဟိုဒင်း. . . အရမ်းပျော့ညံ့လွန်းတယ်ကွ"

"ဘာ. . . ဘာဖြစ်လို့ အဲဒီလိုကောက်ချက်ချရတာလဲ ရည်မွန်"

ရည်မွန် ဘာမှပြန်မဖြေ။ နှုတ်ဆိတ်နေ၏။ စိုးနိုင်က မျက်မှောင်ကုတ်လျက် ရည်မွန့်မျက်နှာပေါ်မှ ခံစားချက်ကို စေ့စေ့စပ်စပ်အကဲခတ်နေ၏။ နှစ်ယောက်သားတိတ်ဆိတ်နေဖြစ်ကြသည်။

"ငါ နားလည်ပြီ ရည်မွန်၊ ငါ မင်းရဲ့ စိတ်ကို နားလည်ပြီထင်တာပဲ"

"ဘယ်လို. . . စိုးနိုင်"

"မင်းစိတ်ထဲမှာ မှုန်စကားဝါညိုကို. . . ဟို'ဇူဇူး' ဆိုတဲ့ မိန်းမ နဲ့ နှိုင်းယှဉ်ကြည့်နေတာမဟုတ်လား"

ထိုစကားတစ်ခွန်းတည်းနှင့်ပင် အရာရာသည် အနွေးဓာတ်နှင့် အလင်းရောင်တို့ ပြုန်းခနဲ ကွဲအက်ပျောက်ကွယ်ကာ မှောင်မိုက်သွားလေသည်။

ဇူဇူး. . .

ဇူဇူး. . .

ဘုရားရေ. . . ဒီနာမည်ကို နောက်ထပ်မကြားရပါစေနဲ့တော့။

ရည်မွန် သူ့မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ရင်း အလိုလိုခေါင်းငုံ့သွားမိသည်။

တကယ်ပဲလား. . . အဲဒီမိန်းမကို ငါ သတိရတုန်းဆိုတာ တကယ်ပဲ

www.burmeseclassic.com

www.burmeseclassic.com

လား၊ ရည်မွန်. . . သူကိုယ့်သူပင် နားမလည်ချင်။

"ငါပြောတာ ဟုတ်လား. . . ရည်မွန်"

"ဟုတ်တယ်. . . စိုးနိုင်၊ ဇူဇူးနဲ့ ယှဉ်လိုက်ရင်တော့ အသက်အရွယ် အရကော ရင့်ကျက်မှုအရကော စိတ်ဓာတ်ခိုင်မာမှုအရပါ မှန်စကားဝါညိုဟာ အများကြီး အားနည်းသေးတယ်"

"အဲဒါ. . . မင်း မှားတာပေါ့ ရည်မွန်၊ လူတစ်ယောက်ကို တခြားလူ တစ်ယောက်မှာရှိတဲ့ အရည်အချင်းတွေနဲ့ သွားနှိုင်းယှဉ်ပြီး ဆုံးဖြတ်တာလောက် လွဲချော်တာ မရှိဘူး၊ ဘာမှမဆိုင်ဘူးကွ၊ ဇူဇူးဟာ. . . ဇူဇူးပဲ၊ မှန်စကားဝါညိုဟာ မှန်စကားဝါညိုပဲ၊ လူနှစ်ယောက်ဟာ ကိန်းဂဏန်းတွေမှ မဟုတ်တာ. . . အဲဒီလို နှိုင်းယှဉ်ကြည့်လို့မရဘူးကွ"

စိုးနိုင်က စကားအဆုံးတွင် ပင့်သက်ကို ရှိုက်သည်။ ရည်မွန်ဘာများ တုန့်ပြန်မလဲ. . . ဟု စောင့်ကြည့်အကဲခတ်သည်။

ရည်မွန်နှုတ်က စကားတစ်လုံးမှ မထွက်။ ပကတိ တိတ်ဆိတ်နေ၏။

စိုးနိုင်က ရည်မွန့်ကို ကရုဏာသက်စွာ စိုက်ကြည့်ပြီး ခပ်တိုးတိုးပြော သည်။

"တကယ်တော့ မင်းစိတ်ထဲမှာ ဇူဇူးကို စွဲလမ်းတဲ့ အမှတ်သညာတွေ ကျန်ရစ်နေတုန်းပါပဲလား ရည်မွန်"

အချို့ကိစ္စများသည် မှန်လွန်းနေသောအခါ ဝန်ခံစရာမလိုပါ။

နေသည် အရှေ့အရပ်မှထွက်ကြောင်း တစ်စုံတစ်ယောက်က ဖြောင့် ဆိုဝန်ခံချက်ပေးစရာမလို။ တြိဂံတစ်ခု၏ အတွင်းထောင့် သုံးခုပေါင်းခြင်းသည် ၁၈၀ ဒီဂရီ ဖြစ်ကြောင်း တစ်စုံတစ်ယောက်က ဝန်ခံစရာမလို။ အလင်းသည် သိပ်သည်းဆနည်းသော နယ်ပယ်သို့ တိုးထွက်သောအခါ အပြင်သို့ ယိုင်သွား ကြောင်းကိုလည်း တစ်စုံတစ်ယောက်က ဝန်ခံစရာမလိုပါ။

သူ့စိတ်အလင်းသည် နှလုံးအိမ်ထဲမှ တိုးထွက်လာ၏။ သိပ်သည်း ဆနည်းသော ကြားခံနယ်ထဲသို့ ရောက်သောအခါ 'အတိတ်'ဆီသို့ ယိုင်သွား၏။

ရည်မွန် ဖြောင့်ဆိုဝန်ခံချက်ပေးမနေတော့။



အချို့ကိစ္စများသည် မှန်လွန်းသောအခါ ဝန်ခံချက်ပေးစရာမလိုတော့ ပါ။

. . .

သတိရလိုက်တာ ဇူဇူးရယ်။

❑

www.burmeseclassic.com

www.burmeseclassic.com



## အတိတ်တစ်စုံတစ်ရာ

ထိုညသည် ကြယ်နက္ခတ်တွေစုံသော ညတစ်ညလည်းဖြစ်ခဲ့သည်။ ကန်ရေပြင်အစပ်တွင် တည်ထားသော Restaurant တစ်ခုလုံး ရွှန်းရွှန်းလက်နေအောင် လင်းပသည့် အလှဆင်မီးလုံးရောင်စုံများ၊ စားသောက်သူတို့၏ စကားပြောသံ ရယ်မောသံများ၊ Restaurant စင်တင်တေးဂီတဝိုင်းမှ သီချင်းသံများဖြင့် စိုပြည်ချမ်းမြေ့နေသည့် ညတစ်ညလည်း ဖြစ်ခဲ့သည်။

သူနှင့်ဇူဇူးတို့ ဆုံစည်းခဲ့သည့် 'မတော်တဆ သံယောဇဉ်ည'လည်း ဖြစ်ခဲ့လေသည်။

●

ကန်ရေပြင်ပေါ်သို့ လရောင်နှင့် ရောင်စုံမီးရောင်တို့ တဖျတ်ဖျတ်ကြွေခနေ၏။ စင်တင်တေးဂီတဝိုင်းမှ သီချင်းသံဖြင့် အလင်းတို့လှုပ်ခတ်ကခုန်နေသည်ဟုပင် အောက်မေ့ချင်စရာကောင်းသည်။

စားတော်ဆက် (Restaurant) တည်ရာ ရေပြင်ကန်သာကို ဝန်းရံဖွဲ့ထားသည့် ပန်းခြံ၏အလွန် ကားလမ်းမဆီမှ ကားသံစက်သံတို့ကို ရံဖန်ရံခါ



သဲ့ကြားရသည်။ အပြင်အပတွင် တိတ်ဆိတ်မှောင်မိုက်နေ၏။

စိမ်းလဲ့ကန် အပန်းဖြေဥယျာဉ်စားတော်ဆက် ( Restaurant ) ၏ စင်တင်တေးဂီတဝိုင်းသည် ရည်မွန်နှင့်သူငယ်ချင်းများဖွဲ့ထားသော ကိုယ်ပိုင်တီး ဖြစ်သည်။ ခါတိုင်းညများတွင် ရည်မွန်ကအစအဆုံး တာဝန်ယူတီးခတ် သော်လည်း အဲသည်ညတွင်တော့ စိတ်တွေနောက်ကျိရှုပ်ထွေးသလိုလို ခံစား ရသောကြောင့် သူ့နေရာတွင် နယ်မှခဏရောက်နေသူ စိုးနိုင်ကို လူစားသွင်း ခဲ့ပြီး စင်ပေါ်မှခဏဆင်းလာခဲ့သည်။

ဦးခေါင်းကြည်လင်သွားစေရန်ဟူသော ရည်ရွယ်ချက်ဖြင့် စားတော် ဆက်ရှေ့မှ ပန်းခြံအဝင်အထိ ကွေ့ပတ်ဖောက်ထားသောလမ်းကလေးအတိုင်း တိုသည်သည်လျှောက်သည်။ ပန်းခြံတွေ. . . သစ်ပင်တွေအနားရပ်ကာ ဒေး သည်။ အိတ်ထဲမှ စီးကရက်ထုတ်ကာသောက်သည်။

နောက်. . . တစ်လှမ်းချင်းဖြည်းဖြည်းလျှောက်ရင်း စားသောက်သူတို့ ကိုယ်ပိုင်ကားများရပ်နားထားရာ မြေကွက်လပ်ဆီရောက်လာသည်။

သူမက စားတော်ဆက်အထွက် မှန်တံခါးကို ခပ်ကြမ်းကြမ်းတွန်းဖွင့် ထွက်ခဲ့ပြီး သူမ၏ကိုယ်ပိုင်ကားရှိရာဆီ ခြေလှမ်းကြဲကြဲလျှောက်လာသည်။

မိန်းမတစ်ယောက်ခြေလှမ်းကြဲကြဲလျှောက်သည်ကို အင်မတန်စိတ် ဝင်စားဖွယ်ရာကောင်းလောက်အောင် လှပစွာမြင်တွေ့ရခြင်းဖြစ်သည်ဟု ရည်မွန် ဂရုပြုမိ၏။

သူမက မော်ဆရာမတစ်ယောက်လို အနီရောင်ရဲရဲအောက်ခံတီရှပ် ပေါ်တွင် မိန်းမဝတ် အနက်ရောင်ကုတ်အင်္ကျီနှင့်ဘောင်းဘီရှည်ပွပွတို့ကို ဝတ်ဆင်ထား၏။ ဆံပင်ကို ရွှေရောင်ပါးပါးဆိုးထားရာ မီးအလင်းတို့ တဖျတ် ဖျတ်ဟပ်သောအခါ မီးတောက်မီးလျှံတစ်ခု ဟုန်းဟုန်းတောက်လောင်နေပုံမျိုး လက်လက်ထနေ၏။

ဖြူစင်သွယ်နွဲ့သော လည်တိုင်တွင်အနက်ရောင်ကတ္တီပါလည်စည်း ချည်နှောင်ထားပြီး အလယ်တွင်စိန်ပွင့်သေးသေးကလေးတစ်လုံး မြုပ်ထားသော ကြောင့် သူမ၏အလှက အနှောက်တိုင်းဆန်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမက ကားတံခါးကိုသော့ဖွင့်နေခိုက်မှာပင် နောက်မှ နားရွက်ဖျားတွင် နားကွင်းနှစ်ဖက်တပ်ထားသည့် လူငယ်တစ်ယောက်က ဆိုင်ထဲက ကမန်းကတန်းပြေးထွက်လိုက်လာပြီး. . .

"ဇူဇူး. . . ခဏလေးပါကွာ၊ ကိုယ်ပြောနေ. . ."

"ဆောရီးပဲ ဝဏ္ဏ၊ နင်ပြောတဲ့စကားကိုနားထောင်စရာ ငါ့မှာဘာအကြောင်းမှ မရှိတော့ဘူး၊ ငါသွားမယ်"

ဝဏ္ဏဟုအခေါ်ခံရသော လူငယ်က သူမနှင့်ကားကြားတွင် ကန့်လန့်ပိတ်ရပ်လိုက်ပြီး. . .

"ဟင့်အင်း. . ကိုယ့်ကို ဒီလိုလုပ်သွားလို့ မရဘူး၊ မင်းကိုယ့်ကို ချစ်ကိုချစ်ရမယ်၊ တစ်ချိန်လုံးကိုယ့်ကို လိုက်လိုက်လျှောလျှောဆက်ဆံရေးတွေနဲ့ မျှော်လင့်ချက်တွေပေးပြီး မျှားခေါ်ခဲ့တာမင်းပဲ. . . ဇူဇူ"

"အလို. . . ဘုရားသခင်၊ မိန်းကလေးတစ်ယောက်က နင်နဲ့မိတ်ဆွေဖြစ်လိုက်တာနဲ့တင် အဲဒီမိန်းကလေးက နင့်ကိုချစ်နေပြီလို့အပိုင်ယူဆလိုက်တာလား၊ ချင့်ချင့်ချိန်ချိန်လည်း တွေးဦးမှာပေါ့ ဝဏ္ဏရယ်. . . လောကကြီးမှာ ယောကျာ်းနဲ့မိန်းမ သတ္တဝါနှစ်မျိုးရှိတာ ဒီနှစ်မျိုးဟာ သူငယ်ချင်း မဖြစ်ရတော့ဘူးလား၊ ဖြူဖြူစင်စင်ပေါင်းလို့သင်းလို့ရတဲ့ မိန်းကလေးတွေရှိသေးတယ်ဆိုတာ နင်စဉ်းစားပါဦး၊ အဲဒီလိုမှ စဉ်းစားလို့မရဘူးဆိုရင်တော့ နင်ကိုယ်တိုင်က ဘယ်မိန်းကလေးကိုမှ ဖြူဖြူစင်စင်မပေါင်းသင်းခဲ့ဖူးလို့ ဖြစ်မယ်၊ ဒါဆိုရင်တော့. . . ဘဝမှာ. . . နင့်အတွက် ဝမ်းနည်းစရာကြီးပဲဝဏ္ဏ. . . သိလား"

သူမစကားပြောသည့်အသံက ခပ်သြသြရှိသဲ့သဲ့လှောင်ပြောင်သရော်သံပါနေသည်။

ဝဏ္ဏဆိုသည့်လူငယ်က ရှက်ရှက်ဖြင့် ဒေါသထွက်သွားပြီး. . .

"မင်း. . . ကိုယ့်ကို ဒီလိုလွယ်လွယ်နဲ့ကြောလို့ရမယ်ထင်သလား ဇူဇူ လာ. . . ကိုယ်နဲ့လိုက်ခဲ့စမ်းပါ၊ မင်းကို ကိုယ်ပြောစရာတွေအများကြီးရှိသေးတယ်"

ပြောပြောဆိုဆိုနှင့် ဝဏ္ဏက သူမ၏လက်ကိုဖမ်းဆုပ်ကိုင်ကာ ခပ်တင်း



တင်း ဆွဲခေါ်သည်။ သူမက အေးတိအေးစက်လေသံဖြင့်. . .

"နင် ငါ့လက်ကို အခုလွှတ်လိုက်စမ်း ဝဏ္ဏ"

ရည်မွန်က ထိုမြင်ကွင်းကိုဘေးမှ အနီးကပ်ရပ်ကြည့်ရင်း စီးကရက်ကိုဖြည်းညှင်းစွာ တစ်ဖွာဖွာလိုက်သည်။ ကောင်မလေးဘာလုပ်မလဲ. . .။

"ငါ့လက်ကိုလွှတ်လို့ ပြောနေတယ်နော်"

"မလွှတ်ဘူးကွာ. . . ကဲ"

ကောင်မလေးအနေဖြင့် လွှတ်နေသည့်လက်ဖြင့် ဝဏ္ဏပါးကိုရိုက်လျှင်ရိုက် သို့မဟုတ် ဘေးမှအေးအေးဆေးဆေးလက်ပိုက်ကြည့်နေသည့်သူ့ကို အကူအညီတောင်းလျှင်တောင်း၊ ဒါပဲ လုပ်စရာရှိသည်ဟု ရည်မွန်တွေးလိုက်မိ၏။

သို့သော် သူ့အတွေးနှစ်ခုစလုံးမှားသွားသည်။

ဇူဇူးကလက်ကို နောက်ပြန်ဆောင့်ရုန်းရမည့်အစား ရုတ်တရက်ရှေ့တစ်လှမ်းတိုးပြီး လူချင်းပူး၍တွန်းလိုက်သည်။ ဝဏ္ဏခန္ဓာကိုယ်နောက်သို့ယိုင်သွား၏၊ ဇူဇူးက ဝဏ္ဏ၏ခြေဖျားကိုဖိနပ်ခွာဖြင့် ဆောင့်နင်းသည်။ ဝဏ္ဏက နာကျင်မှုဖြင့်ယောင်ပြီးလက်ကိုအလွှတ် ဇူဇူး၏လက်ဝါးစောင်းကဖျတ်ခနဲ ဝဏ္ဏ၏မေးရိုးကို အရှိန်ပြင်းပြင်းဝင်သွား၏။

"အား. . ."

သူမ၏ခန္ဓာကိုယ် ရိပ်ခနဲခွေ့ပျောင်းသွားသည်။ ခါးတစ်ပတ်လှည့်ကာ တစ်ကိုယ်လုံးအားဖြင့် ခြေစောင်းကန်လိုက်၏။ ဝဏ္ဏ၏ပခုံးညှပ်ရိုးကို တည့်တည့်ထိ၏။ ဖျောက်ခနဲ အရိုးကျိုးသံပင်ကြားလိုက်ရသည်ဟုထင်ရ၏။

သိပ်လှပတဲ့ကရာတေးကွက်ပဲ. . . ဟု ရည်မွန် စိတ်ထဲမှ ကြိတ်ပြီး ချီးကျူးလိုက်သည်။ သူ့စိတ်ကူးထဲတွင် ထိုမိန်းမကိုရုံသွင်းပြစားချင်စိတ်ပေါ်လာ၏။

မြေပြင်ပေါ်တွင် ခွေခွေကလေးလဲကျပြီး ညည်းညူနေသည့်ဝဏ္ဏကို ထိုမိန်းမက ငဲ့စောင်း၍ပင်မကြည့်။ သူမ၏ ကားတံခါးကိုသော့ဖွင့်သည်။

ကားထဲဝင်တော့မည့်ဆဲဆဲတွင် အေးအေးဆေးဆေး စီးကရက်ဖွာရင်း

www.burmeseclassic.com

www.burmeseclassic.com



ရပ်ကြည့်နေသည့် ရည်မွန်ကို သူမ သတိပြုမိသွား၏။ ဆတ်ခနဲဦးခေါင်းလှည့်ရင်းလေသံမာမာဖြင့်. .

"ရှင်က ဘာသဘောနဲ့ရပ်ကြည့်နေရတာလဲ"

ရည်မွန်က ဂရုမစိုက်ဟန်ဖြင့် ပခုံးကိုတစ်ချက်တွန့်လိုက်သည်။ နောက်. . . စကားကိုတစ်လုံးချင်းပြော၏။

"ဘာသဘောလဲဆိုတော့ 'သဘော' ဆိုတာ အင်္ဂလိပ်ဝေါဟာရနဲ့ 'TRAIT' လို့ခေါ်တယ်၊ လူ့ရဲ့သဘာဝတစ်မျိုးပေါ့ကွာ၊ လူ့သဘာဝဆိုတော့ ထုံးစံအတိုင်း 'ငါမှငါ'ဆိုပြီး အပေါ်ကိုထောင်တက်နေစမြဲပေါ့. . .

အဲ. . . ဒါပေမဲ့ လူဟာသူလေးစားတဲ့၊ နှစ်သက်တဲ့သက်ရှိသက်မဲ့ အရာတစ်ခုခုကို တွေ့တဲ့အခါကျတော့ စောစောကအပေါ်ကိုထောင်နေတဲ့ 'သဘော' ကြီးဟာ အဲဒီလေးစားစရာနှစ်သက်စရာရဲ့ခြေရင်းမှာ ဝပ်စင်းဖို့မြေပြင်ကိုပြန်ကျသွားတယ်။

အဲဒါကို 'သဘောကျတယ်' လို့ခေါ်တာပါပဲ"

ရည်မွန်စကားအဆုံးတွင် သူမက အသံသြသြဖြင့် ခစ်ကနဲတစ်ချက်ရယ်သည်။ ရည်မွန်က. . .

"ဘာရယ်တာလဲ၊ ဧကန္တ မင်းလည်း'သဘောကျ'သွားပြီထင်တယ်"

"အို. . ."

"ဘာပဲဖြစ်ဖြစ်လေ၊ ကိုယ်ကမင်းကိုသဘောကျတယ်ဆိုတော့ မင်းရဲ့ခြေရင်းမှာ ကိုယ့် 'TRAIT' က ဝပ်ဆင်းသွားတာပေ့ါ၊ အခု မင်းကတစ်ခါပြန်ပြီးသဘောကျတယ်ဆိုရင် တို့နှစ်ယောက်သရေပဲ"

"ရှင် တော်တော်စကားပြောတတ်တဲ့လူပဲ၊ ဒါနဲ့နေပါဦး. . . ရှင်က ဘီးဝိုင်းမှာဂစ်တာတီးတဲ့သူ မဟုတ်လား၊ ဆိုင်ထဲမှာတုန်းက ကျွန်မရှင့်ကို သတိထားလိုက်မိသလိုပဲ"

"ဟုတ်ပါတယ်၊ ကိုယ့်နာမည်က ရည်မွန်စိုးပါ"

ရည်မွန်ကမိတ်ဆက်ပြီး လက်ဆွဲနှုတ်ဆက်ရန်သူ့ညာလက်ကို ကမ်းပေးလိုက်သည်။ ဇူဇူက ခဏမျှတွေဝေတုံ့ဆိုင်းနေ၏။ နောက်မှ. . . လက်တစ်ဖက် တုံ့ပြန်ကမ်းလာ၏။



ရည်မွန်က. . .

မနက်ဖြန်ည. . . ဒီဆိုင်ကိုလာဦးမှာလား၊ ကိုယ်. . . မင်းအတွက်သီချင်းတစ်ပုဒ်ဆိုပြချင်လို့ပါ"

"ဘာသီချင်းလဲ"

"စုန်းမ"

●

သတိရလိုက်တာ. . . ဇူဇူရယ်။

ရည်မွန်တီးတိုးရေရွတ်မိပြန်သည်။ သူမကို မေ့ပစ်ဖို့ကြိုးစားနေသည့်တိုင် အတိတ်က ဘာကြောင့်သူ့အပေါ် အခုထိ အနိုင်ယူနေရသလဲ။

အတိတ်ဆိုသည်မှာ

လွမ်းတတ်သူအတွက်

ဒဏ်ရာပြတိုက်တစ်ခုသာဖြစ်ပါသည်။

ရည်မွန်ဂီတာကို ကောက်ကိုင်မိသည်။

မင်း နှုတ် ခမ်း များ လွင့် လာ မှာ ကြောက် တယ် ကွယ် အ ချစ်ရေ

စုန်း မ စုန်း မ

စားပွဲပေါ်တွင် မှုန်စကားဝါညိုပေးသွားသော စီးကရက်ဘူးရှိသည်။ ဆောင်းဦးညမြောက်ပြန်လေထဲတွင် သီချင်းသံက တီးတိုးလွင့်ပျံနေ၏။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

မီးသတ်သမားတို့ရေ. . .၊
မင်းတို့ရဲ့ဘွတ်ဖိနပ်ကြမ်းကြီးတွေကို
သတိထားကြ။
မီးလောင်ခံထားရတဲ့ နှလုံးသားဆိုတာ
တယုတယကိုင်တွယ်မှုရတာမျိုး
(မာယာကော့ဗ်စကီး)

Look out with Your boots, Messrs.Fire men,
hearts on fire should be handled with caresses !
(MAYAKOVSKY)



ရည်မွန်၏အပြုအမူကြောင့် မှုန်စကားဝါညိုအနည်းငယ်အံ့ဩသွားသည်။ စိတ်လည်းတိုသွား၏။

သူမစိတ်အထင်က ဂီတာတီးသင်လျှင် ကိုရည်မွန့်ဂစ်တာနှင့်ပင် သူမကိုတီးခိုင်းလိမ့်မည်ဟု ခပ်ပေါ့ပေါ့ပင်မျှော်လင့်ထားခဲ့၏။ သို့သော်. . ရည်မွန်တတော့ မှုန်စကားဝါညို့ထံတွင် ဂစ်တာပါမလာသည်ကိုတွေ့သောအခါ. . .

"အဲ. . . အဲဒါမှခက်တာပဲ ဂျော့က်ဂျက်ရာ၊ ကိုယ်ကလည်း သေသေချာချာ မမှာလိုက်မိဘူး၊ မင်း ကိုယ်ပိုင်ဂစ်တာပဲယူလာလိမ့်မယ်ထင်ထားတာ"

"ဟင်. . . ကိုရည်မွန့်ဂစ်တာရှိသားပဲဟာ၊ ဒီနေ့တော့ ဒီဂစ်တာကိုပဲ ကျွန်မယူတီးမှာပေါ့၊ မနက်ဖြန်ကျမှ ကျွန်မဂစ်တာ. . ."

ရည်မွန်က စကားဆုံးအောင်မစောင့်။ ခေါင်းခါပြလိုက်ပြီး. . .

"ကိုယ်ကကိုယ့်ဂီတာကို ဘယ်သူ့မှပေးမကိုင်ဘူးကွ၊ သွား. . . စိုးနိုင်ဂစ်တာကိုသွားယူ"

အမယ်လေး. . . အဖြစ်သည်းနေလိုက်တာ. . . ဟု မှုန်စကားဝါညိုစိတ်ထဲတွေးလိုက်၏။ မျက်စောင်းတစ်ချက်ဆောင့်ဆောင့်အောင့်အောင့်ထိုးလိုက်သည်။ ရည်မွန်ကတော့မသိ။ ခေါင်းငုံ့ကာကြိုးများကိုသာ အာသံစမ်းနေ၏။

www.burmeseclassic.com

www.burmeseclassic.com



မှုန်စကားဝါညို နှုတ်ခမ်းကိုဖိကိုက်မိသည်။ ရင်ထဲတွင် မခံချိမခံသာ မာနတစ်မျိုးဖြင့် အသည်းတယားယားဖြစ်လာ၏။ ဟင်း. . . ဒင်းခေါင်းကို အဲဒီ ဂစ်တာကြီးနဲ့ ရိုက်ခွဲပစ်လိုက်ရင်ကောင်းမယ်။

"သွားလေ စိုးနိုင်ဆီကဂစ်တာသွားယူပါဆို"

ရည်မွန်ကမော့ကြည့်ရင်း ထပ်ပြောလိုက်သောကြောင့် မှုန်စကားဝါညို နှုတ်ခမ်းစူကာ ခြေဆောင့်ရင်းမီးဖိုချောင်ထဲဝင်သွား၏။

ရည်မွန်က သူမနောက်ကျောဆီငေးကြည့်ရင်း တစ်ချက်ခိုးခိုးဝှက်ဝှက် ပြုံးလိုက်သည်။ အင်း. . . နှုတ်ခမ်းလေးစူထားတော့လည်း ဒီကောင်မလေးဟာ ဝက်ပေါက်လေးတစ်ကောင်နဲ့တူနေပြန်ရော. . . ဟု တွေးလိုက်၏။

အင်း. . . ခက်တော့နေပြီထင်ပါရဲ့၊ ငါ့ရဲ့ဝက်မကလေးရယ်။

●

မီးဖိုဆောင်ထဲထိ ခြေဖနောင့်ကို တဒုန်းဒုန်းဆောင့်နင်းရင်းဝင်လာသော မှုန်စကားဝါညိုကို စိုးနိုင်ကလှည့်ကြည့်လိုက်ပြီး. . .

"ဟဲ့. . . ဂျောက်ဂျက်၊ ဘာဖြစ်တာလဲ"

"ဦးစိုး. . . ဦးစိုး. . . ဂစ်တာခဏပေးလိုက်ပါတဲ့၊ ကိုရည်မွန်က . . . တကတည်းဖြစ်နေလိုက်တာ. . .၊ သူ့ဂစ်တာကို ပေးမကိုင်ချင်ရလောက် အောင် ကျွန်မကနူနေလို့လား"

"ဟဲ့. . . မဟုတ်ဘူး ဂျောက်ဂျက်ရဲ့၊ နင့်ကိုမှ ပေးမကိုင်တာမဟုတ် ဘူး၊ ငါ့ကိုတောင် 'မကိုင်ပါနဲ့'လို့ မှာထားတာ"

စိုးနိုင်စကားကြောင့် မှုန်စကားဝါညိုစိတ်ဝင်စားသွား၏။

"ဟင်! ဘာဖြစ်လို့ ကိုရည်မွန်က သူ့ဂစ်တာကို သူများကိုင်တာ မကြိုက်ရတာလဲဟင်"

"ဒါတော့ ငါလည်းဘယ်သိပါ့မလဲ. . . ဂျောက်ဂျက်ရဲ့၊ သူ့ကိုယ်ရေး ကိုယ်တာလျှို့ဝှက်ချက်ဖြစ်မှာပေါ့၊ ဒါမှမဟုတ် သူမှာလူမသိစေချင်တဲ့ ခံစားမှု



တစ်ခုခုရှိလို့ဖြစ်မှာပေါ့"

"ဦးစိုးတို့က သူငယ်ချင်းအချင်းချင်းတွေပဲ၊ မေးမကြည့်ဘူးလား"

"ဟာ. . . မေးလို့ဘယ်ကောင်းမှာလဲ၊ ဒီကိစ္စမျိုးက ဘာနဲ့တူလဲ သိလား"

"ဘာနဲ့တူသလဲဟင်"

"လိပ်ခေါင်းရောဂါနဲ့တူတယ်ကွ၊ သူများကိုလည်း မပြချင်ဘူး၊ ကိုယ့် ဟာသာကိုယ်လည်း ကုမရဘူး"

စိုးနိုင်စကားကြောင့် မှုန်စကားဝါညိုရယ်လိုက်မိ၏။ ရယ်လိုက်ရသော ကြောင့် အနည်းငယ်စိတ်ပေါ့ပါးသွားသလို ခံစားရလေသည်။ စိုးနိုင်က. . .

"သူ့မှာလည်း သူ့အကြောင်းနဲ့သူရှိမှာပေါ့ကွာ. . . သူ့ဂစ်တာကို မကိုင် စေချင်ရင် မကိုင်ဘဲနေလိုက်ရုံပေါ့ ဂျောက်ဂျက်ရဲ့၊ ဒါ. . . စိတ်ဆိုးစရာလား သည်းခံလိုက်ပေါ့ညီမရယ်"

စိုးနိုင်က ဖျောင်းဖျောင်းဖျဖျပြောသောကြောင့် မှုန်စကားဝါညိုစိတ်ဆိုး ပြေသွားသည်။ ပင့်သက်တစ်ချက်ရှိုက်ရင်း. . .

"အင်းလေ. . . သည်းခံရမှာပေါ့နော်၊ လူတစ်ကိုယ်စိတ်တစ်မျိုးပဲလေ"

"အမယ်. . . ဂျောက်ဂျက်ကဘယ်ဆိုးလို့လဲ၊ သည်းခံခွင့်လွှတ်နိုင်တာ နည်းတဲ့ပါရမီမဟုတ်ဘူး၊ ဆဒ္ဒန်ဆင်မင်းလို ခန္တီပါရမီမျိုးကွ၊ မယုံရင် ညည်း ချက်ကို မြားနဲ့အပစ်ခံကြည့်ပါလား"

မှုန်စကားဝါညို ရယ်မောရင်းစိတ်ဆိုးပြေသွားသည်။ ဟုတ်တာပေါ့ . . . 'သူ့' ကိုခွင့်လွှတ်ရမှာပေါ့။

**'ယောက်ျားဆိုတာ ကမ္ဘာကြီးတစ်ခုလုံးရဲ့အကြောင်းကိုသာ သိချင် သိမယ်၊ အချစ်ရဲ့အကြောင်းကိုတော့ တစ်ဝက်လောက်တောင် မသိဘူး'**

ဟူသော ဆိုရိုးစကားတစ်ခုကို သူမ သတိရလိုက်မိ၏။

ကိုရည်မွန်မသိသေးသည့်အချစ်အကြောင်းများကို သူမတဖြည်းဖြည်း တစ်ဆင့်ချင်းနားလည်အောင် ခင်းကျင်းပြသနိုင်လိမ့်မည်ဟု မှုန်စကားဝါညို တစ်ဖက်သတ်တွေးနေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



အင်း. . . ခရစ္စတင်း သင်ပေးလိုက်တဲ့အတိုင်းဆိုရင် အခုမှပထမ အဆင့်ပဲရှိသေးတာ. . .

မှုန်စကားဝါညိုလက်တစ်ဖက်က ယောင်ရမ်းပြီး သူမအင်္ကျီအိတ်ထဲမှ ချောကလက်ဘူးကလေးကို စမ်းမိသွားသည်။ ခရစ္စတင်းကိုယ်တိုင်ဝယ်ပြီး အသေအချာပြင်ဆင်ပေးလိုက်သည့် အညိုရောင် **MON DORA** ချောကလက်သံဘူးအပြားသေးသေးကလေး။

သည်ချောကလက်ဘူးကလေးက. . . ခရစ္စတင်း၏အစီအစဉ်ထဲတွင် ဒုတိယအဆင့်. . .။

●

ဂစ်တာတီးသင်နေခိုက်တွင် မှုန်စကားဝါညိုက အမှတ်တမဲ့လိုလိုဖြင့် 'ချောကလက်စားပါဦးလား' ဟု ပြောကာ ကိုရည်မွန်အတွက် ချောကလက်ဘူးကို ထုတ်ပေးရမည်။ (ခရစ္စတင်း၏စိတ်ကူးအစီအစဉ်က သိပ်လှပလွန်းသောကြောင့် ရင်ထဲမှကြိတ်ပြီး ကျေးဇူးတင်မိ၏။ ချောကလက်ဘူးအောက်ခံ စက္ကူပြားပေါ်တွင်

**White Snake** ၏ **Give me all your love** သီချင်းစာသားတစ်ပိုင်းတစ်စကို ရေးထား၏။ ပြီးမှ ချောကလက်တောင့်ကိုအပေါ်က ပြန်ထည့်ပြီး ဖုံးထားသည်။

ကိုရည်မွန်ချောကလက်ကိုစားရန် ထုတ်ယူလိုက်သည့်အခါ အောက်ခံစက္ကူပြားပေါ်တွင် ထိုစာသားကိုမြင်ပေလိမ့်မည်။ ဒီချောကလက်ဘူးခွံလေးကို အမှတ်တရသိမ်းဆည်းချင်သိမ်းဆည်းထားပေလိမ့်ဦးမည်. . . ဟု သူမ တစ်ဖက်သတ်ရင်ခုန်စွာ လိုရာဆွဲတွေးနေမိ၏။



နွေးထွေးနူးညံ့သောနှင်းဆီရနံ့ဖြင့် သူမ စိတ်ကူးအိပ်မက်တွေချိုမြဆွတ်ပျံ့နေလေသည်။

●

ကိုစိုးနိုင်လှမ်းပေးလိုက်သော ဂစ်တာကိုယူရင်းအိပ်မက်ထဲမှာ လမ်းလျှောက်သူလိုမျိုး ညှိခန်းဆီထွက်လာခဲ့၏။

စိတ်လှုပ်ရှားမှုကြောင့် သူမ ခြေဖဝါးတွေတဆတ်ဆတ်တုန်နေသည်။

●

ရည်မွန်က ဂစ်တာကိုကိုင်တွယ်ပုံ ကိုယ်ဟန်အနေအထား၊ လက်အနေအထားကစပြီးသင်ပေးသည်။ နောက်. . . လက်ကွက်တွေကိုတစ်ခုချင်းစီပြသည်။ ကြာလာသောအခါ ကျင့်သားမရှိသေးသော မှုန်စကားဝါညို လက်ချောင်းထိပ်ကလေးတွေ နာကျင်လာ၏။ မျက်နှာရှုံ့မဲ့မဲ့ကလေးဖြင့် သူမ၏လက်ထိပ်ဖျားကလေးများ သွေးရောင်နီရဲနေသည်ကို ငုံ့ကြည့်နေသောမှုန်စကားဝါညိုကြောင့် ရည်မွန်တစ်ချက်ပြုံးလိုက်ပြီး. . .

"ကဲ. . . ဒီနေ့တော့ ဒီလောက်နဲ့ပဲနားရအောင်. . . ဂျောက်ဂျက်က သိပ်စိတ်ပျော့တာပဲကွာ"

သူမကိုစိတ်ပျော့သည်ဟု အပြောခံရသောကြောင့် မှုန်စကားဝါညို မခံချင်ဖြစ်သွား၏။

"ဟင်း. . . ကျွန်မကအကျင့်မှမရှိသေးဘဲ၊ ခုမှစရတာကိုး၊ ကိုရည်မွန်ကကျွန်မကိုသင်ရတာ စိတ်မရှည်ဘူးနော်. . . သိပ်နှိမ်တာပဲ"

"မနှိမ်ပါဘူး. . . ဂျောက်ဂျက်ရယ်၊ မင်းကလည်းရန်တွေ့တတ်လိုက်တာ၊ ရန်တွေ့တဲ့အသံကလည်း ဥကျင်းကဆင်းလာတဲ့ကြက်မလေးအော်တဲ့အသံမျိုး၊ ကလပ်. . . ကလပ်နဲ့"

ရည်မွန်က နောက်ရွှတ်ရွှတ်ပြောရင်း သူ့ဂစ်တာကြိုးများအကြားတွင်

www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီပွင့်ကိုညပ်သည်။ ထို့နောက် ဂစ်တာကိုနံရံတွင် လှမ်းယောင်ထားရင်းထိုင်နေရာမှ ထရန်ဟန်ပြင်၏။

မှုန်စကားဝါညို့စိတ်က အင်္ကျီအိတ်ထဲမှချောကလက်ဆီရောက်နေသည်။ လျှို့ဝှက်သော အန္တရာယ်ပေးနိုင်သည့် လက်နက်ကိရိယာ တစ်ခုလိုမျိုး လက်က အင်္ကျီအိတ်ထဲနှိုက်ပြီး မသိမသာစမ်းနေမိသည်။

ခက်သည်က သူ့ကိုချောကလက်ကျွေးဖို့ ဘယ်လိုပြောရပါ့မလဲ။

"ဘာငိုင်နေတာလဲ ဂျောက်ဂျက်ရဲ့"

"ဟို. . . ဟိုဒင်း. . . ကိုရည်မွန် ချောကလက်လေ၊ အဲဒါ. . . အဲ. . . ချောကလက်စားပါလားဟင်"

"ဘာဖြစ်လို့လဲ၊ အင်း. . . ပေးလေ. . . ကောင်းသားပဲ၊ စားတာပေါ့"

ရည်မွန့်လက်ထဲသို့ ချောကလက်ကမ်းပေးပြီးပြီးချင်း သူမ မျက်နှာလွှဲလိုက်၏။ ရှက်စိတ်ကြောင့် သွေးတို့ပူနွေးထူအမ်းလာသလို သူမခံစားရသည်။

နားရွက်ဖျားတွေ နီရဲလာ၏။

●

ကိုရည်မွန်က ချောကလက်ဘူးကိုဖွင့်ရန်ဟန်ပြင်သည်။

ဘုရားရေ. . . ရှက်လိုက်တာ။

သူမ ကိုရည်မွန့်မျက်နှာကိုမကြည့်ရဲ။ ကြည့်လည်းကြည့်ချင်နေသည်။ ဘူးအောက်ခြေမှရေးထားတဲ့စာကိုမြင်ရင် သူ. . . ဘာများပြောမလဲ။

ကိုရည်မွန်က ချောကလက်ဘူးကိုဖွင့်သည်။

ဟော. . . ဟော. . .

သူ. . . ဟိုစာကို တွေ့တော့မယ်. . .

●

သူမ မျှော်လင့်ထားသည်နှင့် တခြားစီဖြစ်သွား၏။



ရည်မွန်က ချောကလက်ဘူးကိုငုံ့၍ပင်မကြည့်။ ချောကလက်ကိုဆွဲဆုတ်ယူပြီးသည်နှင့် ကိုင်ထားလက်စဘူးခွံကို ပြတင်းပေါက်ဆီ ပိုးခနဲမြည်အောင် ထွင့်ပစ်လိုက်တော့သည်။

မှုန်စကားဝါညိုကတော့. . .

ကိုရည်မွန်လည်ပင်းကို ထပြီးညှစ်ပစ်လိုက်ချင်စိတ်တွေပေါ်လာသည်။

သေလိုက်စမ်း. . . ကဲ. . . ဟာ. . . သေစမ်း။

ပြန်ရောက်မှခရစ္စတင်းကိုကျိန်ဆဲရဦးမည်။ ဟင်း. . . ကောင်းလိုက်တဲ့ ဒင်းရဲ့အကြံ။ စိတ်ဆိုးမာန်ဆိုးဖြင့်ခြေဆောင့်နင်းကာ နှုတ်မဆက်ဘဲရုတ်တရက် ပြန်သွားသည့် မှုန်စကားဝါညိုကိုငေးကြည့်ရင်း. . .

"ဘာဖြစ်သွားတာပါလိမ့်"

ဟုသည့်အတွေးဖြင့် ရည်မွန်နားမလည်နိုင်စွာကျန်ရစ်လေသည်။

●

"ရည်မွန်"

နောက်ဘက်ဆီမှ စိုးနိုင်၏ခေါ်သံကြောင့်ရည်မွန်လှည့်ကြည့်ဖြစ်၏။

"မင်းဂစ်တာကိုမကိုင်ဖို့ ကောင်မလေးကို မင်းဆူလိုက်သေးလား"

"ဆူတာတော့မဟုတ်ပါဘူး. . . ငါအလေးအနက်ထားမှန်းသိသာအောင် တမင်တင်းတင်းကျပ်ကျပ် ပြောလိုက်တာပါ စိုးနိုင်ရာ"

စိုးနိုင်က ပင့်သက်ကိုဖွဖွမှုတ်ထုတ်ရင်း. . .

"ဒီဂစ်တာက မင်းနဲ့ဖူးဖူးကြားမှာတစ်ခုခုပတ်သက်မှန်း ငါနားလည်ပါတယ် ရည်မွန်၊ ဒါပေမဲ့. . . အင်းလေ. . . မင်းရဲ့ကိုယ်ရေးကိုယ်တာအစွဲအလမ်းဆိုတော့လည်း မေ့ပစ်ဖို့ပြောရခက်သားပဲ. . . ဒါပေမဲ့ ငါအကြံပေးချင်တာကတော့ ဒီအချိန်မှာမင်းစိတ်၊ မင်းနှလုံးသားကို အသစ်ပြန်မွေးဖို့ အချိန်ရောက်ပြီဆိုတာပဲ ရည်မွန်"

"မဖြစ်နိုင်ဘူးထင်တယ် စိုးနိုင်၊ နှလုံးသားဆိုတာက ကျော်ရာတစ်ခါ

www.burmeseclassic.com

www.burmeseclassic.com



ရဖူးရင် ကျက်လွယ်တာမဟုတ်ဘူး"

"ဒုတိယကမ္ဘာစစ်ကြီးပြီးခါစက အဖြစ်အပျက်တစ်ခုကို မင်းကြားဖူးလားရည်မွန်၊ ငါ. . . စာအုပ်ထဲမှာဖတ်ဖူးတာ ပြောပြမယ်၊ ဒုတိယကမ္ဘာစစ်ကြီးပြီးလို့နောက်တစ်နှစ်နွေဦးမှာ ဘာလင်မြို့မှာ နှင်းဆီပွင့်တွေအရမ်းပွင့်တာပဲတဲ့ ဂျာမဏီတစ်နိုင်ငံလုံးမှာ အဲဒီနှစ်ကပွင့်တဲ့ပန်းတွေလောက်လှတဲ့နှင်းဆီတွေ တစ်ခါမှ မပွင့်ခဲ့ဖူးဘူးတဲ့"

"ဘာဖြစ်လို့နှင်းဆီတွေကပွင့်ကြတာလဲ၊ စစ်ကြီးပြီးသွားပြီဆိုတာ ပန်းတွေကသိလို့ ငြိမ်းချမ်းရေးကိုကြိုဆိုတဲ့အနေနဲ့ အလှဆုံးပွင့်ပြလိုက်တာလား"

"စစ်ကြီးအတွင်းမှာ ဘာလင်မြို့ဟာ ဗုံးဒဏ်ကိုအကြီးအကျယ်ခံလိုက်ရတယ်လေ၊ မြေကြီးတွေအားလုံး ဗုံးကြဲခံရပြီး မွစာကြဲသွားတော့ မြေဩဇာအသစ်တွေကို ထိုးလှန်လိုက်သလိုဖြစ်ပြီး အပေါ်တက်လာလို့ဖြစ်မှာပေါ့"

"အဲဒါ. . . ငါနဲ့ဘာဆိုင်လို့လဲ စိုးနိုင်"

"မင်းနှလုံးသားက ဇူဇူကြောင့် ဒဏ်ရာသေးသေးလေးရခဲ့တာပါကွာ ဗုံးကြဲခံရတာမှမဟုတ်ဘဲ၊ မင်းနှလုံးသားမှာ မြေဩဇာအသစ်တွေတက်လာဦးမှာပါ၊ အလှဆုံးနှင်းဆီက အဲဒီအခါကျတော့မှ ပွင့်မှာကွ"

●

စိုးနိုင်စကားကြောင့် သူ တွေတွေဝေဝေဖြစ်သွား၏။ ဒဏ်ရာသေးသေးလေးရခဲ့တာပါ. . . တဲ့။ သည်မေးခွန်းကို သူ့ဖာသာသူ ပြန်မေးကြည့်မိသည်။

ဟင့်အင်း. . . နာကျင်တယ်ဆိုတာ ဒဏ်ရာအကြီးအသေးနဲ့ မဆိုင်ပါဘူး၊ ခံစားမှုတွေဘယ်လောက်ရင်းနှီးမြှုပ်နှံပေးထားသလဲဆိုတဲ့ အပေါ်မှာပဲမူတည်ပါတယ်. . .

ရည်မွန့်ရင်ထဲတွင် အတိတ်သည်ယနေ့ထိတိုင် တငွေ့ငွေ့နာကျင်နေဆဲရှိလေသည်။

❑



## အတိတ်တစ်စုံတစ်ရာ

အဲသည်နေ့ကဖုန်းဆက်၍ ချိန်းလိုက်ပြီးနောက် ဇူဇူ၏ ကရာတေးကလပ်(ဒိုဂျို)သို့ ရည်မွန်ရောက်သွားခဲ့သည်။ ဖုန်းထဲမှာတော့ အကြောင်းပြချက်က 'ပြောစရာကိစ္စတစ်ခုရှိလို့' ဟု။ သို့ရာတွင် ဘာပြောရမည်ကို သူကိုယ်တိုင် ရင်ထဲမှာမသေချာသေး။

မိုးစက်တွေက လမ်းမပေါ် တဖျောက်ဖျောက်ကျနေ၏။ ကောင်းကင်က ညို့မှောင်ကာ လိပ်ပြာအသေကောင်တစ်ကောင်နှင့်တူနေသည်။ ရေခိုးရေငွေ့ ပါသောကြောင့် မှုတ်သုန်လေသည် အေးစိမ့်နေ၏။

မိုးစက်တွေကြားတွင် အရာရာသည်မှုန်ရီဝိုးတဝါးဖြစ်နေလေသည်။

သူမကိုကရာတေးဝတ်စုံဖြင့်မြင်ရသည်ကိုက သူ့အတွက်အာရုံခံစားမှုတစ်မျိုးဖြင့် အမြဲတမ်းသစ်လွင်နေသည်။

"ကိုရည်မွန်၊ ဧည့်ခန်းထဲမှာ ခဏစောင့်ဦးနော်၊ ကျွန်မ အဝတ်သွားလဲလိုက်ဦးမယ်"

အသံခပ်ဩဩဖြင့်ပြောရင်း အဝတ်လဲခန်းဆီ သူမ လှည့်ထွက်သွား၏၊ ကလပ်ကြမ်းပြင်ပေါ်ခင်းထားသော မြက်ဖျာကလေးများပေါ် နင်းဖြတ်ကာ ဧည့်ခန်းဆီ သူ တစ်လှမ်းချင်းလျှောက်ခဲ့သည်။

www.burmeseclassic.com



သူ့အကြားအာရုံထဲတွင် ကရာတေး လေ့ကျင့်နေသူများ၏ 'ကီးယား' ဟု မာန်သွင်းအော်ဟစ်သံ၊ ခုန်၍ကန်လိုက်သည့်အသံများကို ကြားနေရသည်။

ပထမဦးဆုံးအကြိမ်အဖြစ် သည်နေရာသို့ရောက်ဖူးကာစကတော့ ထိုအသံများသည် သူ့အတွက်အတော်နားစိမ်းနေခဲ့သည်။ သည်ကရာတေးကလပ်ကို လေးငါးခြောက်ကြိမ်လောက်ရောက်သည့်တိုင်အောင် စိတ်ထဲတွင် ယဉ်ပါးကြည့်၍မရ။ သူ့ကို တစ်စုံတစ်ရာစိတ်အနှောက်အယှက်ပေးနေသလိုလို ခံစားရ၏။

နောက်ပိုင်းအကြိမ်များတွင်တော့ ထိုအသံများကို သူ့နားတွင်ကြားနေရလျက်နှင့်ပင် လစ်လျူရှုနိုင်လာပြီဖြစ်သည်။

ဧည့်ခန်းကိုဂျပန်ရိုးရာဆန်ဆန် ရှင်းရှင်းလင်းလင်းသပ်သပ်ရပ်ရပ် ဖွဲ့စည်းထားသည်။ ဆက်တီကုလားထိုင်များမရှိ။ ကြမ်းပြင်ပေါ်တွင်ခင်းထားသည့် မြက်ဖျာကလေးများပေါ်တွင် တင်ပလ္လင်ခွေထိုင်ရသည်။

အတိုအရှည်မညီညာသော သံပိုက်လုံးငယ်ကလေးများ ဝန်းရံကာ အလယ်တွင် သစ်သားပြားကလေးကိုကြိုးဖြင့် တွဲလောင်းဆွဲထားသည့် 'ဖူရင်' ဟုခေါ်သော ဆည်းလည်းကလေးကို အခန်းအဝင်ဝတွင်ချိတ်ထား၏။ လေတိုးသောအခါ ထိုဆည်းလည်းကလေး၏ သာသာညှင်းညှင်းမြည်သံကို ကြားရတတ်လေသည်။

ရည်မွန်က ဧည့်ခန်းထဲဝင်ပြီးလေးလံစွာထိုင်ချလိုက်သည်။ 'ဖူရင်' ဆည်းလည်းသံလေးက တချွင်ချွင်မြည်နေ၏။ အခန်းအလယ်ရှိအနက်ရောင် စားပွဲခုံပုပုကလေးပေါ်တွင် ပန်းအိုးတစ်အိုးကို အီကေဘားနား(ဂျပန်ပန်းအလှပြင်နည်း)ဖြင့် ရိုးရိုးရှင်းရှင်းပြင်ထားသည်။

BURMESE CLASSIC .com

ပန်းအိုးထဲတွင် နှင်းဆီပန်းတစ်ပွင့်။

သို့သော် ပွင့်ချပ်များက မစုံ။ ပွင့်ချပ်တစ်ချပ်ကို တမင်တကာ ခြွေချထားသည်ကိုမြင်ရ၏။ ဘာကြောင့်ပါလိမ့်. . . ဟု သူ စဉ်းစားနေမိသည်။

ထိုစဉ်မှာပင် ဧည့်ခန်းထဲသို့ဇူဇူးဝင်လာသည်။

"ဒီနေ့ ကိုရည်မွန်လာမယ်ဆိုလို့ ဧည့်ခန်းကိုကျွန်မကိုယ်တိုင်အလှပြင်



ထားတာ"

"ဒီပန်းအိုးလေးကကော. . . ဇူဇူးပြင်တာပဲလား"

"အင်း. . . အခုပြင်ထားတဲ့ဒီဇိုင်းနာမည်က 'ရှိက' တဲ့၊ လူသားရယ်၊ ကမ္ဘာမြေကြီးရယ်၊ ကောင်းကင်ဘုံရယ် သုံးခုပေါင်းစည်းတာကို သရုပ်ဖော်ထားတာ. . ."

"ဘာဖြစ်လို့ ပွင့်ချပ်အစုံမထားဘဲ တစ်ချပ်ကို ခြွေထားရတာလဲ"

"အဲဒါ ဂျပန်လို 'ဖူရီယူ' လို့ခေါ်တယ် ကိုရည်မွန်ရဲ့၊ ဘယ်အရာမှာမှ ပြည့်စုံခြင်းဆိုတာမရှိဘူးဆိုတဲ့ သဘောကိုပြောတာ"

သူတို့နှစ်ဦးသား အသံတိတ်ဆိတ်နေဖြစ်ကြပြန်လေသည်။ အခန်းထဲတွင်'ဖူရင်'ဆည်းလည်းကလေးမြည်သံတချွင်ချွင်နှင့် သူတို့နှစ်ဦးသား၏ အသက်ရှူသံများကိုသာကြားနေရသည်။ အတန်ကြာမှ. . ဇူဇူးက. . .

"ကိုရည်မွန်. . . ပြောစရာရှိတယ်ဆို၊ ဘာပြောမလို့လဲဟင်"

ရည်မွန်က စားပွဲပေါ်တင်ထားသော သူမ၏လက်ချောင်းများကိုသာ စိုက်ကြည့်နေမိသည်။ သူမ၏လက်များက ခွဲစိတ်ဆရာဝန်တစ်ယောက်၏လက်များနှင့်တူနေသည်ဟု ခံစားရ၏။ ဇူဇူးက. . .

"ကျွန်မကို ချစ်တယ်လို့ပြောမလို့လား. . . ကိုရည်မွန်"

ပွင့်ပွင့်လင်းလင်းမေးချလိုက်သောကြောင့် ရည်မွန့်စိတ်ထဲတွင် တုန်လှုပ်သွားသည်။ သူမ၏မျက်ဝန်းများကိုစိုက်ကြည့်လိုက်မိ၏။ အင်း. . . သိပ်ကိုရိုးစင်းလွန်းနေတဲ့အဖြစ်ပါပဲ။ ရည်မွန်က. . .

"အင်း. . . ချစ်တယ်လို့ပြောရင်ကောင်းမလား၊ မြတ်နိုးတယ်လို့ပြောရင်ကောင်းမလား. . . မဝေခွဲတတ်လို့ စဉ်းစားနေတုန်းပါပဲ"

သူမက အသံသြသြဖြင့်တစ်ချက်ရယ်လိုက်ပြီး. . .

"ချစ်တာနဲ့မြတ်နိုးတာ ဘာကွာလို့လဲ ကိုရည်မွန်"

"ချစ်တယ်ဆိုတာ နှလုံးသားနဲ့မြတ်နိုးတာပဲ၊ မြတ်နိုးတယ်ဆိုတာကတော့ အသိတရားနဲ့ချစ်တာကိုခေါ်တာပေါ့ ဇူဇူးရဲ့"

အပြင်ဘက်ဆီမှ တဖြောင်းဖြောင်းမြည်နေသော ခြေထောက်ချက်များ၏

www.burmeseclassic.com

www.burmeseclassic.com



အသံ၊ 'ကီးယား. . . 'ဟု မာန်သွင်းအော်ဟစ်သံများကို ကြားနေရ၏။ ထိုအော်ဟစ်သံကိုသူတို့က 'ကီဟာကူးစိတ်ဓာတ်မာန်'ဟု ခေါ်သည်။ ရန်သူကိုခွန်အားအပြည့်နှင့်တိုက်ခိုက်နိုင်ရန် ထိုသို့မာန်သွင်းဟစ်ကြွေးရသည်ဟုဆို၏။

ဇူဇူးက. . .

"ဆိုပါဦး. . . ကိုရည်မွန်က ကျွန်မကိုချစ်တာလား၊ မြတ်နိုးတာလား"

"မပြောတတ်ဘူး၊ ဇူဇူးကကော ဘာကိုပိုနှစ်ခြိုက်လဲ"

သူမကခဏတွေ၍ စဉ်းစားနေ၏။ နောက်မှ. . .

"ကျွန်မ ကရာတေး စသင်ကာစက ကျွန်မဆရာပြောဖူးတယ်၊ တိုက်ပွဲမှာစိတ်ခွန်အားကော၊ ခန္ဓာကိုယ်ခွန်အားကော အပြည့်အဝသုံး၊ ပြိုင်ဘက်ကိုမညှာနဲ့၊ ဘာအကြောင်းကြောင့်မှ မရှုံးစေနဲ့. . . တဲ့"

"ဘာဖြစ်လို့လဲ"

"ရှုံးနိမ့်တဲ့လူကို ရွှေတံဆိပ်ပေးတယ်လို့ ဘယ်တုန်းကရှိဖူးလို့လဲ"

ဇူဇူးစကားကြောင့် ရည်မွန့်စိတ်ထဲတွင်ကြိတ်ပြီး ညည်းတွားမိသည်။ မင်းပြောနေတာတွေနဲ့ဘာဆိုင်လို့လဲကွယ်။ ကျေးဇူးပြုပြီး မင်းရဲ့အတ္တတွေကို ထုတ်ထုတ်မပြစမ်းပါနဲ့။

"ချစ်တာပဲဖြစ်ဖြစ်၊ မြတ်နိုးတာပဲဖြစ်ဖြစ်၊ ကျွန်မဘာကိုပိုနှစ်ခြိုက်သလဲဆိုတာ ကျွန်မကိုယ်တိုင်လည်းမသိဘူး၊ ကျွန်မလိုချင်တာက တစ်ခုတည်းပဲကိုရည်မွန်ရဲ့၊ အဲဒါက ဘာလဲဆိုတော့ ရှင့်ရင်ထဲမှာ ကျွန်မက ပြိုင်ဘက်မရှိ 'ပထမ' ဖြစ်နေဖို့ပဲ"

ရည်မွန်ပြုံးလိုက်သည်။ ထို့နောက်. . .

"လူတစ်ယောက်နဲ့တစ်ယောက် စိတ်ချင်းနှောင်ဖွဲ့တဲ့ကိစ္စမှာ အချစ်က အရေးကြီးသလား၊ ပထမရဖို့အရေးကြီးသလား"

"ကျွန်မကတော့ ပထမရဖို့အရေးကြီးတယ်ထင်တာပဲ၊ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မကအချစ်အကြောင်း တစ်ခါမှခေါင်းထဲထည့်ပြီး မစဉ်းစားဖူးဘူး"

"ဒါဆို ခုချိန်ကစပြီးစဉ်းစားတော့လေ ဇူဇူးရဲ့"

"ဘာဖြစ်လို့. . . "

BURMESE CLASSIC .com



"ကိုယ့်ကိုအဖြေပေးဖို့ပေါ့"

သူမက အသံခပ်သြသြဖြင့် တစ်ချက်ရယ်ပြီး. . .

"စဉ်းစားပြီးမှချစ်ရမယ်ဆိုတာ အတော်အဓိပ္ပာယ်မရှိတဲ့ကိစ္စပဲ ကိုရည်မွန်ရဲ့၊ ကျွန်မ အခုချက်ချင်းပဲအဖြေပေးလိုက်မှာပါ"

သူမက ပန်းအိုးထဲမှနှင်းဆီပန်းကိုလှမ်းယူပြီး ရည်မွန့်လက်ထဲသို့ကမ်းပေးသည်။ နှစ်ဦးသားလက်ဖျားချင်းထိမိကြသည်။ အိပ်မက်တွေက ရင်ခုန်သံယောင်ဆောင်လာကြ၏။

ပွင့်လွှာတစ်ချပ်ပဲ့ကြွေနေသည့် နှင်းဆီပန်းကို ရည်မွန်တစ်ချက်နမ်းရှိုက်လိုက်သည်။ ဖူရီယူ. . .။ ပြည့်စုံမှုတိုင်းမှာ မပြည့်စုံခြင်းရှိတယ်. . .။

နှင်းဆီရနံ့တွေသင်းပျံ့လာ၏။ ဖြန့်ခင်းထားသော ရွှေရောင်တိမ်တိုက်တွေအပေါ် တို့နှစ်ယောက်အတူတူ လမ်းလျှောက်ရအောင်၊ နေရောင်ခြည်နွေးနွေးညှို့ညှို့ကို တို့နှစ်ယောက်တည်းသာသိတဲ့ မဟော်ဂနီပင်ခြေရင်းမှာ မြှုပ်ပြီးဝှက်ထားကြမယ်လေ. . .။

နှစ်ဦးသား ခပ်တိုးတိုးရယ်မောမိကြ၏။ ဇူဇူးက ရည်မွန့်ပခုံးပေါ် ဦးခေါင်းတင်ကာ သာသာဖွဖွမှီထားသည်။ ဖူရင်ဆည်းလည်းသံက လေထဲတွင် ညင်သာစွာ လွင့်ပျံ့လာ၏။

"စဉ်းစားပြီးမှချစ်ရတာဟာ အဓိပ္ပာယ်မရှိဘူး"

ဟူသည့် ဇူဇူး၏စကားကို ရည်မွန်ပြန်တွေးနေမိသည်။ အဲဒါတကယ်ပဲလား။

သူကတော့ ဇူဇူးကိုချစ်ဖို့ရန်အချိန်တွေ အကြာကြီးယူပြီးစဉ်းစားခဲ့ရခြင်းဖြစ်သည်။ ဘုရားရေ. . . ငါဟာ အဓိပ္ပာယ်မဲ့နေပြီလား။ ဦးနှောက်ဖြင့်စဉ်းစားပြီးမှ နှလုံးသားကိုအမိန့်ပေးစေခိုင်းခဲ့ခြင်းသည် တစ်စုံတစ်ရာတော့ လွဲချော်နေသလိုရှိ၏။

'ငါဟာ. . . ဇူဇူးကိုချစ်တာမဟုတ်ဘဲ အသိတရားနဲ့မြတ်နိုးခဲ့တာများလား' ဟူသည့် အတွေးပေါ်လာသောကြောင့် ရည်မွန်ပထမဦးဆုံးအကြိမ်တုန်လှုပ်သွားလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူ့လက်ထဲမှ နှင်းဆီပွင့်ကို ငုံ့ကြည့်မိ၏။

ဖူရီယူ. . .။

●

ဂစ်တာကြိုးများအကြားတွင် ညှပ်ထားသော နှင်းဆီပန်းကို ရည်မွန် ငေးကြည့်နေသည်။ ထိုနှင်းဆီပန်းတွင်လည်း ပွင့်လွှာတစ်ချပ်ကိုသူကိုယ်တိုင် တမင်ခြွေထားသည်။

ဂစ်တာကိုမတီးဘဲကြိုးလျှော့ပြီး ထောင်ထားသည့်အခါတိုင်း ထိုသို့ ပွင့်လွှာတစ်ချပ်ခြွေထားသောနှင်းဆီတစ်ပွင့်ကို ကြိုးတွေကြားညှပ်ထားစမြဲဖြစ် သည်။ ထိုဂစ်တာကို ဘယ်သူမှကိုင်ခွင့်မပြုနိုင်ပါ။

အခုလည်းစိုးနိုင်က ဒုတိယကမ္ဘာစစ်အပြီးတွင်ပွင့်သော နှင်းဆီပန်း တွေအကြောင်းပြောနေသည်။ မှန်စကားဝါညီကို ရည်ရွယ်ပြီးပြောသော စကား ဖြစ်မည်ဟုရည်မွန်တွက်မိ၏။ (ဖူရူးပေးသောနှင်းဆီပန်းအကြောင်း စိုးနိုင်ကို တစ်ချိန်ကပြောပြခဲ့ဖူးသောကြောင့် ဂစ်တာကိုချိတ်ထားသောနှင်းဆီပန်းသည် ဖူရူးကို ရည်ညွှန်းမှန်း စိုးနိုင်သိပြီးသားဖြစ်မည်)

ရည်မွန်ပင့်သက်ရှိုက်လိုက်သည်။

အိပ်မက်ထဲတွင် ပြေးလွှားနေရသူလိုမျိုးမောလာ၏။

နှင်းဆီပန်းလေးကို ဂစ်တာမှဖြုတ်ယူပြီးနမ်းရှိုက်လိုက်သည်။ နောက် ဂစ်တာကြိုးများကို အသာအယာတို့ထိရင်းသီချင်းတစ်ပုဒ်ဆို၏။

မင်း အ ချစ် က ပင့် ကူ မျှင် လို

ငါ ကို ရစ် ထား . . . . . . စုန်းမ

❑

အခန်း(၇)

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



BURMESE CLASSIC .com

"ဟဲလို. . . အမိန့်ရှိပါရှင်"

တယ်လီဖုန်းထဲမှ ခရစ္စတင်း၏ပြန်ထူးသံကို ကြားရသောအခါ ခွန်စကားဝါညိုပျော်သွားသည်။

"ခရစ္စတင်း. . . ငါပါဟ၊ စကားဝါပါ. . . ငါ နင့်ဆီက အကူအညီ တစ်ခုတောင်းချင်လို့"

"ပြောလေ. . . စကားဝါ၊ ငါ ဘာကူညီရမလဲ"

"ဒီလိုဟာ. . . ခရစ္စတင်း၊ ငါ. . . ကိုရည်မွန့်ကို 'သင်တန်းဖိုး' ပေး ချင်လို့"

"ဘာ! သက်န်းဖိုးဟုတ်လား"

ခရစ္စတင်းစိတ်ထဲတွင် ကိုရည်မွန် ဒုလ္လဘသက်န်းဝတ်မှာမို့လို့လား ဒါမှမဟုတ်. . . သူတို့နှစ်ယောက် ကထိန်သက်န်းအတူကပ်ကြမလို့လား မသိဘူး. . . ဟု တွေးနေမိ၏။

"အေး. . . သင်တန်းဖိုးနှစ်ထောင်လောက်ဆို ကောင်းမယ်ထင်တယ် နော် ခရစ္စတင်း၊ အဲဒါ. . . ငါကိုယ်တိုင် ကိုရည်မွန့်ကိုမျက်နှာချင်းဆိုင်ပြီး ပေးဖို့ကျပြန်တော့လည်း မကောင်းဘူးထင်လို့ နင့်ကိုအကူအညီတောင်းတာ

www.burmeseclassic.com

www.burmeseclassic.com



နင်. . . သွားပြီးပေးပေးပါနော်"

"အေးလေ. . . နင်ကိုယ်တိုင်မပေးချင်ရင်လည်း နင့်ကိုယ်စားငါပဲ သွားပေးလိုက်ပါ့မယ်၊ ပိုက်ဆံလည်း လောလောဆယ်တော့ငါပဲစိုက်ထားလိုက်မယ်လေ. . . နော်. . .၊ အပြန်ကျမှ နင့်ဆီကဝင်ယူမယ်. . . ဟုတ်ပြီလား"

"ကျေးဇူးပဲ ခရစ္စတင်းရယ်၊ ကိုရည်မွန်နဲ့တွေ့ရင် ငါ့အကြောင်းတွေ များများပြောခဲ့နော်"

"ဟင်. . . ဘာပြောရမှာလဲ၊ နင် ငယ်ငယ်တုန်းက အိပ်ရာထဲမှာ ရှူးရှူး ပေါက်တဲ့အကြောင်းလား"

မှုန်စကားဝါညိုက ခွေးစုတ်မ. . . ဟု ခပ်တိုးတိုးကျိန်ဆဲလိုက်သည်။ ခရစ္စတင်းက. . .

"အိုကေ. . . အိုကေ၊ ငါ သဘောပေါက်ပြီ၊ ကိုရည်မွန်နင့်ကို စိတ်ဝင်စားလာအောင် နင့်အကြောင်းအကောင်းတွေချည်း ရွှန်းရွှန်းဝေအောင် ညွှန်းပေးရမယ်ဆိုပါတော့. . . ဖြစ်ပါတယ်ဟာ"

"ငါ့အပြောနဲ့တင် ကိုရည်မွန်နင့်ကို ရေရေလည်လည်ချစ်သွားစေရမယ်၊ ညနေ ငါလာရင် သတင်းကောင်းကြားရဖို့သာပြင်ထား ဒါပဲနော်. . . ဖုန်းချလိုက်တော့မယ်"

မှုန်စကားဝါညိုက တယ်လီဖုန်းစကားပြောခွက်ကို နှုတ်ခမ်းနှစ်လွှာဖြင့် အသာအယာဖိကပ်လျက် ဖွဖွနမ်းလိုက်သည်။

●

နံနက်ခင်းမှာ မြူတွေဝေဝေခိုနေ၏။

●



(က)

လိပ်ကလေး ဘလူး(**Blue**)ကို လက်ဖဝါးပေါ်မှာတင်ပြီး မှုန်စကားဝါညို စကားတွေ တတွတ်တွတ်ပြောနေမိသည်။

ဘလူး(**Blue**). . . ရေ. . . ငါ နင့်ကို လူတစ်ယောက်အကြောင်း ပြောပြချင်လိုက်တာ. . . အဲဒီလူကို စတင်တွေ့မြင်လိုက်ပြီးကတည်းက ငါ့နှလုံးသားဟာ အရွက်ညှိုးနွမ်းတဲ့ သစ်ပင်တစ်ပင်လိုပဲ။ အိမ်ပြန်လမ်းလျှောက်တဲ့ သိုးငယ်လိုပဲ။

နင်. . . ရယ်နေလားဟင်. . . ဘလူး(**Blue**)။ အေးလေ. . . တကယ်ဆို လောကကြီးကိုက ရယ်စရာကြီးပါပဲလေ။

●

www.burmeseclassic.com

www.burmeseclassic.com



(ခ)

လူတစ်ယောက်ကိုချစ်ရတာ ပင်ပန်းတယ်. . . တဲ့။ လူတစ်ယောက်ကို မုန်းရတာလည်း ပင်ပန်းတာပဲ. . . တဲ့။

ဟင်. . . လူဖြစ်ရတာ ဘာမဆိုပင်ပန်းလိုက်တာနော်။ ဒါဆိုပင်ပန်းမယ့်အတူတူ လယ်ထဲဆင်းပြီးကောက်စိုက်ကြရင် မကောင်းဘူးလား။

●



(ဂ)

ဘလူး(**Blue**)ရယ်။ ငါ့အချစ်တွေကို အဲဒီလူသိသွားအောင် ဘယ်လိုပြောပြရင်ကောင်းမလဲဟင်။

အဲဒီလူရဲ့အပြုံးကို မြင်လိုက်ရတဲ့တခဏတိုင်းမှာ ငါ့မျက်လုံးတွေ ကန်းသွားသလိုပဲခံစားရတယ်။ အဲဒီလူရဲ့လမ်းလျှောက်ပုံကိုကြည့်ပြီး ငါ ရူးသွပ်တယ်။ အဲဒီလူက စကားတစ်ခွန်းပြောလိုက်တဲ့အသံကို ကြားရတိုင်းမှာ ငါဟာ ဆောက်တည်ရာမရအောင်တုန်လှုပ်တယ်။

●

www.burmeseclassic.com

www.burmeseclassic.com

(ဃ)

ငါငယ်ငယ်တုန်းက. . .

လရောင်ကို သိုလှောင်လို့ရရင် စက္ကူသေတ္တာတစ်လုံးထဲမှာ ထည့်သွင်းသိုလှောင်ထားပြီး နည်းနည်းချင်းစီ တမြေ့မြေ့ ထုတ်ယူခံစားချင်ခဲ့မိတာ. .

အခုလည်း ဒီအတိုင်းပါပဲ. . . ဘလူး(**Blue**)ရဲ့. . . သီလား။ အဲဒီလူရဲ့ အကြည့်ကို တစ်ဘဝစာ သိုလှောင်ထားပြီး နည်းနည်းချင်းစီသုံးစွဲချင်နေတယ်။

●



(င)

ငါဘာဖြစ်နေတာလဲဟင် ဘလူး(**Blue**). . .

ငါရူးများရူးနေပြီလား. . . ဟင့်အင်း. . . ငါ ရူးနေတာတော့ မဟုတ်ဘူး (ရူးနေရင် သူ့ကို ချစ်နေမိတဲ့ ငါ့ရဲ့အချစ်ကို ငါဘယ်လိုပြန်ပြီး သိနေနိုင်မှာလဲနော်. . . )

ဒါပေမယ့်. . . ငါဟာ အတော်လေး ကိုးယိုးကားယား ဖြစ်နေတော့ သေချာတယ်။

●

www.burmeseclassic.com

www.burmeseclassic.com



(စ)

လက်ပတ်နာရီစပတ်ဖူးခါစ လူတစ်ယောက်ရဲ့ ကိုးယိုးကားယား အသွားအလာ အထာမကျတဲ့ပုံမျိုး။ ငါ့စိတ် အသွားအလာအလှုပ်အရှားတွေဟာ နေသားတကျမရှိ မတည်မငြိမ်ဖြစ်နေတာ ငါသိပါတယ်။

ကြာ. . . လာတဲ့အခါ ကိုယ့်လက်မှာ လက်ပတ်နာရီ ပတ်ထားတာကိုတောင် သတိမထားမိတော့အောင် ရိုးသွားတာပဲ မဟုတ်လား။ ဒါပေမဲ့. . . အဲဒီလူရဲ့အမည်နာမကို တမ်းတမ်းတတ ရေရွတ်နေမိတဲ့ ငါ့နှလုံးသားကတော့ ဘယ်လောက်ကြာကြာ ရိုးသွားမှာမဟုတ်ဘူး။ ဘလူး(**Blue**)ရယ်. . . အဲဒါ. . . ခက် နေတာပေါ့။

●

(ဆ)

ဖြစ်နိုင်ရင်. . .

ငါက အဲဒီလူကို သတိရမနေချင်ဘူး။ မေ့ထားချင်တယ်။ သူ့ကို သတိရနေမှာထက်စာရင် မျောက်တစ်ကောင်နဲ့ ကျားထိုးတမ်းကစားနေရတာကမှ ကောင်းဦးမယ်။ (ဘေးက ဝင်ပြောမယ့်လူမပါရင် ပိုကောင်းတယ်)

●

www.burmeseclassic.com

www.burmeseclassic.com



(၉)

ဘလူး(**Blue**)ရေ. . .

အညာအပူပိုင်းဒေသဘက်က ရေခပ်တဲ့ လက်ယက်တွင်းကလေးတွေကို နင်မြင်ဖူးလား။

အဲဒီအရပ်ဒေသဘက်မှာ ရေသိပ်ရှားတော့ သဲထဲမှာ လက်နဲ့ယက်ပြီး တွင်းကလေးတွေ တူးထားရတယ်။

ရေက တဖြည်းဖြည်းစိမ့်ထွက်လာပြီး တွင်းထဲမှာ နည်းနည်းချင်း စီလာစုတာ. . .။ အကြာကြီးစောင့်နေပြီးမှ တွင်းထဲမှာ ရေတစ်ခွက်စာပြည့်တယ်။

အဲဒါကို ခွက်နဲ့ခပ်ယူပြီး ပုံးထဲထည့်ရတယ်။ ပြီးရင်. . . နောက်ထပ် ရေတစ်ခွက်စာရဖို့ အကြာကြီး စောင့်ရပြန်ရော။

ဘလူး(**Blue**)ရေ. . .

အဲဒီလူကို ချစ်ရတာလည်း လက်ယက်တွင်းထဲက ရေကို ခပ်ရသလိုပါပဲ. . .။

. . . မောတယ်။

□



"သမီး. . . စကားဝါ၊ ညည်း ဘာလုပ်နေတာလဲ"

အဘွား၏ ခေါ်သံကြောင့် လက်ဖဝါးပြင်ပေါ်မှ လိပ်ကလေးဘလူး(**Blue**)ကို မှန်သားရေကန်ထဲ ပြန်ချပေးလိုက်ပြီး အခန်းပြင်ထွက်ခဲ့သည်၊ အဘွားက. . .

"ညည်း. . . အခုတလော မနက်. . . မနက်အိမ်က ထွက်ထွက်သွားတတ်တာ နေ့တိုင်းဖြစ်နေပြီ။ ဘယ်သွားတာလဲ. . . မှန်မှန်ပြောစမ်း"

ရုတ်တရက်မို့ စကားဝါ ဘာပြန်ဖြေရမှန်းမသိ။ အဘွားကို လိမ်လည်းမလိမ်ချင်။ အမှန်အတိုင်း ပြောပြလျှင် အဘွားက ဆူမှာ သေချာသည်။

"ဟိုဒင်း. . . ဟိုလေ. . . သမီး ဂစ်တာတီးသင်မလို့ ဘွားဘွားရဲ့"

"အောင်မယ်လေး. . . ဘုရား. . . ဘုရား၊ မိန်းကလေးဆိုတာ ဂစ်တာတီးသင်စရာလား၊ မသကာ ဇာထိုးပန်းထိုးသင်ပါလား၊ စက်ချုပ်သင်ပါလား"

"ဟာ. . . ဘွားဘွားကလဲ. . ."

"ဟဲ့. . . အောင်မယ်၊ ညည်းကများ ငါ့ကို မကျေနပ်တဲ့လေသံနဲ့ ငါမှာ သမီးမိန်းကလေး မွေးထားရတာ ဘယ်လောက်ပူပန်ရတယ်မှတ်သလဲ"

"ဘွားဘွားကလည်း ဘာပူစရာရှိလို့လဲ၊ သမီးလည်း ကိုယ့်ကိုယ်ကိုယ်

www.burmeseclassic.com



ထိန်းသိမ်းနိုင်တဲ့ အရွယ်ရောက်နေပြီပဲဥစ္စာ"

သည်နေ့အဖို့ အဘွား အတော်လေး စိတ်အေးချမ်းသာရှိနေပုံရ၏။ အော်ကြီးဟစ်ကျယ် ဆူပူကြိမ်းမောင်းခြင်းမရှိဘဲ စကားကို အေးအေးဆေးဆေး စီကာပတ်ကုံး ပြောနေသည်။

"ညည်းဟာညည်း ဘယ်အရွယ်ရောက်ရောက်. . . ငါ့မျက်စိထဲမှာ တော့ ကလေးပဲဟဲ့. . . ငါ့မှာ ညည်းကို ကိုယ်တိုင် ဝမ်းနဲ့လွယ်မမွေးခဲ့ရုံတမယ်ပဲ နို့စို့အရွယ်ကတည်းက ငါ့လက်ပေါ်မှာတင် ချော့မြူနို့ဘူးတိုက်မွေးလာခဲ့ တာ. . .

ဟိုပုံပြင်ထဲက ရသေ့ကြီးဟာလေ. . . သမင်က မွေးတဲ့ကလေးလေးကို ပြုစုပြီး သူ့လက်ညှိုးကနို့ထွက်အောင်သစ္စာပြုပြီးတော့ နို့တိုက်မွေးလာခဲ့တာ။ အဲဒါ ဘာပုံပြင်ပါလိမ့်၊ သြော်. . . သိပြီ။ ဧဒါရီ. . . ဧဒါရီ"

အဘွားကစိတ်လိုလက်ရှည်ရှိပြီဆိုလျှင် စကားကိုရှည်ရှည်လျားလျား ပြောတတ်သည်။ ပုံတိုပတ်စများ၊ ဇာတ်နိပါတ်အခင်းအကျင်းများနှင့် ပြောပြီဆို လျှင် တစ်ခါတစ်ခါမဆုံးနိုင်အောင်ရှိတတ်သောကြောင့် နားထောင်ရသူက စိတ် ညစ်ပျင်းရိပြီး မနည်းစကားဖြတ်ယူရ၏။

အသက်ကြီးသောအဘိုးအိုအဘွားအိုတို့၏ ချစ်စရာကောင်းသော အကျင့်တစ်မျိုးဖြစ်လိမ့်မည်. . . ဟု မှုန်စကားဝါညို တွေးမိသည်။

"ညည်း. . . ငါပြောတဲ့ဧဒါရီကိုကော သိရဲ့လား"

"သမီးနဲ့ကျောင်းနေဖက်မှမဟုတ်တာ၊ ဘယ်သိပါ့မလဲဘွားဘွားရဲ့"

မှုန်စကားဝါညိုက တမင်ကျီစယ်ပြီးစကားကိုဖြတ်သော်လည်းမရ၊ အဘွားက အရေပြားတွေတွန့်နေသည့်နှုတ်ခမ်းနှစ်လွှာကို ငှက်နှုတ်သီးလိုချွန်နေ အောင်အားယူပြီးစုကာ စကားကိုဆက်သည်။

အတော်ရှည်ရှည်ဝေးဝေးပြောတော့မှာပဲ. . . ဟု မှုန်စကားဝါညို သိ လိုက်၏။

"အဲဒီရသေ့ကြီးဟာလေ. . . အစကတော့ တကောင်းပြည်က အိမ်ရှေ့မင်းသားပေါ့၊ အမဲလိုက်ရင်းနဲ့ သရေခေတ္တရာအရပ်ကိုရောက်ရော



အောက်တော့ မပြန်တော့ဘဲ တောထဲမှာ တစ်ပါးတည်းနေတာ. . .

တောထဲကသမင်မတစ်ကောင်ဟာ ရသေ့ရဲ့ကျင်ငယ်ရေကိုသောက် ပြီး ပဋိသန္ဓေကိုယ်ဝန်တည်ပါလေရော"

"ဟင်. . . ရသေ့ကြီးကသိပ်ညစ်ပတ်တာပဲနော်၊ ကျင်ငယ်စွန့်တာ အိမ်သာရောက်အောင်မသွားဘဲ လမ်းဘေးမှာတင် ပေါက်လိုက်တယ်နဲ့တူပါရဲ့"

အဘွား၏လက်က နံရံတွင်ထောင်ထားသော ကြိမ်လုံးဆီဖျတ်ခနဲ ရောက်သွား၏။

မှုန်စကားဝါညိုက သွက်လက်စွာခုန်၍ထရင်း အိမ်ပေါ်မှပြေးဆင်း လာခဲ့သည်။

●

ခရစ္စတင်းလာမှ နှစ်ယောက်အတူအပြင်ထွက်ပြီး အဘွားကြိုက်တတ် သောဟာလဝါမုန့်ဝယ်ကာ အဘွားကိုပြန်ချော့ရမည်. . . ဟု စိတ်ကူးလိုက်၏။

ခရစ္စတင်းကလည်း ခုထိပေါ်မလာသေး။

ခုလောက်ဆို ကိုရည်မွန်နဲ့တွေ့လောက်ပြီထင်တယ်. . . ဟု မှန်းဆ ကြည့်ရင်း ရင်ထဲမောလာ၏။

ဘာတွေများဖြစ်နေမှာပါလိမ့်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၈)

လူကြီးလူကောင်းမတစ်ယောက်
လက်ဖျောက်တစ်ချက်တီးလိုက်တယ်. . .
(ဆပ်ကပ်ဆရာတစ်ယောက်က
ခွေးလိမ္မာကို အချက်ပေးသလိုမျိုး)
အဲဒီမှာ. . . ရှိကျိုးနေတဲ့ငါနှလုံးသားကလည်း
မီးကွင်းထဲကျွမ်းထိုးဝင်လိုက်တော့တာပဲ။



"ဒါ. . . ကိုရည်မွန်နဲ့ကိုစိုးနိုင်တို့အိမ် မဟုတ်လားရှင်"

ခရစ္စတင်း၏ခေါ်သံကြောင့် ရည်မွန်ကအိမ်ရှေ့ထွက်ကြည့်သည်။ ခရစ္စတင်း၏မျက်ဝန်းထောင့်မှ အမာရွတ်ကလေးကိုမြင်လိုက်လျှင်မြင်လိုက်ချင်း သဘော်ာဆိပ်မှာတုန်းက မှုန်စကားဝါညိုနှင့်အတူပါသော သူငယ်ချင်းမှန်း မှတ်မိလိုက်၏။

"ဟုတ်ပါတယ်. . . အထဲဝင်ထိုင်ပါဦး၊ မင်းက 'ဂျောက်ဂျက်'ရဲ့ သူငယ်ချင်းမဟုတ်လား"

"ဟုတ်ကဲ့. . . အခုလည်း စကားဝါလွှတ်လိုက်တာပါ"

ခရစ္စတင်း အိမ်ထဲကဧည့်ခန်းတွင် ဝင်ထိုင်လိုက်သည်။ နောက်အိတ်ထဲမှ ပိုက်ဆံကိုထုတ်ကာ. . .

"ကိုရည်မွန့်ကိုစကားဝါက 'သက်န်းဖိုး' ပေးခိုင်းလိုက်လို့ပါ"

"ဗျာ. . . သင်္ကန်းဖိုး. . . ဟုတ်လား"

ခရစ္စတင်းစကားကြောင့် ရည်မွန်ကြောင်နေ၏။

"ဟုတ်တယ်. . . သင်္ကန်းဖိုးလေ"

"ဘာလုပ်ဖို့ပါလိမ့်၊ ဒီမှာလည်း သင်္ကန်းဝတ်မယ့်လူတစ်ယောက်မှ

www.burmeseclassic.com



မရှိပါဘူး၊ တစ်ခုခုတော့မှားနေပြီထင်တယ်"

"အို. . . ဘာမှမှားစရာမရှိပါဘူး၊ ကျွန်မကို စကားဝါက အသေအချာပြောပြီးပေးခိုင်းလိုက်တာရှင့်. . . ရှင်တို့ ကထိန်သက်န်းအတူတူကပ်ကြမလို့ မဟုတ်ဘူးလား"

ခရစ္စတင်းက ဘာကိုမှသတိမထားမိဘဲ ပြောချင်သည်ကိုသာ အတင်းအနိုင်အမာဖွတ်ပြောနေသည်။

ခရစ္စတင်း၏အာရုံထဲတွင် 'မှုန်စကားဝါညီုအကြောင်း အကောင်းချည်းများများပြောဖို့' ဟူသည့် စိတ်ဇောတစ်ခုသာ လွှမ်းမိုးနေ၏။

"ကျွန်မသူငယ်ချင်းကလေ. . . အလှူအတန်းသိပ်ရက်ရောတာရှင့် ငယ်ငယ်ရွယ်ရွယ်ပေမယ့် ဘာသာတရားလည်းအရမ်းကိုင်းရှိုင်းတာပဲ သိလား"

"ဩော်. . . ဩော်. . . ဩော်"

ရည်မွန်ကခေါင်းကိုကုပ်မိသည်။ ခရစ္စတင်းက မျက်စိစုံမှိတ်လျက် မှုန်စကားဝါညီုအကြောင်းကိုသာ တရစပ်ပြောနေ၏။

"စကားဝါလိုမိန်းကလေးမျိုးကတော့ ရှားမှရှားပါပဲရှင်. . . တကယ်ပြောတာ၊ ဥပုဒ်နဲ့အဖိတ်ဆိုရင်သူက အမြဲသီလယူနေကျ"

"ကထိန်သက်န်းကပ်ဖို့လည်း တစ်ခါမှစကားစပ်ပြီး မပြောဖြစ်ခဲ့ပါဘူး"

"ဒါဖြင့် တစ်ယောက်ယောက်ကို လှူဖို့များလားရှင်၊ စဉ်းစားပါဦး"

ခရစ္စတင်းကအတင်းတိုက်တွန်းနေသောကြောင့် ရည်မွန်ရောက်တတ်ရာရာတွေလျှောက်စဉ်းစားကြည့်သည်။ အတော်ကြာမှ မရေမရာလေသံဖြင့်. .

"စစ်ကိုင်းချောင်မှာ သီလရှင်ဝတ်နေတဲ့ကျွန်တော့်အဘွားလေး တစ်ယောက်တော့ရှိတယ်၊ အဲဒါ. . . သူ. . . ဘယ်လိုလုပ်ပြီး. . . သိသွား. . ."

"ဟုတ်ပြီ. . . ဟုတ်ပြီ. . . အဲဒါဖြစ်နိုင်တယ်၊ စကားဝါကလေ သက်ကြီးရွယ်အိုတွေဆိုရင်လည်း သိပ်ကိုရိုသေတတ်တာရှင့်"

ရည်မွန်က သက်ပြင်းတစ်ချက်ချလိုက်ရင်း. . .

"ကောင်းပြီလေ. . ဒါဆိုလည်း ကျွန်တော် ဒီပိုက်ဆံကိုယူထားလိုက်ပါမယ်၊ မနက်ဖြန်မနက်. . . ဂျောက်ဂျက်လာတော့ သေချာအောင် ထပ်မေးကြည့်သေးတာပေါ့"

●

ခရစ္စတင်းအိမ်ခြံဝအရောက်တွင် ရည်မွန်က. . .

"ဂျောက်ဂျက်ကိုပြောလိုက်ပါဦး. . . မနက်ဖြန်လာတဲ့အခါကျရင် သူ့အတွက် ဂစ်တာတစ်လုံးရအောင်ရှာလာပါလို့"

ခရစ္စတင်းက ဟုတ်ကဲ့. . . ဟုတ်ကဲ့ဟုပြောကာ လှည့်ထွက်သွားသည်။ ရည်မွန့်နောက်ကျောဘက်တွင် ရပ်နေသောစိုးနိုင်က. . .

"မင်းကလည်းကွာ၊. . . ဟိုချာတိတ်မလေး အလကားသက်သက်အလုပ်ပိုနေပါ့မယ်၊ ဒီအိမ်မှာ မင်းဂစ်တာယူတီးတီး ငါ့ဂီတာယူတီးတီးရနေတဲ့ဟာစကို"

"ဟာ. . . ငါ့ဂစ်တာပေးမကိုင်ချင်လို့ကွ၊ မင်းဂစ်တာကျတော့လည်း အဲ. . . ဘယ်လိုပြောရမလဲ၊ ဒီကောင်မလေးက ငါနဲ့တိုက်ရိုက်ပတ်သက်တာ. . . ကွာ၊ အဲဒါကိုမင်းဆီက အခွင့်အရေးယူသလိုဖြစ်မှာကိုစိုးတာနဲ့"

"ဘာဆိုင်လို့လဲ၊ မင်းကလည်းအတွေးခေါင်လိုက်တာကွာ. . . ဒါနဲ့နေစမ်းပါဦး၊ မင်းကဘာဖြစ်လို့ မင်းဂစ်တာကို ပေးမကိုင်ချင်ရတာလဲ"

သည်မေးခွန်းကိုရည်မွန်မဖြေ။ မျက်နှာလွှဲကာခြံဝင်းအစပ်မှ ကသစ်ပင်ဆီငေးကြည့်နေ၏။ နေရောင်ခြည်ကသစ်ပင်လက်တို့ကြားမှ ဖြတ်သန်းကာ မြေပေါ်အရိပ်ကွက်ကျနေလေသည်။

"ဘာဖြစ်လို့လဲရည်မွန်၊ ဖူးဖူးနဲ့တစ်ခုခုပတ်သက်နေလို့လား"

သည်မေးခွန်းကိုလည်း ရည်မွန်မဖြေ။ လေးလေးတွဲတွဲပင့်သက်ရှိုက်မှုသာရှိုက်၏။ ဝန်ခံခြင်းတစ်မျိုး. . . ဟု နားလည်ရသောအကြည့်ဖြင့်သာ ပြန်ကြည့်လေသည်။ စိုးနိုင်က. . .

"ဘာတွေဖြစ်ခဲ့ကြလို့လဲ၊ အဲဒီနောက်ပိုင်းကိစ္စတွေမင်းငါ့ကိုတစ်ခါမှ



www.burmeseclassic.com

www.burmeseclassic.com



မတိုင်ပင်ခဲ့ဘူးနော်၊ ငါမင်းတို့တီးဝိုင်းကထွက်ပြီး ဒီမြို့မှာပြန်အခြေချနေတဲ့ အချိန်မှာဖြစ်ခဲ့တာတွေလား"

ရည်မွန်ကမျက်မှောင်တွန့်ပြီး စဉ်းစား၏။ တွက်ဆနေဟန်ရှိသည်။ နောက်မှ. . .

"အင်း. . . မင်းတီးဝိုင်းကမထွက်သေးခင်. . . အဲ. . . မထွက်ခင် တစ်ပတ်အလိုလောက်ကပေါ့၊ ငါနဲ့ဇူဇူး ငှက်တွေကိုသွားကြည့်မလို့ဆိုပြီး ငါ လစ်သွားတာကွာ၊ တီးဝိုင်းကိုမလာဘဲငါလစ်နေတဲ့တစ်ရက်လေ. . . မှတ်မိ လား"

"အေး. . . မှတ်မိတယ်၊ အဲဒီတုန်းက မင်းပြောတော့ခေါင်းကိုက်နေလို့ ဒီနေ့မတီးနိုင်ဘူး၊ အနားယူပါရစေဆို"

စိုးနိုင်စကားကြောင့် ရည်မွန်ရယ်၏။ နောက်. . .

"အေးလေကွာ. . . ဇူဇူးနဲ့အတူသွားတာလည်း အနားယူတာပဲမဟုတ် လား၊ အနားယူတာ ချစ်သူကိုခေါ်မသွားလို့ ဘယ်သူခေါ်သွားရမှာလဲ. . . ဘုန်းကြီးပင့်သွားရမှာလား"

"မင်းတို့ကလည်း ကြံကြံဖန်ဖန်ကွာ. . . ငှက်တွေမှသွားကြည့် ရတယ် . . . လို့"

"မင်း မခံစားတတ်ဘဲနဲ့မပြောစမ်းပါနဲ့စိုးနိုင်ရာ. . . အရမ်းကြည်နူး စရာကောင်းတာကွ"

ပြောရင်းနှင့်ပင်သူ့ရင်ထဲတစိမ့်စိမ့် ဆွတ်ပျံ့နွေးထွေးလာ၏။ မှုန်မှိုင်း သောသူ့မျက်ဝန်းတွေထဲတွင် အတိတ်တစ်စုံတစ်ရာကို ပြန်လည်၍မြင်မြင် ယောင်ယောင်ဖြစ်မိလေသည်။

❑



## အတိတ်တစ်စုံတစ်ရာ

"ငှက်တွေက ဘယ်မှာလဲဟင်"

"ရှူး. . . သိပ်အသံကျယ်ကျယ်မပြောနဲ့. . . စောင့်ကြည့်နေဇူဇူးရဲ့ သူတို့ ပျံလာကြတော့မယ်"

ရည်မွန်က အိုင်စပ်သို့လက်ညှိုးထိုးပြလိုက်ရင်း. . .

"သူတို့တွေက တစ်နေ့လုံးအဲသည်လိုရေအိုင်စပ်တစ်လျှောက်မှာ အစာရှာစားကြတယ်၊ တူးမြောင်းသေးသေးလေးတွေ၊ ချောင်းစပ်၊ ချောင်းလက် တက်လေးတွေမှာလည်းရှိတတ်တယ် ဇူဇူးရဲ့၊ ခုလိုညနေအစာဝချိန်ကျတော့ သူတို့အိပ်တန်းရှိတဲ့ ဟိုဘက်တောအုပ်တွေဆီကို စုဝေးပြီး ပျံလာကြတယ်။ ဟော. . . ဟော. . . ဟိုမှာလာနေပြီ၊ တွေ့လား"

သူတို့နှစ်ဦးသား ဦးခေါင်းချင်းပူးကပ်မှီပြီးကြည့်သည်။ အရှေ့မြောက် ကောင်းကင်ဆီမှ ငှက်တစ်အုပ်ပျံသန်းလာသည်ကိုမြင်ရ၏။ ခရမ်းရောင်ဖျော့ ဖျော့မှိုင်းနေသော မိုးကုတ်စက်ဝိုင်းတစ်လျှောက် အဖြူရောင်ငှက်တွေအုပ်သင်း ဖွဲ့ပျံသန်းလာနေလေသည်။

"သိပ်လှတာပဲနော်"

ဟု ဇူဇူးကတီးတိုးပြောသည်။ ရည်မွန်က. . .

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ဥဗျိုင်းတွေပေါ့၊ သူတို့တစ်ကိုယ်လုံးဆွတ်ဆွတ်ဖြူနေတာမြင်လား. . . နှုတ်သီးတွေကအဝါရောင်၊ ကြည့်. . . ကြည့်တွေ့လား၊ ခြေထောက်တွေကျတော့ မည်းနက်နေတာပဲ"

ဖူဖူး၏လက်ကို ဖွဖွဆုပ်ကိုင်ထားမိ၏။ နှစ်ဦးစလုံးလက်ဖဝါးမှာ ပူနွေးနေသည်။ ဖူဖူးက အထိတ်တလန့်သံအနည်းငယ်စွက်လျက်. . .

"ဟော. . . အခုပျံလာတဲ့ငှက်တွေကပိုလှတယ် သိလား"

စောစောက ဥဗျိုင်းများထက်ပိုကြီးမားပြီး အကောင်ရေမှာလည်း ဆယ်ကောင်ခန့်သာရှိ၏။ သူတို့နှစ်ဦးမျက်တောင်ပင်မခတ်မိကြဘဲ စိုက်ကြည့်နေဖြစ်သည်။

အသက်ရှူသံသဲ့သဲ့ကိုသာ ညင်ညင်သာသာကြားနေရ၏။

"ဒီငှက်တွေကျတော့ တစ်ကိုယ်လုံးဖြူနေပေမယ့် အတောင်ဖျားကနေ အမြီးအထိ အမည်းရောင်အရစ်ထနေတယ်နော်"

"အဲဒီငှက်တွေကိုကျတော့ ငှက်ကျားလို့ခေါ်တယ်ဖူဖူးရဲ့"

ငှက်တို့သည်ခြေတံရှည်များကို နောက်သို့တန်းတန်းမတ်မတ် ဆန့်ထုတ်လျက်. . . လည်တိုင်နှင့်နှုတ်သီးတို့ကို ရှေ့သို့ဆန့်လျက်ဆည်းဆာကောင်းကင်ထဲတွင် လှပစွာ ပျံသန်းလာကြလေသည်။

မြင်ကွင်းထဲမှ ငှက်တွေကွယ်သွားကြသောအခိုက်အတန့်တွင် ဘာရယ် မရည်ရွယ်ထားပါဘဲနှင့် ဖူဖူး၏နဖူးဆံစကို မြတ်နိုးစွာ နမ်းရှိုက်မိလေ၏။ ဖူဖူးက ခေါင်းငုံ့ထားသည်။

"တို့နှစ်ယောက် အမှတ်တရဓာတ်ပုံရိုက်ထားကြရအောင်နော် ဖူဖူး"

သူမ သိပ်သဘောမတူချင်သလိုလေးတွဲ့စွာ သူမ ခေါင်းညိတ်၏။

ဆည်းဆာနေရောင်ခြည်မကွယ်မီ သူတို့နှစ်ယောက်အတူတွဲလျက်သွား ဓာတ်ပုံရိုက်ဖြစ်ကြ၏။

နောက်တစ်ရက်. . . နှစ်ယောက်အတူဓာတ်ပုံသွားရွေးပြီး ပြန်အလာတွင် ရည်မွန်က နဂ္ဂတစ်ဖလင်ကို ကန်ရေပြင်ထဲလွှင့်ပစ်လိုက်၏။ ဖူဖူးက ဓာတ်ပုံကို ကိုင်ထားလျက်က အံ့ဩသည့်အကြည့်ဖြင့်ကြည့်သည်။ ရည်မွန်



ကာ. . .

"အင်ဒီးယန်းလူရိုင်းတွေမှာ အယူအဆတစ်မျိုးရှိကြတယ်. . . သိလား ဖူဖူး၊ ဓာတ်ပုံရိုက်ရင် ပုံနဲ့အတူ ဓာတ်ပုံအရိုက်ခံတဲ့သူရဲ့ ဝိဉာဉ်ပါ. . . ပါသွားတယ် . . . တဲ့၊ ဒီဓာတ်ပုံထဲမှာ တို့နှစ်ယောက်ရဲ့ဝိဉာဉ်ရှိချင်ရှိနေမှာနော်"

ဖူဖူးက ရယ်သည်။ ရည်မွန်က ဓာတ်ပုံကိုသူတို့နှစ်ယောက်ပုံနှစ်ပုံ၏ အလယ်ကြားတည့်တည့်ရောက်အောင်ဆုတ်ဖြဲပြီး နှစ်ပိုင်းပိုင်းလိုက်၏၊

နောက်. . . သူ့ဓာတ်ပုံပါသောအပိုင်းအစကို ဖူဖူးဆီလှမ်းပေး၏၊

"ကိုယ့်ဝိဉာဉ်ပါတဲ့တစ်ခြမ်းကို ဖူဖူးသိမ်းထား၊ ဖူဖူးရဲ့ဝိဉာဉ်ပါတဲ့အခြမ်းကိုတော့ ကိုယ်ပဲသိမ်းထားမယ်၊ တို့နှစ်ယောက်လက်ထပ်တဲ့အခါကျမှ ပြန်ဆက်ပြီးတော့ ဓာတ်ပုံ Size အကြီးချဲ့ကူးပြီး မှန်ဘောင်သွင်းထားကြတာပေါ့"

ရည်မွန့်စကားကြောင့် သူမမျက်ဝန်းတွေသစ်ပင်တောအုပ်လို စိမ်းစိမ်းညို့ညို့ပြုံးလေသည်။

●

"အဲဒါဆို ခုထိမင်းဆီမှာ ဖူဖူးဓာတ်ပုံပါတဲ့တစ်ခြမ်းကိုသိမ်းထားတာပေါ့"

"ဟုတ်တယ်. . . ဟောဒီမှာလေ"

ရည်မွန်က ဂျစ်တာကိုယူ၍ ထင်းရှူးသားအသံအိုးကို လက်ဖြင့်ပုတ်ပြသည်။ ဂစ်တာအိမ်ကို အနည်းငယ်စောင်း၍ကြည့်လိုက်သောအခါ အသံအိုးအတွင်း ဘယ်ဘက်နံရံတွင် ဓာတ်ပုံတစ်ခြမ်းကို စက္ကူတိပ်ဖြင့်ကပ်ထားသည်ကို မြင်ရ၏။

"ဪဂစ်တာဟာ သူ့ရဲ့ဝိညာဉ်ကိုသိမ်းဆည်းထားတဲ့ အသံနန်းတော်ပဲ"

စိုးနိုင်က ရည်မွန့်လက်ထဲမှဂစ်တာကို တစ်ချက်လှမ်းကြည့်ရင်း . . .

"နန်းတော်ထဲမှာနေတာဆိုတော့ ဖူဖူးကမင်းရဲ့နတ်သမီးပေါ့. . .

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား"

"မဟုတ်ဘူး"

'ဒါဖြင့် ဘာလဲ၊ ဘုရင်မလား. . .'ဟု စိုးနိုင်ကမေးရန်နှုတ်ခမ်းပြင်သည်၊ ရည်မွန်က စိုးနိုင်၏အမေးကိုကြိုသိနေသလိုမျိုး စကားကိုဆက်သည်။

"စုန်းမ"

ရည်မွန့်လက်တွေက ဂစ်တာကြိုးကိုတို့ထိနေ၏။ တေးသွားသံစဉ် တစ်ပိုင်းတစ်စထွက်ပေါ်လာသည်။

သူမသည် အမှန်တကယ်ပင် အတ္တကြီးလွန်းသောစုန်းမတစ်ကောင်ဖြစ်ပါသည်။

❑



## အတိတ်တစ်စုံတစ်ရာ

အဲသည်နေ့က ဇူဇူးတို့ အဝေးသင်နောက်ဆုံးနှစ် ကျောင်းသားကျောင်းသူများ အတန်းတင်စာမေးပွဲဖြေရမည့်နေ့ဖြစ်သည်။

ရည်မွန်က ဇူဇူးဖြေဆိုရမည့် စာစစ်ဌာနရှိရာတက္ကသိုလ်အထိ လိုက်ပို့၏၊ သူက စိတ်ပူနေသည့်တိုင် တကယ်ဖြေဆိုရမည့်ဇူဇူးက အေးတိအေးစက်။

စိုးရိမ်သောကဖြင့် ဗျာယာခတ်နေသည့်ရည်မွန့်ကိုပင် သူမက ရိသဲ့သဲ့လှောင်ပြောင်သရော်လိုက်သေးသည်။ တကယ်တမ်းဝန်ခံရလျှင် ရည်မွန်သူမကို အတော်ဒေါသဖြစ်သွား၏။

စာမေးပွဲဖြေရမည့်အချိန်နည်းနည်းလိုနေသေးသည်နှင့် နီးရာသစ်ပင်ရိပ်တစ်ခုကိုရှာပြီး သူတို့နှစ်ဦးထိုင်ကြသည်။ ပတ်ဝန်းကျင်တွင် ကျောင်းသားကျောင်းသူများက စာကျက်သူ ကျက်၊ စကားတတွတ်တွတ် ပြောသူပြော၊ နောက် ပြောင်သူနောက်ပြောင်နှင့် မသိမသာ ဆူညံလှုပ်ရှားနေလေသည်၊

ထိုအခိုက် ဇူဇူးက သူမ၏လက်ဝဲဘက်လက်ကို ရုတ်တရက်ငုံ့ကြည့်လိုက်ပြီး. . .

"ဟယ်. . . နာရီမပတ်ခဲ့မိဘူး၊ မေ့လာခဲ့ပြီ"

ဇူဇူး၏အထိတ်တလန့်အပြောကြောင့် ရည်မွန်ပို၍ရိမ်သွား၏၊

www.burmeseclassic.com

www.burmeseclassic.com



"စာမေးပွဲဖြေရမယ့်ဥစ္စာ၊ နာရီမပါလို့ဘယ်ဖြစ်မလဲ"ဟု ရေရွတ်ရင်း သူထိုင်နေရာမှ ရုတ်တရက်ထရပ်သည်။ တစ်စုံတစ်ခုကိုစဉ်းစားလိုက်၏။

". . . ဒီမှာခဏစောင့်နေဦး ဇူဇူး"

သူ ကျောင်းအပြင်ဘက်သို့ ကမန်းကတန်းထွက်ခဲ့သည်။ ကားတစ်စီးငှားကာ မြို့ထဲရှိစတိုးဆိုင်သို့ မောင်းနိုင်းလိုက်သည်။ တက္ကစီကိုစောင့်ခိုင်းထားပြီး နာရီတစ်လုံးဝယ်ကာ ချက်ချင်းကျောင်းဆီသို့ပြန်လာ၏။

အချိန်မီသေးသည်။ တော်ပါသေးရဲ့. . . ဟု တွေးလိုက်၏။ ဇူဇူးဆီ ပြန်အရောက်တွင်. . .

"ရော့. . . ဇူဇူး. . . နာရီ"

ဇူဇူးက သူ့ကိုအေးစက်စက်မော့ကြည့်သည်။

"ဘာလုပ်ဖို့လဲ"

"ဟင်. . . ဘယ်လိုပြောလိုက်တာလဲ ဇူဇူး၊ မင်းအတွက် ကိုယ်တကူးတက. . ."

"ဟင့်အင်း. . . ကျွန်မက သူများပေးတဲ့ပစ္စည်းကို မယူတတ်ဘူး"

ဘုရားရေ. . . မင်းနဲ့ကိုယ်နဲ့ဟာ သူစိမ်းတွေလား။

ရည်မွန့်ရင်ထဲမှာ စူးကနဲ နာကျင်သွားသည်။ ယောကျ်ားတစ်ယောက်၏မာနက အချစ်ကြောင့်နာကျင်ရသည်ကို အံ့သြစူးရှစွာ ခံစားရ၏။ သူမက. . .

"လက်ဆောင်ပစ္စည်းတစ်ခုကို လက်ခံတယ်ဆိုတာ ရုပ်ဝတ္ထုအားဖြင့်တော့ ကိုယ်ကရယူလိုက်တာမှန်ပေမယ့် စိတ်ဓာတ်အရ ကိုယ်ကပေးဆပ်လိုက်ရခြင်းတစ်မျိုးပဲ"

"မင်းအတွက် တသီးတသန့်ရည်စူးပြီးဝယ်လာတာ၊ မင်းမယူရင် လွှင့်ပစ်လိုက်ဖို့ပဲရှိတော့တယ်"

သူမဘက်က တစ်စုံတစ်ရာပြန်လည်ပျော့ပြောင်းလာဖို့ တိတ်တခိုးမျှော်လင့်လျက်ပြောမိ၏။ သို့သော် ဇူဇူးက. . .

"ကိုရည်မွန့်သဘောပဲ"



သူ နာရီကိုဖျတ်ခနဲလွှင့်ပစ်လိုက်သည်။

နှလုံးသားထဲမှ တစ်စုံတစ်ရာကိုပါ လွှတ်ပစ်လိုက်သလိုခံစားရ၏။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၉)



ဆည်းဆာနေရောင်ခြည်ကြောင့် သစ်ရွက်စိမ်းစိမ်းတို့အနားသတ်တွင် ရွှေရောင်လက်နေသည်ဟု အောက်မေ့ရ၏။ လေပြည်ထဲတွင် တိုးတိုးလွင့်ပါးလာသောအသံကို မှုန်စကားဝါညိုအာရုံအသိက မှတ်မိနေ၏။ ခရစ္စတင်း၏ခြေသံမှန်းသိသောကြောင့် လှည့်ကြည့်လိုက်သည်။ နောက် ဝမ်းသာအားရဖြင့်မေးသည်။

"ခရစ္စတင်း. . . သတင်းကောင်းပါလားဟင်၊ မြန်မြန်ပြောစမ်းပါ"

"ဟင်! သတင်းကောင်း. . . ဩော်. . . အင်း. . . ပါတယ်လေ၊ အခုအစွေရေးနဲ့အာရပ် အပစ်အခတ်ရပ်စဲလိုက်ပြီ. . . တဲ့"

"ဒီမှာခရစ္စတင်း၊ ကျေးဇူးပြုပြီး မကြောင်စမ်းပါနဲ့ဟာ. . . ဒီနေ့ ရှင်ယူလာတဲ့ကိစ္စ အဆင်ပြေ့မပြေသာ ပြောစမ်းပါ"

ခရစ္စတင်းက ခေါင်းကိုကုတ်ရင်း ခဏစဉ်းစားလိုက်သည်။ နောက်. .

"ဒီနေ့ ငါဘာလုပ်မိလို့လဲ၊ အင်း. . . အင်း. . . ဟုတ်ပြီ၊ နေ့လယ်တုန်းကငါ ရွှေငါးလေးတွေသားဖောက်တယ်လေ၊ ဟုတ်တာပေါ့၊ နင့်ကိုပြောရဦးမယ်၊ အခုသားဖောက်တဲ့ရွှေငါးအထီးလေးက ဟိုတလောကသေသွားတဲ့တစ်ကောင်နဲ့ တူချင်နေမှာ. . . နင်မှတ်မိလား. . .

www.burmeseclassic.com

www.burmeseclassic.com



ထွေးထွေးတို့အိမ်ကအကောင်နဲ့ စပ်ထားတာလေ၊ ဒီဘက်ကရွှေငါး အမနဲ့ တူဝရီးတော်တယ်၊ နောက်ပြီး. . ."

"တော်တော့. . . ခရစ္စတင်းရဲ့၊ နင့်ရွှေငါးတွေရဲ့သန်းခေါင်စာရင်း တွေ၊ လင်ယူသားမွေးကိစ္စတွေ လာပြောမနေနဲ့၊ နင်နဲ့ ကိုရည်မွန်တွေ့တဲ့ကိစ္စသာ မြန်မြန်ပြောစမ်းပါ"

ခရစ္စတင်းက တစ်ချက်ရယ်ကာ ဆံပင်များအကြားသို့ လက်ချောင်းတို့ ဖြင့်ထိုးဖွလိုက်ပြီး. . .

"အေးပါဟ. . . ငါလည်းအစတုန်းက အဲဒါကိုပြောမလို့ပါ၊ နင်က သတင်းကောင်းပါလား. . . လို့ဖြတ်မေးလိုက်တော့ ဘာများပါလိမ့်လို့ ကြောင် သွားပြီး စကားတွေဟိုရောက်ဒီရောက်ဖြစ်ကုန်တာပေါ့. . .

အဲ. . . နင့်ကိစ္စအဆင်ပြေပါတယ်ဟ၊ ကိုရည်မွန်ကတောင် ငါ့ကိုပြန် မေးနေသေးတယ်၊ သက်န်းက ဘယ်သူ့ကိုလှူဖို့လဲ. . . တဲ့"

"ဘာ. . . သင်္ကန်း. . . ဘယ်ကသင်္ကန်းက ပါလာရတာလဲ"

"ဟင်. . . နင်ပေးလိုက်တဲ့သင်္ကန်းဖိုးနဲ့ဝယ်ဖို့ပေါ့ စကားဝါရဲ့"

မှုန်စကားဝါညိုက 'အား'ခနဲတစ်ချက် ရေရွတ်ညည်းတွားလိုက်၏။ ခရစ္စတင်းက အူကြောင်ကြောင်မျက်ဝန်းများဖြင့် ငေးကြည့်နေသည်။ မှုန် စကားဝါညိုက. . .

"သေလိုက်ပါတော့ ခရစ္စတင်းရယ်၊ ငါပြောလိုက်တာက သင်. . . တန်း. . . ဖိုး. . .၊ သူ့ဆီမှာဂစ်တာတီးသင်တဲ့အတွက်ပေးဖို့. . . သင်တန်းဖိုး နင်ကဘယ့်နှယ့်လုပ်ပြီး. . . သင်္ကန်းဖိုးလို့ကြားလိုက်ရတာလဲ. . . ဒုက္ခပါပဲ လွဲကုန်ပြီ"

ခရစ္စတင်းက အူကြောင်ကြောင်ဖြင့်ရယ်လိုက်ပြီး. . .

"အေး. . . ဒါကြောင့် ငါလည်းစိတ်ထဲက တစ်မျိုးတော့အောက်မေ့ သား၊ ဩော်. . . ငါ့မှာတော့ နင့်အကြောင်းပြောလိုက်ရတာ၊ ဟီး. . . ဟီး. . . အားနာလိုက်တာစကားဝါရယ်"

ပြောရင်းနှင့်ပင်ခရစ္စတင်းက မအောင့်နိုင်ဘဲတဟီးဟီးရယ်နေတော့



၏။ နောက်တော့ မှုန်စကားဝါညိုလည်း ကိုယ့်အဖြစ်ကိုယ်ပြန်တွေးရင်း စိတ်ညစ် နေသည့်ကြားမှလိုက်ရယ်ဖြစ်သည်။

ဘုရားရေ. . . ယောကျ်ားတစ်ယောက်ကိုချစ်ရတာ ဒီလောက်တောင် ဒုက္ခများသလားကွယ်။

ဒါဟာ ခါးသီးတဲ့ချိုမြိန်မှုပါပဲ။

ကျွန်မက ဆောင်းဥတုမှာနှင်းတွေတဖွဲဖွဲကျနေတာကိုမြင်ရရင် နှလုံး အိမ်ထဲမှာ အလိုလိုနာကျင်လာသလိုခံစားရတယ်။ (ဘာကြောင့်မှန်းတော့ သိပါဘူး၊ ဟို. . . ငယ်ငယ်ကတည်းက အဲသည်လိုခံစားကျင့်ရနေခဲ့တာ. . .)

ဒါပေမယ့် သူတို့ကြောင့်ကျွန်မ အဲသည်လိုခံစားရတယ်ဆိုတာကို နှင်း တွေကတော့ သိကြမှာမဟုတ်ဘူးနော်. . .

အဲသည်လိုပဲပေါ့. . . ကိုကိုရယ်။

ကိုကို့ကြောင့် ကောင်မလေးတစ်ယောက် ခံစားနေရတာကို ကိုကိုဘယ် သိနိုင်မှာလဲ။

ညညဆိုရင် ဟောဒီခပ်ဆိုးဆိုး ခပ်တေတေကောင်မလေးတစ်ယောက် ဟာ 'ကိုရည်မွန်'ဆိုတဲ့နာမည်အက္ခရာကို ဗလာစာအုပ်တစ်အုပ်လုံးအပြည့်ရေး ရင်း ကိုကို့ကိုလွမ်းနေတယ်ဆိုတာ ကိုကိုသိလား!

သိရဲ့လားဟင်. . .။

ဆည်းဆာကောင်းကင်တွင် နေခြည်သည်ရွှေရည်လက်နေ၏။ ဟို. . . အဝေးဆီမှာ ငှက်တစ်အုပ်ပျံသန်းသွားသည်ကိုမြင်ရ၏။ ဝေးလွန်းသော ကြောင့်အဖြူရောင်ငှက်တွေလား? အနက်ရောင်ငှက်တွေလား? မကွဲပြား။

'လူ့စိတ်လူ့သဘာဝဆိုတာ အနက်ရောင်သက်သက်နဲ့အဖြူရောင် သက်သက်မဟုတ်ဘူး။ အနက်ရောင်နဲ့ (သိပ်မဖြူလှတဲ့) မီးခိုးရောင်သာဖြစ် တယ်' ဟူသောအက်ဆေးစာပိုဒ်တစ်ပိုဒ်ကို ဖျတ်ခနဲသတိရမိသည်။ ကိုရည်မွန့် မျက်နှာကို မြတ်မြတ်နိုးနိုးတွယ်တွယ်တာတာမြင်ယောင်လာ၏။

သူ့စိတ်သဘာဝကကော. . . ဘယ်လိုလဲ။

အဖြူရောင်လား? အနက်ရောင်လား? သိပ်မဖြူစင်လှသော မီးခိုး

www.burmeseclassic.com

www.burmeseclassic.com



ရောင် လားမသိ။

●

'သူ' ကား တန်ခိုးစွမ်းအင်ရှိသော လျှို့ဝှက်တတ်သော မကောင်းဆိုးဝါး တစ်ကောင်လိုဖြစ်နေ၏။ သူမသည် 'သူ့'အနီးထံပါးတွင် အမြဲနေချင်သည်။

သူ့စိတ်ခံစားချက်ကို နားလည်ချင်သည်။ သူ့လျှို့ဝှက်ချက်များကို သိချင်သည်။ သူ့အချစ်ကို လိုချင်သည်။

သူမဘဝတွင် ဒီလိုမျိုးတစ်ခါမှမဖြစ်ဖူးခဲ့။

●

သူမ၏အိပ်ရာနံဘေးတွင် 'ကိုရည်မွန်'ဟူသောအမည်ကို ဗလာ စာအုပ်တစ်အုပ်လုံး သူမလက်ရေးဖြင့်စာမျက်နှာတိုင်းတွင် အပြည့်ရေးထား သည့် စာအုပ်တစ်အုပ်ရှိသည်။ တစ်နေ့နေ့တွင် 'သူ့'ကို ထိုစာအုပ်ပြရဦးမည်ဟု တွေးလိုက်၏။

❑

နှလုံးသားတစ်ရပ်စာ
မျှော်စင်တစ်ခုဆောက်ပြီး. . .
ကမ္ဘာဦးအစကို
ပြန်ကြည့်မိပါတယ်။
'မီး'ကိုစတင်တွေ့ရှိသူဟာ. . .
ငါပါပဲ။
(လူစိမ်းသက်)

www.burmeseclassic.com

www.burmeseclassic.com



သည်နေ့တစ်မနက်လုံး အဘွားက ဂစ်တာတီးသွားသင်ခွင့်မပြုဟု ပြောကာ အပြင်ပေးမထွက်သောကြောင့် မှုန်စကားဝါညို ခြံထဲဆင်းပြီး ဆူဆူဆောင့်ဆောင့်လုပ်နေ၏။

အဘွားက သူမစက်ဘီးကိုပါသော့ခတ်ပြီး သိမ်းထားသဖြင့် မှုန်စကားဝါညိုစိတ်ကောက်နေသည်။ အဘွားကိုလည်း နှုတ်တုံ့မပြန်ရဲ။ တစ်ယောက်တည်းခြံတံခါးဝမှာ ရစ်သီရစ်သီခေါက်တုံ့ခေါက်ပြန်လျှောက်ရင်း အပြင်ထွက်ခွင့်ရနိုးနိုးမျှော်လင့်နေမိ၏။ ထိုစဉ်. . . ခြံအပြင်မှ. . .

"ဦးကြီးကို ထမင်းဖိုးလေးတစ်ကျပ်၊ တစ်ဆယ်လောက်သနားပါကွယ်၊ အိမ်ရှင်တို့ကျန်းမာကြပါစေ. . . ချမ်းသာကြပါစေ၊ စီးပွားရေးလည်းဆတက်ထမ်းပိုးဒီရေအလားကဲ့သို့. . ."

"ကန်တော့ပါသေးရဲ့. . . ဩော်. . . ကန်တော့ပါသေးရဲ့လို့ ပြောနေတဲ့ဥစ္စာ၊ မရှိဘူး. . . မရှိဘူး. . . တစ်ပြားမှမရှိဘူး"

မှုန်စကားဝါညိုစိတ်တိုတိုဖြင့် အော်ဟစ်လိုက်သည်။ ထိုအခိုက်အတန့်တွင်မှ တိုက်တိုက်ဆိုင်ဆိုင် ရည်မွန်က စက်ဘီးတစ်စီးကိုနင်းလျက် သူမခြံတံခါးဝဆီတည့်တည့်ရောက်လာ၏။



"ဩော်. . . အဲဒါကြောင့် မင်းသူငယ်ချင်းကပြောတာကိုး။ ဂျောက်ချက်က အလှူအတန်းသိပ်ရက်ရောတယ်. . . တဲ့၊ သက်ကြီးရွယ်အိုတွေဆိုရင်လည်း သိပ်ရိုသေတာပဲတဲ့၊ ဟုတ်တယ်နော်"

ကိုရည်မွန်၏ရွှတ်နောက်နောက်စကားကြောင့် စကားဝါရှက်လည်းရှက်၊ ရယ်လည်းရယ်ချင်သွားသည်။ သူမက ဆောင့်ဆောင့်အောင့်အောင့်လေသံဖြင့်. . .

"ဘယ်သူပြောတာလဲ"

"မင်းသူငယ်ချင်းပဲပြောတာလေ. . . ဂျောက်ဂျက်ရဲ့၊ ဟို. . . သက်န်းဖိုးဆိုလား၊ အဲဒါပေးရင်းနဲ့ပြောသွားတာ"

မှုန်စကားဝါညိုက ရှက်တစ်ဝက်အပြုံးဖြင့် ခရစ္စတင်းနားကြားလွဲပုံကိုပြန်ပြောပြလိုက်သောအခါ ရည်မွန်အားပါးတရရယ်သည်။ စကားဝါက. . .

"ကိုရည်မွန် ဘာစိတ်ကူးပေါက်ပြီး ကျွန်မဆီရောက်လာတာလဲဟင်၊ စိတ်ထဲမှာ မျှော်လင့်မထားမိတော့ အရမ်းအံ့သြနေတယ်"

"ဩော်. . . ဘာရယ်မဟုတ်ပါဘူး၊ ဒီစက်ဘီးပြင်ဖို့ထွက်လာတာ၊ ဦးနိုင်စက်ဘီးလေ၊ ကိုယ်ကညနေဆို ဂစ်တာသင်တန်းကို လိုင်းကားနဲ့သွားသွားနေရတာပင်ပန်းမှာစိုးလို့တဲ့၊ အဲဒါစိုးနိုင်က သူ့စက်ဘီးအဟောင်းလေးထုတ်ပေးတာ ပြင်ပြီးစီးပေါ့တဲ့၊ အခုကိုယ်စီးကြည့်တော့လည်း အကောင်းသားပါပဲ၊ ဘာရိတ်သိပ်မမိတာနဲ့ လက်ကိုင်ချောင်နေတာလောက်ပဲတွေ့တယ်။

ဘာအပြစ်တွေရှိဦးမလဲတော့မသိဘူး၊ ဆိုင်မှာသွားအပ်ပြီး တစ်စစီဖြုတ်ကြည့်ခိုင်းရမှာပဲ၊ အဲဒါ စက်ဘီးစမ်းစီးကြည့်ရင်းနဲ့ ဒီနေ့တစ်မနက်လုံးလည်း မင်းကရောက်မလာတော့ ဘာများဖြစ်သလဲဆိုပြီးဝင်လာတာ"

"ဟင်. . . အဲဒါဆို အတော်ပဲ၊ ကျွန်မကူညီလို့ရပြီ"

သူမ နှုတ်ကလွှတ်ခနဲပြောလိုက်၏။ ရည်မွန်က. . .

"ဘာလဲ. . . ဘာကူညီလို့ရတာလဲ"

သူမ. . . အနည်းငယ်ရှက်သွားသည်။ ကြည့်စမ်း. . . ဘာဖြစ်လို့ငါဒီလောက်တောင် ကြန့်မဆယ်နိုင်ဖြစ်ရတာလဲ။

www.burmeseclassic.com

www.burmeseclassic.com



"စက်ဘီးပြင်ဆိုင်ကောင်းကောင်းရှိတဲ့နေရာ ကျွန်မသိတယ် ကိုရည်မွန်ရဲ့၊ ကျွန်မစက်ဘီးပြင်နေကျ။ အဲဒီတော့ ကိုရည်မွန်အတွက် လိုအင်ဆန္ဒတစ်ခုခုကို ဖြည့်ဆည်းပေးချင်နေတဲ့ကျွန်မအဖို့ ဒါဟာအခွင့်အရေးတစ်ခုပေါ့၊ မဟုတ်ဘူးလားဟင်"

ခက်လိုက်တဲ့ကောင်မလေး. . . ဟု ရည်မွန်တွေးရင်း တိတ်တခိုးပြုံးမိသည်။ သူစိမ်းယောကျ်ားတစ်ယောက်ကို ဒီလိုစကားမျိုးမပြောသင့်မှန်း သူမသိပုံမရ (သို့မဟုတ်) ဟန်ဆောင်တတ်ပုံမရ။

မင်းကြောင့်ငါတော့ခက်ဦးမယ်ထင်ပါရဲ့. . . ကောင်မလေးရယ်ဟု ရည်မွန်စိတ်ထဲမှ ခပ်ဖွဖွရေရွတ်မိသည်။

မှုန်စကားဝါညိုက အဘွားအလစ်ကိုချောင်းပြီး အပြင်သို့လှစ်ခနဲထွက်လာကာ ခြံဝင်းတံခါးကိုအသာပြန်စေ့သည်။ နောက်. . .

"ကိုရည်မွန်. . . စက်ဘီး ကျွန်မကိုပေး၊ ကျွန်မနင်းမယ်. . . ကိုရည်မွန် နောက်ကထိုင်စီး"

"ဟာ. . . ဂျောက်ဂျက်ရယ်. . . လူမြင်လို့မကောင်းပါဘူးကွာ၊ မိန်းကလေးက စက်ဘီးနင်းပြီး ယောကျ်ားလေးက ထိုင်စီးရတယ်ဆိုတာ. . . နေပါ. . . ကိုယ်ပဲ နင်းပါ့မယ်"

"အို. . . ဘာလို့လူမြင်မကောင်းရမှာလဲ၊ လူဆိုတာ ကိုယ်လုပ်ချင်တာကိုလုပ်ခွင့်ရှိတယ်"

"မဟုတ်သေးပါဘူးဂျောက်ဂျက်ရယ်. . . စက်ဘီးကိုကိုယ်နင်းပါ့မယ် မင်းကနောက်ကထိုင်ပြီးတော့ပဲ ဘယ်လမ်းကိုသွားရမယ်ဆိုတာ ပြောပြပေါ့"

"သွားရမှာကအဝေးကြီး ကိုရည်မွန်ရဲ့. . . ကိုရည်မွန်ပင်ပန်းနေမှာစိုးလို့ပြောတာ၊ ကိုရည်မွန်က စက်ဘီးစီးကျင့်လည်းမရှိဘဲနဲ့၊ ကျွန်မကစက်ဘီးနဲ့သွားနေလာနေကျ၊ ကဲ. . . ပေးပါ. . . ပေးပါဆို"

မှုန်စကားဝါညိုက ပိုးနှံ့ကောင်လေးတစ်ကောင်လို ခုန်ဆွခုန်ဆွလုပ်နေသည်။ ရည်မွန်က ခပ်ဖွဖွရယ်လိုက်ရင်း. . .

"ဘုရားရေ. . . အတင်းအဓမ္မကို ကူညီနေတော့တာပါပဲလား"



သူ့စကားမဆုံးခင်မှာပင် မှုန်စကားဝါညိုက စက်ဘီးလက်ကိုင်ကိုတွန်းကာလွှားခနဲခုန်တက်လိုက်သည်။ ရည်မွန် ကမန်းကတန်းပြေးပြီး ကယ်ရီယာပေါ် ဘေးတစ်စောင်း အလိုက်သင့်တက်လိုက်ရ၏။

ရည်မွန့်စိတ်ထဲတွင် အနည်းငယ်ရှုပ်ထွေးသလို ဖြစ်နေသည်။ အနည်းငယ်ရှက်သည်။ အနည်းငယ်စိတ်တိုသည်၊ ရိုးရိုးသားသားဝန်ခံရလျှင် အနည်းငယ်ကြည်နူးစွာလည်းခံစားရလေသည်။

●

စက်ဘီးလက်ကိုင်က ချောင်နေသောကြောင့် တစ်ချက်တစ်ချက်တွင် စက်ဘီးက ဘယ်ညာယိုင်ထိုးသွား၏။

"ဂျောက်ဂျက်. . . ဖြစ်ရဲ့လားကွာ"

"အို. . . ရပါတယ်၊ စီးနေကျပါ. . . ဆို"

"မဟုတ်ဘူး၊ ဒီစက်ဘီးက သိပ်မကောင်းလို့ပြောနေတာ"

မှုန်စကားဝါညိုဘာမှပြန်မဖြေ။ ကုန်းတစ်ခုကိုအရှိန်ဖြင့် နင်းတက်လိုက်သည်။

သူမ နဖူးဆံစပ်မှချွေးစက်တစ်စက် လိမ့်ဆင်းလျောကျလာ၏။ အာခေါင်ထဲတွင် အနည်းငယ်ခြောက်သွေ့သလိုခံစားရသည်။

ငါ. . . ဘာဖြစ်နေတာလဲ။ မောနေတာလား။ ရင်ခုန်ရလွန်းလို့ စိုးရွံ့နေတာလား။

အို. . . ပျော်လိုက်တာကွယ်။

ရှင်. . . အဲသည်လိုငြိမ်ငြိမ်ကလေးထိုင်ပြီး လိုက်ခဲ့စမ်းပါ။

ကျွန်မရှင့်ကို ကမ္ဘာအဆုံးအထိသယ်ဆောင်သွားနိုင်တယ်။

"ဂျောက်ဂျက်. . . သတိထားနော်၊ ရှေ့မှာကုန်းဆင်း"

"ရတယ်. . . ရတယ်"

"ဘာရိတ်က သိပ်မမိလို့ပြောတာကွ၊ ဟော. . . ဟော. . ."

www.burmeseclassic.com

www.burmeseclassic.com



ဖြုန်းခနဲ လမ်းအကွေ့မှကားတစ်စီးပေါ်လာသည်။ ရုတ်တရက်အနားမှ ပွတ်၍ဖြတ်သွား၏။ မှုန်စကားဝါညို စက်ဘီးလက်ကိုင်ကို အနည်းငယ်စောင်းလိုက်စဉ် ချော်ပြီးလည်သွားသည်။

ဘရိတ်ကိုနင်းသည်။ မမိ။ ကုန်းဆင်းအတိုင်းလျောကျသွား၏။ ခြေတစ်ဖက်ထောက်၍ အရှိန်ကိုထိန်းရန်ကြိုးစားသည်။

"ဟာ. . ."

"အမယ်လေး"

မြေအောက်ကြိုးလိုင်းပြင်ရန်တူးထားသောတွင်းထဲ အရှိန်ပြင်းစွာထိုးကျသွားသည်။ ကယ်ရီယာခုံပေါ်မှ ရည်မွန်ကိုခါချလိုက်သလိုမျိုး. . .၊ ဘေးတစ်စောင်းထိုင်လိုက်လာသောအနေအထားဖြစ်သောကြောင့် ရည်မွန်ဟန်ချက်မထိန်းနိုင်၊ လွင့်သွားသည်။ စက်ဘီးဘားတန်းကိုကျော်၍ ခြေပစ်လက်ပစ်ကျသည်။

မြေပေါ်အကျတွင် လက်ဝဲဘက်လက်ကို ဆန့်ထောက်လိုက်မိသောကြောင့် လက်ဖျံရိုးကိုရိုက်ချိုးလိုက်သလိုဖြစ်သွား၏။

"အား"

မြေကြီးထဲတွင် တစ်ပိုင်းတစ်စမြုပ်နေသောဝါယာကြိုးက ရည်မွန့်လက်မောင်းသားထဲသို့ နက်ရှိုင်းစွာစိုက်ဝင်သွား၏။ သွေးတွေဖြာခနဲစီးကျလာသည်။ ပူနွေးစေးထန်းသောသွေးတို့ဖြင့် လက်မောင်းတစ်ခုလုံးရွဲရွဲစိုသွား၏။

"အမယ်လေး. . . သွေးတွေ. . . ကိုရည်မွန်. . . ကိုရည်မွန်. . . ဘာဖြစ်သွားလဲဟင်"

"အား. . . ကျွတ်. . . ကျွတ်. . . လက်. . . လက်ကျိုးသွားပြီထင်တယ်"

"ရှင်"

သူမက ကိုရည်မွန့်ဘေးမြက်ခင်းပေါ် တုန်တုန်ရီရီနှင့်ထိုင်ချလိုက်သည်။ သူမ မျက်နှာတစ်ခုလုံးဖြူဖတ်ဖြူလျော်. . .။ နှုတ်ခမ်းတွေ တဆတ်ဆတ်လှုပ်ခါလျက်. . .။ ဘာသံမှထွက်မလာ။ မျက်လုံးတွေဝိုင်းသွားသည်။



မျက်ရည်တွေဝေ့လာ၏။ နှုတ်ခမ်းကိုယောင်ယမ်း၍လက်ဖဝါးဖြင့်ပိတ်မိသည်။ ရင်တွေတဒိန်းဒိန်းခုန်နေသည်။

"ကို. . . ကို. . . ရည်. . . မွန်. . . ကျွန်မအပြစ်. . ."

သူမ ငိုချလိုက်တော့သည်။

ရည်မွန်က သွေးတွေစို့ရွှဲနေသောလက်မောင်းကို ညာဖက်လက်ဖြင့်ဆုပ်ကိုင်ရင်း သူ့ကိုယ်သူနာကျင်ဖို့မေ့လျော့လျက် မှုန်စကားဝါညိုရှိုက်ကြီးတငင်ငိုကြွေးနေသည်ကို ငေးကြည့်နေမိ၏။

"ကျွန်မ အပြစ်ပါ. . . ကျွန်မ အပြစ်ပါ"

မှုန်စကားဝါညို ရှိုက်ရင်း ရှိုက်ရင်း. . . မပီမသ ဗလုံးဗထွေး ရေရွတ်နေသည်။ သူမ ရှိုက်ကြီးတငင် ငိုကြွေးနေပုံက ရေနစ်နေသောငှက်ပေါက်စလေးတစ်ကောင်နှင့် တူနေလေသည်။

"ကျွန်မအပြစ်ပါပဲ. . . ခွင့်လွှတ်ပါနော်၊ ဟင့်အင်း. . . ဟင့်အင်း. . . ခွင့်မလွှတ်ပါနဲ့၊ ကျွန်မဘဝတစ်လျှောက်လုံး ဘာဖြစ်လို့ဒီလိုချည်းဖြစ်နေရတာလဲ. . .

ကျွန်မက ကောင်းစေချင်လို့တစ်ခုခုလုပ်လိုက်တိုင်း ဘာဖြစ်လို့ဆိုးကျိုးတွေချည်းပဲရနေရတာလဲ၊ ကျွန်မအမြဲတမ်း ဒီလိုချည်းပဲဖြစ်နေတော့မှာလားဟင်. . . ကျွန်မ. . . ကျွန်မ. . ."

ခြေမကိုင်မိ လက်မကိုင်မိ ချုံးပွဲချငိုကြွေးနေသော မှုန်စကားဝါညိုကိုကြည့်ရင်း ရည်မွန်သနားသွားသည်။

●

www.burmeseclassic.com

သုံးရာသီလုံးလုံး
တစ်တောလုံးကြွေခဲ့ရတဲ့ ကျွန်မပါ။
လောကကြီးဆီက. . .
အနှုတ်လက္ခဏာတွေက လွဲလို့
ကျန်တာ ဘာမှမရခဲ့တဲ့ ကောင်မလေးပေါ့။
ကံကြမ္မာက ကျွန်မကို လျှောင်ပြောင်. . .
(ကျွန်မရဲ့) 'ကောင်းသောလာခြင်း' တွေအားလုံး
မှောင်ခဲ့တယ်။



ရည်မွန်က သူမ၏ဆံနွယ်စတွေကို ဖွဖွပွတ်သပ်ပေးရင်း အငိုတိတ်အောင်ချော့နေမိ၏။

မြက်ခင်းပေါ်မှာ သစ်ရွက်ဝါဝါတွေကြွေကျနေသည်။ ခြောက်သွေ့တာ အခေါက်တွေအိုမင်းကွာကျစပြုနေသော သစ်ပင်ကြီး၏ထိပ်ဖျားတွင်ဆီးနှင်းသယ်ပိုးသော တိမ်တိုက်ဖြူဖြူတွေတွယ်ငြိနေ၏။

ကောင်းကင်သည် မိုးကုတ်စက်ဝိုင်းအဆုံးထိပြာလဲ့ကြည်လင်နေလေသည်။ ဆောင်းရာသီတွင် ရောက်လာတတ်သောရင်အုပ်ဝါဝါငှက်ကလေးတွေမြက်ခင်းပေါ် နားကြပြီ။

အကြင်နာတွေ ဆွတ်ပျံ့အေးမြစွာ ဝေ့ဝေ့ဝဲခိုကြလေပြီ။

"တိတ်ပါတော့ ကလေးရယ်. . .၊ မငိုပါနဲ့တော့၊ ဒါ. . . မင်းအပြစ်မှမဟုတ်ဘဲ. . . ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ပြီးဝမ်းနည်းမနေနဲ့တော့နော်"

ရည်မွန်၏နွေးထွေးကြင်နာသောစကားကြောင့် မျက်ရည်တွေကြားမှမှုန်စကားဝါညို့အကြည့်က ဖွဖွညင်သာလင်းလာ၏။

ရည်မွန်က မှုန်စကားဝါညို့ပါးပြင်ပေါ်မှ မျက်ရည်စက်တွေကို အသာအယာတို့၍ တို့၍ သုတ်ပေးလိုက်သည်။

သူ့လက်မှဝေဒနာထက် ဒီကောင်မလေး၏ရင်ထဲမှဝေဒနာက ပိုမိုဆိုးရွားနေမှန်း သူသိလိုက်ရ၏။

"လောကကြီးမှာ မင်းလုပ်ခဲ့တာတွေကိုချည်းပဲ 'အပြစ်'လို့ထင်ပြီးဝမ်းနည်းမနေပါနဲ့ကွယ်၊ လူတွေအားလုံးဟာ ကိုယ့်နည်းကိုယ့်ဟန်နဲ့ကိုယ် အပြစ်တွေလွန်နေကြတဲ့သူတွေချည်းပါပဲ"

အရှေ့မြောက်ကောင်းကင်ဆီမှ တိမ်တွေပြာရီမှိုင်းညို့နေကြသည်။ တိမ်တိုက်တို့၏ အနားသတ်တွင် ငွေရောင်လင်းလက်နေ၏။

အရာရာတွင် အမှောင်ရှိလျှင် အလင်းလည်းရှိရပေလိမ့်မည်။

❑

www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၁၀)



ကျောက်ပတ်တီးစီးထားရသောကြောင့် လက်ဝဲဘက်လက်တစ်ချောင်းလုံးတင်းကျပ်နေသလိုလို တစ်ခါတစ်ရံယားယံသလိုလို စိတ်ကခံစားရသည်။ အနှောင်အဖွဲ့တစ်ခုဖြစ်နေ၏။

လက်မောင်းမှဒဏ်ရာကတော့ ကျက်စပြုပြီ။ အရိုးပြန်ဆက်ဖို့တော့ အတော်ကြာဦးမည်. . . ဟု ဆရာဝန်ကပြော၏။

●

သစ်ပင်များ၊ ပန်းပွင့်များ၊ ဟင်းလင်းပြင်ချောနေသောတောင်ကုန်းများပေါ်တွင် ဆောင်းဥတုကတရွေ့ရွေ့ဖြတ်သန်းနေသည်။ မြောက်ပြန်လေ အေးအေးစိမ့်စိမ့်ထဲတွင် အိပ်မက်တွေတဖွဲဖွဲပါလာကြ၏။

နေရောင်ခြည်က ပြတင်းပေါက်မှန်ကိုဖြတ်သန်းကာ စားပွဲပေါ်ရှိပန်းအိုးပေါ် ကျနေ၏။ ပန်းအိုးထဲတွင် ခြောက်သွေ့နေပြီဖြစ်သော နှင်းဆီပန်းတစ်ပွင့် ရှိနေသည်။

လေပြည်လေညှင်းတိုက်ခတ်သောအခါ ပြတင်းခန်းဆီးစဖြူဖြူပေါ်ပေါ်

www.burmeseclassic.com

www.burmeseclassic.com



ကလေးက တလွင့်လွင့်လှုပ်ရှားလှုပ်ရှားတွန့်သွား၏။

. . . . . . . . . . . . . . . . . . . . . . . . .

ငြိမ်ငြိမ်ကလေးနေ. . . နေရသော ရက်တွေများလာသောအခါ သူ စိတ်မရှည်ချင်။

တခြားအကြောင်းတွေ လျှောက်တွေးကြည့်နေသော်လည်း ခဏချင်း အတွင်းမှာပင်စိတ်က လက်မှဒဏ်ရာဆီသို့သာပြန်ပြန်ရောက်သွား၏။ နောက် မှုန်စကားဝါညှို့အကြောင်းကိုနာရီပေါင်းများစွာ ထိုင်တွေးဖြစ်သည်။

အံ့သြစရာကောင်းသည့်အချက်က. . .

အဲသည်ကောင်မလေးကြောင့် သူ့မှာဒဏ်ရာအနာတရဖြစ်ရပြီးကာမှ သူမကို ထူးဆန်းစွာသံယောဇဉ်တွယ်သွားမိခြင်းဖြစ်သည်။

●

သည်ရက်ပိုင်းတွေအတွင်းမှာ. . . မှုန်စကားဝါညှို့က သူ့ထံသို့နေ့တိုင်း ရောက်လာသည်။

"ကိုရည်မွန့်လက်က ပြန်ကောင်းဖို့ကြာဦးမှာလားဟင်"

"အင်း. . . ကြာဦးမှာပေါ့၊ ဆရာဝန်ကပြောတာကတော့ ပုံမှန်အတိုင်း ဆိုရင် ကလေးတစ်ယောက်မှာ လက်မောင်းရိုးတစ်စောင်းကျိုးတာကို ပြန်ဆက်ဖို့ က သုံးပတ်ကြာတယ်၊ ကန့်လန့်ဖြတ်ကျိုးတာဆိုရင် အဲသည်ထက်တောင်ပိုကြာ တယ်တဲ့၊ လူကြီးဆိုရင် လက်မောင်းရိုးပြန်ဆက်ဖို့ခြောက်ပတ်ကြာတယ်၊ ခြေ ထောက်ဆိုရင် အနည်းဆုံး ၁၂ ပတ်ပဲတဲ့"

"ကိုရည်မွန်ဂစ်တာပြန်မတီးနိုင်ရင်တော့ ဒုက္ခပါပဲနော်. . . ကျွန်မ ကြောင့်. . . ကျွန်မကြောင့်ဖြစ်တာ. . . ကိုရည်မွန်စိတ်မဆိုးဘူးလားဟင်"

မှုန်စကားဝါညှို့မျက်နှာကလေးညှိုးနေသည်ကိုကြည့်ပြီး ရည်မွန်စိတ် မကောင်းဖြစ်မိ၏။ သူ့ရင်ထဲသို့ အမည်နာမ မရှိသောဝေဒနာမျိုးစိမ့်ဝင်စုးနစ် လာသည်။



"အို. . . ဘာလို့စိတ်ဆိုးရမှာလဲကွ၊ လက်ကနဂိုအတိုင်းပြန်ကောင်း သွားမှာပါ၊ ဂစ်တာလည်းပြန်တီးနိုင်မှာ သေချာတယ်. . . လို့ ဆရာဝန်က ပြောထားတာပဲ၊ လောလောဆယ်တော့ လက်ကိုအနားပေးထားရမှာပေါ့. . .

သည်ကြားထဲ မင်းကိုဂစ်တာတီးမသင်ပေးနိုင်ပေမယ့် စစ်တုရင်ထိုး တာ သင်ပေးမယ်လေ. . . ကိုယ်လည်းဘာမှမလုပ်ရ မကိုင်ရတော့ ပျင်းနေတာ၊ တို့နှစ်ယောက် စစ်တုရင်ထိုးဖော်ရတာပေါ့"

ရည်မွန်က စကားဝါကို မြန်မာစစ်တုရင်ထိုးနည်း သင်ပေးသည်၊ အနောက်တိုင်းစစ်တုရင်နှင့်မြန်မာစစ်တုရင်သည် အနည်းငယ်ကွာခြားမှုရှိ၏၊ အနောက်တိုင်းစစ်တုရင်တွင်ပါသော မိဖုရား၊ ဂိုဏ်းချုပ်(ဘစ်ရှော့)နှင့်ရဲတိုက် အရုပ်များကို မြန်မာစစ်တုရင်တွင်မတွေ့ရ။

မြန်မာစစ်တုရင်တွင်ကား ဆင်၊ စစ်ကဲနှင့် ရထားတို့ပါလာကြသည်၊ ရွှေ့ကွက်အရဆိုလျှင် အနောက်တိုင်းစစ်တုရင်မှ ရဲတိုက်နှင့်မြန်မာစစ်တုရင် မှရထားတို့ အလျားလိုက်၊ ဒေါင်လိုက် ရွှေ့ပုံချင်းတူညီ၏။

အနောက်တိုင်းစစ်ဘုရင်မှ ဂိုဏ်းချုပ်(ဘစ်ရှော့)ရုပ်နှင့် မြန်မာစစ်တု ရင်မှစစ်ကဲတို့လည်း ထောင့်ဖြတ်တက်ပုံဆုတ်ပုံချင်းတူညီသည်။ သို့သော် ဂိုဏ်း ချုပ်(ဘစ်ရှော့)ရုပ်က အတားအဆီးမရှိလျှင် အကွက်ကုန်တက်ဆင်းနိုင်သော် လည်း မြန်မာစစ်ကဲရုပ်ကမူ ထောင့်ဖြတ်တစ်ကွက်သာရွှေ့နိုင်သည်။

ထို့ပြင်. . . အကွက်များပေါ်တွင်စစ်ကဲတင်ရန် ကြက်ခြေခတ်ပုံ သင်္ကေတ မျဉ်းဆွဲထား၏။

●

အထူးခြားဆုံးအချက်မှာ. . .

စစ်တုရင်ထိုးမည့်သူနှစ်ဦးကြား စစ်တုရင်ခုံအလယ်တွင် ကန့်လန့် ကာတစ်ခုက ကာဆီးထားခြင်းပင်ဖြစ်၏။

●

www.burmeseclassic.com

www.burmeseclassic.com



ကန့်လန့်ကာကွယ်ထားသောကြောင့် ကစားသူတစ်ဦးချင်းအနေဖြင့် မ်မိတ္တက်ကိန်းဖြင့် မိမိစစ်အင်အားအထားအသိုကိုစိတ်ကြိုက်လွတ်လွတ်လပ်လပ် ဆုံးဖြတ်နေရာချထားနိုင်သည်။ (အနောက်တိုင်းစစ်တုရင်လို ပုံသေနေရာချထား ရန်မလို) တစ်ဦး၏စစ်ရေးပြင်ဆင်မှုကို ပြိုင်ဘက်တစ်ယောက်က မြင်ခွင့်မရ၊

နောက်ဆုံးနှစ်ဦးနှစ်ဖက် စိတ်ကြိုက်စစ်ခင်းပြင်ဆင်ပြီးပြီဆိုမှ ကြားက ကန့်လန့်ကာအဝတ်စကို ဖွင့်လိုက်ရသည်။

●

ထို့ကြောင့် ကမ္ဘာပေါ်ရှိအိန္ဒိယ၊ တရုတ်၊ ပါရှားနှင့် အနောက်တိုင်း စစ်တုရင်နည်းတို့ထက်ပို၍ မြန်မာစစ်တုရင်ကစားနည်းက တကယ်စစ်တိုက်ပွဲနှင့် သဘောသဏ္ဌာန်အတူညီဆုံးဖြစ်သည်ဟုဆိုကြ၏။

တကယ်တမ်း စစ်တုရင်ထိုးကြသည့်အခါ ကိုစိုးနိုင်က မှုန်စကားဝါညို ဘက်မှကူပြီး အကြံပေးသည်။ ထိုပွဲများတွင်မူ မှုန်စကားညို နိုင်သည့်အလှည့် များ ရှိတတ်သော်လည်း ကိုစိုးနိုင်မပါဘဲ တစ်ယောက်တည်းထိုးရသည့်အခါ မှုန်စကားဝါညိုဆက်တိုက်ရှုံးသည်။

အရှုံးတွေများလာပြီဆိုလျှင် မှုန်စကားဝါညိုစိတ်ကောက်တတ်၏၊ ဆူဆူအောင့်အောင့်လုပ်သည်။ 'ကစားချင်တော့ဘူး'ဟု ပြောကာစိတ်ဆိုး[illegible] သည်။ ရွှေ့ပြီးသားအကွက်ကို အတင်းပြန်ပြင်ကာပေကပ်ပြီး အငြင်းထူသည်။

သူမ၏ကလေးဆန်သော စရိုက်အမူအရာကိုကြည့်ပြီး ရည်မွန့်နှလုံး သားက နှင်းဆီပန်းခင်းသည်လန်းဆန်းလာ၏။ တစ်ခါတစ်ခါ မတော်တဆလိုလို ဖြင့် တမင်အကွက်မှားရွှေ့ကာ အရှုံးပေးလိုက်သည့်အခါမျိုးတွင် သူမလက်ခုပ် လက်ဝါးတီးကာပျော်ရွှင်နေပုံကိုကြည့်ပြီး ရည်မွန်စိတ်ထဲချမ်းမြေ့လာလေသည်။

သူ တမင်အလျှော့ပေးမှန်း စကားဝါရိပ်မိသွားသည့်အခါမျိုးတွင် သူမက. . .

"အဲသည်လို တမင်အရှုံးပေးတာတော့ ဘယ်ကောင်းမလဲ၊ ကျွန်မကို ထမင်းသိုးဟင်းသိုးလို သဘောမထားပါနဲ့"ဟု ပြောတတ်၏။ သူမ ဘာအဓိပ္ပာယ်



ဖြင့်ပြောသည်ကို ရည်မွန်နားမလည်။

"စစ်တုရင်က အလေ့အကျင့်နဲ့လည်းဆိုင်တယ် ဂျောက်ဂျက်ရဲ့ ကိုယ်က ဂစ်တာတီးချင်တီး မတီးရင် စစ်တုရင်အမြဲထိုးနေတာကိုး၊ ဂျောက်ဂျက်ကော. . . အားရင်ဘာလုပ်လဲ"

"ကျောင်းစာတွေ ပိနေတုန်းကတော့. . . အားတဲ့အချိန်ဆိုတာ မရှိသလောက်ပဲ၊ ကျောင်းပိတ်ရက်တွေမှာတော့ စာဖတ်တယ်၊ နောက် ဘလူး(**Blue**) နဲ့စကားပြောတယ်"

"ဘလူး (**Blue**) ဆိုတာဘယ်သူလဲ"

မှုန်စကားဝါညိုက မျက်လုံးကလေးများကို ချစ်စဖွယ်ဝိုင်းပြပြီး တခစ်ခစ်ရယ်မောသည်။ နောက်မှ. . .

"ဘလူး(**Blue**) ဆိုတာ ကျွန်မမွေးထားတဲ့ လိပ်ကလေးပေါ့"

"အို. . . ထူးဆန်းတယ်နော်၊ မင်း လိပ်မွေးဖူးတာကိုယ်မသိလိုက်ဘူး ဘယ်တုန်းက ကိုယ်ဝန်ရှိလိုက်တာလဲ၊ အရပ်လက်သည်နဲ့မွေးတာလား၊ ဆေးရုံ မှာမွေးတာလား"

"ကိုရည်မွန်နော်. . . ပေါက်ကရမပြောနဲ့၊ ကျွန်မစကားပြောမှားသွားလို့. . . အလှမွေးထားတာကိုပြောတာ"

"ကြံကြံဖန်ဖန်ကွာ. . ."

"ဟင်. . . ဘယ့်နှယ့်ကြံကြံဖန်ဖန်ရမှာလဲ၊ ကျွန်မရဲ့ဘလူး(**Blue**) က ချစ်စရာလေး၊ ကျွန်မလိုပဲ သေးသေးကွေးကွေးလေး၊ သူ့အရွယ်က လက်သန်းဖျားလောက်ပဲရှိတယ်၊ ကိုရည်မွန်. . . သူ့ကိုမြင်ရင်သိပ်ချစ်သွားမှာသိလား"

ဘုရားရေ. . . ဘယ်လို အူကြောင်ကြောင်ကောင်မလေးပါလိမ့်. . . ဟု ရည်မွန်တွေးလိုက်၏။

"မနက်ဖြန်ကျရင် ကျွန်မရဲ့လိပ်ကလေးကို ကိုရည်မွန်နဲ့မိတ်ဆက်ပေးဖို့ ခေါ်လာခဲ့မယ်"

သူမ၏မျက်ဝန်းတွေက နှင်းစက်တွေလို အေးမြကြည်လင်စွာ တောက်ပနေကြ၏။

ကဲကွယ်. . . ကျွန်မရဲ့ လုပ်ရပ်တွေဟာ သိပ်ကိုရူးကြောင်ကြောင်နိုင်

www.burmeseclassic.com

www.burmeseclassic.com



နေသလား၊ ထားလိုက်ပါတော့. . .။

'ရူးတယ်' လို့ပဲထားလိုက်ပါတော့. . .။

ကဗျာဆရာ'ရှယ်လီ'ကပြောတယ်. . .

**အလှပဆုံးသီချင်းတွေဟာ ကြေကွဲစရာအကောင်းဆုံးအတွေး တွေကို ဖွဲ့ဆိုထားတာပဲ. . . တဲ့။**

ကျွန်မမှာ အလှပဆုံးနှလုံးသားတစ်ခုရှိတယ်၊ အဲဒီအထဲမှာ ရှင့်ကိုချစ်တဲ့အရူးသွပ်ဆုံးအတွေးတွေကို ဖွဲ့ဆိုထားတာပေါ့။

●

အဲသည်ညသန်းခေါင်ယံအချိန်တွင် ကိုရည်မွန့်အကြောင်းကို အိပ်မက်မက်နေရာမှ မှုန်စကားဝါညိုဖျော့ခနဲနိုးလာသည်။

ညက ဝိုးတဝါး။ ပြာရီမှုန်ဝေနေ၏။ အတွေးထဲတွင် ဖွဲ့သီထားသော အိပ်မက်တို့က မပီမပြင်နိုးတစ်ဝက်အိပ်တစ်ဝက် ရင်ခုန်သံထဲမှာပင် ကိုရည်မွန့်ကို သူမတမ်းတနေသည်။

ချစ်သူရယ်. . .

ရှင်ဟာကျွန်မကို ညစဉ်ညတိုင်းအိပ်မက်ပေးတဲ့ မှော်ဆရာပါပဲ။ မှောင်ရီဝိုးတဝါးအခန်းကျဉ်းလေးထဲတွင် 'သူ့' လိပ်ပြာက နူးညံ့စွာဝဲပျံနေသည်ဟု ခံစားရလေသည်။

ကျွန်မရဲ့ရင်ဘတ်ပေါ်တွင် ပန်းပွင့်တွေခြွေခြွေချပေးနေတာ. . . ရှင့်အပြုံးတွေပါပဲ။

●

အပြာရောင်မှိုင်းမှိုင်းမီးလုံးကလေးထွန်းညှိထားသော မှန်ရေကန်လေးထဲမှာ ငြိမ်သက်နေသည့် လိပ်ကလေးဘလူး(**Blue**) ကို သူမလှမ်းကြည့်လိုက်သည်။

ဘလူး(**Blue**) ရယ်. . .



ဖတ်ဖူးတဲ့ ဝတ္ထုစာအုပ်တစ်အုပ်ထဲက စာသားတစ်ပိုဒ်ကိုငါသတိရမိတယ်. . . သိလား။

ကြေးစားလူသတ်သမားအကြောင်း ရေးထားတဲ့ဝတ္ထုပေါ့၊ အဲဒီအထဲမှာရေးထားတာက. . .

"လူတစ်ယောက်ပြီးတစ်ယောက်ကို သတ်ခဲ့ပြီးတိုင်း သတ်ပြီးတိုင်းမှာ လူသတ်သမားကိုယ်တိုင်ကပါ သေသွားသူတွေနဲ့အတူ နည်းနည်းချင်းစီလိုက်ပြီး သေနေရသလိုခံစားရတယ်. . ."တဲ့။

ဘလူး(**Blue**) ရယ်. . .

ငါ အခုနည်းနည်းစီသေဆုံးနေရတယ်. . . သိလား၊ ဘယ်သူ့ကိုမှ သတ်ခဲ့လို့မဟုတ်ပါဘူး။

'သူ့' ကိုချစ်ခဲ့မိလို့ပေါ့။

●

ဘလူး(**Blue**) . . .

မနက်ဖြန်ကျရင်. . . နင့်ကို 'အဲဒီလူ'နဲ့ မိတ်ဆက်ပေးမလို့ခေါ်သွားမယ်နော်. . . သိလား။

နင်. . . သူ့ကို စိတ်ပျက်သွားအောင်မလုပ်ရဘူးနော်။

တစ်ချိန်ကျရင် 'အဲဒီလူ'ဟာငါ့ရဲ့အဖော်မွန်ဖြစ်လာမှာဟ။

ဪ. . . သတိပေးရဦးမယ်။

အဲဒီလူနဲ့တွေ့တဲ့အခါကျရင် နင်. . . တိတ်တိတ်ကလေး နေရမယ်နော်. . ဘလူး(**Blue**)။

ည. . . ညတွေမှာ'သူ့'နာမည်ကို ငါ ယောင်ယမ်းတမ်းတရွတ်ဆိုမိတဲ့အကြောင်း ကျေးဇူးပြုပြီး. . . သူသိအောင် သွားမပြောပြလိုက်ပါနဲ့. . .

ငါ. . . ရှက်တယ်ဟယ်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၁)



အတွေ့အကြုံဆိုသည်မှာ အမှားများကိုအမည်ပေးထားခြင်း ဖြစ်သည်။ နေရောင်ခြည်သည် အုန်းရွက်စိမ်းစိမ်းတို့၏ တင်းမာပြောင်လက်သော မျက်နှာပြင်ပေါ် ကျရောက်လွှင့်စင်ပြီး ရွှေရောင်အစက်အပြောက်ကလေးများ ဖြစ်သွားကြ၏။

သိသည်ဆိုသည်မှာဘာလဲ? ဘယ်သူမှ ဘာမှမသိကြပါ။ အမှားဆိုသည်မှာကောဘာလဲ? နံနက်ခင်းသည်လှပစွာ မှားယွင်းနေခဲ့လေသည်၊

မှုန်စကားဝါညိုက ဧည့်ခန်းတွင်ထောင်ထားသောဂစ်တာတစ်လက်မှ အပ မည်သူမှမတွေ့ရဘဲ တစ်အိမ်လုံးတိတ်ဆိတ်နေသည်ကို တွေ့လိုက်ရသော ကြောင့် အနည်းငယ်အံ့အားသင့်သွား၏။

ကိုရည်မွန်ဘယ်သွားနေပါလိမ့်. . . ?

ကိုစိုးနိုင်က မီးဖိုချောင်ထဲတွင် ထမင်းချက်နေရာမှ မှုန်စကားဝါညို၏ အသံကြားသောကြောင့် အပြင်ထွက်လာသည်။

"ဦးစိုး. . . ကိုရည်မွန်ကောဟင်"

"ဒီနေ့သူ့လက်က ကျောက်ပတ်တီးဖြေရမယ့်နေ့လေ. . . တော်ကြာ နေရင်ပြန်ရောက်လာမှာပါ. . . ခဏစောင့်ဦးကျောက်ဂျက်၊ ငါ. . . ထမင်းချက်

www.burmeseclassic.com

www.burmeseclassic.com



နေလို့"

ကိုစိုးနိုင်ကပြောပြီး မီးဖိုချောင်ထဲပြန်ဝင်သွားသည်။

မှုန်စကားဝါညိုက ဧည့်ခန်းတွင်ဝင်ထိုင်ပြီး သူမ၏ကျောပိုးအိတ်အေး ဇစ်ကိုဖွင့်ကာ လိပ်ကလေး ဘလူး(**Blue**) ကိုဘေးအိတ်သေးသေးအကန့် ကလေးထဲမှထုတ်သည်။

"ဘလူး(**Blue**)ရေ. . . နင်နဲ့မိတ်ဆက်ပေးရမယ့်လူ မရှိသေးဘူး၊ စောင့်ဦးနော်"

သူမက ဘလူး(**Blue**)ကို စားပွဲပေါ်ချသည်။ မျက်ဝန်းတွေကို ရွေ့ လျားလိုက်သောအခါ သူမ၏အကြည့်က ရည်မွန့်ဂစ်တာဆီရောက်သွား၏။

'သူ့ဂစ်တာကို ဘာလို့ပေးမကိုင်ချင်ရပါလိမ့်' အတွေးဖြင့် ဂစ်တာကို လှမ်းယူလိုက်သည်။ စေ့စေ့စပ်စပ်ကြည့်မိ၏။ အသံအိုးတွင်ဖောက်ထားသော အဝိုင်းပေါက်မှတစ်ဆင့် အတွင်းသို့လှမ်းကြည့် သောအခါ အသံအိုးအတွင်းနံရံ တွင် စက္ကူပလာစတာဖြင့် တစ်စုံတစ်ခုကပ် ထားသည်ကိုမြင်ရ၏။

"ဘာပုံလေးပါလိမ့်"

ဂစ်တာကြိုးများကို လျင်မြန်သွက်လက်စွာဖြုတ်သည်။ နောက် အတွင်းသို့နှိုက်၍ ထိုပုံကလေးကိုခွာယူလိုက်သည်။

●

နေ့လယ်ဆယ့်တစ်နာရီထိုးမှ ရည်မွန်ပြန်ရောက်လာသည်။ ဧည့်ခန်း ထဲကွင် တစ်ယောက်တည်းငြိမ်ငြိမ်ကလေးထိုင်နေသော မှုန်စကားဝါညိုကိုတွေ့ သောအခါ. . .

"ဟင်. . . စောင့်နေတာကြာပြီလားချောက်ချက်. . . စိုးနိုင်ကော"

"အင်း. . . ကြာပြီပေါ့. . . ကျွန်မရောက်နေတာ ကိုးနာရီခွဲပြီးက တည်းက. . . ဦးစိုးတော့မီးဖိုချောင်ထဲမှာ"

ရည်မွန့်အသံကိုကြားသောကြောင့် စိုးနိုင်က မီးဖိုချောင်ထဲမှထွက်



လာပြီး. . .

"ဘယ်လိုလဲရည်မွန်. . . မင်းလက်အခြေအနေ"

"အိုကေပါတယ်၊ လက်ကို လေ့ကျင့်ခန်းတော့လုပ်ပေးရမယ်လို့ပြော တယ်"

ရည်မွန်က လက်ချောင်းကလေးများကို ကွေးလိုက်ဆန့်လိုက်လုပ်ရင်း ပြန်ဖြေ၏။ နောက်. . . သူ့အကြည့်က စားပွဲပေါ်သို့ရောက်သွားပြီး. . .

"ဪ. . . မင်းပြောတဲ့ လိပ်ကလေးဘလူး(**Blue**)ဆိုတာလား"

"ဟာ. . . လိပ်ကလေးပါလား၊ ပိစိကွေးကလေးပဲ. . . နင် ဘယ်က ကောက်လာတာလဲ"

"အံမယ်. . . ဦးစိုးကလည်း လမ်းဘေးကကောက်လာလို့ရမတဲ့လား တစ်ကောင်ကို ၉၅၀ ပေးရတယ်၊ ကျွန်မမွေးထားတာ"

"နင့် . . . တော်တော်ပေါက်ပေါက်ရှာရှာ လုပ်တတ်ပါလား . . . ချောက်ချက်ရယ်၊ အဲဒါကြောင့် နင့်ကိုရည်မွန်က 'ချောက်ချက်' လို့နာမည် ပေးထားတာ"

စိုးနိုင်က ရယ်ကာမောကာပြောပြီး အိမ်အောက်ဆင်းသွားသည်၊ မှုန်စကားဝါညိုက. . .

"ကိုရည်မွန်. . . လက်ဖဝါးဖြန့်"

ရည်မွန့်လက်ဖဝါးပေါ်သို့ လိပ်ကလေးဘလူး(**Blue**)ကို တင်ပေး လိုက်သည်။ ရည်မွန်က လိပ်ကလေးကို သေသေချာချာကြည့်ရင်း. . .

"ချစ်စရာလေးပဲကွ. . . ကိုယ်တောင်မွေးထားချင်လာပြီ၊ မင်းကော ဘယ်လိုစိတ်ကူးနဲ့ ဒီလိပ်ကလေးကိုမွေးထားရတာလဲဟင်"

"ကျွန်မဘဝမှာ လူတွေကတွယ်တာမှုမှ မပေးနိုင်တာ"

သူမစကားကြောင့် မီးခိုးရောင်မှိုင်းဝေနေသည့် ရည်မွန့်မျက်ဝန်းဆို တို့ ဆောင်းနှင်းတိမ်တိုက်လို မှုန်ရီအေးစိမ့်သွား၏။

တခဏမျှဘာစကားမှမပြောဘဲ တိတ်ဆိတ်နေကြသည်။ နောက်. . .

"အဲသည်ခံစားချက်တွေကို မေ့လိုက်ပါကွာ၊ လူဆိုတာခံစားချက်နဲ့

www.burmeseclassic.com

www.burmeseclassic.com



အသက်ရှင်ရတာ မကောင်းဘူး၊ ဒဏ်ရာအနာတရများတတ်တယ်"

"ဒါဖြင့် ဘာနဲ့အသက်ရှင်ရမှာလဲ"

"ရည်မှန်းချက်နဲ့ အသက်ရှင်ရမှာ"

ရည်မွန့်စကားကြောင့် မှုန်စကားဝါညိုပြင့်သက်ကို ဖွဖွရှိုက်သည်၊ နောက်. . .

"ကျွန်မမှာ ဘာရည်မှန်းချက်မှ မရှိဘူး"

"ဒီလိုလဲမဟုတ်သေးဘူးလေ ဂျောက်ဂျက်ရဲ့၊ လူဆိုတာ ရည်မှန်းချက်တစ်ခုခုရှိရမှာပေါ့၊ ဥပမာ-. . . ဆိုပါစို့၊ နောက်သုံးနှစ်ကြာတဲ့အခါ မင်းဘာဖြစ်လာမလဲ"

"ရှင်. . . နောက်သုံးနှစ်ကြာတဲ့အခါ. . ."

မှုန်စကားဝါညိုက တစ်စက္ကန့်မျှစဉ်းစားလိုက်ပြီး ချက်ချင်းအဖြေပေးလိုက်သည်။

"နောက်သုံးနှစ်ကြာတဲ့အခါ ကျွန်မဟာ ခွေးတစ်ကောင်ဖြစ်မသွားမှာတော့ သေချာတယ်"

"ကြည့်စမ်း. . . ပေကပ်ကပ်ဖြေနေပြန်ပြီ၊ အတော်ဆိုးရွားတဲ့ ကောင်မလေးပဲ"

"အင်း. . . ကျွန်မပြောတာ မဟုတ်လို့လား"

"ကိုယ်က 'မင်းဘဝမှာဘာဖြစ်ချင်သလဲ'လို့မေးတာ"

သည်တစ်ခါတော့ မှုန်စကားဝါညိုအသေအချာအချိန်ယူပြီး စဉ်းစား၏။ အတန်ကြာမှ. . .

"ကျွန်မက'ဂျပိုး'တစ်ကောင်ဖြစ်ချင်တယ်၊ ထိုင်ခုံမှာ. . . ကုတင်ထောင့်မှာ. . . ကြမ်းကြားမှာနေပြီးတော့ လူတွေကိုကိုက်. . . ဒုက္ခပေး. . . လူတွေကကိုယ့်ကို အမျိုးမျိုးကျိန်ဆဲတာကို ကျွန်မက မှောင်ရိပ်အကွယ်ချောင်ကျကျနေရာကနေ တိတ်တိတ်ကလေးခိုးနားထောင်ပြီး ပြုံးနေချင်တာ"

ရည်မွန်က စိတ်ထဲမှကျိတ်ပြီးသူမအတွေးကို သဘောကျလိုက်မိ၏၊ သို့ရာတွင် သူ့မျက်ဝန်းတွေတစ်ခဏမျှအရောင်လက်သွားသည်မှအပ မည်သည့်



အမူအရာမှမပေါ်အောင် ထိန်းချုပ်ထားလိုက်သည်။

တစ်ခါတစ်ခါမှာဒီကောင်မလေးက ထူးထူးခြားခြားစိတ်ကူးတွေနဲ့ ငါ့ရင်ဘတ်ကိုကြောက်စရာကောင်းလောက်အောင် လှုပ်လှုပ်နိုးတတ်တယ်။

ရည်မွန်ကစီးကရက်တစ်လိပ်ကိုထုတ်၍ နှုတ်ခမ်းဖျားတွင်မထိတထိတေ့လိုက်ရင်း. . .

"တချို့မိန်းကလေးတွေစိတ်ကူးက ဆရာဝန်ကတော်ဖြစ်ဖို့၊ အင်ဂျင်နီယာကတော်ဖြစ်ဖို့၊ သူဌေးကတော်ဖြစ်ဖို့. . . စသဖြင့် စိတ်ကူးကြတယ်၊ မင်းကော အဲဒါတွေမဖြစ်ချင်ဘူးလား"

"ဟင့်အင်း. . . ( 'ကတော်' ဆိုတာမျိုးက ယောကျ်ားကိုမှီခိုပြီးမှ ရလာတဲ့ 'ဂုဏ်'ပဲ၊ 'အရည်အချင်း'မှမဟုတ်တာ၊ ကျွန်မက ကိုယ့်ကိုယ်ပိုင် 'အရည်အချင်း'ကိုပဲ မြတ်နိုးတယ်၊ 'ဂုဏ်'ကိုမမြတ်နိုးဘူး)

ကျွန်မဆိုလိုတာက. . . ကိုယ့်ယောကျ်ားက ဆရာဝန်ဖြစ်လို့သာ ကိုယ်က ဆရာဝန်ကတော်ဖြစ်ခွင့်ရတာမျိုးမကြိုက်ဘူး၊ ဆရာဝန်ကတော်တွေ သူဌေးကတော်တွေထက်စာရင် ကျွန်မအကြိုက်ဆုံးက 'နတ်ကတော်'ပဲ၊ ကျွန်မ နတ်ကတော်လုပ်ရင် မကောင်းဘူးလားဟင်. . . ဘယ်လိုထင်လဲ"

ရည်မွန်က 'ခွေးကောင်မလေး'ဟု ရေရွတ်ရင်း မှုန်စကားဝါညို၏ မေးရိုးသွယ်သွယ်ဆီ လက်သီးဖြင့်ရွယ်ကာ ဖွဖွကလေးထိုးဟန်ပြု၏။

မှုန်စကားဝါညိုက ရည်မွန့်လက်ဖဝါးပေါ်မှလိပ်ကလေးကိုပြန်ယူပြီး စားပွဲပေါ်ချသည်။ ထိုအခိုက်အတန့်တွင် ရည်မွန့်မျက်ဝန်းနှင့်သူမ မဆုံအောင် လွှဲနေသလိုရှိ၏။ နောက်. . . သူမက အသံခပ်တိုးတိုးဖြင့်. . .

"ကိုရည်မွန်မေးတာကိုချည်းပဲ ကျွန်မကဖြေနေရတယ်၊ ကျွန်မ မေးရင်ကော ကိုရည်မွန်ဖြေမှာလား"

"ဘာမေးမှာလဲ"

အသံတိတ်ဆိတ်နေသည်။ သူမက လိပ်ကလေးကိုသာ စိုက်ကြည့်နေရင်းယောင်ဆောင်နေ၏။ ရည်မွန်နှင့် မျက်လုံးချင်းမဆုံရဲ။ ခဏကြာမှ. . .

"ကိုရည်မွန့်မှာ ချစ်သူရှိလား"

www.burmeseclassic.com



ရည်မွန်က ပါးလှပ်သောနှုတ်ခမ်းများကို တင်းတင်းစေ့ထားသည်။ နှုတ်ခမ်းသားတွေဖြူလျော်လျော်ဖြစ်နေသည်ကို မြင်ရ၏။ သူ့လက်တစ်ဖက်က ဘာရယ်မရည်ရွယ်ဘဲ ကုလားထိုင်ဖုံးအဝတ်စကို ဆုပ်ကိုင်လုံးချေနေသည်။ နောက်မှ. . . ရုတ်တရက်ရယ်မောပစ်လိုက်ပြီး ရယ်သံပါပါဖြင့်. . .

"ဘာဖြစ်လို့မေးရတာလဲ. . . ဂျောက်ဂျက်ရဲ့"

"ဒီမေးခွန်းကို ကိုရည်မွန်မဖြေချင်ဘူးလား၊ ဒါဆိုလည်း ရပါတယ်၊ မဖြေပါနဲ့"

"မဟုတ်ပါဘူးကွာ၊ ဖြေဆိုလည်းဖြေရမှာပေါ့၊ ဒါပေမဲ့ အလကားတော့ မဖြေနိုင်ဘူး"

"ဒါဖြင့်. . ."

"မင်းနဲ့ကိုယ်စစ်တုရင်ထိုးမယ်၊ မင်းနိုင်ရင် မင်းသိချင်တာတွေအားလုံး ကိုယ်ပြောပြမယ်"

မှန်စကားဝါညိုတွေဝေဝေးငိုင်သွားသည်။ စစ်တုရင်ပွဲမှာနိုင်ဖို့အခွင့်အလမ်းနည်းပါးလှသည့်အကြောင်း သူမတွက်ဆမိ၏။ သူ. . . မပြောချင်လို့ တမင်အကွက်ဆင်တာများလား. . .။

သူမ ဆုံးဖြတ်ချက်တစ်ခုရဲရဲရင့်ရင့်ချလိုက်၏။

"ကျွန်မ. . . ပြိုင်မယ်"

❑

## ည(၁)

ဆောင်းနှင်းရက်များ ဖြစ်သောကြောင့် ညဘက်ပိုင်းတွင် အအေးပိုလာ၏။ အမှောင်ထဲတွင် ဆီးနှင်းကျသံ တဖျောက်ဖျောက်ကြားရသည်။

စိုးနိုင်က ခြံထဲဆင်းပြီး အမှိုက်သရိုက်များ၊ သစ်ကိုင်းခြောက်များ စုပုံနေရှိသည်။ နောက်. . . အိမ်ပေါ်တက်ကာ ရေနွေးကြမ်းအိုးယူရင်း ရည်မွန့်ကို 'လာကွာ. . . ခြံထဲဆင်းပြီး မီးလှုံရအောင်'ဟု ခေါ်၏။

ရည်မွန်က ဂစ်တာကို ကောက်ကိုင်ပြီး ထိုင်နေရာမှ ထသည်။ စိုးနိုင်က စောင်ကြမ်းတစ်ထည် ပတ်ခြုံပြီး လည်ပင်းတွင် မာဖလာပတ်ထားသည့်အပြင် ဦးခေါင်းတွင်လည်း နားရွက်နှင့် မေးဖျားအထိလုံအောင် အုပ်သောသိုးမွှေးဦးထုပ်ကိုပါ ဆောင်းထားလိုက်သေးသည်။

ရည်မွန်ကတော့ လည်တိုင်အကွပ်ပါသည့် သိုးမွှေးဆွယ်တာအဖြူဆွတ်ဆွတ်ကို ဝတ်ထားသောကြောင့် အပေါ်မှ ကောင်းကင်ပြာရောင် ဂျင်းဂျက်ကတ်ကိုသာ ထပ်စွပ်လိုက်၏။ ထို့နောက်. . . သီချင်းစာအုပ် သုံးလေးအုပ်ကိုယူကာ ဂစ်တာကိုင်လျက် အိမ်အောက်သို့ ဆင်းခဲ့လေသည်။

မီးပုံမှာ အရှိန်ရလျက် ရှိပေပြီ။ သစ်ရွက်ခြောက်များကို လောင်ကျွမ်းသံ ဖျိုးဖျိုးဖျစ်ဖျစ် ကြားရ၏။ စိုးနိုင်က သစ်ကိုင်းအချို့ကို မီးပုံထဲထည့်ပေးနေ၏။

www.burmeseclassic.com



တဟုန်းဟုန်းရဲရဲတောက်လောင်နေသော မီးရောင်က သူတို့နှစ်ဦး၏ မျက်နှာများပေါ် အရှိန်ဟပ်နေ၏။

ညသည် ဆောင်းနှင်းမြူများနှင့် မီးခိုးများထဲတွင် ဝိုးတဝါး၊ သစ်ရွက်ခြောက်တို့ မီးလောင်ကျွမ်းသည့် ရနံ့သည် ည၏ လေညှင်းထဲတွင် ဆိုင်းဆိုင်းအုံ့အုံ့ပျံ့နေ၏။

ရည်မွန်က သူဆိုနေကျအတိုင်း အဆိုတော်လေးဖြူ၏ စုန်းမသီချင်းကို စိတ်တစ်တောလုံး နစ်မြုပ်ကာ ဆိုဖြစ်သည်။ ဘာကြောင့်မှန်းမသိ တစ်ဝက်တစ်ပျက်နှင့် ရပ်သွား၏။ ဆက်ဆို၍ မရတော့။ စိုးနိုင်က. . .

"ဘာလို့ ရပ်လိုက်တာလဲကွ၊ ဆက်ဆိုလေ. . . ဒီအချိန်မှာ မင်းသီချင်းဆိုတာကို နားထောင်ရတာ ငါတော့ မျက်ရည်တောင်လည်လာတယ်. . . ရည်မွန်"

"ဘာဖြစ်လို့လဲ"

"မီးခိုးတွေက မျက်လုံးထဲဝင်တာကိုး"

စိုးနိုင်က ပြောင်ချော်ချော်ပြောသည်ကို ရယ်မောပစ်လိုက်ဖို့ရန် သူသတိမရ။

"ဒီမှာ. . . စိုးနိုင်၊ မင်းကို ငါ ပြောစရာရှိတယ်၊ ဒီနေ့ ဂျောက်ဂျက်က ငါ့ကို မေးတယ်၊ ကိုရည်မွန့်မှာ ချစ်သူရှိလား. . . တဲ့"

"အဲဒီတော့ မင်းက ဘယ်လိုဖြေလိုက်လဲ. . . ရှိတာပေါ့၊ ကိုယ့်ချစ်သူဟာ မင်းပဲ ဂျောက်ဂျက်ရယ်. . . လို့ ဖြေလိုက်ရောလား"

"ဟာ. . . မင်းကလည်း နောက်နေပြန်ပြီ စိုးနိုင်ရာ၊ ဘယ်ဖြစ်မလဲကွ"

"ဘာလို့မဖြစ်ရမှာလဲ၊ မင်း. . . ဒီကောင်မလေးကို သံယောဇဉ်ရှိနေတယ်ဆိုတာ ငါသိပါတယ်၊ ဟုတ်တယ် မဟုတ်လား ရည်မွန်. . . မညာနဲ့. . . ငါ့ကို အမှန်အတိုင်းပြော"

"အင်း. . . ဘယ်လိုပြောရမလဲကွာ၊ ဟုတ်တယ်လို့ပဲ ပြောရတော့မှာပဲ အစတုန်းကတော့ ဒီလောက် သံယောဇဉ်ရှိလှတာမဟုတ်ဘူး၊ ကလေးဆိုး တစ်ယောက်ကို ခင်တွယ်မိတဲ့သဘောလောက်ပါ။ ဒါ. . . မင်းသိပါတယ် စိုးနိုင်. . .



ဒါပေမယ့်. . . သူ့ကြောင့် ငါ လက်ကျိုးသွားတဲ့အချိန်ကစပြီး ငါ့နှလုံးသားတွေ တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားတယ်ဆိုတာတော့ ငါ ဝန်ခံရလိမ့်မယ် စိုးနိုင်၊ အစစအရာရာ ကြောက်လန့်အားငယ်နေတဲ့ သူ့ကိုယ်သူ အမြဲတမ်းအပြစ်ရှိတယ်လို့ ထင်နေတဲ့ သူ့ဝိညာဉ်ကို ငါ နားလည်လိုက်သလိုပဲ. . .

အဲဒီမှာ. . . ငါ သူ့ကို နက်နက်ရှိုင်းရှိုင်း သံယောဇဉ်ဖြစ်သွားမိတာ"

စိုးနိုင်က ခေါင်းညိတ်၏။

"ဖြစ်သင့်ပါတယ်ကွာ. . . ရည်မွန်၊ ကောင်မလေးကိုယ်တိုင်က မင်းအပေါ် ဒီလောက်တွယ်တာနေတာ မင်းဘက်က အလိုလိုပြန်ပြီး သံယောဇဉ်ဖြစ်မိတာ သဘာဝကျပါတယ်. . .

အပြန်အလှန် ဆွဲငင်တဲ့သဘောပေါ့ကွာ၊အချစ်ဆိုတာ အဲဒါပဲကွ၊ ငါကြားဖူးတာတစ်ခုရှိတယ်၊ အချစ်ဆိုတာ သံလိုက်ပဲတဲ့၊ အဲဒီစကားကို ငါအစတုန်းက သဘောမပေါက်ဘူး၊ ဟဲ. . . ဟဲ. . . ငါထင်တဲ့ အဓိပ္ပာယ်ကအချစ်ဆိုတာ သန်တဲ့အရွယ်မှာ လိုက်ကြတယ် အောက်မေ့နေတာ. . . ဟဲ. . . ဟဲ"

'တော်တော် ကြံကြံဖန်ဖန်ပြောတဲ့ကောင်'. . . ဟု ရည်မွန်က ရေရွတ်ရင်း တီးတိုးကျိန်ဆဲမိ၏။ စိုးနိုင်က. . .

"တကယ်ပြောတာကွ၊ ငါ့အမြင်ပြောရရင်တော့ မင်းနဲ့ မူနံစကားငါညို့နဲ့က သံယောဇဉ်ထားပုံချင်း ဘက်ညီတယ်ထင်တာပါပဲ၊ ဒါနဲ့များ မင်းကသူ့ကို ဘာဖြစ်လို့ ချစ်တယ်လို့ ပြောဖို့ မဖြစ်နိုင်ဘူး ထင်ရတာလဲ"

ရည်မွန်က မီးအရှိန်လျော့ကျနေပြီဖြစ်သော မီးပုံထဲသို့ သစ်ကိုင်းခြောက်တစ်ချောင်း ပစ်ထည့်လိုက်သည်။ မီးပွားတွေ တဖြောက်ဖြောက်မြည်ကာဖွာခနဲ လွင့်ထွက်လာသည်ကို ငေးကြည့်ရင်း. . .

"ငါ့မှာ ဇူဇူး ရှိနေသေးတယ်လေ"

"မင်းနဲ့ ဇူဇူးက လမ်းခွဲခဲ့ကြပြီ မဟုတ်လား"

"လမ်းခွဲခဲ့တာမဟုတ်ဘူး. . . လမ်းကွဲခဲ့တာပါ"

ရည်မွန့် စကားအဓိပ္ပာယ်ကို နားမလည်သောကြောင့် စိုးနိုင်က

www.burmeseclassic.com

www.burmeseclassic.com



ခပ်ဝေးဝေးကြည့်နေသည်။ ရည်မွန်က. . .

"တို့နှစ်ယောက်က တစ်လမ်းတည်းသွားနေရာကနေ တစ်ယောက်ကို တစ်ယောက် မုန်းတီးလို့ 'ခွဲ'ထွက်ခဲ့ကြတာ မဟုတ်ဘူး. . . စိုးနိုင်. . .

အစကတည်းက သူ့ရဲ့နှလုံးသားလမ်းကြောင်းက တစ်မျိုး၊ ငါ့ရဲ့ နှလုံးသားလမ်းကြောင်းကတစ်မျိုး. . . မတူညီခဲ့ကြဘူး၊ ကွဲလွဲနေခဲ့တာ. . . ခုချိန်ထိတော့ ငါနဲ့ ဇူဇူးဟာ ကပ်လျက်ရှိတဲ့ မျဉ်းပြိုင်နှစ်ကြောင်းပေါ်မှာ ရှိနေတုန်းပဲထင်တယ်၊ ဘာတွေဖြစ်လာဦးမလဲဆိုတာ. . . ငါလည်းမသိဘူး"

စိုးနိုင် မျက်နှာက တည်သွား၏။ ရေနွေးကို ဖန်ခွက်နှစ်ခွက်ထဲသို့ ငှဲ့ထည့်ပြီး တစ်ခွက်ကို ရည်မွန့်ဆီ လှမ်းပေးရင်း. . .

"မင်းနဲ့ ဇူဇူးက ဘယ်လိုဘယ်ပုံတွေဖြစ်ပြီး မင်းက ငါ့ဆီထွက်လာခဲ့တာလဲ. . . အဲဒီဇာတ်သိမ်းပိုင်းလေးလည်း ပြောပြဦးမှပေါ့. . .

အဲဒီအချိန်မှာ ငါက ဒီမြို့ပြန်ရောက်နေပြီဆိုတော့ မင်းတို့ဘယ်လိုတွေဖြစ်ကြတယ်ဆိုတာ မသိတော့ဘူး၊ လုံးဝ အဆက်ပြတ်သွားတယ်"

"အေးပါ. . . ငါကလည်း မင်းကို ပြောပြချင်နေတာပါ စိုးနိုင်၊ ကိုယ့်အပူကို သူများကို ဝေငှသလို ဖြစ်နေမှာစိုးလို့သာ မျိုသိပ်ထားရတာ"

ရည်မွန်က ရေနွေးကြမ်းကို တစ်ငုံသောက်ပြီး. . . စကားကို ဆက်သည်။

"မှတ်မှတ်ရရ အဲဒီနေ့က မင်းရဲ့ စာရောက်လာတဲ့နေ့ကွ. . . မင်းက တီးဝိုင်းလေးတစ်ခု လုပ်ချင်တယ်. . . လာ ကူညီပါဆိုတာလေ၊ အမှန်အတိုင်းပြောရရင် အဲဒီစာကို ဖတ်နေရတဲ့ အချိန်အထိ မင်းဆီကို ချက်ချင်းကြီးထလာဖို့ စိတ်ကူးမရှိသေးဘူး. . . ဒါပေမယ့်. . ."

❑



## အတိတ်တစ်စုံတစ်ရာ

ရည်မွန်က သည်အချိန်လောက်ဆို ဇူဇူးတစ်ယောက် ကရာတေးဘာလပ်မှ အိမ်ပြန်နေလောက်ပြီဟု တွေးမိပြီး တယ်လီဖုန်း လှမ်းဆက်ရန် စိတ်ကူးမိ၏။

နောက်မှ. . . ဘာဖြစ်လို့ ဆက်ရမှာလဲဟု ကိုယ့်ကိုယ်ကို ပြန်အပြစ်တင်မိသည်။ သူမ စာမေးပွဲဖြေသည့်နေ့က သူ လက်ဆောင်ပေးသော နာရီကို ခယူသည့်ကိစ္စနှင့်ပတ်သက်၍ ရည်မွန် စိတ်ဆိုးမပြေချင်သေး။

အနည်းဆုံး သူမဘက်က မတောင်းပန်လျှင်တောင်မှ ချော့မော့သည့် စကားတစ်ခွန်းတော့ ပြောသင့်သည်ဟု ရည်မွန် ယူဆမိ၏။ အခုတော့. . . နေ့ နိုင်ရက်လွန်းသည်။ အစက သူ မကျေနပ်သော်လည်း ဇူဇူးကို အပြစ်မတင်ချင်သေး။

ကြော်. . . သူမ စာမေးပွဲကိစ္စနဲ့ စိတ်ရှုပ်ထွေးနေပါ့မယ်. . . ဟု ကိုယ့်စိတ်ကို ဖြေသိမ့်နေမိသည်။ သို့သော်. . . စာမေးပွဲပြီး၍ ရက်သတ္တပတ်ကျော်သည်အထိ အဆက်အသွယ် ပြတ်နေသောအခါ ရည်မွန့်စိတ်ထဲတွင် နာကျင်သလိုလို ဖြစ်လာရ၏။

တကယ်ဆို. . . သူ စိတ်ဆိုးနေမှန်းသိလျက်နဲ့ သူမဘက်က စတင်

www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်သင့်သည်ဟု ရည်မွန် တွေးမိသည်။ ငါကပဲ သူ့ကို အမြဲတမ်း ဒူး ထောက်နေရမှာလား. . .။

စာမေးပွဲများပြီးဆုံးပြီး တစ်ပတ်အကြာမှာပင် သူမ ကရာတေးကလပ်မှာ ပုံမှန်ပြန်ကစားနေပြီဟု ကြားရသောအခါ ရည်မွန့်နှလုံးအိမ်ထဲမှ ဝမ်းနည်းသိမ်ငယ်စိတ် တချို့တလေနှင့်အတူ သံသယ မေးခွန်းတွေပါ ရှင်သန်လာ၏။

"ဇူဇူး. . . မင်း ငါ့အပေါ်မှာ အလေးအနက် မထားဘူး"

ရည်မွန် ဖြစ်စေချင်သည်က စာမေးပွဲပြီးဆုံးသောအခါ ပထမဦးဆုံး သူမရင်ထဲက သတိရသင့်သည့် အကြောင်းအရာသည် 'ရည်မွန်' ဟူသော အမည်တစ်ခုတည်းသာ ဖြစ်စေချင်သည်။

အခုတော့. . .

ရည်မွန် တယ်လီဖုန်း ဆက်သင့် မဆက်သင့် တွေးရင်း ချီတုံချတုံ ဖြစ်နေ၏။ ငါ့ဘက်က သူ့ကို ဦးစားပေးနေရတာတွေချည်းပဲ များလွန်းနေပြီ၊ သူကတော့ ငါ့ကို ဂရုစိုက်ဖို့ထက် သူ့ကိုယ်ပိုင်အလိုဆန္ဒတွေကိုပဲ ရှေ့တန်းတင် နေတယ်။

အို. . . ဘာဖြစ်လဲ၊ ငါက သူ့ကို ချစ်တာကိုး၊ နောက်ပြီးတော့ ငါက ယောကျ်ားပဲ၊ လူကြီးလူကောင်းဆန်သင့်တယ်၊ သူ့ကို လိုက်လျောသင့်တယ်၊ တယ်လီဖုန်း ဆက်လိုက်ပါမယ်လေ. . .

အင်း. . . ဒါပေမယ့် အဲဒီလို လိုက်လျောတာကို သူ့ဘက်က မသိတတ်ရင်ကော. . . ငါ့ကို ပျော့ညံ့တဲ့ကောင်လို့ ထင်သွားရင်ကော၊ နောက်. . . ဒီလိုမျိုး ငါ့ကို အမြဲတန်း ဒုတိယတန်းနေရာမှာ ထားပြီး ဆက်ဆံနေရင်ကော. . .

အိုး. . . မင်းကို ငါ သိပ်ချစ်ပါတယ် ဇူဇူးရယ်၊ ကျေးဇူးပြုပြီး မင်း ငါ့ကို နည်းနည်းဖြစ်ဖြစ် သတိရလိုက်စမ်းပါ။

နောက်ဆုံးတွင်. . . သူ တယ်လီဖုန်းဆက်၍ရနိုင်မည့် အနီးဆုံး စတိုးဆိုင်တစ်ခုဆီသို့ ထွက်ခဲ့လေသည်။

"ဟဲလို. . . ဇူဇူးနဲ့ စကားပြောချင်လို့ပါ"

"ဩော်. . . ဟုတ်ကဲ့၊ ကိုရည်မွန်လား"



"အင်း"

"ပြောလေ. . . ကိုရည်မွန်၊ ဘာကိစ္စရှိလို့လဲ"

"ကိုယ်တို့ အေးအေးဆေးဆေး စကားမပြောရတာကြာပြီ. . . တွေ့ကြရအောင်လေ. . . မနက်ဖြန် ပန်းအိမ်ကဖီးကို လာခဲ့ပါလား"

"မနက်ဖြန်. . . အင်း. . . မနက်ဖြန်ဆိုတော့ ကျွန်မ အားမှအားပါ့မလားမသိဘူး၊ ဘယ်အချိန်လောက်လဲ"

"နေ့လယ် နှစ်နာရီလောက်ကွာ"

"ကျွန်မ အဲဒီအချိန် မအားဘူး၊ ကရာတေးဆရာတစ်ယောက်နဲ့ တွေ့ဖို့ရှိတယ် ကိုရည်မွန်ရဲ့"

"ကဲ. . . ဒါဆို ဇူဇူး ဘယ်အချိန်အားမလဲ ဆိုတာပဲပြောတော့"

"အင်း. . . ညနေ ငါးနာရီလောက်ဆိုရင်တော့ ရမလားမသိဘူး"

"အင်းလေ. . . အဲဒါဆိုလည်း ညနေပေါ့၊ ကိုယ် စောင့်နေမယ်နော်. . ဩော်. . . အရေးကြီးတာတစ်ခုပြောမလို့. . . ဟို. . . ဓာတ်ပုံတစ်ခြမ်း ပြန်ယူခဲ့ဦး"

"ဘယ်လို. . ဘယ်ဟာလဲ"

"ကိုယ်တို့နှစ်ယောက် အတူတူရိုက်ထားတဲ့ ဓာတ်ပုံလေကွာ၊ ကိုယ့်ပုံပါတဲ့အခြမ်းကို ဇူဇူး သိမ်းထားတာလေ၊ အဲဒါ. . . ပြန်ယူခဲ့ဦးလို့. . . ပုံအပြည့်ပြန်တွဲပြီး (Size) အကြီးပြန်ချဲ့မလို့. . ."

"ဩော်. . . ဩော်. . . အင်း၊ ဒါပဲနော်"

ရည်မွန် ဖုန်းကို အသာအယာပြန်ချလိုက်သည်။

တို့ ဝိညာဉ်နှစ်ခု ပြန်လည်ပေါင်းစည်းကြရအောင် အချစ်ရယ်။

'တို့နှစ်ယောက် လက်ထပ်တဲ့အခါကျမှ ပြန်ဆက်ပြီးတော့ ဓာတ်ပုံအကြီးချဲ့ကားပြီး မှန်ဘောင်သွင်းထားကြတာပေါ့'ဟု သူ ပြောခဲ့ဖူးသော စကားကို ဇူဇူး မမေ့သေးဟုထင်သည်။ ထိုသို့ဆိုလျှင် အခု ဓာတ်ပုံပြန်ယူလာဖို့ မှာလိုက်သည့်အဓိပ္ပာယ်ကို သူမတွက်ဆကြည့်နိုင်လောက်သည်။

ရည်မွန်ကတော့. . . သူမ၏ ဂရုစိုက် အလေးပေးမှုကို အပြည့်အဝ

www.burmeseclassic.com

www.burmeseclassic.com



ရနိုင်ဖို့ ဗုဒ္ဓကို အမြန်ဆုံး လက်ထပ်နိုင်အောင် ကြိုးစားတော့မည်ဟု ဆုံးဖြတ်ဖြစ်ခဲ့လေသည်။

●

'ပန်းအိမ်'ကဖေး

ညနေ ငါးနာရီ. . .။

တိမ်တွေ မှိုင်းညို့လေးလံစွာ ရွေ့လျားနေကြသည်။

ရည်မွန် လက်ဖက်ရည်တစ်ခွက် မှာလိုက်ပြီး ထိုင်နေ၏။

သူစိတ်ရှည်စွာ စောင့်ဆိုင်းရဦးတော့မည်မှန်း အလိုလို သိနေသည်။

'စောင့်ဆိုင်းတဲ့နေရာမှာ စိတ်အရှည်ဆုံးသတ္တဝါဟာ လင်းတဖြစ်တယ်' ဟူသော အာဖရိကန် ဆိုရိုးစကားတစ်ခုကို သတိရမိ၏။ အင်း. . . ငါတော့ လင်းတဖြစ်နေပြီဟု တွေးမိလိုက်သည်။

●

ညနေ ငါးနာရီခွဲ. . .

ရည်မွန် စီးကရက်တိုကို ထိုးချေပစ်လိုက်သည်။ နေရောင်ခြည်ဖျော့ဖျော့သာ ကျန်တော့သည်။ အနောက်ဘက် ကောင်းကင်မှာ ငှက်တွေအိပ်တန်းပျံကြပြီ။

●

ညနေ ခြောက်နာရီ. . .

ဆည်းဆာအရိပ်ထဲတွင် တီးတိုးလှောင်ရယ်သံတို့ လွင့်ပါးလာသလို ခံစားရ၏။



အေးစက်ပျစ်ခဲနေပြီဖြစ်သော လက်ဖက်ရည်ခွက်ကို ရည်မွန်သွန်ပစ်လိုက်သည်။

●

ညနေ ခြောက်နာရီခွဲ. . .

ကုန်သွားပြီဖြစ်သော စီးကရက်ဘူးခွံအလွတ်ကို လက်ထဲတွင်ဖျစ်ညှစ်ချေမွပစ်လိုက်မိသည်။

နောက်. . . လက်ချောင်းများကို အသာအယာ ပြန်ဖြန့်လိုက်၏။ စီးကရက်ဘူးခွံက မြေသားပြင်ပေါ်သို့ ဒေါက်ကနဲ ကျသွားသည်။ သူ. . . ဖိနပ်ဦးဖြင့် ဖိနင်းချေပစ်လိုက်၏။

ကဖေးဆိုင်အပြင်တွင် မှောင်မိုက်နေသည်။

ကြည့်စမ်း. . . ညဟာ အရောက်စောလွန်းလိုက်တာကွယ်။ အသက်ရှူကျပ်တယ်။

●

ည ခုနစ်နာရီ. . .

ရည်ရွယ်ချက်မဲ့စွာဖြင့် ပန်းကန်လုံးထဲသို့ ရေနွေးကို လောင်းငှဲ့ထည့်နေဖြစ်၏။ ပန်းကန်လုံးပြည့်သွားသောကြောင့် ရေနွေးတွေလျှံကာ စားပွဲပေါ် စီးကျလာသည်။

တစ်ဖက်စားပွဲဝိုင်းများဆီမှ စကားတီးတိုးပြောသံများ၊ ရယ်မောသံများကို ကြားရသည်။ လက်ဖက်ရည်ဆိုင်အတွင်း ဖွင့်ထားသော ကက်ဆက်သီချင်းသံက ခပ်အုပ်အုပ် ခပ်ဝါးဝါး။

ထိုအချိန်တွင် သူမ ရောက်လာလေသည်။

သူမ ကိုယ်တိုင် မောင်းလာသော စူပါရုဖ်ကားအဖြူလေး ဆိုင်ရှေ့ထိုး

www.burmeseclassic.com



ပေါ်သည်ကို မြင်ရ၏။ ထို့နောက်. . . သူမ အေးအေးဆေးဆေး ဆင်းလာသည်။ သူမ လည်ပင်းတွင် စည်းထားသော အနီရောင်ပဝါက တလွင့်လွင့်။

မီးခိုးရောင်စပို့ရှပ်ကျပ်ကျပ်နှင့် ဆင်စွယ်ရောင်ဂျင်းသားပျော့ပျော့ ဘောင်းဘီရှည်ကို ဝတ်ဆင်ထားသောကြောင့် ညအလင်းရောင်ဗိုးတဝါးထဲတွင် သူမသည် ရက်ရက်စက်စက် လှပသော စုန်းမတစ်ကောင်နှင့် တူနေလေသည်။

လက်ဖက်ရည်ဆိုင်တစ်ဆိုင်လုံး၏ မျက်ဝန်းတွေ သူမကိုယ်ပေါ် ရောက်နေမည်မှန်း ရည်မွန် အလိုလိုသိနေသည်။ သူ စိတ်တင်းကျပ်လာ၏။

သူ့ရှေ့က ထိုင်ခုံတွင် သူမ ပေါ့ပါးစွာဝင်ထိုင်သည်။ ထို့နောက်. . .

"စောင့်နေရတာ ကြာသွားလားဟင်၊ ဆောရီးနော်. . . ဒီကို ထွက်လာခါနီးမှ မတွေ့ရတာကြာတဲ့ သူငယ်ချင်းတစ်ယောက် ဖြုန်းဆိုရောက်လာပြီး ထမင်းကျွေးဖို့ အတင်းဖိတ်နေတာနဲ့ လိုက်သွားရလို့"

"သြော်. . ."

ရည်မွန့်နှုတ်က သြော်. . . ဟု ရေရွတ်ရုံမှတစ်ပါး ဘာမှမတတ်နိုင်။ သူ အကြာကြီး ငြိမ်သက်နေမိသည်။

တစ်ဖက်လက်ဖက်ရည်ဝိုင်းမှ လူငယ်တစ်ယောက်၏ ခပ်ကျယ်ကျယ် နောက်ပြောင်ပြောဆိုလိုက်သော စကားတစ်ခွန်းကို ကြားရသည်။ ရည်မွန့်စိတ်ထဲ ထောင်းခနဲ ဒေါသဖြစ်မိ၏။

သူ အတတ်နိုင်ဆုံး စိတ်ကို တည်ငြိမ်အောင် ထိန်းထားလိုက်သည်။ ထို့နောက်. . .

"ရှူး. . . ကိုယ်မှာလိုက်တဲ့ ဓာတ်ပုံပါလား"

"အဲ. . . အဲဒါပြောမလို့၊ မနေ့ညကတည်းက ဓာတ်ပုံကိုရှာတာ. . . မတွေ့ဘူးဖြစ်နေတယ်၊ ဘယ်နေရာမှာ သိမ်းထားလိုက်မိမှန်း မသိဘူး"

သူမက အရေးမကြီးသလို အမူအရာဖြင့် ပြောသည်။ ရည်မွန့်ရင်ထဲ ပူခနဲဖြစ်သွား၏။ ရုတ်တရက် ဝေဒနာ မခံစားလိုက်ရသလိုလို။ နောက်မှ. . . တဖြည်းဖြည်း နာကျင်မှုက အဆိပ်တက်သလို တက်လာသည်။

ဘုရားရေ. . . မြွေကိုက်လိုက်သလိုပါလား။

သူ့နဖူးမှာ ချွေးတွေစို့လာသည်။ ယောင်ယမ်း၍ ဖွင့်ဟသွားမိသော



နှုတ်ခမ်းအစုံမှ ဘာစကားတစ်လုံးတလေမှ ထွက်မလာ။

အသက်ရှူနေသည့် ထွက်လေဝင်လေဆီ အာရုံပို့၍ စိတ်ကို ကြိုးစား ထိန်းချုပ်နေရသည်။

ငှဲ့ထားသောရေနွေးကို ကောက်၍ သောက်လိုက်၏။ ရေနွေးကြမ်းက အေးစက်နေသောကြောင့် သူစိတ်ပျက်သွားမိသည်။

"ကိုရည်မွန်. . . ဘာပြောစရာရှိလို့လဲဟင်"

"တော်ပြီ. . . ရှူး၊ အခုမှတော့ ဘာမှပြောစရာမရှိတော့ဘူး၊ ပြန်မယ်"

"ကိုရည်မွန့်သဘောပဲလေ"

ခြောက်သွေ့စွာဖြင့် ထိုင်နေရာမှ ထဖြစ်ကြသည်။ ထိုအချိန်တဒင်္ဂလေး အတွင်းမှာပင် နောက်ဘက် လက်ဖက်ရည်ဝိုင်းဆီမှ. . .

"ဘဲကြီးက အထာမပိုင်ဘဲ ဝင်လုံးနေတာကိုး၊ ဘယ်ကြည်မလဲ"

"ခွင်(ဂွင်) ကျစ်နေတာနဲ့ တူပါတယ်ကွာ"

ဘန်းစကားများဖြင့် ရိုင်းရိုင်းပျပျပြောနေသော စကားသံကြောင့် ရည်မွန် ထိုဝိုင်းဆီ မျက်နှာမူလိုက်၏။

"မင်းတို့ မိုက်ရိုင်းလှချည်လား"

"ရိုင်းတော့ ခင်ဗျားက ဘာလုပ်ချင်လို့လဲ. . . ဘဲကြီး"

'ဘဲကြီး' ဟု ခေါ်လိုက်သော ရင့်သီးသည့် ဘန်းစကားကြောင့် ရည်မွန် ဒေါသတွေ ဟုန်းခနဲ မီးလိုတောက်လာ၏။

ရုတ်ချည်း. . . အနီးသို့ တိုးဝင်သွားပြီး မျက်နှာကို လက်သီးဖြင့် ဒိုးခနဲ ထိုးလိုက်သည်။ ထိုလူငယ်က ရှောင်လိုက်၏။ မထိ. . . ချော်သွားသည်။

ထိုလူငယ်ထံမှ လက်ဝါးစောင်းတစ်ချက် ဖျတ်ခနဲ ဝင်လာသည်။ ရည်မွန်က ကိုယ်ကို တစ်စောင်းလှည့်ပေးလိုက်သောကြောင့် ပခုံးစွန်းကို လာထိ၏။ ရည်မွန် နောက်တစ်လှမ်းဆုတ်ကာ ခြေစောင်းဖြင့် ပတ်ကန်သည်။ ကန်ချက်က အားပျော့သောကြောင့် မိမိရရမထိ။

လက်ဖက်ရည်ဆိုင်ပိုင်ရှင်နှင့်စားပွဲထိုးများက ပြေးလာကြပြီး ကိုယ်ဘက် သည်ဘက်ဝင်တားကြသည်။ တစ်ဖက်မှ လူငယ်၏ အပေါင်းအသင်းများက လည်း သူတို့လူ သူတို့ ထိန်းရန် ကြိုးစားကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရန်ဖြစ်နေသူနှစ်ဦး၏ ဒေါသအရှိန်က မပြေသေး။ ရန်စောင်ပြီး တစ်ဦးကိုတစ်ဦး စိုက်ကြည့်နေကြ၏။ သူ့ဘက်ကလည်း မဝင်ရဲ၊ ကိုယ့်ဘက်ကလည်း စပြီး မတိုက်ခိုက်ဝံ့။

တစ်ဖက်မှ လူငယ်များက သုံးယောက်ခန့်ရှိသောကြောင့် အခြေအနေက ရည်မွန့်အတွက် တစ်မျိုးဖြစ်နေ၏။

အားလုံး၏ အာရုံစိုက်မှုက ရည်မွန့်ထံ စုပြုံရောက်နေခိုက်မှာပင်. . .

"ကီးယား"

ဖူးဖူးက လှစ်ခနဲ ခုန်ထွက်ပြီး ထိုလူငယ်၏ မျက်နှာကို ဖြတ်ကန်ပစ်လိုက်၏။

"အား"

လူငယ်က မျက်နှာကို လက်ဝါးဖြင့်အုပ်ပြီး ထိုင်ကျသွားသည်။

တစ်ဆိုင်လုံး၏ အာမေဋိတ်သံများက ခပ်အုပ်အုပ် ခပ်တိုးတိုး 'ဟာ' ခနဲထွက်လာ၏။ တချို့သော မျက်လုံးများက ရည်မွန့်ဆီ တစ်လှည့် ဖူးဖူးဆီတစ်လှည့် ရွေ့လျားသွားကြ၏။

တချို့လူများက ပြုံးစေ့စေ့ ဖြစ်သွားကြသည်။

ယောကျ်ားတစ်ယောက် ဖြေရှင်းလို့ မပြီးပြတ်တဲ့ ကိစ္စကို မိန်းမတဝင်ပြီး တာဝန်ယူလိုက်မှ ပွဲသိမ်းတော့တယ်. . . ဟူသည့် စကားလုံးများကို သူတို့အားလုံးက နှုတ်ဖြင့် မပြောဘဲ ရယ်မောလှောင်ပြောင်သည့်အကြည့်များဖြင့် ပြောနေကြခြင်းဖြစ်သည်။

ရည်မွန် ရှက်သွားသည်။

ဖူးဖူး၏ လက်ကိုဆောင့်ဆွဲပြီး ဆိုင်ပြင်သို့ ထွက်ခဲ့၏။ ဖူးဖူးက ကားကို မောင်းထွက်လာသည့် အချိန်ထိ သူတို့ ဘာစကားမှ မပြောဖြစ်ကြ။ အတော်ဝေးရောက်မှ. . . ရည်မွန်က. . .

"ဘာဖြစ်လို့ မင်းက ဝင်ပြီးအစွမ်းပြချင်ရတာလဲ ဖူးဖူး. . . ဒီကိစ္စဟာ ယောကျ်ားချင်း ရှင်းတဲ့ပြဿနာပဲ၊ ငါ့ဖာသာငါ လက်ချည်းသက်သက် မနိုင်လို့ တွေ့ကရာ တုတ်ဆွဲပြီး ရိုက်ချင်ရိုက်မယ်၊ ဒါမှမဟုတ်. . . ဘေးလူတွေ ဝင်ဆွဲလို့ ပြဿနာက ဒီအတိုင်း ပြီးချင်ပြီးသွားမယ်၊ ဘာပဲဖြစ်ဖြစ် မင်း ဝင်လာစရာမလို



ဘူး၊ မင်းအစွမ်းကြောင့်သာ ဒီကိစ္စပြီးပြတ်ရတယ်ဆိုတဲ့ အဖြစ်မျိုးဟာ ငါ ဘယ်လောက်သိက္ခာကျတယ်ထင်လဲ၊ ဒါ. . . မိန်းမတစ်ယောက် ဝင်ပါရမယ့် နေရာမဟုတ်ဘူး"

"ဒါတော့ ကျွန်မ. . . မသိဘူး၊ ကျွန်မ သိတာက ဟိုလူသုံးယောက်ကို ရှင်မနိုင်နိုင်ဘူး ဆိုတာကိုပဲ"

"ယောကျ်ားတွေ ရန်ဖြစ်တာဟာ နိုင်ဖို့အတွက် သက်သက်ရန်ဖြစ်တာမဟုတ်ဘူး၊ သိက္ခာအတွက်ဖြစ်တာ၊ နေရာတကာ နိုင်ဖို့ချည်း မစဉ်းစားနဲ့ ဖူးဖူး၊ တစ်ခါတစ်ခါမှာ ရှုံးရတာဟာလည်း သိက္ခာရှိတယ်၊ အခုတော့ မင်းကြောင့် ငါ သိက္ခာကျရပြီ၊ ဒါကို မင်းနားလည်လား"

"ဟင့်အင်း. . . ကျွန်မ နားလည်ထားတာက ရှင်ဟာ ကိုယ့်ကိုယ်ကို မကာကွယ်နိုင်တာ သေချာတယ် ဆိုတဲ့ အချက်ပဲ"

ရည်မွန် ကားတံခါးကိုကျစ်ကျစ်ပါအောင် ဆုပ်ထားမိသည်။ သူ့လက်ချောင်းကလေးတွေ နာကျင်လာသည်အထိ။

သူသက်ပြင်းကို မှုတ်ထုတ်လိုက်သည်။ နှလုံးအိမ်ထဲမှာ ရေခဲငွေ့တွေ ဥလာသည်ဟု ထင်မိ၏။

"ကောင်းပြီ. . . ဖူးဖူး၊ ရှေ့နားမှာ ကားကို ရပ်လိုက်၊ ကိုယ်ဆင်းမယ်"

ကားဘီးများက ကတ္တရာလမ်းနှင့် ကြမ်းတမ်းစွာ ပွတ်တိုက်ပြီး ကျွီခနဲမြည်ကာ ရပ်တန့်သွား၏။

သူ ကားတံခါးကို ဖွင့်ပြီးဆင်းလိုက်သည်။ လှည့်မကြည့်ဘဲ ကားတံခါးကို နောက်ပြန်ဆောင့်ပိတ်လိုက်၏။

ကားမောင်းသွားသည်ကို အကြားအာရုံဖြင့် သူသိနေသည်၊ သူ နေရာမှမရွေ့။

သူ့ရင်ဘတ်တစ်ခုလုံး ဒဏ်ရာအနာတရ ပင်လယ်စုံးစုံးမြုပ်သွားသည်အထိ ရပ်မြဲနေရာ၌ပင် သူ ရှိနေသေးသည်။

ဩော်. . . ရပ်တန့်ပြီဆိုမှဖြင့် အရာအားလုံး အသက်ဝိဉာဉ်ကုန်ဆုံးသွားတတ်တာမျိုးပါလားကွယ်။

❑

www.burmeseclassic.com

www.burmeseclassic.com



## ည(၂)

စစ်တုရင်ခုံကို ရှေ့မှာချလျက် မှုန်စကားဝါညို့တစ်ယောက်တည်း စစ်တုရင်ကွက်များကို လေ့ကျင့်နေသည်။

ညဥ့်က တဖြည်းဖြည်း သိပ်သည်းနက်ရှိုင်းလာနေ၏။

စစ်တုရင်ရုပ်များက မှုန်စကားဝါညို့နံဘေးတွင် လဲလျက်တချို့ ထောင်လျက်တချို့. . .။

သူမစိတ်တွေက လွင့်ပျံသွားပြန်သည်။

နေ့လယ်တုန်းက ကိုရည်မွန့်ဂစ်တာထဲမှ ခွာယူလာသည့် ဓာတ်ပုံကို သတိရပြီး ထုတ်ကြည့်မိပြန်သည်။ ဓာတ်ပုံထဲမှ မိန်းကလေးက နှုတ်ခမ်းတွေကို စေ့ထား၏။ မျက်ဝန်းတွေက မီးလျှံလိုတောက်ပနေသည်။

ဒီဓာတ်ပုံကို သည်နေ့တစ်နေ့လုံး ခဏခဏ ထုတ်ကြည့်ဖန်များလွန်းသောကြောင့် ဒီမျက်နှာကို အလွတ်ရနေပြီ။

'ဒီ မိန်းကလေးဟာ ဘယ်သူပါလိမ့်. . .၊ ကိုရည်မွန့် ရဲ့ချစ်သူပဲဖြစ်မှာပါလေ. . .' ဟူသည့် အတွေးက သူမနှလုံးသားကို ပန်းပွင့်တွေလို တဖြုတ်ဖြုတ် ပဲ့ကြွေကျစေလေသည်။

သူမ ထိုင်နေရာမှ ပင်ပန်းလေးလံစွာ ထရပ်ရင်း ပြတင်းပေါက်ဆီ လျှောက်သွားမိ၏။ ပြတင်းပေါက်ကို တွန်းဖွင့်လိုက်သောအခါ ညဥ့်အမှောင်ထဲတွင် ဆောင်တော်ကူးပန်းရနံ့တွေက လွမ်းမောဖွယ်သင်းပျံ့နေလေသည်။



ဆောင်းနှောင်းလေပြည်ထဲတွင် သစ်ရွက်ခတ်သံတချို့ ကြားရ၏။

ငါ့နှလုံးသားကို ရေလိုအသွန်ချခဲ့လိုက်ရတယ်။ ရေတစ်စက်မှ မရှိတော့တဲ့အိုးကို မှောက်ထားသလိုပဲ. . . ငါ့ရင်ဘတ်ဟာ အခွံဟောင်းလောင်း၊ ဟာလာဟင်းလင်းပြင်ဖြစ်လို့. . .။

ချစ်သူကို သတိရတမ်းတတဲ့စိတ် တစ်ဆက်တည်းနှလုံးသားနဲ့ ကိုယ့်ကိုယ်ကိုယ်အမြဲ အားဖြည့်နေချင်တယ်။

ညဘက်ဆို ငါတစ်ယောက်တည်း သူ့အကြောင်းတွေတွေးရင်း မြဲထဲဆင်းပြီး လမ်းလျှောက်နေခဲ့ရတာတွေ သူသိစေချင်တယ်။

ကောင်းကင်မှာ နှင်းဆီရိုင်းတွေ၊ အတွေးတွေ. . . သနပ်ခါးပန်းရနံ့တွေ. . . အားလုံးကြားမှာ 'သူ့' အမည်နာမကို တီးတိုးလှမ်းခေါ် ရေရွတ်မိတဲ့ ငါ့ရဲ့ အသံရှိတယ်။

အိုကွယ်. . . ငါ့နှလုံးသားရဲ့ အသံထွက်တိုင်းဟာ သူ့အမည်ပါပဲ။

●

သူမ စိတ်ချောက်ချားစွာဖြင့် စစ်တုရင်ခုံတွင် ပြန်ထိုင်သည်။ သူမလက်ချောင်းကလေးတွေက စစ်တုရင်ရုပ်များကို တိုက်ခိုက်နေသော်လည်း သူမ၏ စိတ်က သေဆုံးနေ၏။

"ငယ်ငယ်ကလေးတည်းက ငါဟာ အမြဲတမ်း ရှုံးနိမ့်သူတစ်ယောက်ဖြစ်ခဲ့ရတာပဲ"

မနက်ဖြန် စစ်တုရင်ပွဲမှာကော. . .။

သူမ. . . ရှုံးနိမ့်ရပြန်လိမ့်ဦးမည်ဟု စိတ်က ထင်နေ၏။

တကယ်လို့ ကိုရည်မွန်က သူမကို တမင်သက်သက် အရှုံးပေးခဲ့လျှင်ကော. . . သည်လိုဆိုလျှင်. . . 'ကိုရည်မွန့်မှာ ချစ်သူရှိသလား' ဆိုသည့်

www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းကို သူမ မေးရတော့မည်။

သူ ပြန်ဖြေမည့်စကားက. . .

မှုန်စကားဝါညို ဆက်မတွေးချင်တော့။

သူမ၏ နှလုံးအိမ်ထဲတွင် 'အရှုံး' တွေက ဆူးတွေလို ပေါက်နေကြ၏။ ဆူးပင်ဆိုသည်မှာ အမြင့်ဆုံးပေါက်သည့်အပြင် သက်တမ်းအရှည်ဆုံး တည်နေနိုင်သည့် အပင်အမျိုးအစားဖြစ်ပါသည်။

●

အရုဏ်အလင်းသည် ဆောင်းနှင်းဖြူထုထဲ တိုးဝင်စပြုလာသည်။ ငှက်တို့ တွန်ကျူးစပြုသည့် အသံများကို ကြားရ၏။

မှုန်စကားဝါညို တစ်ရေးမှ မအိပ်ဖြစ်။

စစ်တုရင် ခုံရှေ့တွင် ထိုင်နေလျက်သား။

●

အဘွားဖြစ်သူ အိပ်ရာမှ နိုးထလာပြီး မျက်နှာသစ်သံ၊ ရေကျသံကြားနေရသည်။ ခဏနေသောအခါ အဘွားက မှုန်စကားဝါညိုအခန်းတံခါးကို တွန်းဖွင့်ဝင်လာပြီး. . .

"အောင်မယ်. . . ညည်းဘာလုပ်နေတာတုန်း၊ တစ်ညလုံးလည်း အခန်းမီးဖွင့်လို့"

"ဘွားဘွားကလည်း သမီးကိုပဲ ဆူနေတာပဲ၊ ဒီမှာဖြင့်. . . စဉ်းစားရလွန်းလို့ ခေါင်းမီးတောက်နေပြီ"

"ဟဲ့. . . မီးလောင်နေတာလား၊ လာ. . . လာ. . . ရေကန်ထဲခေါင်းနှစ်လိုက်၊ မြန်မြန်လုပ်"

"ဟာ. . ဘွားဘွားကလည်း သိဖြင့်မသိဘဲနဲ့. . ဒီနေ့ သမီးသူငယ်ချင်းနဲ့ စစ်တုရင်ထိုးဖို့ ချိန်းထားတယ်၊ သမီး ရှုံးမှာ ဘွားဘွားရဲ့"



အဘွားက မှုန်စကားဝါညိုအနီးသို့ လာရပ်သည်။ စစ်တုရင်ရုပ်တစ်ရုပ်ကို ကောက်လိုက်ပြီး တွေးနေ၏။

အဘွား၏အပြုအမူကြောင့် မှုန်စကားဝါညို အံ့ဩပြီး မော့ကြည့်မိသည်။ အိုမင်းသောကြောင့် ပါးရည်တွန့် အတွန့်ထနေသည့် မျက်နှာပြင်တွင် နှင့်ကျက်စွာ ကျက်သရေရှိသော အလှတရားကို မြင်ရသည်။

အဘွားက စစ်တုရင်ရုပ်ကို ခုံပေါ် ဒေါက်ခနဲ ပြန်ချလိုက်ပြီးစကားတစ်ခွန်းဆို၏။

"တိုက်ကြခိုက်ကြပြီဆိုရင်. . . တကယ်တော့ နှစ်ဖက်စလုံးရှုံးတာပါပဲ သမီးရယ်"

❑

www.burmeseclassic.com

## အခန်း(၁၂)



အဖြူရောင်လေထုထဲ နေရောင်ခြည်ပါးပါး ကြွေကျနေသံကို ကြားရသည်။ ငြိမ်းချမ်းအေးမြသော ဆောင်းဥတုနံနက်ခင်းမှာ အစိမ်းရောင် သစ်လွင်နုပျိုသော ရွက်သစ်ရွက်ဖူးတို့ကို မြင်ရပြီ။

နှင်းရည်စွတ်စိုသော မြက်ခင်းပေါ် လိပ်ပြာတွေ နားနေကြ၏။

နှင်းထုတွေကြားမှာ. . .

ခရမ်းရောင်အိပ်မက် နတ်သမီးတစ်ပါးလို မှုန်စကားဝါညို တစ်လှမ်းချင်း ဝင်လာခဲ့သည်။

သူမ၏ ဆံပင်တွေကြားမှာ စံပယ်ပန်းတွေဝေနေ၏။ အိမ်ပေါ်သို့ လှမ်းတက်လိုက်သောအခါ. . . ညှိခန်းစားပွဲပေါ်ရှိ စစ်တုရင်ခုံရှေ့တွင် ထိုင်နေသော ကိုရည်မွန်ကို မြင်ရလေသည်။

●

အသင့်ဖျော်ထားသော ကော်ဖီတစ်ခွက်ကို မှုန်စကားဝါညိုဘက်သို့ ရည်မွန် ကမ်းပေးလိုက်၏။ မှုန်စကားဝါညို လှမ်းယူရာတွင် လက်ဖျားချင်း

www.burmeseclassic.com

www.burmeseclassic.com



မတော်တဆ ထိမိကြသည်။

ရည်မွန့်မျက်ဝန်းတွေက မှုန်စကားဝါညိုကို စိုက်ကြည့်နေမိသည်၊ မှုန်စကားဝါညိုနှင့်သူအကြည့်ချင်း ဆုံမိကြ၏။

နှစ်ယောက်သား မျက်နှာမလွှဲဖြစ်။

သူတို့နှစ်ဦး အပြန်အလှန် စူးစိုက်ကြည့်နေကြပုံမှာ စိတ်တန်ခိုးပြိုင်နေကြသည်နှင့် တူနေလေသည်။

မှုန်စကားဝါညိုက. . .

"ဘာဖြစ်လို့ အဲသည်လိုကြီး ကြည့်နေရတာလဲ"

ရုတ်တရက် မေးလိုက်သောကြောင့် ရည်မွန် ဘာပြန်ဖြေရမှန်းမသိ၊ ငိုင်သွားပြီးမှ ဖျတ်ခနဲ အရေးမကြီးသလို ရယ်မောပစ်လိုက်ပြီး စကားလွှဲသည်၊

"ဩော်. . . ဘာရယ်မဟုတ်ပါဘူး၊ ကဲ. . . တို့ ပွဲစကြတော့မလား"

"ရတယ်လေ. . . ကိုရည်မွန့်ဘက်က အသင့်ဖြစ်ရင် စတာပေ့ါ"

"အိုကေ"

ရည်မွန်က စစ်တုရင်ခုံပေါ်မှ ကန့်လန့်ကာစဖြင့် သူတို့နှစ်ဦးကြားဆီးတားလိုက်သည်။

တိုက်ခိုက်ချင်သည်ဖြစ်စေ၊ မတိုက်ခိုက်ချင်သည်ဖြစ်စေ. . . အခုတော့ အရာရာသည် စစ်ခင်းဖို့ အသင့်ဖြစ်နေလေပြီ။

ရည်မွန်က စစ်တုရင်များကို နေရာချ၏။ လက်ယာဘက်မှ နယ်ရုပ်သုံးရုပ်ကို ရှေ့ဆုံးမျဉ်းမှာ စီတန်းထားလိုက်သည်။ ကျန်သည့် နယ်ရုပ် ငါးရုပ်ကို နောက်တစ်တန်းဆုတ်ကာ ရင်ဘောင်တန်း အနေအထား ကာရန်ထား၏။

စစ်ကဲမျဉ်းထိပ်တည့်တည့်တွင် စစ်ကဲရုပ်ကို နေရာထားလိုက်ပြီးနောက် ဘုရင်ရုပ်ကို ထားသည်။ ဘုရင်ရုပ်၏ ရှေ့နှင့် ဘေးနှစ်ဖက်ကွက်ကို ဆင်ရုပ်နှစ်ရုပ်ဖြင့် ပိတ်ဆို့ထားလိုက်၏။

လက်ဝဲဘက်မှာ မြင်းရုပ်နှစ်ရုပ်ကို ယှဉ်ထားပြီး ဘယ်. . . ညာထောင့်ဆုံးနှစ်ကွက်တွင် ရထားရုပ်များကို ထားသည်။

နေရာ အထားအသိုအားလုံး တစ်ချက်ခြုံငုံကြည့်ပြီး စိတ်ကျေနပ်သွား



သောအခါ ရည်မွန်က. . .

"ကဲ. . . ဂျောက်ဂျက်. . . ကိုယ့်ဘက်ကတော့ ပြီးပြီ၊ မင်းအသင့်ဖြစ်ပြီဆိုရင် ကန့်လန့်ကာ ဖွင့်လိုက်တော့မယ်"

"ဖွင့်"

ရည်မွန်က စစ်တုရင် ခုံအလယ်မှ ကန့်လန့်ကာအဝတ်စကို ဆွဲဖယ်လိုက်ပြီး မှုန်စကားဝါညိုဘက်မှ စစ်အခင်းအကျင်းသို့ လှမ်းကြည့်လိုက်သည်။

"ဟာ!"

- သူ့နှုတ်ခမ်းတွေ ပွင့်ဟသွား၏။
- မျက်လုံးတွေကန်းသွားပြီဟု ထင်မှတ်လိုက်မိသည်။
- အရာရာသည် လင်းသွား၏။ ထို့နောက် အရာရာသည် မှောင်သွား၏။
- သူ့နှလုံးအိမ်သည်သာ ဂစ်တာတစ်လုံး ဖြစ်မည်ဆိုပါလျှင်. . . ထို တစ်ခဏတွင်. . . ဂစ်တာကြိုးများအားလုံး ပြတ်ပြီး လွင့်စင်သွားသလို ခံစားလိုက်ရသည်။ မှုန်စကားဝါညိုဘက်တွင် စစ်တုရင်ရုပ်တစ်ရုပ်မှ မရှိ။

စစ်တုရင်ခုံပေါ်မှ အကွက်များပေါ်တွင် စံပယ်ပွင့် ဆယ့်ခြောက်ပွင့်ကို စီရီချထားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

အချစ်ဆိုတဲ့ သူရဲကောင်းမပေါ့
စစ်ခရာကို မမှုတ်ဘဲ
သံလွင်ခက်တွေ လုပ်ထားတဲ့ပုလွေနဲ့
တေးသီချင်းတစ်ပုဒ် သီတယ်. . .။
ပြီးတော့မှ. . .
နှလုံးသားမှာ
အလံဖြူတစ်ခုထိုးစိုက်
အင်ပါယာတစ်ခုလုံးကို သိမ်းပိုက်လိုက်တယ်. . .။



ရည်မွန့်ဘဝတွင် မိန်းမနှစ်ယောက်နှင့် နက်ရှိုင်းစွာ ဆုံစည်းခဲ့ရသည်။ တစ်ယောက်က. . .'အနိုင်' အကြောင်း သင်ကြားပေးသွားခဲ့ပြီး. . . နောက်တစ်ယောက်ကတော့ . . .'အရှုံး' အကြောင်းကို သင်ကြားပေးလေသည်။

●

ရည်မွန်က ပြောလိုက်သည်။

"စစ်တုရင်ခုံကို သွားသိမ်းလိုက်တော့ စကားဝါ၊ ပြီးရင်. . . တို့နှစ်ယောက် ကမ်းနားဘက်လမ်းလျှောက်ရင်း စကားပြောကြရအောင်"

●

နှင်းရည်ဆွတ်သော မြက်ပင်များကို ဖြတ်နင်းလျှောက်လာကြသောကြောင့် သူတို့နှစ်ဦးသား၏ ခြေဖမိုးတွင် စိုစွတ်အေးမြသော အထိအတွေ့ကို

www.burmeseclassic.com



ခံစားရသည်၊

အပေးဝန်းကျင်တွင် နှင်းမကွဲသေး။

လမ်းတစ်လျှောက်လုံးနှစ်ဦးသား စကားမဆိုကြ။ ဆောင်းနှင်းပွင့်များက နုးညံ့အေးချမ်းစွာ တိတ်ဆိတ်နေကြသည်။ သစ်ဆိမ့်ပင်ကြီးအောက် အရောက်တွင် ကိုရည်မွန်က ရပ်လိုက်ပြီး. . .

"သြော်. . . ဟိုနေ့ကတည်းက ပြောမလို့ဟာ. . . မေ့နေတာတစ်ခုရှိတယ်"

"ဘာလဲဟင်"

"မနက်ဖြန် ကိုယ့်မွေးနေ့ကွ. . . အဲဒါ. . ."

"ဟင်. . . ဟုတ်လား၊ တကယ်. . ."

ရည်မွန်က ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

"ဒါဆို. . . ကိုရည်မွန့်ကို မွေးနေ့လက်ဆောင်ပေးရမယ်၊ အင်း. . . အမြဲတမ်းလည်း အမှတ်တရဖြစ်နေအောင်. . . ဆိုတော့"

"ဘာပေးမှာလဲ"

သူမ ပြန်မဖြေ။ တစ်စုံတစ်ရာကို လေးလေးနက်နက် စဉ်းစားနေ၏။

စိန်ပန်းပင်တွေ စီတန်းစိုက်ထားသော အရိပ်ကျရာ မြေနီလမ်းကလေး အတိုင်း သူတို့နှစ်ဦး အတူလျှောက်ခဲ့ကြသည်။

ရှေ့ဆက်လျှောက်သွားလျှင် သဘော်ဆိပ်ရှိရာ မြစ်ကမ်းဆီသို့ ရောက်မည်။ သူတို့နှစ်ဦး စတင်ဆုံစည်းရာနေရာ. . .

လက်ဝဲဘက်သို့ ချိုးသွားလျှင် မှုန်စကားဝါညို့အိမ်ရှိရာ လမ်းမကျယ် ဆီသို့ ရောက်မည်။

နှင်းငွေ့တို့ဖြင့် သိပ်သည်းနေသော လေထုထဲတွင် သဘော်ဥသြဆွဲသံ ကြားရသည်။ သဘော်တစ်စီး ဆိုက်ပြီထင်၏။ ခရီးသည်တွေ ဆင်းကြပေ ဦးမည်။ ခရီးဆိုသည်မှာ တစ်ချိန်ချိန်တော့ အဆုံးသတ်ရစမြဲ။

သူတို့နှစ်ဦး လက်ဝဲဘက်သို့ ချိုးကွေ့ပြီး ဆက်လျှောက်လာခဲ့ကြ၏။ မှုန်စကားဝါညိုက မြေပြင်ပေါ် ကြွေကျနေသော အနီရောင်ရဲရဲ စိန်ပန်းတစ်ပွင့်



ကို လှမ်းကောက်လိုက်ရင်း စောစောက စကားကို ဆက်သည်။

"အင်း. . . စဉ်းစားလို့ရပြီ"

"ကဲ. . . ဒါဖြင့်ပြော. . . ဘာလက်ဆောင်ပေးမှာလဲ"

"ကျွန်မ နှလုံးသားတစ်ခုလုံး ပုံအပ်ပြီး အလေးအနက်ထားရတဲ့ တစ်စုံတစ်ခုကိုပေးမှာ. . ."

"ဘာ. . . ဘာကိုလဲ"

"လိပ်ကလေး ဘလူး(**Blue**)ပေါ့"

ကိုရည်မွန်က နှစ်ခြိုက်စွာ ရယ်မောလိုက်သည်။

ထို့နောက်. . .

"သိပ်ကို နူးညံ့တဲ့စိတ်ကူးလေးပဲ ချာတိတ်ရဲ့၊ အင်း. . . ဒါဖြင့် ကိုယ်ကလည်း မင်းကို လက်ဆောင်တစ်ခု ပြန်ပေးရဦးမှာပေါ့၊ ကဲ. . . ပြော. . . ဘာလိုချင်လဲ"

မှုန်စကားဝါညို အကြာကြီး စဉ်းစားနေလိုက်သည်။

ဘုရားရေ. . . ငါ အလိုချင်ဆုံးလက်ဆောင်က ဘာပါလိမ့်ကွယ်။ ရွှေရောင်တောက်ပသော အိပ်မက်တစ်ခု သူမရင်ဘတ်ထဲသို့ ဖျတ်ခနဲ ကြွေကျလာ၏။

သူမ နှုတ်ခမ်းတွေ ပွင့်ဟလာသည်။

"ဖြစ်နိုင်မယ်ဆိုရင်. . . တစ်နေ့နေ့မှာ ရှင့်ခြေသည်းလေးတွေကို ညှပ်ပေးခွင့်ရချင်ပါတယ်"

ရည်မွန် ခပ်ဖွဖွ ရယ်မောလိုက်သည်။ သူမ ရှက်သွားပြီး လက်ထဲမှာ ကိုင်ထားသည့် ပန်းပွင့်ဖြင့် ရည်မွန့်ကို ပစ်ပေါက်လိုက်ရင်း. . .

"အို. . . ဒီက အကောင်းပြောတဲ့ဥစ္စာ၊ ဘာရယ်တာလဲ"

ထို့နောက် သူမက ကြားရသည်ဆိုရုံကလေး တိုးတိုးပြော၏။

"လက်ဆောင်ယူတယ်ဆိုတာ ကိုယ်က ရဖို့ချည်းသက်သက်မဟုတ်ဘူး၊ ပေးဆပ်ခြင်းတစ်မျိုးလည်း ဖြစ်နိုင်တာပဲလေ"

ဖျော့တော့စွာပြောလိုက်သော သူမ၏စကားကြောင့် ရည်မွန့်မျက်ဝန်း

www.burmeseclassic.com

www.burmeseclassic.com



တွေ မှုန်ရီမှိုင်းပျသွား၏။

သူ. . . ဇူဇူကို နာရီလက်ဆောင်ပေးစဉ်က ဇူဇူ ပြောခဲ့သော စကားများကို ပြန်ကြားယောင်မိသောကြောင့် ရင်ထဲတွင် ဆစ်ခနဲနာကျင်လာသည်။ သူမျက်စေ့မှိတ်ပြီး ခေါင်းကို သာသာခါယမ်းမိလေသည်။

သူ. . . စကားကို လွှဲပစ်လိုက်သည်။

"မင်းတို့ အိမ်နားက လက်ဖက်ရည်ဆိုင်ကလေးမှာ ခဏထိုင်ပြီး တစ်ခုခုစားရအောင်နော်. . . လမ်းလျှောက်ရတာ မောပြီကွ"

"အင်း. . . ကောင်းသားပဲ"

လက်ဖက်ရည်ဆိုင်ထဲသို့ ဝင်ခါနီးတွင် ရည်မွန်က ဆိုင်းဘုတ်ကို မော့ကြည့်လိုက်မိသည်။ လက်ဖက်ရည်ဆိုင်အမည်က အိပ်မက် (Dream) ဖြစ်၏။

သူတို့နှစ်ယောက် အိပ်မက်ထဲ ဝင်ခဲ့ကြခြင်းဖြစ်နိုင်ပါသည်။

မှုန်စကားဝါညိုက လက်ဖက်ရည်ကို သောက်ရင်း. . .

"ဒီနေ့ စစ်တုရင်ပွဲကို အနိုင်. . . အရှုံး ဘယ်လိုသတ်မှတ်လဲဟင်"

"မင်းနဲ့ ကိုယ်ကြားမှာ အနိုင်အရှုံးဆိုတာတွေ မရှိဘူးလို့ သတ်မှတ်လိုက်တယ်"

"ဒါဆို. . . ကျွန်မ မေးတဲ့ မေးခွန်းကို မဖြေတော့ဘူးပေါ့"

ရည်မွန်က တစ်ချက်ပြုံးလိုက်၏။

"မင်း. . . ဖြေစေချင်ရင် ဖြေရမှာပေါ့. . . မေးလေ"

"ကိုရည်မွန့်မှာ. . . ချစ်သူရှိလား"

မီးခိုးရောင်မျက်ဝန်းတွေထဲမှ အလင်းကိုမြင်ရသည်။ ရည်မွန်က သက်ပြင်းဖွဖွချရင်း. . .

"ကိုယ်ချစ်တဲ့ အရာသုံးခုရှိတယ်။ (၁) မိန်းမကြီးတစ်ယောက်ရယ် (၂) ဂစ်တာတစ်လက်ရယ်၊ (၃) စုန်းမတစ်ကောင်ရယ်. . .

မိန်းမကြီးဆိုတာက ကိုယ့်မေမေပေါ့၊ ကိုယ့်ဘဝရဲ့ အခက်ခဲ အကြမ်းတမ်းဆုံးကာလတွေကို ဖြတ်ကျော်နိုင်ခဲ့တာ မေမေ့ကျေးဇူးကြောင့်ပဲ၊ မေမေ့ရဲ့ ခွန်အားတွေကြောင့်. . . ပြီးတော့. . . မေမေ့ရဲ့ ပျိုးထောင်မှုကြောင့်ပဲ. . .



ဂစ်တာကတော့ မင်း သိပါတယ်လေ၊ ဒါဟာ. . . ကိုယ့်ရဲ့ ရှူသွင်းမှုလည်းဖြစ်တယ်၊ ကိုးကွယ်ရာပစ္စည်းလည်း ဖြစ်တယ်၊ ဘယ်သူ့မှ ပေးမကိုင်ရက်လောက်အောင် ယုယမြတ်နိုးထားရတဲ့ ရုပ်တုလည်းဖြစ်တယ်"

"အဲဒါဆို. . . စုန်းမကကော. . ."

"အဲ. . . လက်ဖက်ရည်သောက်လေ ဂျောက်ဂျက်၊ မုန့်ပါစား. . . မနက်စောစော အဝေးကြီး လမ်းလျှောက်လာရတာဆိုတော့ ဗိုက်ဆာမှာပေါ့"

"သြော်. . . ရှင်က ရှင့်စုန်းမအကြောင်းကိုတော့ မပြောပြချင်ဘူးပေါ့လေ"

ရည်မွန်က ဘာမှမပြော။ လက်ဖက်ရည်ကိုသာ တစ်ငုံပြီးတစ်ငုံ သောက်နေလိုက်သည်။ နောက်. . . ရေနွေးပူပူကို နှစ်ယောက်စာ ငှဲ့ပေးရင်း ခဏအကြာတွင် ခေါင်းကိုမော့ကာ. . .

"မင်းကော. . . ဘာတွေကိုချစ်သလဲ. . . ဂျောက်ဂျက်"

မှုန်စကားဝါညိုက လက်ထဲမှ ဖန်ခွက်ကို လွှတ်ချလိုက်သည်။ ထို့နောက်. . .

"ကျွန်မကတော့. . . . . . . . . . . . . . . . ."

ဆိုင်ထဲမှ လှစ်ခနဲ ထွက်ကာ သူမ၏ အိမ်ဘက်ဆီ ပြေးသွားလေသည်။

❑

www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၁၃)

ဘဝကို သုခမဆန်ဆန်စီးဆင်းရင်း
အိမ်မက်တစ်ဆင်စာနဲ့
တင်တောင်းဖို့
ငါ. . . မင်းဆီကို လာနေခဲ့ပါပြီ။
(လူစိမ်းသက်)



နေဦးပျံလွှားငှက်တွေရောက်လာကြတော့မည်ဟု တွေးမိ၏။ တိမ်တွေ ကြည်လင်သောနေ့တစ်နေ့ဖြစ်သည်။ မြက်ခင်းစိမ်းစိမ်းပေါ် ထင်းရှူးခြောက် အမျှင်တွေ ပြန့်ကျဲကြွေကျနေဆဲ။

နံနက်ခင်းနေရောင်ခြည်က သူမမျက်ခွံပေါ် နွေးထွေးစွာ ကျလာသော ကြောင့် သူမအိပ်ရာမှ နိုးလာသည်။ မှုန်စကားဝါညို့ မျက်ခွံများကို ဖြည်းဖြည်း ချင်းဖွင့်မိသည်။ အိပ်ရာမှ နိုးလာချိန်တွင် အတွေးတစ်ခုက သူမကို ဆွတ်ပျံ့ လန်းဆန်းသွားစေ၏။

ဒီနေ့. . . ကိုကို့မွေးနေ့ပဲ။

မင်္ဂလာရှိသော နံနက်ခင်းပါ. . . လိပ်ကလေးရေ။

သူမ. . . မျက်နှာသစ်၊ ရေချိုးပြီး. . . မှန်တင်ခုံရှေ့တွင် အကြာကြီး ထိုင်ကာ စိတ်ရှည်လက်ရှည် အလှပြင်သည်။

စိတ်တိုင်းမကျ။ မိတ်ကပ်ကိုလိမ်းလိုက်၊ ပြန်ဖျက်လိုက်နှင့်. . .

ပထမတစ်ခေါက်က နှုတ်ခမ်းကို မီးလျှံလို အနီရဲရဲ ဆိုးကြည့်သည်။

ထိုစဉ်. . . အဘွားက အခန်းတံခါးကို လာခေါက်ပြီး. . .

"ဟဲ့. . . သမီး. . . စကားဝါ၊ အပြင်မှာ ဧည့်သည်ရောက်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com



သူမ. . . ဧည့်ခန်းဆီ ပြေးထွက်လာခဲ့သည်။

ဟင်. . . ကိုကို။

ရည်မွန်က နွေးထွေးချိုမြိန်စွာပြုံးပြ၏။ သူမ. . . မည်သို့ နှုတ်ဆက်ရမည်မှန်းမသိ။ ရှက်ရှက်ဖြင့် ခေါင်းငုံ့နေမိသည်။

ရည်မွန်က. . .

"ဒီနေ့. . . အိမ်မှာ မွေးနေ့ပွဲလေးလုပ်မလို့၊ ဧည့်သည်က မင်းတစ်ယောက်တည်းကိုပဲ ဖိတ်မှာ. . . အခု အိမ်မှာ စိုးနိုင်က ထမင်းတွေ ဟင်းတွေ ချက်ပြီး အသင့်စောင့်နေပြီ. . . အဲဒါ မင်းကို လာခေါ်တာ"

မှုန်စကားဝါညိုက ခေါင်းညိတ်ပြလိုက်ပြီး. . .

"ခဏစောင့်ဦးနော်"

အခန်းထဲပြန်ဝင်ကာ လိပ်ကလေး ဘလူး(**Blue**)ကို တိုးတိုးနှုတ်ဆက်သည်။ နောက်. . . လိပ်ကလေးကို လက်ဖဝါးပြင်ပေါ်တင်ပြီး ပါးပြင်နှင့်ကပ်ထားလိုက်၏။

ရင်ထဲတွင် ဝေဒနာတစ်မျိုး ဖြစ်လာလေသည်။

လိပ်ကလေးကို ကျောပိုးအိတ်သေးအိတ်ထဲ ထည့်ပြီး အပြင်ထွက်ခဲ့၏။ ကိုရည်မွန်က အဘွားနှင့် စကားပြောနေသည်။

"ဘွားဘွား. . . ကျွန်တော် မှုန်စကားဝါညိုကို ခဏခေါ်သွားမယ်နော် ဒီနေ့. . . ကျွန်တော့်မွေးနေ့မို့လို့ အိမ်မှာ ထမင်းကျွေးချင်လို့"

"အေး. . . အေး"

အဘွားထံမှ ခွင့်ပြုသံကြားရသောအခါ မှုန်စကားဝါညိုက ရည်မွန့်ကို စောင့်မနေတော့ဘဲ အရင်ထွက်ခဲ့သည်။ ခြံဝအရောက်တွင် နောက်မှလိုက်လာသော ကိုရည်မွန့်ခြေသံများကို ကြားရ၏။

သူမ လှည့်မကြည့်။

"ဟေ့. . . ဟေ့. . . ချောက်ကျက်၊ နေပါဦးကွ၊ ကိုယ့်ကိုစောင့်ပါဦး. . . ပြောစရာရှိလို့"

"ဘာပြောမလို့လဲ"



"ကိုယ့်ရဲ့ စုန်းမလေးအကြောင်းလေ"

". . . . . . . . . . . . . . . . ."

မှုန်စကားဝါညို ဘာမှ ပြန်မပြော။ တိတ်ဆိတ်စွာဖြင့် မြေကြီးကို စိုက် ကြည့်နေသည်။ ရည်မွန်က. . . သူမ၏ ဆံနွယ်စတွေ ဖုံးအုပ်နေသော နားရွက် အနီးသို့ နှုတ်ခမ်းကို တိုးကပ်လိုက်ပြီး ပြော၏။

"ကိုယ်ချစ်တဲ့ စုန်းမလေးရဲ့ နာမည်က မှုန်စကားဝါညို. . . တဲ့"

"အို. . ."

မှုန်စကားဝါညို နှုတ်ခမ်းဖျားဆီက တိုးတိုးရေရွတ်လိုက်သံတစ်ခု ပေါ်လာသည်။

ရှက်တတ်နေသော သတ္တဝါဆိုးမလေးကိုကြည့်ပြီး ရည်မွန် ရယ်မောပစ်လိုက်၏။

"အို. . . ဘာရယ်တာလဲ"

မှုန်စကားဝါညိုက လက်သီးဆုပ်ဖြင့် ရွယ်သည်။ ရည်မွန်က သူမ လက်ကို အပေါ်မှ ဖွဖွအုပ်၍ နွေးထွေးစွာ ဆုပ်ကိုင်ထားလိုက်၏။

လက်ကို မလွှတ်တော့. . .။

အရိပ်တွေကျရာလမ်းကလေးထဲတွင် သူတို့နှစ်ဦးတည်း။

●

www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာဦးမှာ တစ်ယောက်တည်းရှိတဲ့
မိန်းမတစ်ယောက်ရဲ့ အထီးကျန်မှုမျိုးနဲ့
ကျွန်မ အားငယ်ခဲ့ဖူးတယ်။
အခု. . . အဲဒီ၊
ကမ္ဘာဦးမှာ တစ်ယောက်တည်းရှိတဲ့မိန်းမဟာ
သူ့ရဲ့ ချစ်သူကို
အလုံးစုံ ယုံကြည်အားကိုးစိတ်နဲ့ ချစ်မြတ်နိုးသလိုမျိုး
ရှင့်ကို ကျွန်မ ချစ်တယ်။
အခု
ရှင့်ကို ကျွန်မ ဖွဖွလေးနမ်းလိုက်ရုံနဲ့
. . . ရှင် သေသွားနိုင်တယ်။
သိရဲ့လား။



ရည်မွန်ပခုံးကို သူမ နဖူးဖြင့် ထိမှီထားပြီး ကြာမြင့်စွာ ရပ်နေမိ၏။

သစ်ပင်အရိပ်များ. . .။ သစ်ရွက်ကြွေများနှင့် လိပ်ပြာများသည် သူတို့နှစ်ဦး၏ နံနက်ခင်းအလင်းပျော့ပျော့ထဲတွင် ရွှေရောင်လက်နေကြလေသည်။

●

လက်ဖက်ရည်ဆိုင်ထောင့်ရှိ စားပွဲတစ်လုံးတွင် သူတို့နှစ်ဦးဝင်ထိုင်လိုက်ကြသည်။

"လမ်းလျှောက်ရတာ မောလား. . . ဂျောက်ဂျက်"

"အင်း. . . မောတာပေါ့၊ ကိုကိုက တအားကြီး မြန်မြန်လျှောက်တာကိုး"

ရည်မွန်က စားပွဲထိုးကို လက်ဖက်ရည်ပေါ့ကျနှစ်ခွက်ဟု မှာလိုက်သည်။ မှုန်စကားဝါညိုက ရည်မွန့်ကို မကျေမနပ်ဖြင့် မျက်စောင်းထိုးကြည့်ရင်း. . .

www.burmeseclassic.com

www.burmeseclassic.com



"နောက်ဆို. . . လမ်းကို မြန်မြန်မလျှောက်နဲ့"

"ဟင်. . . ဘာဖြစ်လို့လဲကွ"

"အို. . . အဲသည်လိုလျှောက်ရင် အိမ်ကို မြန်မြန်ရောက်သွားမှာပေါ့။ သမ်းမှာ ကိုကိုနဲ့ နှစ်ယောက်တည်း စကားတွေပြောဖို့ အချိန်နည်းသွားမှာပေါ့. . ဒါလေးတောင် မသိဘူးလား"

စိတ်မရှည်သံဖြင့် ခက်ငေါက်ငေါက်ပြောသော မှုန်စကားဝါညို့ အဆူ အရာကို သူ ရယ်ချင်လာ၏။ သြော်. . . အင်း၊ အင်း. . . ဟုတ်တယ်ဟု ပြောပြီး ရည်မွန် ပြုံးစေ့စေ့ လုပ်နေလိုက်သည်။

စားပွဲထိုးက လက်ဖက်ရည်နှစ်ခွက် လာချပေးသည်။ ရည်မွန်က သူ့ရှေ့မှ လက်ဖက်ရည်ခွက်ထဲရှိ နို့ဆီများ ပျော်သွားအောင် ဇွန်းဖြင့် ဖြည်းဖြည်း မွှေ၏။

နောက်. . . လက်ဖက်ရည်ကို တစ်ငုံသောက်သည်။

မှုန်စကားဝါညိုကတော့ သူမရှေ့တွင် ချထားသော လက်ဖက်ရည် ခွက်ကို မတို့မထိ။ ငြိမ်သက်စွာ ထိုင်နေ၏။

"လက်ဖက်ရည်သောက်လေ. . . ဂျောက်ဂျက်ရဲ့"

"ဟင်း. . . သူ့လက်ဖက်ရည်ပဲ သူဖျော်ပြီး သောက်နေတယ်၊ ဒီက လက်ဖက်ရည်ကို ကျတော့ အဲသည်လိုလုပ်ပေးဖော်မရဘူး. . .

ဟော. . . ကြည့်ပါလား၊ ဒီလောက်ပြောနေတာတောင် ကျွန်မ လက် ဖက်ရည်ကို နို့ဆီပျော်အောင် ဇွန်းနဲ့မွှေပေးလေ. . .

ဟင်း. . . အလိုက်လည်းမသိ"

သူမက နှုတ်ခမ်းစူလျက်ပြောပြီး အကြည့်ကို အဝေးသို့ ဆတ်ခနဲ လွှဲပစ်လိုက်သည်။

ရည်မွန်. . . ရယ်ချင်လွန်း၍ နှုတ်ခမ်းကိုအသာဖိကိုက်ထားရသည်။ အတော်ဆိုးတဲ့ သတ္တဝါမလေး။

"ဟုတ်ကဲ့. . . ဟုတ်ကဲ့. . . ကောင်းပါပြီ ခင်ဗျာ. . . လုပ်ပေးပါ့မယ် ကဲ. . . ကဲ. . . သောက်တော်မူပါ"



'စိတ်ညစ်ရသော ပျော်ရွှင်မှု' ဆိုသော အဓိပ္ပာယ်ကို ရည်မွန်နားလည် သွားသည်။

သူမ၏ နားရွက်တစ်ဖက်ကို စိတ်ရှိလက်ရှိ အားပါးတရဆွဲလိမ်ပြီး ခက်ပေးလိုက်ချင်စိတ် ပေါက်လာလေသည်။

●

အချစ်ဆိုသည်မှာ ယုံကြည်စိတ်ချမှုတစ်ခုလည်း ဖြစ်၏။ သံသယ လည်းဖြစ်၏။ ရှင်သန်ခြင်းဖြစ်၏။ သေဆုံးခြင်းလည်းဖြစ်လေသည်။ အချစ်ရှိ သော မျက်ဝန်းထဲတွင် အိပ်မက်တွေ ရောင်ပြန်ဟပ်နေကြသည်။ ထိုအိပ်မက် များသည် ကောင်းကင်နိုင်ငံတော်၏ တိမ်တိုက်များနှင့်တူ၏။

နားလည်ရခက်သော လျှို့ဝှက်ချက်တစ်မျိုးပင် ဖြစ်လေသည်။

●

ကဲ. . . သွားကြရအောင်ကွာ. . . အိမ်မှာ စိုးနိုင်စောင့်နေလိမ့်မယ်. . ဘယ်အချိန်ရှိပြီလဲ"

ရည်မွန်က မှုန်စကားဝါညိုကို နာရီ မေးလိုက်၏။ သူမက. . .

"ဆယ့်တစ်နာရီထိုးဖို့ ငါးမိနစ်၊ ကိုကိုက ဘာလို့ နာရီမပတ်တော့တာ လဲ၊ အရင်တုန်းက လက်ပတ်နာရီရှိတယ်မဟုတ်လား"

"ပတ်ဖို့မေ့လာတာကွ. . လက်ကျိုးတုန်းက ဘယ်ဘက်လက်ကို ကျောက်ပတ်တီးစည်းထားရတော့ နာရီမှ ပတ်လို့မရတာ. . . အဲဒါက အကျင့် လို ဖြစ်သွားပြီး ပတ်တီးဖြေပြီးတဲ့အထိ နာရီပတ်ဖို့ မေ့မေ့နေတယ်"

"ဒါဆို. . . ကိုကို့ကို လက်ပတ်နာရီ တစ်လုံးလက်ဆောင်ပေးမယ်"

ရည်မွန် အံ့သြသွား၏။ ဒီကောင်မလေး ဘာလုပ်ဦးမလို့ပါလိမ့်. .

သူမ၏ ကျောပိုးအိတ်ထဲမှ အနက်ရောင်ဆောင်ပင်တစ်ချောင်းထုတ်သူ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး. . .

"ကိုကို. . . စားပွဲပေါ် လက်ကိုတင်လိုက်၊ ဆန့်ထား. . . အင်း. . . ဟုတ်ပြီ"

ရည်မွန်၏ လက်ဝဲဘက်လက်ကောက်ဝတ်ပေါ်တွင် နာရီတစ်လုံး၏ ပုံစံ ခပ်ဝိုင်းဝိုင်းရေးဆွဲလိုက်ပြီး လက်တံနှစ်ဖက်ထည့်သည်။

"ဟာ. . . ဒီကောင်မလေး၊ ဘာတွေလျှောက်လုပ်နေတာလဲ"

"အို. . . ငြိမ်ငြိမ်နေစမ်းပါဆို"

နောက်တော့. . . သူမက နာရီတစ်လုံးပေါ်အောင် ဆော့ပင်ဖြင့် လျှောက်ရေးခြစ်တော့သည်။ ထို့နောက်. . .

"ကဲ. . . ပြီးသွားပြီ ကိုကို. . . ဒါပဲနော်. . . အဲဒီပုံကို ဖျက်မပစ်ရဘူး"

ရည်မွန်က ယောင်နနဖြင့် အင်းပါ. . . ဟု ခပ်တိုးတိုးပြောပြီး ဘေးဘီသို့ မလုံမလဲ ကြည့်လိုက်မိ၏။ ကောင်တာမှ လက်ဖက်ရည်ဆိုင်ပိုင်ရှင်က သူတို့နှစ်ယောက်ကို ကြည့်နေရာမှ စပ်ဖြဲဖြဲဖြင့် တစ်ဖက်လှည့် မျက်နှာလွှဲသွားသည်ကို မြင်ရသောအခါ ရည်မွန် သေချင်စိတ်ပေါက်သွားသည်။

ရှက်ကိုးရှက်ကန်းဖြင့် လက်ဖက်ရည်ဖိုး ပေးချေပြီး ဆိုင်ထဲမှ ခပ်မြန်မြန် ထွက်လာခဲ့တော့သည်။

မှုန်စကားဝါညိုကတော့ သူ စိတ်ညစ်နေသည်ကို ကြည့်ပြီး ကလေးတစ်ယောက်လို ရယ်မောပျော်ရွှင်ရင်း လိုက်ပါလာသည်။

ကလေးဆိုး ဆိုသည်မှာ. . . အင်မတန်ရိုက်ချင်စရာကောင်းသော သတ္တဝါကလေးများဖြစ်ပါသည်။

●

အိမ်အဝင်ရှေ့မှ ပုဏ္ဏရိပ်ပင်တွေကို မြင်ရသောအခါ တစ်ခါတုန်းက ဒီအိမ်၏ အိမ်ပြတင်းပေါက်ကို လေးခွဖြင့် ပစ်ခွဲခဲ့ဖူးသည့်အကြောင်း မှုန်စကားဝါညို ပြန်သတိရလာသည်။



ခြံတံခါးဝမှ အိမ်လှေခါးရင်းဆီသို့ သွားရာလမ်းတစ်လျှောက်တွင် အုတ်ခဲနီနီကလေးတွေ တစောင်းစိုက်ထား၏။ မြက်ခင်းက စိမ်းလဲ့နေသည်။ ရိုးတံရှည်သွယ်သော ပိန်းပန်းနီနီတွေက နှင်းဆွတ်ထားသောကြောင့် စိုစွတ်နေကြ၏။

အိမ်တံခါးဝတွင် စိုးနိုင်က ရပ်လျက်စောင့်ကြိုနေသည်။ အစကတော့ သူတို့နှစ်ယောက် အလာနောက်ကျသောကြောင့် စိုးနိုင်စိတ်မရှည်ဖြစ်ကာ ထွက်စောင့်နေသည်ဟုပင် ထင်လိုက်သေးသည်။

သို့သော်. . . စိုးနိုင် မျက်နှာအမူအရာက တစ်မျိုးဖြစ်နေသည်ကို သတိထားမိ၏။

သူတို့နှစ်ယောက် လှေကားပုပုလေးပေါ် လှမ်းတက်လိုက်ကြသော အခါတွင်မှ စိုးနိုင်က မပြောလျှင် မဖြစ်တော့သည့်လေသံဖြင့်. . .

"ရည်မွန်. . . မင်းနဲ့တွေ့ဖို့ ဧည့်သည်ရောက်နေတယ်"

"ဘယ်သူလဲ"

"စုန်းမ"

စိုးနိုင်က ခပ်တိုးတိုးပြောလိုက်သည့်မှိုင် 'စုန်းမ' ဟူသော စကားသံကို မှုန်စကားဝါညို ကြားသွားသည်။

ခြေလှမ်းတွေ တုံ့ဆိုင်းသွားပြီးမှ သူတို့နှစ်ယောက် အိမ်ထဲနေးကွေးစွာ ဝင်လိုက်ကြသည်။

ဧည့်ခန်းတွင် ထိုင်နေသော အမျိုးသမီးက လှည့်ကြည့်သည်။

"ဟူး"

ရည်မွန်က နှုတ်က ဖွဖွခေါ်ငင်မိ၏။ သူ့လက်မှာ ဆော့ပင်ဖြင့်ရေးဆွဲထားသော နာရီပုံကို ညာဘက်လက်ဖြင့် ဖုံးအုပ်ကာ ပွတ်၍ဖျက်လိုက်သည်ကို မြင်ရ၏။ မှုန်စကားဝါညိုနှလုံးသားကောင်းကင်မှာ တိမ်မဲတွေ အုံ့ဆိုင်းမှိုင်းညို့လာသည်။

သည်အမျိုးသမီး၏ မျက်နှာကို ဓာတ်ပုံထဲတွင် မြင်ဖူးသည်။

သူမက. . . စုန်းမတဲ့လား။

www.burmeseclassic.com

www.burmeseclassic.com



ဒါဆို. . . ငါကတော့. . . ငါကတော့။ ငါ့ကို စိတ်ချမ်းသာအောင်. . . ကိုကိုက နှစ်သိမ့်ပေးခဲ့တာလား။

'ကိုယ်ချစ်တဲ့ စုန်းမလေးရဲ့နာမည်က မှုန်စကားဝါညို. . . တဲ့'

အို. . . ကိုကို ငါ့ကို ညာခဲ့တာပေါ့နော်။

ရည်မွန်က အိပ်မက်ထဲမှာ လမ်းလျှောက်နေရသူတစ်ယောက်လို အသိစိတ်ကင်းမဲ့စွာ ရွေ့လျားရင်း ဖူဖူးရှေ့တွင် ဝင်ထိုင်လိုက်သည်။ ဖူဖူးက. . .

"ကျွန်မ. . ကိုရည်မွန်တို့တီးဝိုင်းက လူတွေကို ရှာပြီး စုံစမ်းကြည့်ပါသေးတယ်. . . ကိုရည်မွန် ဘယ်သွားတယ်ဆိုတာ ဘယ်သူမှမပြောကြဘူး။ ခရီးထွက်သွားတယ်လို့ပဲ သိရတယ်၊ တစ်လနှစ်လလောက်ကြာရင် ပြန်ရောက်လာမှာပဲ. . .

ဒါမှမဟုတ်. . . ကျွန်မဆီကို တစ်နည်းနည်းနဲ့ အဆက်အသွယ်လုပ်မှာပဲ. . . လို့ တွေးပြီးနေနေမိတာ. . . ခုချိန်ထိ ပြန်လည်းမရောက်၊ အဆက်အသွယ်လည်း မရတာနဲ့ ကိုရည်မွန့်အမေဆီသွားပြီး မေးကြည့်တော့မှ ဒီက ကိုစိုးနိုင်ရဲ့လိပ်စာကိုရလို့ ချက်ချင်းလိုက်လာခဲ့တာ"

ရည်မွန်က ပင့်သက်ရှိုက်ရင်း. . . 'ဘာဖြစ်လို့လိုက်လာရသေးတာလဲကွာ' ဟု သူ့ဖာသာသူ တစ်ယောက်တည်း ညည်းတွားသလို ပြော၏။ ဖူဖူးက. . .

"ကိုရည်မွန့်ကို ဒါလေးပေးချင်လို့"

သူမ၏ လက်ပွေ့အိတ်ထဲမှ တစ်စုံတစ်ရာကို ထုတ်ယူပြီး စားပွဲပေါ် ချပေးသည်။

ဓာတ်ပုံတစ်ခြမ်း. . .။

ဓာတ်ပုံထဲတွင် ရည်မွန်က ပြုံးနေ၏။ သစ်ပင်များ၊ ရေအိုင်များနှင့် ငှက်များ၏အရိပ်ကို ဓာတ်ပုံထဲတွင် ဝိုးတဝါး မြင်ရသည်။

ဓာတ်ပုံကို မြင်ရလိုက်သောအခါ ရည်မွန်၏ တင်းမာနေသော နှုတ်ခမ်းတစ်ဝိုက်မှ အကြောတွေ ပြေလျော့ကျသွားသည်။ မျက်ခုံးတင်းတင်းတွေ ပြေသွား၏။ မျက်ဝန်းမှ ကြွင်နာတတ်သော မီးခိုးရောင်တွေ ပြန်လည်မှိုင်းပျလာလေသည်။



ရည်မွန်က သူ့ဂစ်တာကို လှမ်းယူသည်။ ဂစ်တာအိုးထဲကို လှမ်းကြည့်လိုက်ပြီး. . .

"ဟင်"

အထဲတွင် ဓာတ်ပုံကိုမတွေ့ရသောအခါ သူ အံ့ဩသွားသည်။

မသေချာမှုဖြင့် တွေတွေဝေဝေ ဖြစ်သွား၏။

နှုတ်ခမ်းကို တင်းတင်းစေ့သည်။ ဘယ်လိုဖြစ်တာလဲ. . .။ ဒီအထဲက ဓာတ်ပုံတစ်ခြမ်းကကော ဘယ်ရောက်သွားသလဲ. . . ဘာကြောင့်လဲ။ မျက်မှောင်ကုပ်မိသည်။ ဒေါသဖြင့် နားထင်မှအကြောတွေ ထောင်ထလာ၏။

ထိုအခိုက်တွင်. . .

မှုန်စကားဝါညိုက သူမ၏ ကျောပိုးအိတ်ထဲမှ ဓာတ်ပုံတစ်ခြမ်းကို ထုတ်ယူလိုက်သည်။

သူမကို တအံ့တသြကြည့်နေသော ရည်မွန်နှင့် ဖူဖူး၏ မျက်ဝန်းများအောက်မှာပင် ထိုဓာတ်ပုံတစ်ခြမ်းကို အစိတ်စိတ် အမြွာမြွာဖြစ်သွားအောင် တဖြဲဖြဲ စုတ်ဖြဲလိုက်ပြီး. . .

"ကဲ. . . ရော့"

ဓာတ်ပုံ အစအနများကို စားပွဲပေါ် ပစ်ချလိုက်သည်။

"ဟင်. . . ဂျောက်ဂျက်. . . မင်း"

"ကိုရည်မွန်၊ သူ့လက်ထဲ. . . ဒီဓာတ်ပုံက ဘယ်လို. . ."

ရည်မွန်က တောက်တစ်ချက် ပြင်းပြင်းခေါက်လိုက်ပြီး. . .

"ဂျောက်ဂျက်. . . မင်း ငါ့ဂစ်တာကို ငါမသိအောင် ယူကိုင်တယ်ပေါ့ ဟုတ်လား. . . ဒီဓာတ်ပုံကို မင်းခိုးထားလိုက်တာ. . မင်း. . ."

မှုန်စကားဝါညိုက စကားတစ်လုံးမှ ပြန်မပြော။ ရင့်သီးသော စကားလုံးများကြောင့် အားတင်းထိန်းချုပ်ထားရသော မျက်ရည်တွေ စီးကျတော့မလို လို ဖြစ်သွားသည်။ မျက်တောင်ကို မြန်မြန်ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်ရ၏။

နောက်. . . ကျောပိုးအိတ်ထဲမှ တစ်စုံတစ်ရာကို ကိုရည်မွန်ရှေ့တည့်

www.burmeseclassic.com

www.burmeseclassic.com



တည့် ထိုးပေးပြီး လက်ဖဝါးဖြန့်ပြလိုက်၏။

လက်ဖဝါးပြင်တွင်. . . လိပ်ကလေး ဘလူး(**Blue**)။

"ကိုကို့အတွက်. . . မွေးနေ့လက်ဆောင်ပါ"

ထိုစကားလုံးများကို ပြောနေခိုက်မှာ မျက်ဝန်းမှ မျက်ရည်စီးကြောင်းတွေက ပြည့်လျှံကာ စီးကျလာသည်။ သူမကိုယ်သူမ တည်ငြိမ်အောင် မနည်းထိန်းချုပ်ထားရသည်။

ရည်မွန်က ဒေါသဖြင့် အော်ပြောလိုက်သည်။

"သွား. . . မင်းထွက်သွားတော့. . . မင်းရဲ့လိပ်ကိုပါ ယူပြီး ထွက်သွားစမ်းကွာ. . . ငါ့ရှေ့မှာမနေနဲ့"

ရည်မွန် ပြောပြီးမှ ဝမ်းနည်းသွားမိသည်။ ဘာဖြစ်လို့ ဒီကောင်မလေးကို အော်ငေါက်မိတာလဲ။ ရှက်တာလား။ တစ်စုံတစ်ရာကို ဆုံးရှုံးရမှာစိုးတာလား။ သူ့ကိုယ်သူလည်း နားမလည်။

မှုန်စကားဝါညိုထံမှ ရှိုက်သံတစ်ချက် ကြားရသည်။

လှေကားပေါ်မှ သူမ. . . ပြေးဆင်းသွား၏။

●

တံစက်မြိတ်တွင် အလှဆွဲထားသော ပန်းအိုးကလေးတွေထဲမှ ခရမ်းရောင်ဖျော့ဖျော့သန်းသော ဖယောင်းပန်းကလေးများကို မြင်ရသည်။

ပွင့်ဖတ်ပေါ် နှင်းစက်ကလေး ဥကာ တွဲလောင်းခိုနေသောကြောင့် ပန်းပွင့်ကလေး ငိုနေသည်နှင့်တူ၏။ ပန်းအဘိဓာန်(Floral Dictionary)ထဲမှ ဖွင့်ဆိုချက်အရဆိုလျှင် 'ဖယောင်းပန်း' ဆိုသည်မှာ 'အထီးကျန်ဖြစ်ခြင်း၊ ကြေကွဲအားငယ်ခြင်း' ဟု အဓိပ္ပာယ်ရပါသည်။

●

ချစ်သူ. . .
သင်ဟာ ငါ့ရဲ့ ခိုလှုံရာဖြစ်တယ်. . .
သင်ဟာ ငါ့ရဲ့ အလင်းဖြစ်တယ်. . .
သင်ဟာ ငါ့ရဲ့ ကယ်တင်သောအရှင်ဖြစ်တယ်. . .။
ဒါပေမယ့်. . . ချစ်သူရယ်
သင် စိတ်ချမ်းသာမယ်ဆိုရင်
. . . ယာယီအဖြစ်
ဒီအချစ်နဲ့
ထားရစ်ချင်လည်း ထားရစ်ခဲ့ပါတော့။
❑

www.burmeseclassic.com

www.burmeseclassic.com

# နီဂိုး

ကိုကိုရယ်. . .
ငယ်ငယ်တုန်းက ကစားပွဲမှာ 'ထမင်းသိုး ဟင်းသိုး'
အလုပ်ခံခဲ့ရတဲ့ ကောင်မလေးတစ်ယောက်ဟာ. . .
ကြီးလာတော့လည်း
ယောကျ်ားတစ်ယောက်ရဲ့ 'ထမင်းသိုး ဟင်းသိုး'
ဘဝကို ရောက်ရပြန်တော့တာပါပဲ။
(မှုန်စကားဝါညို)



(၁)

တကယ်အရေးကြီးသည်မှာ. . .

မည်သူက မှန်သည်ဆိုသော ကိစ္စမဟုတ်။ မည်သည့်အချက်က မှန်သည်ဆိုသော ကိစ္စသာဖြစ်သည်။

တိမ်တိုက်တွေက လေနှင်ရာသို့ လွင့်မြလွင့်ပါနေကြ၏။

ဇူဇူးက. . .

"ပြိုင်ဘက်တစ်ယောက် ရှိလာတော့မှ အချစ်ဆိုတာကို ကျွန်မပိုပြီးတော့ နားလည်လာသလိုပဲ. . .

ကျွန်မ တစ်ခါက ပြောခဲ့ဖူးတယ် မဟုတ်လား၊ ကျွန်မစိတ်ဓာတ်က တိုက်ပွဲမှာ ပြိုင်ဘက်ကို မညှာရဘူး၊ ဘယ်လိုအကြောင်းနဲ့မှ အရှုံးနိမ့်မခံဘူးဆိုတာလေ. . .

ကျွန်မဟာ ခက်ထန်မာကြောတဲ့ မိန်းမတစ်ယောက်ဖြစ်ခဲ့တယ် ဆိုတာကိုတော့ ဝန်ခံပါတယ်။ ဒါပေမဲ့. . . အခုတော့ ကျွန်မတစ်မျိုးစဉ်းစားမိတယ်။

တိုက်ပွဲမှာ ကိုယ့်ရဲ့ပြိုင်ဘက်က 'အချစ်' ဖြစ်နေရင်ကော. . . ? လို့ ကိုယ်အနိုင်ရဖို့အတွက် အချစ်ကို သတ်ပစ်လိုက်ရမှာလား"

ဇူဇူးက စကားကိုဖြတ်ပြီး ကောင်းကင်တွင် လွင့်မျောနေသော တိမ်

www.burmeseclassic.com



တိုက်ဖြူဖြူများကို ငေးကြည့်နေ၏။

ငှက်တစ်အုပ် ပျံသန်းလာသည်ကို တွေ့ရသည်။

"ကျွန်မ ဆုံးဖြတ်လိုက်တယ်၊ အချစ်ကို သတ်ပစ်တဲ့နည်းနဲ့တော့ ဒီတိုက်ပွဲမှာ ကျွန်မ အနိုင်မယူတော့ဘူး. . . လို့၊ ရှင်. . . ကျွန်မကို နားလည်မှာပါ။ ဒီတိုက်ပွဲမှာ ကျွန်မဘက်က ယုံးဝလှုပ်ရှားလိမ့်မယ် မဟုတ်ဘူး၊ ရှင့်ကိုပဲ ရွေးချယ်ခိုင်းရလိမ့်မယ်"

ရည်မွန်ဟာ ဓာတ်ပုံအပိုင်းအစများကို စာရွက်ဖြူတစ်ရွက်ပေါ်တွင် နေသားတကျဖြစ်အောင် စီရီကပ်ဆက်နေရာမှ ခေါင်းမော့ကြည့်၏။ ဂုဏ်ရူးက. . .

"ရှင်. . . တကယ်ချစ်တဲ့သူကိုသာ ရွေးချယ်ပါ ကိုရည်မွန်၊ ဘာကိုမှ မငဲ့ပါနဲ့. . . ကျွန်မကတော့ ရှင့်ရှေ့မှာ မျက်ရည်ကျမယ့်မိန်းမမျိုးမဟုတ်ဘူး ကျွန်မရဲ့ မျက်ရည်ကြောင့် ရှင့်ရွေးချယ်မှု အဆုံးအဖြတ်ကို မယိမ်းယိုင်စေချင်လို့ပဲ. . .

လွတ်လွတ်လပ်လပ် ဒွန္ဒောင်အဖွဲ့ကင်းကင်းနဲ့သာ ရှင်ရွေးချယ်ပါ မိန်းမတွေမှာသာ ရွေးချယ်ခွင့်ရှိတာမဟုတ်ဘူး၊ ယောကျ်ားတွေမှာလည်း ရွေးချယ်ခွင့်ရှိတာပဲ"

ရင်အုပ်အဝါရောင်နှင့် အနက်ရောင်ငှက်ကလေးတစ်ကောင် ပြတင်းပေါက်မှာ လာနားနေသည်။ သက်ပြင်းချသံကြောင့် ငှက်ကလေးလန့်ပျံသွား၏။

"ကျွန်မ သန်ဘက်ခါမနက်ပြန်မယ်. . . ကိုရည်မွန်၊ ရှင်. . . ကျွန်မကို ရွေးချယ်မယ်ဆိုရင်တော့ သင်္ဘောဆိပ်ကို လိုက်ခဲ့ပါ"

❑



(၂)

ဆောင်းနှောင်းရာသီ ဖြစ်သောကြောင့် ညသည် အအေးပေါ့နေ၏။ စိုးနိုင်က မီးပုံထဲသို့ သစ်ကိုင်းခြောက်များထိုးနေသည်။ ရည်မွန်က သူနှင့်ဂုဏ်ရူး နှစ်ယောက်တွဲရိုက်ထားသော ဓာတ်ပုံအစအနကလေးများ နေသားတကျ ပြန်ဆက်ထားသည့် စက္ကူချပ်ကို ဂစ်တာအိုးအပေါ်ထောင့်တွင် ကပ်နေ၏။ စိုးနိုင်က. . .

"မင်း ဒီနေ့ မှုန်စကားဝါညိုကို ပြောလိုက်တဲ့စကားတွေက သိပ်ကို ရင့်သီးလွန်းတယ် ရည်မွန်. . . ရှင်းရှင်းပြောရရင် မင်းဟာအရူးပဲ. . . ဂုဏ်ရူးကို တွေ့လိုက်ရလို့ သွေးရူးသွေးတန်းဖြစ်သွားတဲ့ မင်းရဲ့စိတ်ကို မှုန်စကားဝါညို့ အပေါ်မှာ ဖောက်ခွဲပစ်လိုက်တာပဲ. . . မင်းလူမဆန်ဘူးကွာ"

"ငါ ဝန်ခံပါတယ် စိုးနိုင်. . . မင်း ငါ့ကို အပြစ်တင်ချင်လည်း တင်တော့ကွာ. . . ဘယ်လိုဖြစ်ပြီး ငါ့ပါးစပ်ထဲက အဲသည်လိုထွက်သွားမိတယ် ဆိုတာ ငါကိုယ်တိုင်တောင် နားမလည်နိုင်ဘူး၊ သူ့ကို ငါတမင်ရက်စက်လိုက် သလို ဖြစ်သွားတယ်"

"ဘယ်ကမလဲကွာ. . . မင်းလုပ်လိုက်တဲ့အပြစ်က လူတစ်ယောက်ကို သတ်ပစ်လိုက်တဲ့ အပြစ်ထက်တောင် ပိုကြီးတယ်"

www.burmeseclassic.com

www.burmeseclassic.com



စိုးနိုင်၏ခပ်မာမာ ပြောလိုက်သော လေသံကြောင့် ရည်မွန်ခေါင်းငုံ့သွား၏။

"မင်း. . . ငါ့ကို အရမ်းဒေါသထွက်နေလား. . . စိုးနိုင်"

စိုးနိုင်က ဘာမှမပြော အမှောင်ထဲကိုသာ စိုက်ကြည့်နေ၏။ အတန်ကြာမှ အသက်ကို တစ်ချက်ပြင်းပြင်းရှိုက်သည်။ သူ့ရင်အုံတွေ မောက်တက်သွားသည်ကို မြင်ရ၏။

"ထားပါတော့ကွာ. . . အခု. . . မင်း ဘယ်လိုဆုံးဖြတ်မလဲ ရည်မွန်"

"မင်း ငါ့ကို တစ်ခုခု အကြံမပေးတော့ဘူးလား"

စိုးနိုင်က ခေါင်းကိုခါ၏။ နောက်. . . ဖြည်းညင်းစွာ "မင်း ငါ့ကို လာမေးနေတာထက်စာရင် မင်းနှလုံးသားကို မင်းပြန်မေးကြည့်တာ အကောင်းဆုံးပဲကွ၊ အချစ်ဆိုတဲ့ အရာဟာ အကြံဉာဏ်တွေနဲ့ တည်ဆောက်ထားတာ မဟုတ်ဘူး"

"ငါ. . . မှန်စကားဝါညိုကိုလည်း သနားတယ် စိုးနိုင်"

စိုးနိုင်က ထိုင်နေရာမှ ထရင်း ဘောင်းဘီတွင် ပေနေသော ဖုံများကို ခါ၏။ ရည်မွန့်ကို မကြည့်ဘဲ မီးပုံဆီ မျက်နှာလွှဲထားရင်းက. . .

"အေး. . . ငါ ထပ်ပြီးပြောခဲ့ဦးမယ်၊ အချစ်ဆိုတဲ့ အရာဟာ သနားခြင်းနဲ့ တည်ဆောက်ထားတာလည်း မဟုတ်ဘူးကွ"

စိုးနိုင်က လှည့်ထွက်ပြီး အိမ်ပေါ် ပြန်တက်သွားသည်။ မီးပုံဘေးတွင် ရည်မွန်တစ်ယောက်တည်း ကျန်ရစ်ခဲ့၏။ မီးလျှံများ ဝပ်စင်းကာ အရှိန်သေပြနေပြီဖြစ်သော မီးပုံကို ရည်မွန် ငေးကြည့်နေဖြစ်သည်။

သနားခြင်းဆိုသည်မှာ အချစ်မီးတောက်ကို အစပျိုးပေးသော လောင်စာတစ်ခုဆိုလျှင်ကော. . .။ ထိုသို့ဆိုလျှင်တော့ လောင်စာကုန်သည့်အချိန်တွင် မီးသေသွားပေလိမ့်မည်။

ဂစ်တာပေါ်တွင် ကပ်ထားသော ဓာတ်ပုံကလေးကို ငြိမ်းလုဆဲဆဲမီးတောက်၏ အလင်းရောင်ဖြင့် ဝိုးတဝါးမြင်နေရသည်။

●



ထပ်ခိုးကျဉ်းကျဉ်းကလေး၏မှန်ပြတင်းပေါက်ဘေးတွင် မှန်စကားဝါညိုထိုင်ရင်း ကလေးလေးတစ်ယောက်လို အပြင်ကို ငေးမောကြည့် နေမိသည်။

သူမ၏ အခန်းကျဉ်းကျဉ်းကလေးထဲတွင် ညှီစို့စို့ပုပ်နွေးနေသော လေထုအဟောင်းအဆွေးများသာ ရှိ၏။

အလင်းဆီမီး ထွန်းညှိမထား။

အမှောင်သည် မီးရထားစက်ခေါင်းအိုကြီးလို တရွေ့ရွေ့ တွားသွားဝင်လာလေသည်။ အခန်းကျဉ်းလေးထဲတွင် ယယ်ယယ်တုန်းက ကစားခဲ့သော အရုပ်ဟောင်းများ၊ ကစားစရာအဟောင်းများ၊ စာအုပ်အဟောင်းများသည် ဖုံတက်ကာ အမှောင်ထဲ၌ တိတ်တိတ်ဆိတ်ဆိတ် ကြေကြေကွဲကွဲ လဲလျောင်းနေကြ၏။

သူမ မျက်ဝန်းတွေကို ဖွင့်လျက်သား အိပ်မက်မက်နေသည်။

အိပ်မက်ထဲတွင် သူမ၏အခန်းသည် ရွှေရောင်အလင်းဖြင့် မှုန်ရီဝိုးတဝါး အရိပ်တစ်ဝက်ကျပြီး နွေးထွေးနေသည်။

နူးညံ့သောအခင်းပေါ်တွင် ရည်မွန်က သူမ၏ကိုယ်ပေါ်မှ စီးနင်းပြီး ချိုသာစွာ ပြုံးလျက် စိုက်ကြည့်နေ၏။ လဲလျောင်းနေသော သူမ၏ မျက်နှာပေါ်သို့ နမ်းပွင့်ဖြူဖြူကလေးတွေ ကြွေကျလာကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သီချင်းသံ တိုးတိုးက အခန်းထဲတွင် လွင့်ပျံ့နေ၏။ ရည်မွန်က သူမ၏ နဖူးဆံစပ်ကို ဖွဖွနမ်းသည်။

အလင်းတစ်ဝက် အမှောင်တစ်ဝက် ကျနေသော ရည်မွန်၏ နှုတ်ခမ်းပါးပါးကို သူမငေးစိုက်ကြည့်နေဖြစ်၏။

အခန်းထဲတွင် လိပ်ပြာလေးတစ်ကောင် ပျံဝဲနေသည်။ သူ့ ရင်ခွင်ထဲသို့ မှန်စကားဝါညို တိုးဝင်လိုက်သည်။ အို. . . နွေးထွေးလိုက်တာ. . .။

ပန်းဝတ်ဆံ ဝတ်မှုန်တွေ နူးညံ့ပါးလျားစွာ ခြွေချဖြန့်ကျဲနေသလိုမျိုး . . .။ ကိုကိုရယ်. . . ရနံ့တွေက ချိုမြိန်သင်းပျံ့လို့. . .။

သူတို့နှစ်ဦးသား ရယ်မောလိုက်ကြသည်။

●

ရယ်သံခြောက်ကပ်ကပ်က အမှောင်ထဲတွင် တစ္ဆေတစ်ကောင် ညည်းတွားလိုက်သလိုမျိုး. . .။

အခန်းထဲ လိပ်ပြာကလေး ပျံသန်းထွက်ပြေးသွား၏။

အိပ်မက်ပြီးဆုံးသွားသောအခါ ည၏ကန္တာရအလယ်တွင် သူမ တစ်ယောက်တည်း. . . .။

အိပ်မက်ကလေးရယ် ပြန်လာခဲ့ပါ။

ပြန်. . . လာ. . . ခဲ့. . . ပါ. . . လား. . . ကွယ်။

☐



'တန်ဖိုး' ဆိုသည်မှာ ပညတ်ချက်သာဖြစ်သည်။ တန်ဖိုး တစ်စုံတစ်ရာကို ရယူလိုစိတ်ဖြင့် အပြုအမူများကို အကောင်းအဆိုး အယုတ်အမြတ် ခွဲခြားကြသည်။ စစ်ပွဲများ ဖြစ်ကြသည်။ ဝါဒရေးရာကွဲလွဲမှု အတိုက်အခိုက်များ ဆင်နွှဲကြသည်။

●

လူ့တန်ဖိုးဆိုတာ ဘာလဲ? ဟု ငြင်းခုံကြသည်။ ကိုယ်ကျင့်တရားစံနှုန်းများကို သတ်မှတ်ရန် ကြိုးစားကြသည်။ ကိုယ်ကျင့်တရားနှင့် တန်ဖိုး၊ လွတ်လပ်ခြင်းနှင့် တန်ဖိုး၊ အနုပညာနှင့် တန်ဖိုး. . .။ လူအားလုံးသည် ကိုယ့်ကိုယ်ကိုယ် တန်ဖိုးရှိကြောင်း ပြသလိုစိတ်ဖြင့် လှုပ်ရှား ပြုမူနေကြ၏။

'တန်ဖိုး ဆိုသည်မှာ မရှိ' ဟု ကိုယ့်ဖာသာကိုယ် အေးအေးချမ်းချမ်း လက်ခံထားနိုင်လျှင် အကောင်းဆုံးဖြစ်ပါသည်။ အကယ်၍ 'တန်ဖိုး ဆိုသည်မှာ ရှိသည်' ဟု ယူဆလိုပါလျှင်လည်း (စံနှုန်းတစ်စုံတစ်ရာ၊ ဝါဒတစ်ခုတစ်ရာ၊ ခေတ်တစ်ခုတစ်ရာနှင့် တိုင်းတာပြီးမှ သတ်မှတ်ရသော တန်ဖိုးမဟုတ်ဘဲ) ဘာမှ

www.burmeseclassic.com

www.burmeseclassic.com



ပြောပြ၍မရသော တန်ဖိုးသည်သာ အကောင်းဆုံးဖြစ်ပါသည်။

●

ကိုစိုးနိုင်က ခရစ္စတင်းကို စိုးရိမ်သောက မကင်းသည့် မျက်နှာဖြင့် ကြည့်လိုက်ရင်း. . .

"ဂျောက်ဂျက်. . . ဒီကိုမလာဘူး ကလေးမရဲ့၊ ဘာဖြစ်လို့လဲ. . . သူ့ အိမ်မှာမရှိဘူးလား"

ခရစ္စတင်းက စိတ်ညစ်ညစ်ဖြင့် ခေါင်းကိုကုတ်လိုက်ရင်း. . .

"အင်း. . . ကျွန်မ သူ့အိမ်ကို သွားမေးပြီးပြီ၊ သူ့အဘွားကပြောတော့ မနက်အစောကြီးကတည်းက အိမ်ကထွက်သွားတယ်. . . တဲ့။

အဲဒါ. . . ကျွန်မက သူဒီကိုလာပြီး ကိုရည်မွန်ကို လာတွေ့တယ် ထင်လို့"

"မနေ့ကတည်းက သူ့. . . ရည်မွန်ကို လုံးဝလာမတွေ့တာ၊ ကလေး မလေး သနားပါတယ်ကွာ. . . ဩော်. . . ဒါနဲ့ မင်းအကြောင်းစုံကိုတော့ သိပြီး ရောပေါ့"

ခရစ္စတင်းက စိတ်မသက်သာစွာဖြင့် ခေါင်းညိတ်၏။ နောက်. .

"ဒါဆို. . . အခု. . . ကိုရည်မွန်ကော. . . "

"သူ. . . သွားပြီလေ. . . ဒီနေ့ ဖူဖူးပြန်မှာ၊ ရည်မွန် သင်္ဘောဆိပ်ကို လိုက်သွားတယ်"

ခရစ္စတင်းက ဩော်. . . ဟု ခပ်တိုးတိုး ညည်း၏။

သူမ မျက်ဝန်းထောင့်မှာ အမာရွတ်ကလေးကို လက်ဖြင့်အသာစမ်းမိသည်။ သူမမှာ ဒဏ်ရာရစဉ်တုန်းက မှန်စကားဝါညိုတစ်ယောက် ခြေမကိုင်မိ၊ လက်မကိုင်မိ ငိုကြွေးနေခဲ့ပုံကို ပြန်သတိရလာ၏။

အခု. . . စကားဝါကိုယ်တိုင် နှလုံးသားမှာ ဒဏ်ရာရပြီဆိုရင် သူ့မှာ ရင်ဆိုင်နိုင်တဲ့ ခွန်အားသတ္တိရှိပါ့မလား. . . ဟု တွေးနေမိသည်။



လူသည် 'ဒဏ်ရာ' ဆိုသောအရာကို နာကျင်စရာ မတော်တဆတစ်ခု အဖြစ် မခံယူဘဲ မလွဲသာ မရှောင်သာသော ဖြစ်ရိုးဖြစ်စဉ်ရောဂါတစ်ခုဟု နားလည်တတ်အောင် လေ့ကျင့်ထားလျှင် အကောင်းဆုံးဖြစ်ပါသည်။

❑

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောဥသြဆွဲသံကြားရသော အရပ်ဆီ မှုန်စကားဝါညို့ ငေးမော ကြည့်နေမိသည်။

ဪ. . . သူ သွားတော့မည်ပဲလေ. . .။

နေရောင်ကြောင့် လှိုင်းထသော မြစ်ရေပြင်သည် ကြယ်ပွင့်တွေလို အရောင်လက်နေ၏။ တဖျတ်ဖျတ် လက်နေသော အလင်းတွေကို ကြည့်ရင်း သူမ တွေးနေမိသည်။

ကြယ်တွေဟာ အလင်းရောင်ကိုပဲ ပေးနိုင်တယ်။

နွေးထွေးမှုကိုတော့ မပေးနိုင်ဘူး။

ငါ့အတွက်တော့ အချစ်ဆိုတာဟာ ကြယ်တာရာတစ်စင်းပါပဲလေ.။

ရေပြင်ကို ဖြတ်သန်းတိုက်ခတ်လာသော လေပြည်ကြောင့် သူမ ဆံနွယ်စတွေ လှုပ်ခါဝေ့ဝဲသွားလေသည်။

သူမ၏ လက်ဖဝါးပေါ်တွင် လိပ်ကလေး ဘလူး(**Blue**)။ သင်္ဘော ဥသြဆွဲသံကို နောက်တစ်ကြိမ် ကြားရပြန်သည်။

သူမငိုချင်လာ၏။

●



ဇူဇူးက သင်္ဘောပေါ်တက်ရန် ပြင်နေခိုက်မှာပင် နောက်မှ ခေါ်သံ တစ်ခုကြားရသောကြောင့် လှည့်ကြည့်လိုက်၏။

"ဇူဇူး. . ."

ရည်မွန်နဲ့ကို တွေ့လိုက်ရသောကြောင့် ဇူဇူး ရုတ်တရက် ဝမ်းသာသွားမိ သည်။ သို့သော်. . . ရည်မွန်၏ မျက်ဝန်းများကို အသေအချာ စူးစိုက်ကြည့် လိုက်မိသောအခါတွင်ကား. . . သူမ အရာရာကို နားလည်ခွင့်ရသွားတော့၏။

သူတို့နှစ်ဦး မျက်နှာချင်းဆိုင်ရပ်မိသည်။ တစ်ယောက်အသက်ရှူသံ ကို တစ်ယောက် ကြားနေရ၏။

"ဇူဇူး"

ရည်မွန့်စကားသံက တိုးညှင်းလွန်းပြီး တုန်ယင်နေသည်။ ဇူဇူးက ခေါင်းကို လေးတွဲ့စွာ ညိတ်သည်။ နောက်. . .

"ဘာမှမပြောပါနဲ့တော့ ကိုရည်မွန်. . . ကျွန်မ နားလည်ပါတယ်"

စကားဆက်ပြောရန် ခွန်အားမရှိတော့သလိုမျိုး အသံက တိမ်ဝင် ပျောက်ကွယ်သွားသည်။ ခဏကြာမှ. . . သူမက. . .

"ဒီအချိန်မှာ ဘာစကားမှမပြောဘဲ ကျွန်မတို့နှစ်ယောက်နားလည် နေလိုက်ကြတာ အဓိပ္ပာယ်အရှိဆုံးလို့ ကျွန်မထင်တယ်၊ တစ်ယောက်ကို တစ်ယောက် နှုတ်လည်းမဆက်၊ မုန်းလည်း မမုန်းတီး၊ ဖြေလည်း မဖြေရှင်းကြဘဲ ဒီအတိုင်း နှစ်ယောက်မျက်နှာချင်းဆိုင်ရပ်ရုံကလေးရပ်နေကြတာ အကောင်းဆုံး ပါပဲ"

သူတို့နှစ်ဦး တိတ်ဆိတ်ကြာမြင့်စွာ မတ်တပ်ရပ်နေကြ၏။

. . .

. . .

. . .

သင်္ဘောထွက်ခွာရန် နောက်ဆုံးအကြိမ် ဥသြဆွဲသံကြားရသည်။ ဇူဇူးက ခြေတစ်လှမ်းဆုတ်ရင်း ရည်မွန့်မျက်နှာကို စွဲမြဲစူးနစ်စွာ မျက်တောင် ခတ်ဘဲ တစ်ချက်စိုက်ကြည့်လိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



နောက်. . . သူမ အားတင်း၍ ပြုံးသည်။

ရည်မွန်က သူယူလာခဲ့သော နှင်းဆီပန်းတစ်ပွင့်ကို သူမလက်ထဲသို့ တမ်းပေးလိုက်၏။

နှင်းဆီပန်းမှာ ပွင့်ချပ်တစ်ချပ်ကို ခြွေထားသည်။

"ဖူရီယူ"

ဂူဂူက နှင်းဆီပန်းကို လှမ်းယူသည်။ နောက်. . . သူမမျက်နှာကို လွှဲဖယ်ကာ ရည်မွန်ကို ကျောခိုင်းလိုက်သည်။ လေထဲတွင် သူမ ဆံပင်နွယ်တွေ ဝဲသွား၏။ ထို့နောက် သင်္ဘောပေါ်သို့ တစ်လှမ်းချင်းတစ်လှမ်းချင်း. . . လျှောက်သွားလေသည်။

ရေလှိုင်းတွေက ဆိပ်ခံတံတားကို လှိုင်းဖွဖွတိုးနေသည်။ မြစ်ရေပြင်သည် သုညတစ်လုံးလို လှို့ဝှက်နက်နဲတိတ်ဆိတ်စွာ စီးဆင်းနေ၏။ မြူ ခရထဲတွင် နစ်မြုပ်ပျောက်ဆုံးခဲ့ပြီ။

သင်္ဘောတစ်စင်းလုံးမြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ဆိပ်ခံတံတားပေါ်တွင် ရည်မွန်တစ်ယောက်တည်း ရပ်နေမိဆဲပင် ရှိသေးသည်။

●

BURMESE CLASSIC .com

မှန်စကားဝါညိုက လက်ဖဝါးပြင်မှ လိပ်ကလေးဘလူး(**Blue**)ကို ကမ်းစပ်ရေထဲသို့ အသာအယာ ချပေးလိုက်သည်။

"လိပ်ကလေးရေ. . . သွားတော့နော်"

နောက်ဆုံး နှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်လိုက်သည်။

ရင်ထဲမှာ. . . 'သူ' ကို နာကျင်စွာ တမ်းတမိပြန်လေသည်။

ဟိုး. . . အဝေး မိုးကုပ်စက်ဝိုင်းဆီမှာ အနက်ရောင်ငှက်တွေ ပျံသန်းလာနေကြ၏။

●

မနေ့ကလည်း လွမ်းတယ်။
ဒီနေ့လည်း လွမ်းတယ်။
ကမ္ဘာမြေတစ်ခြမ်းစာလောက်ရှိတဲ့. . .
ပီရမစ်တစ်ခု
ငါ့အလွမ်းတွေနဲ့စုပြီး တည်ဆောက်ပြလိုက်တယ်။
တကယ်တော့. . . ပီရမ်မစ်ဆိုတာ
ဂူသင်္ချိုင်းပါပဲ. . .
ငါ့ကိုယ်ငါ မြှုပ်နှံဖို့ တည်ဆောက်ခဲ့တာပေါ့. . . ။

❑

www.burmeseclassic.com

www.burmeseclassic.com



"ဂျောက်ဂျက်"

နောက်ဘက်ဆီမှ နွေးထွေးနူးညံ့သော ခေါ်သံတစ်ခုကြောင့် မှန်စကားဝါညို ရင်ထဲထိတ်ခနဲ ဖြစ်သွားမိ၏။

ဖြည်းဖြည်းချင်း ခေါင်းကိုလှည့်ကြည့်မိသည်။

ဆံပင်တွေ ဝေ့ဝဲကာ ပခုံးထက်ဆီ တဖြည်းဖြည်း ပြေလျှောကျသွား၏။

ရည်မွန်က ဂစ်တာကို ပိုက်ထားရင်း နွေးထွေးနူးညံ့စွာပြုံးလျက် သူမကို စိုက်ကြည့်နေ၏။

ချစ်သူ. . . ထလော့!

လင်းလော့!

သင်၏ အလင်းရောက်ရှိလာပြီ. . .။

●

မှန်စကားဝါညို ဘာမှမပြော. . .။ မမြင်ရသော မျက်ဝန်းများဖြင့် လေထဲက တစ်စုံတစ်ရာကို ငေးကြည့်နေသလိုမျိုး။

နံနက်ခင်းမှာ မြူနှင်းတွေ မရှိတော့။



သို့သော်. . . သူမ မျက်ဝန်းတွေ ပိုးတဝါးမှုန်ရီနေသည်။

မျက်ဝန်းထဲမှာ မြူတွေဝေ့ဝေ့ခိုနေ၏။

ရည်မွန်က. . .

"ရော့. . . မင်းဖို့ မွေးနေ့လက်ဆောင်"

လက်ထဲမှ ဂစ်တာကို မှန်စကားဝါညိုဆီ လှမ်းပေးလိုက်သည်။ ဂစ်တာ ထင်းရှူးသားအိမ်ပေါ်တွင် ရည်မွန်နှင့် ဖူးဖူးတို့နှစ်ယောက် ဓာတ်ပုံကပ်လျက်သား. . .။

မှန်စကားဝါညို ဂစ်တာကို လှမ်းယူလိုက်သည်။

ထို့နောက်. . . ဂစ်တာဖလက်တံကို လက်နှစ်ဖက်ဖြင့် ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ပြီး အားရှိသလောက် ကိုင်မြှောက်ကာ မြေကြီးပေါ် ပစ်ပေါက်ရိုက်ခွဲလိုက်သည်။

နောက်. . . သူမ၏ခြေထောက်ကလေးဖြင့် ဆောင့်ဆောင့် နင်း၏။ အနီးရှိ ခဲလုံးကြီးကြီးတစ်ခုကောက်ပြီး လွှဲကာလွှဲကာထုရိုက်၏။

နှုတ်ခမ်းကို သွားဖြင့် ဖိကိုက်ကာ အံကလေးကြိတ်ကြိတ်ပြီး ခဲဖြင့် ထုချေရိုက်နှက်၏။ စိတ်ရှိလက်ရှိ ထုရိုက်ထောင်းချေပြီးမှ သူမ. . . ဦးခေါင်းကိုမော့သည်။

ကလေးလေးတစ်ယောက်လို စူထားသော နှုတ်ခမ်းအစုံမှာ တဖြည်းဖြည်း ပြုံးရိပ်သန်းလာသည်။ မျက်ဝန်းများကား. . . မျက်ရည်စများ နှင့်. . .။

ရည်မွန်က သူမပါးပြင်ပေါ်မှ မျက်ရည်စများ တယုတယသုတ်ပေး၏။

ရယ်သံတိုးတိုး ထွက်ပေါ်လာ၏။

နောက်. . . သူတို့နှစ်ဦးသား တစ်ယောက်လက်တစ်ယောက် ဆုပ်ကိုင်ရင်း ကြည်နူးလန်းဆန်းစွာ ရယ်မောဖြစ်ကြသည်။

လွတ်လပ်ပေါ့ပါးသော ရယ်သံတွေ နံနက်ခင်းလေပြည်ထဲတွင် လွင့် . . . လွင့်လာ၏။

❑

မင်းခိုက်စိုးစန်

www.burmeseclassic.com

www.burmeseclassic.com



# ပန်းအဘိဓာန်
## (FLORAL DICTIONARY)

၁။ တံ့ကော်ပန်း — မပြောင်းလဲတဲ့ ထာဝရအချစ်ပါ။
၂။ ကြာပန်း — မိတ်ဆွေတွေရဲ့ ဖြူစင်မှုမျိုးနဲ့ ခင်မင်ကြရအောင်။
၃။ ခရေပန်း — မေ့မသွားပါနဲ့ကွယ်။
၄။ ခတ္တာပန်း — အားငယ်ရတဲ့သူမို့ညာတာပါ။
၅။ ချယ်ရီပန်း — တစ်နေ့နေ့တော့ ဝေးရဦးမယ်။
၆။ ခေါင်းလောင်းပန်း — အမြန်ဆုံးနီးခွင့်ရချင်တယ်။
၇။ ဂန္ဓမာပန်းအဖြူ — ငြိမ်းချမ်းပါစေ။
၈။ ဂန္ဓမာပန်းအဝါ — သတိရနေမယ်။
၉။ ဂမုန်းပန်း — မျှော်လင့်ခြင်းကြီးစွာနဲ့ စောင့်နေရတဲ့ချစ်သူပါ။
၁၀။ စံပယ်ပန်း — မင်းရဲ့အချစ်ကို လက်ခံလိုက်တယ်။
၁၁။ ဆပ်သွားဖူးပန်း — သစ္စာမရှိတဲ့သူအတွက် ဝမ်းနည်းရတယ်။
၁၂။ ဆောင်တော်ကူးပန်း — မင်းကြောင့် ကိုယ့်မှာရှုံးရပြီ။
၁၃။ ဆယ့်နှစ်ရာသီပန်း — ရိုးသားဖြူစင်ခြင်း။
၁၄။ ညမွှေးပန်း — အရာရာဟာ မင်းအတွက် ဖြစ်စေရမယ်လို့ ကတိပေးပါတယ်။
၁၅။ ဒေလီယာပန်း — မကြာခင်မှာ ဆုံတွေ့ကြရအောင်။
၁၆။ ဒန်းပန်း — ဘဝကို အရှုံးမပေးနဲ့။
၁၇။ ပေါက်ပန်း — တို့တစ်တွေ ခွဲခွာကြပါစို့။
၁၈။ နှင်းပန်း — အဆင်မပြေမှုတွေဟာ တစ်ခဏပါ။
၁၉။ နှင်းဆီပန်း — ကိုယ်တော့ မင်းကို ချစ်နေမိပြီ။
၂၀။ နေကြာပန်း — မင်းရဲ့ဘဝရှေ့ရေးအဆင်ပြေဖို့ ကိုယ့်တာဝန်ယူပါတယ်။
၂၁။ ပိတောက်ပန်း — မင်းဟာ ကိုယ့်အတွက် ရှားပါးတဲ့ဆုလာဘ်ပါ။



၂၂။ ပျားခတ်ပန်း — မင်းဟာ ဒီပန်းကလေးလို လှပသူတစ်ယောက်ပါ။
၂၃။ ဖယောင်းပန်း — အထီးကျန်ဖြစ်ခြင်း၊ ကြေကွဲအားငယ်ခြင်း။
၂၄။ မြတ်လေးပန်း — ဖွဲ့သတ္တိရှိခြင်း။
၂၅။ မိုးမခပန်း — လွမ်းဆွေးကြေကွဲရခြင်း။
၂၆။ သဇင်ပန်း — ကျေးဇူးပြု၍ မမုန်းလိုက်ပါနဲ့။
၂၇။ သစ်ခွပန်း — ကျက်သရေမင်္ဂလာအပေါင်းနှင့် ပြည့်စုံခြင်း။
၂၈။ သော်ကပန်း — ကိုယ့်ကိုခွင့်လွှတ်ပါ။
၂၉။ သံလွင်ပန်း — အောင်မြင်ခြင်း၊ ဂုဏ်ပြုခြင်း။
၃၀။ ရွက်လှပန်း — နှုတ်ဆက်လိုက်ပါတယ်။
၃၁။ ပိုင်အိုလက်ပန်း (ခရမ်းရောင်) — မျှော်လင့်သလို ဖြစ်လာပါစေ။
၃၂။ အုန်းပန်း — ကံကောင်းခြင်း။

ကျွန်တော်တို့ရဲ့ ဝန်းကျင်မှာ တွေ့လွယ်မြင်လွယ်ပြီး နီးစပ်မှုရှိတဲ့ ပန်းအမျိုးအစားတချို့တလေကို ဘာသာပြန်ဆိုဖော်ပြထားတာ ဖြစ်ပါတယ်။

နောက်ပြီး. . . ဓလေ့ထုံးစံကွဲလွဲမှုအရ တချို့သောပန်းပွင့်တွေနဲ့ ပတ်သက်လို့ အဓိပ္ပာယ်ဖွင့်ဆိုမှု ကွဲပြားခြားနားနေတာတွေလည်း အများကြီး ရှိဦးမှာပါ။

ဥပမာပြောရရင်. . . အင်္ဂလိပ်ဒိုင်ဂျက်မဂ္ဂဇင်းတစ်စောင်မှာပဲ **အဝါ** ရောင်နှင်းဆီပန်း ဟာ. . . မိတ်ဆွေအဖြစ် ရည်ညွှန်းတယ်၊ အနီရောင် နှင်းဆီပန်းဟာ. . . အချစ်ကို ရည်ညွှန်းတယ်၊ သစ်ခွပန်းကတော့ လုပ်ငန်း တိုးတက်မှု ကို ရည်ညွှန်းတယ်. . . လို့ ဖွင့်ဆိုထားတာ တွေ့ရပါတယ်။ ရေးသားသူ အမည်က. . .

**DAVID O.FLYNN** ပါ။

**(Ref: The English Digest. August, 1957. VOL.LV.No.1)**

www.burmeseclassic.com

ရွှေအိမ်မှူးစာပေ

#၄

# သတိုးတေဇ

## ဟိုဘက်အိမ်ကခြောက်တဲ့ တစ္ဆေ

သရဲကြောက်တတ်သော သူမအဖို့ ပဟေဠိအဆန်ဆုံး လူငယ်တစ်ယောက်နှင့် ဆုံတွေ့နေရလေပြီ။

ထိုလူငယ်က သူမနှင့် တစ်တန်းတည်းအတူတက်နေသည်ဟု ပြောသော်လည်း သူ့ကို ကျောင်းမှာ တစ်ခါမှ မမြင်ဖူးချေ။

သူမ၏ သူငယ်ချင်းတွေကိုလည်း သူ လုံးဝမသိတာ သေချာသည်။

သူနေထိုင်သောနေရာကို မေးကြည့်လိုက်တော့ သူမ၏ ခေါင်းရင်းအိမ်မှာနေသည်ဟု ပြော၏။

သို့ရာတွင်. . . ထိုအိမ်နှင့်ခြံဝင်းကြီးကား လူသူမနေထိုင်သည်မှာ ကြာမြင့်လှပြီဖြစ်ရာ. . . . . .

သူ. . . ဘယ်သူလဲ? ဆိုသည်ကို တိတ်တဆိတ် လေ့လာစူးစမ်းရင်း သရဲတစ္ဆေတို့ တကယ်ရှိသော ပရလောကကို သူမ ကိုယ်တိုင်သိမြင်ကြုံတွေ့လိုက်ရသောအခါ . . .

ရွှေအိမ်မှူးစာပေ

'သတိုးတေဇ' ရဲ့ဝတ္ထုတွေ ဖတ်ပြီး အကြိုက်တွေ့နေကြတဲ့ စာချစ်သူတို့အတွက် နောက်ထပ် အကြိုက်တွေ့စေမယ့်

#၁

# ဓွန်းချိုငြိမ်းချမ်း

## အဖြူရောင် ငါ နှင့် အနက်ရောင် ကျွန်တော်

ရေကူးကန်ဘောင်တစ်ဖက်နားသို့ အရောက်တွင် ကျွန်တော့်ဆီသို့ ဦးတည်ကူးခတ်လာသော လူရိပ်တစ်ခုကို တွေ့လိုက်ရ၏။

ထိုသူမှာ အနက်ရောင်ရေကူးဘောင်းဘီတိုကို ဝတ်ဆင်ထားပြီး ကျွန်တော့်လိုပင် သက်တောင့်သက်သာ ကူးခတ်လာလေသည်။ သူက ကြည်လင်သောရေပြင်ကို ဖောက်ထွင်းပြီး ကျွန်တော့်ကို စူးစိုက်ကြည့်နေသည်။

ပထမတော့ ကျွန်တော်လည်း ရေထဲ၌ မှန်ကဲ့သို့ ကျွန်တော်၏ ပုံရိပ်ကို ပြန်မြင်တွေ့နေရသည်ဟု ထင်မှတ်မိသေးသည်။

ရဲထက်၏မိဘတွေကများ ရေထဲ၌ မှန်တစ်ချပ်ထည့်ထားပေးသလား. . .။

တကယ်တော့ မဟုတ်ပါ။